


www.burmeseclassic.com
မိုးစာပေ
BURMESE CLASSIC .com
လုံးချင်းဝတ္ထုသစ်
မြှပလဲသွယ်
အကြင်နာအနမ်းတို့မဆုံးမီ
ပန်း ၊ ချီ သိန်း ရွှေကြည် ၂၀၀၈
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ◆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ◆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ◆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◆ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ◆ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ◆ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မြပုလဲသွယ်

# အကြင်နာအနမ်းတို့မဆုံးမီ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၇၂၀၀၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၆၀၀၉၀၈ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | အောင်မင်းလွင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |


## အခန်း (၁)

"မြို့ကဧည့်သည်ရောက်လာမယ်တဲ့ အစ်ကို"

"ဘာပြောတယ် မုန်းနှမ်း"

"ကပါးမိတ်ဆွေရဲ့သမီး မြို့ကဧည့်သည် မုန်းနှမ်းတို့ရွာ ရောက်လာမယ့်အကြောင်း အစ်ကို့ကို ပြောနေတာ"

"ဘယ်ကလဲ"

"ရန်ကုန်ကတဲ့၊ ဒီ တစ်ရက် နှစ်ရက်အတွင်း ရောက်လာလိမ့်မယ်လို့ ကပါး ပြောတယ်"

"ဘယ်သူတဲ့လဲ"

"အဲဒါတော့ မုန်းနှမ်းလည်း သေချာမသိဘူး အစ်ကို၊ ကပါးပြောတာကတော့ သူ့မိတ်ဆွေရဲ့သမီးလို့ ပြောတာပဲ"

"ကျွတ်...မြို့သူ တောကိုလာပြီး ဘာရှုပ်ဦးမလဲ မသိပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးကွာ”

“ဘယ်လိုပြောလိုက်တာလဲ လှလေး၊ ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို မင်း အဲလိုပဲ ပြောရသလား”

“ဟင်”

“အဘ”

မှန်းနွမ်းမှာ အပါးကို ရုတ်တရက် တွေ့လိုက်ရသဖြင့် လန့်သွားရသလိုမျိုး မျက်လုံးလေးပြူးလျက် နှုတ်ဆိတ်သွားရသည်။

ထောင်ဇာခန်းကို ကြည့်လိုက်တော့ ထောင်ဇာခန်းမှာ မျက်ခုံးထူထူကြီးနှစ်ဖက်ကို တွန့်ကြုတ်ထားလေ၏။

“မြို့ကဧည့်သည်ကို မင်းကိုယ်တိုင် သွားကြိုရမယ် ထောင်ဇာခန်း”

“ဟာ ကပါးတလဲ၊ ကျုပ်မှ အလုပ်မအားတာ၊ ကပါး ဧည့်သည်ကို ငိုက်စွမ်း သွားကြိုခိုင်းလည်းရတာပဲ”

“မလိုချင်ဘူး၊ မင်းကိုယ်တိုင် သွားကြိုရမယ်၊ မင်းအလုပ် တွေ ဘယ်လောက်များများ ထားခဲ့၊ မင်းကိုယ်တိုင် သွားရမယ်”

“မဟုတ်သေးပါဘူး ကပါးရာ၊ မြို့ကလာမယ့် ကပါး ဧည့်သည်က ကပါးအတွက် ဘယ်လောက်အရေးကြီးတဲ့ ဧည့်သည်မို့လို့ ကျုပ်ကိုယ်တိုင်သွားကြိုမှ ဖြစ်မှာလဲ၊ ပြီးတော့ ခြံမှာ”





“ထောင်ဇာခန်း မင်း ကပါးအကြောင်းကို သိတယ် မဟုတ်လား၊ ကပါးက ပြောရင်ပြောသလို လုပ်မှကြိုက်တယ်ဆို တာ”

“ဟင်း”

ကပါးအသံက ခက်ထန်နေပြီမို့ ထောင်ဇာခန်း သက်ပြင်း ချလျက် နှုတ်ဆိတ်နေလိုက်သည်။

ထောင်ဇာခန်းအနေနှင့် ကပါးကို သူ့ ဒီထက်ရှေ့ဆက်ပြော လို့လည်း ရမည်မဟုတ်ပါ။

ရိုးသားအေးဆေးစွာ စကားကို လိုအပ်မှသာ ပြောဆို တတ်သော ကပါးသည် သူပြောသည့်စကားကိုလည်း ပြောသည့် အတိုင်း တိတိကျကျလုပ်မှ ကျေနပ်တတ်သူ ဖြစ်သည်။

မဟုတ်ပါက ကပါးအေါ်သသည် ကြောက်ခမန်းလိလိဆို တာ ထောင်ဇာခန်း ကိုယ်တွေ့ကြုံခဲ့ရပြီမို့ ကပါးစကားကို သူ့အနေ နှင့် မငြင်းဆန်နိုင်ပါ။

ငြင်းဆန်ရန်လည်း ထောင်ဇာခန်းတွင် သတ္တိမရှိ။ ကပါး ဆိုတာက သူငယ်ငယ်ကတည်းက လေးစားအထင်ကြီးမှုတွေနှင့် ချစ်ကြောက်ရိုသေလာခဲ့သူဖြစ်သည်။

သည်တော့ ကပါးစကားကို သူ့အနေနှင့် ဘယ်လိုလုပ် ငြင်းဆန်နိုင်စွမ်းရှိနိုင်မည်တဲ့လဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"မေချမ်းက ကပါးမိတ်ဆွေရဲ့သမီး၊ ရန်ကုန်ကနေ ကပါးတို့ရွာလေးကို တကူးတကလာရမှာ၊ အဲဒါ မင်းကိုယ်တိုင် မေချမ်းကို သွားကြိုပါ ထောင်ဇာခန်း၊ ပြီးတော့ မေချမ်းက ဒီဒေသကို တစ်ခါမှရောက်ဖူးတာ မဟုတ်ဘူး၊ ဒီတော့ လမ်းခရီးမှာ အစစအားလုံး အဆင်ပြေအောင် မင်း ဂရုစိုက်ခဲ့ပါ"

ဆိုသည့်စကားကို ထောင်ဇာခန်း ခေါင်းမညိတ်မိသလို ခေါင်းလည်းမခါမိပါ။

ဒါကိုပင် ဦးကျုံးမန်းခေါင်သည် အလိုမကျသလို အေးစက်စက်နိုင်လွန်းသည့် သားဖြစ်သူ ထောင်ဇာခန်းကို မျက်ဝန်းတည်တည်စူးစူးကြီးနှင့် စိုက်ကြည့်ရင်း

"ထောင်ဇာခန်း မင်း ကပါးပြောတာ ကြားရဲ့လား"

"ကျုပ် ကြားပါတယ် ကပါး"

"အေး မနက်ဖြန် မေချမ်းကလေးကို လေယာဉ်နဲ့ ရောက်လာလိမ့်မယ်၊ လေဆိပ်မှာ မေချမ်းကို မင်းသွားကြိုပါ၊ ပြီးတော့ ရွာကို သေချာဂရုစိုက်ခေါ်လာခဲ့"

"ဟုတ်ကဲ့"

ဦးကျုံးမန်းခေါင်ကို 'ဟုတ်ကဲ့' ဟု ထောင်ဇာခန်း ဆိုခဲ့ရသော်လည်း တကယ်တမ်း မေချမ်းဆိုသည့် မြို့မှရောက်လာမည့် ဧည့်သည်ကို ထောင်ဇာခန်းကိုယ်တိုင် သွား၍မကြိုဖြစ်ခဲ့ပါ။





အကြောင်းတိုက်ဆိုင်သည်လို့ ပြောရမည်လားမသိ။

မေချမ်းအား သွားကြိုမည့်နေ့မှာပင် ထောင်ဇာခန်း၏ခြံတွင် အရေးကြီးသည့်ကိစ္စ ပေါ်လာသဖြင့် ထောင်ဇာခန်းမှာ မတတ်သာတော့ဘဲ ကပါးမိတ်ဆွေ၏သမီး မြို့မှရောက်လာမည့် မေချမ်းအား သူကိုယ်စား ငိုက်စွမ်းကိုပင် သွား၍ကြိုခိုင်းကာ ထောင်ဇာခန်းကတော့ဖြင့် အရေးကြီးသည့်ကိစ္စနှင့် ခြံထဲသို့ ထွက်လာခဲ့လိုက်သည်။

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com

ဖြူဝင်းနုဖတ်ကာ ကြည့်စင်နုတွေးနေသော မေချမ်း၏ မျက်နှာလှလှလေးမှာ စိတ်အလိုမကျမှုတို့နှင့် တင်းတင်းလေးရှိနေရသည်။

မေချမ်းတစ်ယောက် စိတ်အလိုမကျ ဖြစ်သည်ဆိုလည်း ဖြစ်စရာပင်ဖြစ်သည်။

ယခုချိန်ထိ သူမအားလာကြိုမည့်သူ တစ်ဦးတစ်ယောက်မှမတွေ့။

လေဆိပ်တွင် ကျန်ခဲ့သည့် ညှော်ညည်ဆိုလို့ မေချမ်းတစ်ယောက်သာ ရှိပါသည်။

မေချမ်းကိုကား လာကြိုမည့်သူကို မတွေ့ရသေး။

ဒက်ဒီကိုယ်တိုင် သူမလာမည့်အကြောင်း အန်ကယ်ကျုံးမန်းခေါင်ကို အကြောင်းကြားထားပြီး ဖြစ်သည်။

သည်ခရီးစဉ်တွင် အစကတော့ ဒက်ဒီကိုယ်တိုင် မေချမ်း





နှင့်အတူ အန်ကယ်ကျုံးမန်းခေါင်ရှိရာ ချင်းတောင်တန်း ဒေသတစ်နေရာရှိ ချင်းရွာလေးကို လိုက်ဖို့ အစီအစဉ်ရှိခဲ့ပေမယ့် နောက်ပိုင်းစီးပွားရေးကိစ္စလည်း မျက်နှာလွဲလို့ မဖြစ်သေးသည်မို့ မေချမ်းနှင့်အတူ ဒက်ဒီသည် မလိုက်နိုင်တော့ဘဲ မေချမ်းကိုသာ တစ်ယောက်တည်း လွှတ်ခဲ့၏။

တကယ်တော့ မေချမ်းသည် ယခုလို တစ်ယောက်တည်းသွားရသည်ကို နှစ်သက်ပါသည်။

ပြီးတော့ ဒီခရီးစဉ်ကလည်း မေချမ်း အရမ်းကို စိတ်ဝင်စားခဲ့သည့် တောင်ပေါ်ခရီးစဉ်တစ်ခု။

ယခုလို တစ်ကိုယ်တည်း ခရီးသွားရသည်ကိုပင် မေချမ်းကိုယ့်ကိုယ်ကို စွန့်စားရသလို ထင်မိ၏။

မေချမ်းသည် ပတ်ဝန်းကျင်ကိုကြည့်ရင်းက သူ့အားလာကြိုမည့်သူကို စောင့်နေမိသည်။ လေဆိပ်တွင် လူသာရှင်းလာသည်အထိ သူမအား လာရောက်နှုတ်ဆက်ကြိုဆိုသူကိုဖြင့် မတွေ့ရပါ။

အနီးအနားကလူတွေကလည်း မေချမ်းကို မသိမသာကြည့်နေကြပြီမို့ မေချမ်း နှုတ်ခမ်းဖူးဖူးလေးကို တင်းတင်းစေ့ထားလိုက်သည်။

မေချမ်းသည် သူမအား လာကြိုမည့်သူ မတွေ့ပါက



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်ဘာလုပ်ရမည်ကို စဉ်းစားလိုက်သည်။

မှိုင်းပျပျတောင်တန်းကြီးများရှိရာ တောင်ဇလပ်တို့ဖူးပွင့်ရာ ချင်းပြည်နယ်ဆိုတာ မေချမ်း စိတ်ဝင်စားခဲ့သည့် ဒေသဆိုပေမယ့်လည်း မေချမ်းအတွက် ဒီအရပ် ဒီဒေသတွင် အသိမိတ်ဆွေဆိုတာ ဆူရဲခွားရွာမှ အန်ကယ်ကျုံးမန်းခေါင်မှလွဲ၍ တခြားတစ်ဦးတစ်ယောက်မှ မရှိပေ။

ဒက်ဒီသည် မေချမ်းဆန္ဒကို မလွန်ဆန်ချင်၍သာ ဒီလောက်ဝေးသည့်ခရီး သူမ တစ်ခါမှ မရောက်ဖူးသည့် ချင်းတောင်တန်းတွေရှိသည့် တောင်ပေါ်ရွာလေးကို မေချမ်းအား တစ်ယောက်တည်း လွှတ်လိုက်ရပေမယ့် တကယ်တော့ဖြင့် ဒက်ဒီသည် မေချမ်းအတွက် စိတ်မချတာတို့ မေချမ်း သိပါသည်။

သို့ပေမယ့် မေချမ်းဆိုတာက ဆုံးဖြတ်ပြီးရင် နောက်မဆုတ်တတ်သည့် မိန်းကလေးတစ်ယောက်။

ဒါကိုသိ၍လည်း ဒက်ဒီသည် မေချမ်းအား သူ့မိတ်ဆွေရှိသည့် ချင်းပြည်နယ်၏ တောင်ပေါ်တစ်နေရာ ဆူရဲခွားရွာရှိ အန်ကယ်ကျုံးမန်းခေါင်ရှိရာကို ကြိုတင်အကြောင်းကြားကာ မေချမ်းအား လွှတ်လိုက်ရခြင်းဖြစ်သည်။

ဒက်ဒီသည် မေချမ်းအား တောင်ပေါ်ခရီးထက် မြေပြန့်ခရီးတစ်နေရာရာကို့ သွားစေချင်ပုံရပါ၏။





ခက်သည်က မေချမ်းပင်ဖြစ်သည်။

မေချမ်းသည် မြေပြန့်ခရီးထက် တောင်ပေါ်ခရီးစဉ်များကို ပို၍စိတ်ဝင်စားသူဖြစ်သည်။

အထူးသဖြင့် မြန်မာပြည် အနောက်ဘက်ခြမ်းတွင်ရှိသော မြင့်မားသည့် တောင်စွယ်တောင်တန်းနှင့် အဝေးမှကြည့်ပါက မြူတွေရစ်သိုင်း လွှမ်းခြုံထားသလို နောက်ခံမိုးသားပြာပြာနှင့် လွန်စွာတင့်တယ်လှပနေသည့် ချင်းတောင်တန်းကြီးများ၏ အလှက မေချမ်း စိတ်အာရုံကို ငယ်စဉ်ကတည်းက ဆွဲဆောင်ခဲ့ရုံမက ချင်းညီအစ်ကိုသွေးချင်းမောင်နှမတွေရှိရာ ချင်းပြည်နယ်၊ ချင်းတောင်တန်းကြီး တည်ရှိရာကို အခုတော့ဖြင့် သူမ တကယ်ပင် ခြေချခွင့်ရခဲ့ပြီဖြစ်သည်။

မေချမ်းတစ်ယောက် အတွေးများနှင့် ရှိနေခိုက်မှာပင်

"အစ်မ အစ်မက ရန်ကုန်ကလာတဲ့ ဧည့်သည်များလား"

"ဟုင်"

မေချမ်းမှာ မျှော်နေတုန်းရောက်လာဆိုသလို သူမကို နှုတ်ဆက်လာသည့်လူကြောင့် သူမ ဝမ်းသာသွားကာ

"ဟုတ်ပါတယ်၊ ကျွန်မက ရန်ကုန်ကပါ၊ ဒါနဲ့ ရှင်က"

"ကျွန်တော် ဆူရဲခွားရွာက ကပါးလွှတ်လိုက်တဲ့သူပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကပါးဆိုတာ"

"ဩော် ကပါးဆိုတာ အဖေပါ၊ ဒီတောင်ပေါ်မှာတော့ အဖေကို ကပါးလို့ ခေါ်ကြတယ်"

"ရှင်ပြောတဲ့ ကပါးဆိုတာ"

"ဆွရ်ဒွားရွာက ကျုံးမန်းခေါင်ပါ"

"ဟင် ရှင်က အန်ကယ်ကျုံးမန်းခေါင် အကြိုလွှတ်လိုက်တဲ့သူလား"

"ဟုတ်ပါတယ်၊ အစ်မက ရန်ကုန်ကလာတဲ့ ကပါးမိတ်ဆွေရဲ့သမီး မေချမ်းဆိုတာ"

"ဟုတ်ပါတယ်၊ ကျွန်မ မေချမ်းပါ"

"တော်သေးတာပေါ့ အစ်မရယ်၊ နောက်ကျလို့ ကျွန်တော်က အစ်မနဲ့ လွဲသွားပြီထင်နေတာ"

"ကျွန်မ လာကြိုတဲ့သူ စောင့်နေတာ"

"တောင်းပန်ပါတယ်အစ်မ၊ ကားက လမ်းမှာပျက်နေလို့ အစ်မကိုကြိုတာ နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ်ရှင်"

မေချမ်းမှာ သူမကို လာကြိုသူအား တွေ့ရသည်ကိုပင် ဝမ်းသာနေရသည်မို့ လူရွယ်၏စကားကို အပြုံးလှလှလေးနှင့်သာ ဆိုလိုက်ရသည်။





"အစ်မပစ္စည်းတွေ ဒါ အကုန်ပဲလား"

"ဟုတ်ကဲ့"

"ကားက လေဆိပ်ရှေ့မှာ ရပ်ထားတယ်၊ ကျွန်တော် ပစ္စည်းတွေ ယူလာခဲ့မယ်"

စကားသံဝဲဝဲနှင့် လူရွယ်သည် ပြောပြောဆိုဆိုပင် မေချမ်း ပစ္စည်းများကို ကားဆီသို့ ယူလာခဲ့သည်။

ပစ္စည်းတွေ ကားထဲထည့်ပြီးသည်နှင့် မေချမ်း ကားပေါ် တက်ထိုင်လိုက်သည်ဆိုရင်ပဲ ကားသည် နေရာမှ ထွက်လာခဲ့သည်။

လူရွယ်သည် ကားကို ဂရုစိုက်မောင်းနေရာမှ

"ကျွန်တော့်နာမည် ငိုက်စွမ်းပါ အစ်မ"

သူ့ကိုယ်သူ မိတ်ဆက်လာသည့် လူရွယ်ကို မေချမ်း အပြုံးလေးနှင့် ကြည့်လိုက်မိသည်။

အသားညိုညို၊ မနိမ့်မမြင့်အရပ်နှင့် ကိုယ်ဟန်ခပ်ပြတ်ပြတ် ရှိသော ငိုက်စွမ်းဆိုသည့်လူရွယ်သည် မေချမ်းထက် ငယ်ပုံရပါသည်။

မျက်လုံးမှေးစင်းစင်းလေးများနှင့် အပြုံးချိုချို စကားကို သွက်လက်ဖျတ်လတ်စွာ ဆိုတတ်သော ငိုက်စွမ်းသည် အန်ကယ် ကျုံးမန်းခေါင်နှင့် သားတဲ့လား။

"အစက အစ်မကို အစ်ကိုကိုယ်တိုင် လာကြိုမလို့ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို လာကြိုခါနီးမှာ ခြံမှာ ကိစ္စပေါ်လာလို့ အစ်ကို အစ်မကို လာမကြိုဖြစ်တော့တာ"

"ဒါပေမယ့် ကပါးက အစ်မကို အစ်ကိုသွားကြိုတယ်လို့ပဲ ထင်နေတာ၊ ခုလို အစ်မကို အစ်ကိုကိုယ်တိုင် သွားမကြိုမှန်းသိရင် ကပါး အစ်ကို့ကို ဆူတော့မှာ သေချာတယ်"

"ကိစ္စမရှိပါဘူး ငိုက်စွမ်းရယ်၊ အစ်မကို ဘယ်သူလာကြိုကြို ရပါတယ်၊ အစ်မကြောင့် ငိုက်စွမ်းတို့ အလုပ်ပျက်တာကိုပဲ အစ်မ အားနာလှပါပြီ"

"ဘာအားနာစရာရှိလို့လဲ အစ်မရယ်၊ ကိုယ့်ဆီလာတဲ့ ဧည့်သည်ပဲ၊ ကျွန်တော်တို့ တာဝန်ကျေရမှာပေါ့"

"ဒါနဲ့ စောစောက ငိုက်စွမ်းပြောတဲ့ အစ်ကိုဆိုတာက"

"သြော်…အစ်ကို ထောင်ဓာခန်းကို ပြောတာလား"

"ဘယ်သူ ငိုက်စွမ်း"

"အစ်ကို ထောင်ဓာခန်းလေ အစ်မ၊ အစ်ကိုက ကပါးရဲ့ သားလေ"

"ဟင်"

ငိုက်စွမ်းစကားကို မေချမ်း နားမလည်သလိုမျိုး မျက်မှောင်လေး ခပ်ပြေပြေ တွန့်ကြုတ်သွားတော့

"အစ်မ နားရှုပ်သွားပြီနဲ့တူတယ်၊ အစ်ကို ထောင်ဓာခန်း





ဆိုတာ ကပါးရဲ့သားအရင်း၊ ကျွန်တော်က ကပါးရဲ့ မွေးစားသားလေ"

"သြော်"

မေချမ်း ခုမှ နားရှင်းသွားရသည်။

အန်ကယ်ကျုံးမန်းခေါင်တွင် သားတစ်ယောက်ရှိသည်ဆိုတာ ထောင်ဓာခန်းပဲပေါ့။

"နေပါဦး ငိုက်စွမ်း၊ အစ်မ မရှင်းလို့ မေးပါရစေဦး၊ အန်ကယ်ကျုံးမန်းခေါင်က မင်းအစ်ကိုကို ဘာကြောင့်ဆူမှာတဲ့လဲ"

မေချမ်းစကားကို ငိုက်စွမ်းသည် တော်တော်နှင့်မဖြေဘဲ ရယ်နေလေ၏။

ဒါကိုပင် မေချမ်းသည် အားမလိုအားမရနှင့် စိတ်မှာ မချင့်မရဲ ပို၍သိချင်လာရသည်မို့

"ဘာရယ်တာလဲ ငိုက်စွမ်း၊ အစ်မမေးတာ မင်းမဖြေသေးဘူးနော်"

"ဘာမှမဟုတ်ပါဘူး အစ်မရယ်၊ အစ်မသိလည်း စိတ်ကောင်းမှာမဟုတ်ပါဘူး"

ငိုက်စွမ်းစကားက မေချမ်းကို ပို၍စိတ်ဝင်စားသွားစေရသည်မို့

"ဘာစကားမို့ အစ်မက စိတ်မကောင်းဖြစ်ရမှာလဲ



www.burmeseclassic.com

www.burmeseclassic.com



ငိုက်စွမ်း၊ အစ်မသိရသလောက်တော့ မင်းတို့တောင်ပေါ်သူ၊ တောင်ပေါ်သားတွေဟာ စကားပြော ပွင့်လင်းရိုးသားကြပါတယ်"

မချမ်းစကားကို ငိုက်စွမ်းသည် စဉ်းစားသလို အတန်ကြာ တွေဝေငြိမ်သက်သွားပြီးမှ

"တကယ်တော့ အစ်ကိုက အစ်မ ရွာကိုလာမယ်ဆိုတာကို ကြိုက်တာမဟုတ်ဘူး"

"ဟင်"

"ဘာဖြစ်လို့လဲ ငိုက်စွမ်း"

မချမ်းမှာ သူမလာတာ မကြိုက်ပါဆိုသော ထောင်ဇာခန်းကြောင့် အံ့ဩသွားရသည်။

အံ့ဩမှုနှင့် ငိုက်စွမ်းကို အမေး

"အစ်ကိုက တကယ်တော့ သဘောကောင်းတဲ့လူပါ၊ လူတစ်ဖက်သားကိုလည်း အနစ်နာခံပြီး ကူညီတတ်တယ်၊ အစ်မလာတာကို မကြိုက်ဘူးဆိုတာကလည်း အစ်ကိုက အစ်မအပေါ် စေတနာထားလို့ပါ"

"ဘယ်လိုငိုက်စွမ်း၊ အစ်မလာတာကို မကြိုက်တာက အစ်မအပေါ် သူ့ စေတနာထားလို့ ဟုတ်လား"

ပြောရင်းက မချမ်းသည် မျက်မှောင်လေး ပို၍တွန့်ကြုတ်သွားရသည်။





"အစ်ကိုက ပြောတယ်၊ အစ်မက ရန်ကုန်လာတဲ့ မြို့ကြီးသူတဲ့၊ တောနဲ့မြို့ဆိုတာ အစစကွာတယ်တဲ့၊ မြို့မှာ နုနုရွရွ နေလာတဲ့ သူဌေးသမီးက ငါတို့တောင်ပေါ်ရွာမှာ ဘယ်လောက်ကြာကြာ ဒုက္ခခံနေနိုင်မှာမို့လို့လဲ၊ မြို့မှာလို ငါတို့တောင်ပေါ်ရွာကို ပျော်စရာတစ်ခုလို သဘောထားပြီး လာမယ်ဆိုရင်တော့ မြို့သူလည်း စိတ်ရှုပ်၊ ငါတို့လည်း စိတ်ရှုပ်ရမှာပဲတဲ့၊ ဒါကြောင့် မလာတာက ပိုကောင်းတယ်တဲ့"

ဟန်ဆောင်မှုမရှိ ရိုးသားပွင့်လင်းတဲ့ ငိုက်စွမ်းစကားအဆုံးဝယ် မချမ်းသည် ဒေါသတွေ ရင်မှာကျိတ်ပေါက်ကွဲလျက် နှုတ်ခမ်းသားလေးကို သွားစွယ်ချွန်ချွန်လေးနှင့် ဖိကိုက်လိုက်မိသည်။

ကြည့်စမ်း။

ထောင်ဇာခန်း ဒီလူ သူမကို ဒီလိုပဲပြောရသည်တဲ့လား။

တစ်ဖက်လူ၏ စိတ်အတွင်းသဘောကို ဘာမှမသိပါဘဲ သူ့စိတ် သူ့သဘောနှင့် သူထင်ရာပြောနေပုံက မချမ်းကို အထင်သေးလွန်းနေသည်ပဲ။

"ဒါကြောင့် မင်းအစ်ကိုက အစ်မကို သူကိုယ်တိုင် တမင်လာမကြိုတာပေါ့ ဟုတ်လား ငိုက်စွမ်း"

"ဟာ အဲလိုလည်းမဟုတ်ဘူး အစ်မ၊ ကပါးက အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ်တိုင်သွားကြိုရမယ်လို့ ပြောထားပြီးသား"

"ဘာလဲ အန်ကယ်ကျူးမန်းခေါင်စကားကို မလွန်ဆန်နိုင်လို့ အစ်မကို သူ လာကြိုရတာယ်ဆိုတဲ့ သဘောမျိုးလား"

"ဒုက္ခပါပဲ အစ်မရာ၊ ကျွန်တော့်စကားကြောင့် အစ်မ အစ်ကို့ကို အထင်လွဲနေပြီနဲ့တူတယ်၊ ဒါဆိုရင်တော့ ကျွန်တော်ကပဲ အစ်မကျေနပ်အောင် တောင်းပန်ရမယ်"

ငိုက်စွမ်းမှာ သူ့စကားကြောင့် အစ်မ အစ်ကို့အပေါ် အထင်လွဲရသည်ထင်ကာ မျက်နှာပျက်နေလေ၏။

"မလိုပါဘူး ငိုက်စွမ်းရယ်၊ အစ်မကို မင်း တောင်းပန်ဖို့ မလိုပါဘူး၊ အစ်မဟာ သဘောထားသေးသိမ်တဲ့သူ မဟုတ်ပါဘူး၊ မင်းအစ်ကိုရဲ့ တစ်ဖက်သတ်အမြင်နဲ့ တစ်ဖက်သတ်စကားတွေကို အစ်မ ခံပြင်းလွန်းလို့ပါ"

"အစ်ကို့ကိုခွင့်လွှတ်လိုက်ပါ အစ်မရယ်၊ ကျွန်တော် စကားအပြောမတတ်လို့ အစ်မ အစ်ကို့အပေါ် အထင်လွဲရတာပါ"

"အထင်လွဲတာမဟုတ်ဘူး၊ မင်းအစ်ကိုရဲ့ ရင်ထဲက သဘောထားအမှန်ကို သိလိုက်ရတာ" ဆိုသည့် စကားကိုတော့ မေချမ်း ငိုက်စွမ်းအား မပြောဖြစ်တော့ပါ။

လူချင်း မမြင်တွေ့ဖူးသေးသည့်တိုင် ထောင်ဇာခန်းဆိုသည့် လူနှင့် ပတ်သက်သည့် အတွေးများက ရင်ထဲ မကျေမချမ်းနှင့်





အနှောင့်အယှက်ဖြစ်ရသည်မို့ မေချမ်းမှာ တောင်ပေါ်လမ်း၏ သာယာစိမ်းစိုကာ ကြည်နူးစရာကောင်းသည့် မြင်ကွင်းအလှကို လည်း ရင်ထဲ ပြည့်ပြည့်ဝဝ မခံစားနိုင်တော့ပါ။

ထောင်ဇာခန်းနှင့် ပတ်သက်ကာ ရင်ထဲ ရှုပ်ထွေးနောက်ကျိရသည့် အတွေးများနှင့် မေချမ်း တစ်လမ်းလုံး တိတ်ဆိတ်ငြိမ်သက်စွာ ပါလာခဲ့ရသည်မှာ ရွာကိုရောက်သည့်အထိပင် ဖြစ်တော့သည်။

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ဘာရယ် မေချမ်း"

"သမီးကို ထောင်ဇာခန်းကိုယ်တိုင် လာမကြိုဘူး ဟုတ်လား"

"ဟုတ်တယ် အန်ကယ်၊ လေဆိပ်မှာ မေချမ်းတစ်ယောက်တည်းရယ်၊ ငိုက်စွမ်းလာကြိုလို့ တော်သေးတာပေါ့"

မေချမ်းမှာ ဦးကျုံးမန်းခေါင်အား ကလေးတစ်ယောက်လိုပင် စိတ်ထဲမကျေနပ်သမျှ တိုင်လိုက်မိလေသည်။

ဦးကျုံးမန်းခေါင်မှာ မေချမ်းစကားကို နားထောင်ကာ မျက်နှာကြီးနီရဲလာပြီး

"ကြည့်စမ်း ထောင်ဇာခန်း၊ ဒီကောင် တော်တော်ဆိုးပါလား၊ သမီးကို ကိုယ်တိုင်သေချာသွားကြိုဖို့ ကပါး သူ့ကို ပြောထားပါရက်နဲ့ တွေ့မယ် ဒီကောင်လာပါစေဦး"

"ဟော ပြောရင်းဆိုရင်း လာပါပြီ"

ဦးကျုံးမန်းခေါင်၏ စကားကြောင့် မေချမ်း၏ အကြည့်များ ခြံဝဆီသို့ ရောက်ရှိသွားရသည်။

အရောင်လွင့်နေသည့် ဂျင်းဘောင်းဘီနှင့် တီရှပ်အဖြူလက်တိုကို ဝတ်ထားကာ မျက်နှာကြီး ခက်ထန်တင်းမာနေရသည့် လူတစ်ယောက်။

"ထောင်ဇာခန်း မင်းကို ငါဘာပြောခဲ့လဲ၊ သမီးကို မင်းကိုယ်တိုင် လေဆိပ်မှာ သွားကြိုပါလို့ ငါပြောခဲ့ရက်နဲ့ ဘာလို့မင်း သွားမကြိုရတာလဲ"

အိမ်ထဲသို့ ဝင်လာသူကို ဦးကျုံးမန်းခေါင်မှာ ဆီး၍ပြောလိုက်သည်။

"ချေပ်လည်း ကပါးခိုင်းတဲ့အတိုင်း သွားမလို့ပဲ၊ သွားခါနီးမှ ခြံထဲမှာ အရေးကြီးတဲ့ကိစ္စ ပေါ်လာလို့ မြို့ကညေ့သည်ကို ကျုပ်ကိုယ်စား ငိုက်စွမ်းကိုပဲ သွားကြိုခိုင်းလိုက်ရတယ်"

ထောင်ဇာခန်းဆိုသူမှာ ဦးကျုံးမန်းခေါင်ကို ပျာပျာသလဲ ရှင်းပြလေ၏။

"မလိုချင်ဘူး၊ မင်းအလုပ်တွေ ဘယ်လောက်အရေးကြီးကြီး ထားသွားလို့ ငါပြောခဲ့တာပဲ၊ ခုတော့ မင်းလုပ်ပုံကောင်းလား၊







www.burmeseclassic.com

www.burmeseclassic.com



သမီးကို ဘယ်လောက်အားနာဖို့ကောင်းလဲ၊ သူ့ခမျာ ဒီအရပ် ဒီဒေသကို ခုမှရောက်ဖူးတာ၊ မင်းလုပ်တာနဲ့ သမီး အားငယ်ရှာမယ်''

''အိုဗျာ ကပါးချည့်သည်က ဒီလောက်သတ္တိမရှိဘဲနဲ့ ဒီခရီးမျိုး တစ်ကိုယ်တည်း စွန့်စားထွက်လာမယ် မထင်ပါဘူး''

''ရှင်နော်၊ ဒါ ဘာစကားပြောတာလဲ''

ထောင်ဇာခန်းစကားကို မခံချင်သလို မေချမ်း ခပ်ဆောင့်ဆောင့်လေး ပြန်ပြောလိုက်သည်။

ဝိုက်စွမ်းစကားတွေက ရင်ထဲတွင် ရှိနေသေးသည်မို့ ထောင်ဇာခန်းအပေါ် မေချမ်း မကျေနပ်နိုင်ပါ။

ထောင်ဇာခန်းဆိုသည့်လူသည် မျက်မှောင်ကြီး တွန့်ကြုတ်လျက် လှုပ်ရှက ဘုဆတ်ဆတ်ဟု မေချမ်း မြင်မိသည်။

''ကျုပ်က အမှန်ကို မြင်တဲ့အတိုင်း ပြောနေတာ''

''ဟွန့် ဘာအမှန်လဲ၊ ရှင့်စိတ်နဲ့နှိုင်းပြီး ပြောတဲ့ အမှန်လား''

''ဘာ''

''အို''

'ဘာ'ဆိုသည့် သူ့ဆီမှ ဆောင့်ထွက်လာရသည့် အသံခက်ထန်ထန်ကြီးကြောင့် မေချမ်းမှာ မျက်နှာပျက်သွားရသလို ဦးကျုံးမန်းခေါင်လည်း မျက်နှာပျက်သွားရသည်။





''ထောင်ဇာခန်း မင်း ချည့်သည်ကို ဘယ်လိုပြောနေတာလဲ''

ဦးကျုံးမန်းခေါင် ကြားမှ ဝင်ပြောလိုက်သည်။

''ကပါးချည့်သည်က သိပ်စွာလွန်းတယ်''

''အဲလိုစွာအောင် ရှင်လုပ်နေတာပဲမဟုတ်လား''

''ကျုပ်ပြောတာ ဘာမှားလို့လဲ၊ ရန်ကုန်ကနေ ဒီလောက်ဝေးတဲ့ခရီးကို အဖော်မပါ ဘာမပါ မင်းတစ်ယောက်တည်းလာရဲတာ စွန့်စားရဲလို့၊ သတ္တိရှိလို့ မဟုတ်ဘူးလား''

သူမအား မျက်ဝန်းတည်တည်စူးစူးကြီးတွေနှင့် စူးစူးစိုက်စိုက်ကြည့်ကာ စကားကို ဘုပြောနေသည့် ထောင်ဇာခန်းကို မေချမ်း ရုတ်တရက် ဘာပြောရမှန်းပင် မသိ။

သူပြောတာလည်း ဟုတ်သလိုမို့ ငြိမ်နေရင်းက သူမအကြည့်လေးများ သူ့ထံ ရောက်ရှိသွားတော့

''ဟင်''

ကြည့်စမ်းပါဦး…

သူမကိုကြည့်သည့် သူ့မျက်ဝန်းတွေက ခက်ထန်မာကျောလွန်းလှသလို စူးရှတောက်ပသည့် မျက်ဝန်းနှင့် အကြည့်များကလည်း သူမရင်ထဲကို ထိုးဖောက်မတတ်။

နဖူးပေါ် ဖရိုဖရဲ ဝဲကျနေသော ဆံပင်နှင့် မျက်ခုံးထူထူ၊



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းစူးစူး၊ ပေါ်လွင်သောနှာတံ၊ ညိုသော်လည်း စိုမြေသော အသားအရေ၊ ကျစ်လျစ်ခြင်းများသော ကိုယ်ဟန်နှင့် ယောကျ်ားပီသကာ ကြည့်ကောင်းပေမယ့် ထိုကြည့်ကောင်းသည့် မျက်နှာကိုဝင် မျက်နှာကြီးတည်တင်း ခက်ထန်ထားပုံက တစ်လောကလုံးကို သူ လုပ်ကျွေးထားရသလိုမျိုး မုန်းချင်စရာမျက်နှာနှင့်။

သူမလို မြို့ကြီးသူ အချောအလှကိုတွေ့လို့မှ ပုံစံမပြောင်းသည့်လူ။

သူနေရာ တခြားယောကျ်ားတစ်ယောက်ဆိုပါက သူမ၏ အလှအောက်တွင် မိန်းမောသွားကာ ထိုသို့ ဘုတောစကားမျိုးကိုလည်း ပြောလိမ့်မည်မဟုတ်ပါ။

အတွေးနှင့် မကျေမနပ်ဖြစ်ရသည်မို့ မေချမ်း သူ့ကို မျက်မှောင်ကြုတ်ကာ ကြည့်ပစ်လိုက်တော့ သူလည်း အကြည့်မလွှဲ သူမကို ကြည့်နေလေ၏။

စူးရှတောက်ပလွန်းသည့် ထောင်ဇာခန်း အကြည့်များကို မေချမ်းသည် ပြိုင်မကြည့်ရဲသလိုမျိုး အကြည့်များ လွှဲလိုက်ရသည် ကိုပင် မေချမ်း သူမကိုယ်သူမ မကျေနပ်နိုင်သလို ဖြစ်သွားရသည်။

သည်လူတစ်ယောက်ကို မေချမ်းသည် စတွေ့ပါပြီဆိုကတည်းက ဘာအတွက်နှင့်မှ အရှုံးမပေးချင်ပါ။

သို့သော်လည်း အနိကယ်ကျူးမန်းခေါင်မျက်နှာက ရှိနေ





သေးသည်မို့ မေချမ်းသည် ရင်ထဲ မကျေနပ်သမျှ မျိုသိပ်နေလိုက်သည်။

စိတ်ထဲတွင်တော့ 'နေနှင့်ဦးပေါ့ တောင်ပေါ်သားရယ်'လို့ မေချမ်း ကြိတ်ကာဆိုလိုက်သည်။

"ခြံက ဘာဖြစ်တာလဲ"

"ပိုးကျလို့၊ ဒါပေမယ့် အချိန်မီ သိလိုက်တာ တော်သေးတယ်၊ ကြိုတင်တာကွယ်ခွင့်ရလိုက်လို့"

"အင်း မင်းအလုပ်တွေ ပြီးခဲ့ပြီလား"

"ပြီးပြီ၊ ကျုပ် ဘာလုပ်ပေးရဦးမလဲ ကပါး"

ထောင်ဇာခန်းသည် မေချမ်းကို မကြည့်ဘဲ ဦးကျူးမန်းခေါင်ကိုသာကြည့်လျက် မေးလိုက်သည်။

"ခုတော့မရှိဘူး၊ မင်းလုပ်စရာရှိတာသာ လုပ်တော့"

"ဒါဆို ကျုပ် ရွာထဲသွားဦးမယ်"

"အေး အေး"

ထောင်ဇာခန်းသည် မေချမ်းတို့အပါးမှ ချာခနဲ လှည့်ထွက်လေ၏။

ကျောခိုင်းထွက်သွားသည့် ထောင်ဇာခန်း၏ နောက်ကျော မြင့်မြင့်မားမားကြီးကိုကြည့်ပြီး မေချမ်းရင်ထဲ မတင်မကျဖြစ်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဓာခန်းကို ရင်ထဲ မကျေနပ်ချင်ပါ။

စကားကို ခွကျကျနှင့် ဘုတောတတ်သည့် မျက်နှာကြီး ရှစ်ခေါက်ချိုးထားသည့် ဒီလူနှင့် တစ်အိမ်တည်း အတူနေဖို့ဆိုတာ ဖြစ်မှဖြစ်ပါရဲ့လားမသိ။

သူ့ပုံစံက မေချမ်းမျက်စိထဲ နည်းနည်းမှ အချိုးမပြေသလို စကားပြောရသည်ကလည်း အဆင်မပြေလှပါ။

ရှေ့ဆက် သူနှင့်အတူ တစ်မိုးအောက်မှာနေဖို့ဆိုတာ ကတော့ဖြင့်။

"ဟင်း"

မေချမ်း စိတ်မောလူမောနှင့် သက်ပြင်းချလိုက်မိသည်။

"ကဲ သမီးမေချမ်း၊ ကပါးအိမ်မှာ ဘာမှအားမနာနဲ့၊ လွတ်လွတ်လပ်လပ်နေ၊ အခု ခရီးပန်းလာပြီ၊ အနားယူပေတော့၊ မုန်းနှမ်းခြံထဲက ပြန်လာမှ သမီးကို ရှာထဲလိုက်ပို့ခိုင်းမယ်"

ဦးကျုံးမန်းခေါင်စကားကို မေချမ်း မငြင်းမိပါ။ လူက လည်း ခရီးဝေးဒဏ်ကို ခံလာရသည်မို့ အမှန်ပင် လူက ပင်ပန်း နေရသည်မို့ မေချမ်းသည် သူမအတွက် ပြင်ဆင်ပေးသည့် အခန်းမှာ ပင် ကိုယ်လက်သန့်စင်ပြီးနောက် အနားယူလိုက်မိပါသည်။

မကြာလိုက်ပါ။ မေချမ်း မျက်ဝန်းလေးများ လေးလံလာ ကာ မျက်ဝန်းတံခါးလေး ပိတ်သွားရတော့သည်။

✡ ✡ ✡



ပင်ပန်းထားသမျှ အိပ်ရေးဝဝ အိပ်လိုက်သည်နှင့် ပြေပျောက်သွားရသလို လူကလည်း လန်းဆန်းသွားရကာ ထောင်ဓာခန်းနှင့် ပတ်သက်ကာ စိတ်မှာ အနှောင့်အယှက်ဖြစ်ရသမျှ မေ့လျော့သွားသည့်နှယ် ရှိသွားရသည့်အဖြစ်။

မေချမ်း အိပ်ရာက နိုးလာသည့်အချိန်မှာတော့ အချိန်သည် ညနေစောင်းနေရပြီဖြစ်သည်။

သူမ အိပ်ရာကနိုးသည့်အချိန် အန်ကယ်ကျုံးမန်းခေါင်၏ မွေးစားသမီး ငိုက်စွမ်း၏အစ်မ မုန်းနှမ်းသည်လည်း ခြံထဲမှနေ အိမ်ကိုပြန်ရောက်၍ ညစာပြင်ဆင်ချက်ပြုတ်နေပြီဖြစ်သည်။

အန်ကယ် ကျုံးမန်းခေါင်မှာ မုန်းနှမ်းနှင့် မေချမ်းကို မိတ်ဆက်ပေးပြီးပြီမို့ မေချမ်းနှင့် မုန်းနှမ်းမှာ တစ်ယောက်နှင့် တစ်ယောက် မစိမ်းတော့။

မစိမ်းသည့်အပြင် ချင်းတိုင်းရင်းသူလေး မုန်းနှမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မချမ်းသည် ရေစက်ပါသည်လို့ပင် ပြောရမလားမသိပါ။ မြင်မြင်ချင်း တစ်ယောက်ကိုတစ်ယောက် ခင်မင်ရင်းနှီးသွားသည်မှာ ညီမရင်းတမျှပင်ဖြစ်သည်။

"မုန်းနှမ်း ဘာတွေလုပ်နေတာလဲ"

မီးဖိုထဲတွင် တကုတ်ကုတ်နှင့် လုပ်နေသော မုန်းနှမ်းအနားသို့ မချမ်း ရောက်လာကာ မေးလိုက်သည်။

"ဟင် မမ နိုးနေပြီလား"

မုန်းနှမ်းသည် မချမ်းကို အပြုံးချိုချိုလေးနှင့် နှုတ်ဆက်လိုက်လေသည်။

"ဘာတွေချက်နေတာလဲ မုန်းနှမ်း"

"အစ်ကို အမဲပစ်ထွက်တာ ဂျီသားရလို့ ချက်ထားတယ်၊ ပြီးတော့ ရွာထဲမှာ ဝက်သားရလို့ စင်းကောလုပ်ပြီး မုညင်းနဲ့ကြော်တယ်၊ ဆိတ်သားခြောက်ဆီဆမ်း၊ မုညင်းဟင်းချို၊ ကြက်ဥကြော်၊ ငရုတ်သီးထောင်းတယ်"

"ဟင်းတွေက စုံလှချည်လား မုန်းနှမ်း"

"ဒါတောင် အစ်ကို အမဲပစ်တာ ဂျီသားပဲရလို့ မဟုတ်ရင် ဟင်းတွေ ဒီထက်ပိုစုံမှာ"

"အို တော်ပါပြီကွယ်၊ ဟင်းတွေ ဒီလောက်များနေတာပဲ၊ ဒါနဲ့ မုန်းနှမ်းအစ်ကိုက အမဲပစ်တတ်လို့လား"





"ခစ် ခစ် ခစ်"

မချမ်းစကားကို မုန်းနှမ်းသည် သဘောကျစရာတစ်ခုလို ရယ်ကာ တော်တော်နှင့်မပြောဘဲ ရှိနေလေ၏။

"ဘာရယ်တာလဲ မုန်းနှမ်း၊ မမမေးတာ မှားလို့လား"

"ဟင့်အင်း မမှားပါဘူး မမရဲ့၊ မမမေးတာကို သဘောကျလို့ပါ၊ အစ်ကိုက အမဲပစ်သိပ်တော်တာ မမရဲ့၊ ဒီရွာမှာတင် မကဘူး၊ ဒီအနီးအနားရွာကလူတွေလည်း အမဲပစ်မှာ အစ်ကို့ကို ဘယ်သူမှ လိုက်မမီဘူး၊ မမ သတိမထားမိလို့ပါ၊ အိမ်ရှေ့ဧည့်ခန်းမှာ အစ်ကိုပစ်ထားတဲ့ တောကောင်တွေရဲ့ သားရေတွေ၊ ဦးချိုတွေ အမျိုးမျိုးရှိတယ်"

မချမ်း သတိထားမိပါသည်။

အန်ကယ်ကျူးမန်းခေါင်၏အိမ်ကို ရောက်ကတည်းက ဧည့်ခန်းအလယ်နံရံတွင် ချိတ်ဆွဲထားသည့် တိရစ္ဆာန်များ၏ သားရေအမျိုးမျိုးနှင့် ဦးချိုများ။

မချမ်းသည် တောင်ဇာခန်း ပစ်သည်လို့ မထင်ခဲ့ပါ။ အန်ကယ်ကျူးမန်းခေါင်သည်လည်း အမဲပစ် ဝါသနာပါသည်ကို ဒက်ဒီ့ထံမှ သိခဲ့ပြီမို့ ထိုတိရစ္ဆာန်သားရေများနှင့် ဦးချိုများကို အန်ကယ်ကျူးမန်းခေါင် ပစ်လို့ရ၍ ချိတ်ဆွဲထားသည်လို့ မချမ်း ထင်ခဲ့သမျှ အခုတော့ သူမထင်ထားတာနှင့် တခြားစီ ထောင်ဇာ



www.burmeseclassic.com

www.burmeseclassic.com



ခန်း အမဲလိုက်ကျွမ်းကျင်သည့် မုဆိုးတစ်ယောက် ဖြစ်နေပါရော လား။

မထင်ခဲ့ပါ၊ တောင်ဇာခန်းကို ဤမျှ အမဲပစ်ကျွမ်းကျင်သည့် မုဆိုးတစ်ယောက်ဖြစ်လိမ့်မည်လို့ မေချမ်း မထင်ထားမိခဲ့။

ခုလို သိရပြန်တော့လည်း သူ့ကို ကျွမ်းကျင်သည့် မုဆိုးတစ်ယောက်အနေနှင့် စိတ်မှာ အထင်ကြီးသလို ရှိသွားရသည်။

မေချမ်းသည် မုန်းနှမ်းနှင့် စကားတွေဆိုနေဆဲ အအေးသည် သိသိသာသာ ပိုလာရသည်မို့ မေချမ်းမှာ သူမကိုယ်ပေါ်က သားမွေးကုတ်အင်္ကျီကို ရင်ဘတ်လုံအောင် ဆွဲစေ့ရင်း

“ဟီး အေးလိုက်တာ”

လက်လေးပိုက်ကာ မေချမ်းသည် ခပ်ညည်းညည်းလေး ဆိုလိုက်မိတော့

“မမ သိပ်ချမ်းနေလားဟင်၊ လာ လာ မမ မီးဖိုအား မီးလာလှုံလှည့်”

မေချမ်း ဟန့်မဆောင်နိုင်ပါ။ မုန်းနှမ်း ဟင်းချက်နေရာ မီးဖိုအား လက်လေးနှစ်ဖက်ကို ကွေးကာဆန့်ကာနှင့် မီးလှုံနေလိုက်သည်။

အနွေးဓာတ်က ကိုယ်ထဲ ဝင်လာရသည်မို့ မေချမ်းမှာ တော်တော်ကလေးက် မချမ်းတော့ပါ။ အချမ်းအနည်းငယ် ပေါ့သွား





သည်ဆိုပေမယ့်လည်း မြေပြန့်မှာတော့ ဒီအအေးဓာတ်သည် အချမ်းဆုံးသာဖြစ်ပါလိမ့်မည်။

မုန်းနှမ်းကို ကြည့်လိုက်တော့ မုန်းနှမ်းမှာ ထိုအအေးဓာတ်ကို မမှုသည့်အလားရှိနေသည်မို့ မေချမ်း အံ့သြသွားကာ

“မုန်းနှမ်းကြည့်ရတာ မချမ်းသလိုပါပဲလား”

မုန်းနှမ်းမှာ ပါးဖောင်းဖောင်းလေး မို့တက်သွားသည်အထိ ပြုံးလိုက်ရင်း

“မုန်းနှမ်းတို့အတွက် ဒီလောက်ချမ်းတာတော့ မပြောပလောက်တော့ပါဘူး မမရယ်၊ ဒီအအေးဓာတ်က မမအတွက် အစပဲ ရှိသေးတယ်၊ နောက်ဆို ဒီထက်အေးတဲ့ အအေးဓာတ်ကို မမ ခံရဦးမယ်”

“ဘုရားရေ ဒီထက်အေးတဲ့ အအေးဓာတ် ဟုတ်လား မုန်းနှမ်း”

မေချမ်းမှာ အံ့သြသလို မျက်လုံးပြူးလေးနှင့် မေးလိုက်သည်။

မုန်းနှမ်းသည် နူးညံ့စွာပြုံးရင်းက မေချမ်းကို ကြည့်ကာ

“ဟုတ်တယ် မမရဲ့၊ ဒီရှေ့ဆို ဒီမှာက ပိုအေးလာပြီလေ၊ အဲဒီအခါကျရင် တစ်ခါတလေ နှင်းမိုးတွေလည်း ကျတတ်တယ်၊ မုန်းနှမ်းတို့လို ဒီတောင်ပေါ်မှာ မွေး၊ ဒီတောင်ပေါ်မှာ ကြီးပြင်းခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတော့် အဲဒီအချိန်ကျရင် ချမ်းလွန်းလို့ လူကို မေးခိုက်ခိုက်တုန်နေတယ်''

''ဟယ် ဒါဆို မမ နေနိုင်ပါ့မလား''

''ဘာလို့ မနေနိုင်ရမှာလဲ မမ၊ မုန်းနွမ်းတို့က မမကို နေနိုင်အောင်ထားမှာပေါ့''

ကလေးတစ်ယောက်လို ချစ်စဖွယ်စကား ဆိုနေသည့် ချစ်စရာ ချင်းတိုင်းရင်းသူလေး မုန်းနွမ်းကို မေချမ်း ပြုံး၍ ကြည့်လိုက်သည်။

မုန်းနွမ်းသည် အသက်အားဖြင့် ဆယ့်ခြောက်နှစ်ကျော်နေပြီဖြစ်ပေမယ့် စိတ်ကတော့ ခုထိ ကလေးစိတ်မကုန်ချင်သေး။ တောင်ပေါ်နေ တိုင်းရင်းသူလေးဆိုပေမယ့် တက္ကသိုလ်ဝင် စာမေးပွဲကို အောင်မြင်ထားသူဖြစ်ကာ ကလေးစိတ်မပျောက် ဖြစ်နေသူလေးလည်း ဖြစ်သည်။

ပါးစပ်ကလည်း ချစ်စဖွယ်စကားလေးတွေကို ဆိုကာ မေချမ်းအား ဧည့်ခံနေသလို လူကလည်း အလုပ်နှင့်လက် ပြတ်သည်မရှိလုပ်နေသော မုန်းနွမ်းကိုကြည့်ကာ

''မမ ဘာကူလုပ်ပေးရဦးမလဲ မုန်းနွမ်း''

''နေ နေရတယ် မမ၊ မမ ခုလို မုန်းနွမ်းကို စကားတွေပြောပေးနေတာကိုပဲ မုန်းနွမ်း ကျေးဇူးတွေတင်နေပြီ၊ မဟုတ်ရင်





ခုချိန် စကားပြောဖော်မရှိနဲ့ မုန်းနွမ်း တစ်ယောက်တည်းရယ်''

မုန်းနွမ်းရယ်။

မေချမ်းမှာ မုန်းနွမ်းစကားကြောင့် စိတ်မကောင်းဖြစ်သွားရသည်။

စိတ်မကောင်းဖြစ်တာနှင့်အတူ တစ်စုံတစ်ရာကိုလည်း သတိရသွားသည်မို့…

''မုန်းနွမ်းအစ်ကိုနဲ့ ငိုက်စွမ်းက ဘယ်သွားနေလို့လဲ မုန်းနွမ်းရဲ့''

''မပြောချင်ပါဘူး မမရယ်၊ အစ်ကိုနဲ့ ငိုက်စွမ်းက အားတာနဲ့ နှစ်ယောက်သား အတွဲညီညီနဲ့ တောထဲ အမဲပစ်ထွက်တော့တာပဲ၊ အစ်ကိုနဲ့ ငိုက်စွမ်းက တောထဲအမဲပစ်ထွက်ရင် တစ်ရက် နှစ်ရက်ကြာတတ်တယ်၊ တစ်ခါတလေဆို သုံး၊ လေးရက်တောင် ကြာတတ်သေးတယ်၊ အဲဒီအချိန်ဆို အိမ်မှာ ကပါးနဲ့ မုန်းနွမ်းပဲရှိတာ၊ ကပါးကလည်း ရပ်ရေးရွာရေးကိစ္စတွေနဲ့ အမြဲအလုပ်ရှုပ်နေတော့ မုန်းနွမ်းတစ်ယောက်တည်းပဲပေါ့၊ ဒါပေမယ့် အားတယ်လို့ မုန်းနွမ်းမရှိပါဘူး မမရယ်၊ အိမ်အလုပ်တွေ တောင်ယာအလုပ်တွေနဲ့ ဒီလိုပဲ ရှုပ်နေတာပါပဲ''

မုန်းနွမ်းစကားကို ယုံပါသည်။

မေချမ်း ကြည့်နေရင်းနဲ့တောင် မုန်းနွမ်းသည် အလုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ပြတ်သည်မရှိ။ တစ်အိမ်လုံး စားဖို့သောက်ဖို့ကအစ အိမ်မှု ကိစ္စအားလုံးကို သူမတစ်ယောက်တည်း လုပ်နေရသည်က မချမ်း မျက်မြင်ကိုယ်တွေ့ပင်ဖြစ်သည်။

မချမ်းမှာ မုန်းနွမ်းကို ကြည့်ရင်း သနားလာရသည်မို့

"မုန်းနွမ်း ဒီလောက်ပင်ပန်းနေတာ၊ မုန်းနွမ်းအစ်ကိုကို မြန်မြန်သာ မိန်းမယူခိုင်းလိုက်တော့"

"အမယ်လေး မလုပ်ပါနဲ့ မမရယ်၊ မုန်းနွမ်းအစ်ကိုကို အဲဒီစကားမပြောရဲဘူး၊ အစ်ကိုမကြိုက်ဆုံး စကားကလည်း သူ့ကို မိန်းမယူခိုင်းတဲ့စကားပဲ၊ အစ်ကိုက လူတစ်မျိုး မမရဲ့၊ ဒီအသက် အရွယ်သာရောက်တယ် မိန်းမဆိုလို့ သူ့မှာ မူးလို့တောင် ရှူစရာ မရှိဘူး"

"ဟုတ်ရဲ့လား မုန်းနွမ်းရယ်၊ မုန်းနွမ်းပြောလို့သာ မမ တော့ ယုံရမယ်၊ ဒီအသက်အရွယ်မှ မုန်းနွမ်းအစ်ကို ရည်းစားမရှိ ရင် သူက ဘာမို့လို့လဲ"

"ဘာတွ"

"အမေ့"

"ဟင် အစ်ကို"

ဘယ်အချိန်က အိမ်ပြန်ရောက်နေသည်မသိ မီးဖိုတံခါးဝ တွင် ခက်ထန်သောမျက်နှာနှင့် မားမားကြီးရပ်နေသော ထောင်ဇ





ခန်း။

မုန်းနွမ်းသည် အစ်ကိုဖြစ်သူ ထောင်ဇာခန်းအကြောင်း ပြောနေတုန်း ထောင်ဇာခန်းကို တွေ့လိုက်ရသဖြင့် မျက်နှာလေး ဖြူဖျော့ကာ လန့်နေသလောက် မချမ်းကတော့ စောစောက သူမ ပြောထားတာ မဟုတ်သည့်အတိုင်း ဟန်မပျက်ရှိနေလေ၏။

ဒါကိုကြည့်ပြီး အသည်းယားကာ မချင့်မရဲဖြစ်ရသူမှာ ထောင်ဇာခန်းဖြစ်သည်။

"လူတစ်ယောက်အကြောင်းကို ကွယ်ရာမှာ မကောင်း ပြောတတ်တာ မင်းအကျင့်ပဲလား မြေပြန့်သူ"

"အို"

မချမ်းမှာ ရှက်သွေးတို့ဖြင့် မျက်နှာလေးရဲပသွားရသလို ဒေါသသွေးတို့ကလည်း တစ်ကိုယ်လုံးအနှံ့ ဆူပွက်သွားရသည်။

"ရှင်ဘာပြောတာလဲ ထောင်ဇာခန်း၊ ရှင့်စကားတွေက သိပ်လွန်နေပြီနော်"

"အဟွန်း ကျုပ်စကားက လွန်တယ်တဲ့လား၊ ဒါဆို အမိ တားကရော ဘယ့်နှယ်ဗျာ မြို့ကြီးသူတဲ့၊ လူကို တိရစ္ဆာန်နဲ့ င်းလိုနှိုင်းနဲ့၊ ဘယ်လိုမိန်းကလေးလည်း မသိပါဘူး"

"မသိလည်း မပြောနဲ့ပေါ့၊ သူများပြောစကားကို ရှင် ောင်းနားထောင်တာကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးစည်ရာဖျာ၊ အမိစကားကို ချောင်းနားထောင်ရအောင် ကျုပ် ဝါသနာလည်းမပါဘူး၊ စိတ်လည်းမဝင်စားဘူး၊ ခုဟာက ကျုပ် ချောင်းနားထောင်စရာမလိုအောင် အမိစကားတွေက ကျုပ်သိက္ခာကို စော်ကားနေလို့ ပြောတာ"

"ဟင် ရှင့်ကို မေချမ်း ဘာစော်ကားလို့လဲ..မေချမ်းပြောတာအမှန်ပဲလေ"

"ဘာအမှန်လဲ၊ လူတစ်ယောက်အကြောင်း အမိ သေချာဘာသိလို့ ပြောနေရတာလဲ"

"ဒါတော့ ရှင့်ကိုယ်ရှင် ပိုသိမှာပေါ့၊ မေချမ်းပြောတဲ့စကားနဲ့ ရှင် မညီဆိုတာ"

"ဟာကွာ မင်း"

မထိတရိပုံစံလေးနှင့် သူ့အား အသည်းယားအောင်ပြောနေသော မေချမ်းကြောင့် ထောင်ဓာခန်းမှာ မျက်နှာကြီးရဲကာ မချင့်မရဲဖြစ်လာရသည်မို့ ခြေလှမ်းကျဲကြီးတွေနှင့် မေချမ်းနားသို့ အတိုး

"အစ်ကို အစ်ကို လွန်မယ်"

"မှန်းနွမ်း နင်အသာနေစမ်း"

"အစ်မပြောတာ အစ်ကိုထင်သလို မဟုတ်ပါဘူး၊ အစ်မက စကားအပြောမတတ်လို့ပါ၊ အစ်မကို ခွင့်လွှတ်လိုက်ပါ အစ်ကို"





ကြားထဲမှနေ မှန်းနွမ်းသည် မျက်နှာငယ်လေးနှင့် ထောင်ဓာခန်းကို တောင်းပန်နေလိုက်သည်။

မေချမ်းမှာ မျက်နှာလေးတင်းနေရကာ

"အစ်မအတွက် သူ့ကို တောင်းပန်စရာမလိုဘူး မှန်းနွမ်း၊ မိန်းကလေးတစ်ယောက်နဲ့ပြိုင်ပြီး သတ္တိတွေကောင်းနေတဲ့လူမျိုး အစ်မ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

"ကျွတ် မင်းကွာ"

ထောင်ဓာခန်းမှာ သူ့ကို ဒီလိုပြောရပါ့မလားဆိုကာ ဒေါသတွေနှင့် ရှူးရှူးရှားရှားဖြင့်ရှိနေတာ မေချမ်းကို မျက်ဝန်းတည်တည် စူးစူးကြီးနှင့် စိုက်ကြည့်ပစ်လိုက်ပြီး...

"ဒီမှာအမိ"

သူခေါ်တော့လည်း မေချမ်းမှာ မခေပါ။ ခပ်ထေ့ထေ့ ပြန်ကြည့်ရင်းက ထူးလိုက်သည်။

"ဘာလဲ"

ထောင်ဓာခန်းသည် မေချမ်းကို စကား ရုတ်တရက် မဆိုသေးဘဲ သူမအား စူးရှတောက်ပသော မျက်ဝန်းများဖြင့် ထွင်းဖောက်မတတ် စိုက်ကြည့်ရင်းက

"မင်း ကျုပ်အကြောင်းကို ဘယ်လောက်သိလဲ"

"ဘာသိစရာလိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေချမ်း ခပ်တင်းတင်းပင် ပြန်ဖြေလိုက်တော့ ထောင်ဇာခန်းမှာ အလိုမကျသလို မျက်မှောင်ကြီး တွန့်ကြုတ်သွားကာ

"ကျုပ်အကြောင်းကို မသိဘဲနဲ့ ကျုပ်ကွယ်ရာမှာ ကျုပ်မကောင်းကြောင်း မင်း ဘာလို့ပြောရတာလဲ"

"ကိုယ့်သဘောနဲ့ကိုယ်ပါ"

"ဘာပြောတယ်၊ ကိုယ့်သဘောနဲ့ကိုယ် ဟုတ်လား၊ အေး ကိုယ့်သဘောနဲ့ကိုယ်ဆိုပေမယ့် လူ့ကျင့်ဝတ်တော့ ရှိရသေးတယ်ကွ"

လွန်တာကလည်း သူမ။ ဒါကို မတောင်းပန်သည့်အပြင် သူ့စကားကို တစ်ခွန်းမခံ ဂျစ်ကျကျနှင့် ပြန်ပြောနေသော မြေပြန့်သူကို ထောင်ဇာခန်း စိတ်မှာ မတွေ့သမျှ ခပ်တည်တည်နှင့် ဝစ်ပေါက်နေလိုက်၏။

ရွှေပေါ်မြတင်နေလာကာ တစ်သက်လုံး အလိုလိုက်ခံရသူပီပီ မေချမ်းမှာ ဘာမဟုတ်သည့် တောင်ပေါ်သား၏ အဆူအငေါက်ကို ခံရပါ့မလားဆိုသည့် မခံချင်စိတ်နှင့် ဒေါသတွေဖြစ်ကာ မကျေနပ်စိတ်နှင့် နှုတ်ခမ်းဖူးဖူးလေးမှာ စူထော်နေရသည်။

"ရှင် မေချမ်းကို ဘာမှပေါက်ငေါက်နေစရာ မလိုဘူး၊ ဘာလဲ ရှင်က ရှင့်အိမ်မှာ လာနေရတယ်ဆိုပြီး အနိုင်ယူပြောနေတာလား"





မေချမ်းမှာ သည်းမခံနိုင်သည့်အဆုံး သင့်၏ မသင့်၏ကိုပင် မစဉ်းစားတော့ဘဲ ရင်ထဲ မကျေနပ်သမျှ ပြောပစ်လိုက်သည်။

သည်လိုဆိုပြန်တော့လည်း ထောင်ဇာခန်း မျက်နှာကြီးပျက်သွားကာ...

"ကျုပ်ပြောနေတာ ဒါတွေနဲ့ မဆိုင်ဘူး၊ မင်း ကျုပ်စကားကို နားမလည်ဘူးနဲ့တူတယ်"

"ရှင် စကားပြောသိပ်ရိုင်းတာပဲ"

"ဘာကွ"

မျက်မှောင်ကြီးတွန့်ကြုတ်လျက် ထောင်ဇာခန်းသည် မေချမ်းကို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်လေ၏။

မေချမ်းမှာ သူ့ကို မကြည့်ပါ။

ဘယ်လိုရေစက်မှန်းမသိ၊ တွေ့စကတည်းက အဆင်မပြေဖြစ်ရသည့် သူ့အပေါ် ရင်မှာ မကြည်မလင် ဖြစ်ရသောကြောင့် သူ့စကားကို ဂရုမစိုက်တော့ဘဲ သူမရှေ့တွင် ပိတ်ရပ်နေသည့် ထောင်ဇာခန်းကိုယ်ကြီးကို သူမကိုယ်လေးနှင့် တွန်းတိုက်ကာ အိပ်ခန်းထဲသို့ ချာခနဲ လှည့်ဝင်ခဲ့လေသည်။

ဒါတောင် နောက်ပိုင်းတွင် ကျန်ခဲ့သည့် သူ့ထံမှ ဒီမြေပြန့်သူနဲ့ သိပ်ခက်တာပဲဆိုသည့် စကားကို ကြားဖြစ်အောင် ကြားလိုက်ရသည်မို့ မေချမ်းတစ်ယောက်တည်း ဒေါသပွားကာ လူက ထိုင်ငိုပြီ



www.burmeseclassic.com

www.burmeseclassic.com



မရ ထလို့မရနှင့် ထောင်စာခန်းအပေါ် မတျေမနပ် ဒေါသတွေဖြစ်နေရတော့သည်။

ရောက်လို့မှ နေ့ပင်မကူးသေး ဒီလူနှင့် ကြဲဖန်ပြဿနာတွေဖြစ်ရသည့် ကိုယ့်အဖြစ်ကို ကိုယ်လည်း မချေမ်း စိတ်ပျက်စွာတွေးရင်း အိပ်ရာထဲ ဝင်လှဲနေလိုက်မိသည်။

✡ ✡ ✡



## အခန်း (၃)

"မမ ဟိုတစ်နေ့က အဖြစ်အတွက် စိတ်ညစ်သွားလားဟင်"

"ဟင်း စိတ်မညစ်ပါဘူး မုန်းနွမ်းရယ်၊ မမကလည်းသူ့ကိုပြောမိတာကိုး"

"အစ်ကိုကိုယ်စား မုန်းနွမ်းကပဲ မမကို တောင်းပန်ပါတယ်၊ တကယ်တော့ အစ်ကို စိတ်ရင်းမနောကောင်းတဲ့ လူတစ်ယောက်ပါ၊ ရွာကလူတွေတင်မကဘူး ဒီအနီးအနားရွာကလူတွေနဲ့ပါ၊ အစ်ကိုက အားလုံးသင့်မြတ်ပြီး ပေါင်းသင်းဆက်ဆံရေးကောင်းပါရက်နဲ့ ခု မမနဲ့တွေ့မှ အစ်ကို ဘယ်လိုဖြစ်ရတယ်ဆိုတာ မုန်းနွမ်းတောင်မှ အစ်ကိုကို နားမလည်နိုင်တော့ဘူး"

မုန်းနွမ်းစကားအဆုံး မေချမ်း မချိပြုံးလေး ပြုံးလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



"မုန်းနှမ်းမသိပေမယ့် မမသိတယ်"

"ရှင်"

"မုန်းနှမ်းအစ်ကိုက မမကို ဒီမှာမနေစေချင်ဘူးလေ"

"အို ဟုတ်ရဲ့လားမမရယ်၊ မမ အစ်ကို့အပေါ် အထင်လွဲနေတာပါ၊ အစ်ကို့မှာ အဲလိုစိတ်မျိုးမရှိပါဘူး"

"အဲဒါက တခြားတစ်ယောက်နဲ့ဆို ဟုတ်ရင်ဟုတ်လိမ့်မယ်၊ မမအပေါ်မှာတော့ မုန်းနှမ်းအစ်ကို အဲလိုစိတ်မျိုးထားတာအမှန်ပဲ"

မေချမ်းမှာ ထိုစကားကို အခိုင်အမာပင် ဆိုလိုက်လေသည်။

မုန်းနှမ်းမှာ မျက်နှာလေးပျက်နေရကာ

"အစ်ကိုက မမကို ဘာလို့ လက်မခံချင်ရတာလဲ၊ ပြီးတော့ မမက တခြားသူလည်းမဟုတ်ဘူး၊ ကပါးမိတ်ဆွေရဲ့သမီး"

"ဟုတ်တယ် မုန်းနှမ်း၊ မုန်းနှမ်းအစ်ကို မမကို အန်ကယ်ကျုံးမန်းခေါင်မိတ်ဆွေသမီးမို့ လက်ခံထားတာ၊ အဲဒါကလည်း အန်ကယ့်မျက်နှာကြောင့်ပဲ၊ ဟွန်း သူ့အလိုသာဆို မုန်းနှမ်းအစ်ကိုက မမကို လက်ခံမှာတဲ့လား၊ သူက အစကတည်းက မမ ဒီကိုလာမှာကို အလိုမရှိတဲ့သူလေ"





"မမရယ်"

မုန်းနှမ်းကိုယ်တိုင်က မေချမ်းကို ဘယ်လိုနှစ်သိမ့်ရမှန်းမသိတော့ပါ။

တကယ်လည်း အစ်ကို ထောင်ဇာခန်းသည် မမမေချမ်း ဒီရွာလေးကို လာမည်ဆိုတုန်းက လက်မခံခဲ့ချင်တာ အမှန်။

ဒါကို မမမေချမ်း ဘယ်လိုသိနေတာပါလိမ့်။ မုန်းနှမ်းမှာ မတွေးတတ်အောင်ရှိနေရသည်။

အစ်ကို မမမေချမ်းကို လက်ခံချင်ချင် လက်မခံချင်ချင် မုန်းနှမ်းကတော့ ချစ်စရာကောင်းကာ သိပ်လှလွန်းသော မမမေချမ်းကို အစ်မရင်းတစ်ယောက်ကဲ့သို့ ခင်မင်တွယ်တာချစ်နေမိပြီဖြစ်သည်။

ထာဝစဉ် အပြုံးချိုလှလှလေးနှင့် မာနီမာနကင်းစင်ကာ ဖော်ရွေသဘောကောင်းလွန်းသော မမသည် စိတ်ထားလှရုံတင်မက လူကလည်း အပြစ်ဆိုရက်စရာမရှိအောင် သိပ်လှလွန်းသူဖြစ်သည်။

ပကတိအေးချမ်းသော မျက်နှာလေးနှင့် တည်ငြိမ်သော အလှတွေ ပိုင်ဆိုင်ထားသော မမသည် မြို့ကြီးပြကြီးမှာ မွေးဖွား ကြီးပြင်းလာသည့် ပညာတတ်သူဌေးသမီးလေးရယ်လို့မှ ထင်ရက်စရာမရှိ။ ဂုဏ်မနေအဆင့်အတန်း မခွဲခြားတဲ့ မြို့ကြီးနှင့်ယှဉ်ပါက အစစအရာရာ ကွာခြားလွန်းသည့် ချင်းတောင်တန်းတစ်နေရာရှိ



www.burmeseclassic.com

www.burmeseclassic.com



မုန်းနှမ်းတို့ရွာလေးကို ရောက်လာသည်ကပင် တောင်ပေါ်နှင့် တောင်တန်းဒေသကို ချစ်တတ်သည့် မမမေချမ်းစိတ်ကို ချိုကျူးစရာ ပင်ဖြစ်သည်။

ရွာကိုရောက်တာ တစ်ပတ်မပြည့်သေး။ ခါနီမာနကင်းစင် ကာ ချစ်စဖွယ်အပြုံးလေးနှင့် ချိုကြည်သာယာသည့် စကားများကို ဆိုတတ်သော မမမေချမ်းကို ကလေး၊ လူကြီးအားလုံး ချစ်ခင်နေရ ပြီဖြစ်သည်။

မျက်နှာမြင်ချစ်ခင်ပါစေ၊ အသံကြားသနားပါစေ ဆိုသည့် ဆုတောင်းများ ပြည့်ခဲ့လို့လားမသိပါ။ မမမေချမ်း၏ တည်ငြိမ်အေး ချမ်းသော မျက်နှာလှလှလေးကို မြင်တာနှင့် အားလုံးက ချစ်ခင်ရ သည်သာဖြစ်သည်။

ထိုအထဲတွင်တော့ အစ်ကို ထောင်ဓာခန်းသည် မပါ။ အစ်ကိုနှင့်မမသည် ဘယ်လိုရေစက် ကံအကျိုးပေးကြောင့်ဝင်မသိ။

နှစ်ယောက်သား မတွေ့လိုက်နှင့် တွေ့လိုက်သည်နှင့် အကြောင်းတစ်ခုမဟုတ် တစ်ခုနှင့် ကြဲဖန်ပြဿနာ ဖြစ်တတ်လေ သည်။

တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်သည့်အခါမှာ တော့ မုန်းနှမ်းတို့အတွက် အစ်ကိုနှင့်မမ ကြဲဖန်ပြဿနာဖြစ်သည်ကို ပင် စိတ်မှာ မတူးဆန်းတော့သလိုရှိလာရသည်။





ထို့အပြင် အစ်ကိုနှင့်မမကို ကြည့်ရသည်မှာလည်း တစ်ယောက်နှင့်တစ်ယောက် မတည့်၍ ရန်ဖြစ်နေသူများနှင့်မတူဘဲ တစ်ခါတစ်ရံ မုန်းနှမ်းစိတ်ထင်လို့ပဲလားမသိပါ။ အစ်ကိုနှင့်မမကို ကြည့်ရသည်မှာ အိမ်ထောင်သည်ဇနီးမောင်နှံနှစ်ယောက် ရန်ဖြစ်နေ သည်လို့ပင် မုန်းနှမ်းစိတ်မှာ ထင်နေမိလေသည်။

ထိုအဖြေကို အစ်ကိုနဲ့မမကတော့ သူတို့ကိုယ်သူတို့လည်း သတိထားမိဟန်မတူ။

အထူးသဖြင့် အစ်ကိုဖြစ်သူ ထောင်ဓာခန်း၊ အစ်ကိုသည် သိပ်လှသောမမ၏ အလှတွေကို မမြင်သည့်လား၊ မတွေ့သည်လား၊ မြင်အောင်ပဲ မရှာဖွေတတ်သည်လားမသိပါ။ ဝင်းပကြည်စင် နုဖွေး သောအလှတွေနှင့် အပြစ်ဆိုရက်စရာမရှိအောင် သိပ်လှနေသော မမမေချမ်း၏ အလှတွေကို မသိသလို ပြုနေခဲ့လေသည်။

သိပ်လှသောမမကို မတွေ့လိုက်နှင့် တွေ့လိုက်တာနဲ့ တွေ့သည့်အချိန် ဘူနှင့်ဘောက် ဖြစ်နေတတ်သော အစ်ကိုသည် မမကိုတွေ့ပါက ဂရုမစိုက်သလို ရှိနေတတ်ပေမယ့် မမကို မတွေ့ ပြန်တော့လည်း သူသည် မျက်ဝန်းညိုကြီးများနှင့် ကျိတ်ကာ ရှာဖွေ တတ်သူလည်းဖြစ်သည်။

အစ်ကိုသဘောထားကို မုန်းနှမ်းသည် ဘယ်လိုနားလည် ရမှန်းမသိတော့ပါ။ နားလည်ရန်လည်း မကြိုးစားချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို ထောင်ဇာခန်းသည် မမနှင့်ပတ်သက်ကာ သူ့ကိုယ်သူ ဟန်ဆောင်နေပါလျှင်လည်း တစ်နေ့မှာတော့ ဟန်ဆောင်ထားသမျှ အစ်ကို ထောင်ဇာခန်းရင်ထဲက ခံစားမှုများ သူ့အလိုလို ပေါက်ကွဲလာပါလိမ့်မည်။

မုန်းနှမ်းအနေနှင့်လည်း အစ်ကိုနှင့်ပတ်သက်ကာ ထိုတစ်နေ့ကို စောင့်ရန်ရှိတော့၏။

"မုန်းနှမ်း ဘာတွေတွေးနေတာလဲ၊ မမ ပြောတာကြားရဲ့လား"

"ရှင် မမ"

အတွေးလွန်သွားရသည့် သူ့မအဖြစ်အတွက် မုန်းနှမ်းရင်ထဲ ရှက်စိတ်လေး ကြီးစိုးသွားရသည်။

မချမ်းမှာ မုန်းနှမ်း၏ ကြည်စင်နေတွေးသည့် မျက်နှာလေးကို အပြုံးနှင့်ကြည့်ကာ

"ပြောစမ်း ကောင်မလေး၊ မမပြောတဲ့စကား မကြားရအောင် မုန်းနှမ်း ဘာတွေတွေးနေတာလဲဆိုတာ"

"အဟင်း ဟင်း ဘာမှမဟုတ်ပါဘူး မမရဲ့"

"မညာနဲ့နော်"

"တကယ်ပါ၊ မုန်းနှမ်း မညာပါဘူး၊ မုန်းနှမ်းတွေးနေတာ မမနဲ့အစ်ကို့အကြောင်းပါ"





ထောင်ဇာခန်း နာမည်ပါလာတာနှင့် မချမ်းမျက်နှာလေး ပျက်သွားရသည်။

"မမ"

"ဟင် ဘာလဲ မုန်းနှမ်း"

"မုန်းနှမ်းစကားကို မမ စိတ်ဆိုးသွားလားဟင်"

"စိတ်မဆိုးပါဘူး မုန်းနှမ်းရယ်၊ ဒါပေမယ့် မမ သူ့အကြောင်း မကြားချင်ဘူး"

မကြားချင်ပါဘူးဆိုတော့လည်း မုန်းနှမ်းသည် ထောင်ဇာခန်းအကြောင်း ရှေ့ဆက်မပြောတော့ပါ။

မုန်းနှမ်းရင်ထဲတွင် မမနှင့်ပတ်သက်ကာ သိချင်နေရသည့် အကြောင်းတစ်စုံတစ်ရာကလည်း ရှိနေသေးသည်မို့ သိပ်လှသော မမမချမ်း၏ မျက်နှာလေးကို ငေးကြည့်ရင်း

"မမတိုမေးစရာရှိလို့၊ မုန်းနှမ်းမေးရင် မမ စိတ်ဆိုးမှာလား"

"ဘာများလဲ မုန်းနှမ်းရဲ့၊ မမ စိတ်ဆိုးအောင် မုန်းနှမ်းက ဘာတွေမေးမှာမို့လို့လဲ"

"ဟင့်အင်း မမ စိတ်မဆိုးဘူးလို့ မုန်းနှမ်းကို ကတိပေးမှ မုန်းနှမ်းမေးမှာ"

ရယ်ကျဲကျဲမျက်နှာလေးနှင့် ဘာရယ်ညာရယ် မသိပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် မေချမ်းထံမှ ကတိစကားကို အရင်တောင်းနေသော မုန်းနှမ်းကြောင့် မေချမ်း ပြုံးလိုက်မိပြီး

"ဟုတ်ပါပြီရှင်၊ ဟုတ်ပါပြီ၊ မုန်းနှမ်း တောင်းတဲ့ကတိကို မမ ပေးပါတယ်၊ ကဲ ဘာမေးမှာလဲ"

"အဟင်း မမက အရမ်းလှတာပဲနော်"

"ကြည့်စမ်း ကြည့်စမ်း ဒါက နေရင်းထိုင်ရင်း ဘယ်လိုဖြစ်ရတာလဲ"

မေချမ်းမှာ အံ့သြသလို မျက်ခုံးလေးတစ်ဖက်ပင့်ကာ မေးလိုက်သည်။

"မုန်းနှမ်း တကယ်ပြောတာ မမရဲ့၊ မမကို တွေ့တဲ့သူတိုင်းက လှတယ်လို့ပြောတယ်၊ တကယ်လည်း မမက သိပ်လှတယ်၊ သိပ်လှတဲ့ မမကိုကြည့်ပြီး မုန်းနှမ်း တွေးမိတာ တစ်ခုရှိတယ်"

"ဘာများလဲ မုန်းနှမ်းရဲ့"

"ဒီလောက်လှတဲ့ မမမှာ ချစ်တဲ့သူတော့ရှိမှာပဲဆိုတာ တွေးမိလို့"

"အဟင်း ဟင်း ဟင်း မုန်းနှမ်းရယ်၊ မမက ဘာများလဲလို့ကွယ်၊ မုန်းနှမ်းထင်သလို မမမှာ ချစ်ရမယ့်သူမရှိပါဘူး"

"ဟုတ်ပါ့မလား မမ၊ မမက မြို့ကြီးသူ၊ ပြီးတော့





ဒီလောက်ချော ဒီလောက်လှနေတာ မမမှာ ချစ်ရမယ့်သူ မရှိဘူးဆိုတာ မုန်းနှမ်းတော့ ယုံရခက်ခက်ပါပဲ"

သူသိချင်သည့် အဖြေကို မရမချင်း စိတ်မကျေနပ်သလို ထပ်မံအတွန့်တက်နေသော မုန်းနှမ်းကြောင့် မေချမ်း နှစ်နှစ်ခြိုက်ခြိုက်လေး ရယ်မောလိုက်ပြီး

"မုန်းနှမ်း အထင်ကြီးနေတာနဲ့ မမ ကိုယ့်ကိုယ်ကိုတောင် ဘဝင်မြင့်ချင်လာပြီ၊ တကယ်ပါ မုန်းနှမ်းရယ် မမမှာ မိချစ်ဖချစ်ကလွဲပြီး တခြားအချစ်မျိုး မရှိသေးပါဘူး၊ ရှိနေမှတော့ မမ သူ့ကို ခွဲထားပြီး မုန်းနှမ်းတို့ဆီ လာမှါမလား"

"အင်း ဒါတော့ မသိနိုင်ဘူးလေ၊ မမက သိပ်လှတယ် မဟုတ်လား"

"လာပြန်ပြီကွယ် ဒီစကား၊ မမက မုန်းနှမ်းပြောသလောက်လည်း မလှပါဘူး၊ တကယ်တမ်းလှတာက မုန်းနှမ်းတို့ ချင်းတိုင်းရင်းသူလေးတွေ သိလား"

မေချမ်းစကားကြောင့် မုန်းနှမ်းမှာ မျက်ဝန်းများ မှေးကျဉ်းသွားအောင် ပြုံးလိုက်ပြီး

"မမကတော့လုပ်ပြီ၊ မုန်းနှမ်းတို့လှတာ မြို့ကြီးက မမ ခြေဖျားကို မမီပါဘူးနော်၊ မမက မုန်းနှမ်းမျက်စိထဲမှာ ဘယ်လိုနေနေ သိပ်လှပြီး ချစ်စရာကောင်းလွန်းတယ်၊ ခုနေခါ မုန်းနှမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးဆို သိပ်လှတဲ့မမကို အရယူပစ်မှာပဲ”

“ဗုဒ္ဓေါ”

မုန်းနွမ်းစကားကို မေချမ်းမှာ လန့်သွားရသလိုမျိုး မျက်ဝန်းလေးပြူးလျက် ရင်ဘတ်ပေါ် လက်လေးဖိတင်လိုက်မိသည်။

မေချမ်း၏ ထိုပုံစံလေးကပင် မုန်းနွမ်း မျက်ဝန်းအကြည့်ထဲ မလွှဲဖယ်နိုင်အောင် သိပ်ကို ချစ်စရာ လှပလွန်းနေရသည်မို့ မေချမ်းမျက်နှာလေးကို အမှတ်မထင် မုန်းနွမ်း ငေးစိုက်ကြည့်မိသွားရသည်။

မမမေချမ်း၏ အလှအပများနှင့် ချစ်စရာကောင်းသော အပြုအမူလေးများကို အစ်ကိုထောင်ဇာခန်းသည် မုန်းနွမ်းမြင်သလို ဘာကြောင့် မမြင်တွေ့နိုင်ရတာလဲ။

မုန်းနွမ်း မြင်တွေ့သလို အစ်ကိုထောင်ဇာခန်းကိုလည်း မြင်တွေ့စေချင်ပါသည်။

မမမေချမ်းသည် အစ်ကိုထောင်ဇာခန်းစိတ်မှာ ထင်ထားသလို မြို့ကြီးသူ ပညာတတ် သူဌေးသမီးဆိုပြီး မာန်မာနမောက်ကြွားကာ ဂုဏ်ရှိန်မြင့်လျက် အဆင့်အတန်း ခွဲခြားတတ်သူ တစ်ယောက်မဟုတ်ဆိုတာ အစ်ကိုထောင်ဇာခန်းကို သိစေချင်ပါ၏။

သိစေချင်၍ မုန်းနွမ်းသည် မမမေချမ်း၏ ချစ်စဖွယ်ကောင်းသည့် ဖြူစင်ရိုးသားသည့် စိတ်မနေဘကို အစ်ကိုထောင်ဇာခန်းအား ပြန်ပြောဖို့ ဆုံးဖြတ်လိုက်မိသည်။ အတွေးများနှင့် မုန်းနွမ်းသည် မေချမ်းအား စကားတွေများစွာဆိုတော့ မေချမ်းသည်လည်း ချစ်စဖွယ် အပြုံးလှလှလေးနှင့် မုန်းနွမ်းအား စကားတွေ ပြန်ဆိုရှာလေသည်။





မေချမ်းသည် ဒီအရပ်၊ ဒီဒေသ၊ ဒီရွာလေးကို ရောက်ချင်ဇောနှင့် လာသာလာခဲ့ရသည်။ သူမရင်ထဲ စိုးတထိတ်ထိတ်ရှိခဲ့သည်။ ခုတော့ဖြင့် ထင်တာထက်ပင် မို၍ဖော်ရွေသဘောကောင်းလွန်းသည့် ချင်းတိုင်းရင်းသူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကြောင့် မေချမ်းစိတ်ဝယ် နွေးထွေးလုံခြုံမှုတွေနှင့် ပျော်ရွှင်နေရသည်မှာ ရန်ကုန်တွင် ကျန်ခဲ့သည့် ဒက်ဒီကိုပင် မေ့ထားသလိုရှိနေရသည်။

ဒီရွာလေးကို ရောက်ခါစက အားငယ်သလိုရှိခဲ့သော မေချမ်း၏ အားငယ်စိတ်များသည်လည်း ခုတော့ ဘယ်ဆီလွင့်ပျောက်သွားမှန်းမသိတော့။

မေချမ်းသည် ဒီရွာလေးနှင့် နေသားကျနေရုံမက ရွာရှိသူများနှင့်လည်း ရင်းနှီးကျွမ်းဝင်နေရပြီဖြစ်သည်။

ထိုထဲတွင် တောင်ပေါ်သား လူ့ခွစာကြီး ထောင်ဇာခန်းတစ်ယောက်တော့ဖြင့် မပါပါပေ။

မတွေ့လိုက်နှင့် တွေ့လိုက်တာနှင့် ရှစ်ခေါက်ချိုး မျက်နှာကြီးနှင့် မျက်မှောင်ကြီးတွန့်ကြုတ်ကာ သုန်သုန်မှုန်မှုန် တင်းတင်း



www.burmeseclassic.com

www.burmeseclassic.com



မာဓာ ရှိနေတတ်သော ထောင်ဇာခန်းအကြောင်း တွေးမိတော့ ကြည်လင်နေရသော မေချမ်းစိတ်မှာ နောက်ကျိသွားရသည်။

"မမ မျက်နှာလည်း မကောင်းပါလား"

"ဘာလဲ မုန်းနှမ်းတို့ဆီနေရတာ မပျော်လို့လားဟင်"

သူမ မပျော်မှာကို စိုးရိမ်နေရှာသည့် မုန်းနှမ်းကို မေချမ်းသည် ခပ်ယဲ့ယဲ့ပြုံးပြရင်း

"မဟုတ်ပါဘူးကွယ်"

"ဒါဆို ဘာဖြစ်လို့လဲမမ"

မုန်းနှမ်းသည် မေချမ်းအား အကဲခတ်သော အကြည့်များဖြင့် ကြည့်ကာ မေးလိုက်သည်။

မေချမ်းသည် အဝေးမှလှမ်း၍ မြင်နေရသော မှိုင်းညို့အုံ့ဆိုင်းနေသည့် ချင်းတောင်တန်းကြီးကို ငေးကြည့်လိုက်ပြီး

"မုန်းနှမ်းအစ်ကိုက ဘယ်လိုလူလဲဟင်"

မေချမ်းအား မုန်းနှမ်းသည် အကြည့်စူးစူးလေးဖြင့် ကြည့်ရင်း

"မမပြောနေတာ အစ်ကို ထောင်ဇာခန်းကိုလား"

"အင်း"

"ဘာဖြစ်လို့လဲ မမ၊ အစ်ကိုထောင်ဇာခန်းနဲ့ ပတ်သက်ပြီး မမစိတ်မှာ အနှောင့်အယှက်ဖြစ်နေလို့လားဟင်"





"အနှောင့်အယှက်ဖြစ်တယ်လို့လည်း မဟုတ်ပါဘူး၊ ဒါပေမယ့် ဘယ်လိုပြောမလဲ မုန်းနှမ်းရယ်၊ မုန်းနှမ်း အစ်ကိုနဲ့တွေ့တိုင်း မမစိတ်မှာ အမြဲမကြည်မလင်ဖြစ်ခဲ့ရတာတော့ အမှန်ပဲ၊ သူ့ပုံစံ သူ့မျက်နှာထားက မမနဲ့တွေ့တိုင်း မမအပေါ် မကျေနပ်သလိုလို အလိုမကျသလိုလိုနဲ့ အမြဲပြောင်းလဲသွားတတ်တာကို မမ သတိထားမိတယ်"

ထောင်ဇာခန်းနှင့် ပတ်သက်ကာ ရင်ထဲ မကျေနပ်ရသမျှ မေချမ်းသည် မုန်းနှမ်းအား ရင်ဖွင့်နေမိသည်။

"အစ်ကိုက သဘောဆိုးတဲ့သူမဟုတ်ဘူးဆိုတာတော့ မုန်းနှမ်း ရဲရဲကြီးပြောရဲတယ်၊ ဒါပေမယ့် မမပြောသလို မမနဲ့တွေ့မှ သူဘာလို့ ပြောင်းလဲသွားတယ်ဆိုတာတော့ မုန်းနှမ်းလည်း နားမလည်နိုင်ဘူး။ မမနဲ့အစ်ကို တစ်ယောက်ကိုတစ်ယောက် အထင်လွဲနေတာများလား"

"အို မနေ့ကသူ တစ်ယောက်နဲ့တစ်ယောက်ကြားမှာ အထင်လွဲစရာ ဘာရှိလို့လဲ၊ မုန်းနှမ်းအစ်ကိုကိုယ်တိုင်က မမအပေါ် အမြင်မကြည်ဖြစ်နေတာ၊ ပြီးတော့ သူက အစကတည်းက မမကို အလိုရှိတဲ့သူမှ မဟုတ်ဘဲ"

"ဒီလိုလည်းမဟုတ်ပါဘူး မိမရယ်၊ အစ်ကိုက မမ အပေါ်မှာတော့ စေတနာထားရှာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း မုန်းနှမ်းအစ်ကို စေတနာဆိုတာ ဘာလဲ၊ မမအပေါ် အမြဲရန်လုပ်နေတဲ့ စေတနာမျိုးလား"

မုန်းနှမ်းမှာ မေချမ်းစကားကို သဘောကျသလို တခစ်ခစ်နှင့် ရယ်ပါလေတော့သည်။

"အစ်ကိုက ဒီလိုပဲနေတတ်လို့ပါ မမရယ်၊ မသိရင် အစ်ကိုက ခွကျကျနဲ့ ဂျစ်ကျတဲ့လူလို့ ထင်ရပေမယ့် တကယ်ပေါင်းကြည့်ရင် အစ်ကိုက သဘောကောင်းတဲ့သူပါ"

"ဘာပဲပြောပြော မမတော့ သူ့ကို လုံးဝကြည့်မရဘူး"

"သူ မမကို တစ်မျိုးမဟုတ်တစ်မျိုး စိတ်တိုအောင် လုပ်နေတာ မမမှာ ဒေါသဖြစ်လွန်းလို့ မြန်မြန်အသက်တိုလိမ့်မယ်သိလား"

"အဟင်း ဟင်း ဟင်း"

"မမက ပြောလည်းပြောတတ်တယ်"

မေချမ်းဘာပြောပြော မုန်းနှမ်းမှာ ရယ်လို့သာနေတော့သည်။

"မမ တကယ်ပြောနေတာ မုန်းနှမ်း၊ မုန်းနှမ်းအစ်ကိုကလေ မျက်မှောင်ကြီးကြုတ်ပြီး ရှစ်ခေါက်ချိုးမျက်နှာနဲ့ မုန်းဖို့သိပ်ကောင်းတာပဲ၊ မမမျက်စိထဲမှာတော့ သူ့ရဲ့ အဲဒီပုံစံက ကြည့်ရဆိုးလွန်းတယ်"





မုန်းမုန်းနှင့် မေချမ်းမှာ ဆောင်ဓာခန်းအား အပြတ်ဝေဖန်နေတော့သည်။

"မမကသာ အစ်ကို့ကို ကြည့်ရဆိုးတယ်လို့ ပြောတာ၊ မုန်းနှမ်းအစ်ကိုမို့လို့ မုန်းနှမ်းပြောတာ မဟုတ်ဘူး၊ အစ်ကိုဆောင်ဓာခန်းက လူချောတစ်ယောက်ပါ မမရဲ့၊ ပြီးတော့ သဘောလည်းသိပ်ကောင်းပါတယ်၊ အစ်ကို့ကို သေချာပေါင်းကြည့်မှ အစ်ကို သဘောကောင်းမှန်း မမသိမှာ"

"အမလေး တော်ပါတော့ မုန်းနှမ်းရယ်၊ မုန်းနှမ်းအစ်ကို့ကို မမ ပေါင်းလည်းမပေါင်းကြည့်ပါရစေနဲ့တော့၊ ကြောက်လွန်းလို့"

ပခုံးလေးတွန့်ကာ မေချမ်းသည် ကြောက်ဟန်လေးနှင့် ဆိုလိုက်ရာသော မုန်းနှမ်း မပြုံးဘဲ မနေနိုင်တော့ဘဲ

"မမကတော့ ပြောရှေမယ်၊ အစ်ကိုက လူယဉ်ကျေးပညာတတ်တစ်ယောက်ပါ"

"ဘယ်လို မုန်းနှမ်းအစ်ကိုက ပညာတတ်တစ်ယောက်ဟုတ်လား"

"အင်းလေ မမ မသိဘူးလား"

"ဟင့်အင်း"

မေချမ်း ခေါင်းလေးခါပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုက ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းပြီးခဲ့တာ မမရဲ့၊ ကျောင်းပြီးပေမယ့် အစ်ကိုက လုပ်ငန်းခွင်ထဲမဝင်သေးဘဲ ကပါးရဲ့ လက်ဖက်ခြံနဲ့ တောင်ယာစိုက်ခင်းတွေကို အထွက်နှုန်းကောင်းကောင်းနဲ့ ဒီထက်ပိုပြီး အောင်မြင်အောင် ကြိုးစားနေတဲ့သူပေါ့၊ အစ်ကိုရဲ့ ခေတ်မီတဲ့ စိုက်ပျိုးရေးကြောင့် ဒီအနီးအနားက ခြံလုပ်ငန်းရှင်တွေကလည်း အစ်ကို့ကို အားကိုးကြတယ်လေ၊ အဲလို အားကိုးလောက်အောင်လည်း အစ်ကိုက အလုပ်သိပ်ကြိုးစားတဲ့လူ မမရဲ့"

မချမ်းမှာ ထောင်ဇာခန်းကို ခေတ်ပညာတတ်တစ်ယောက်မှန်း သိလိုက်ရတော့ အံ့သြမှုနှင့်အတူ အထင်လည်း ကြီးသွားရသည်။

သို့ပေမယ့် ရင်ထဲ မကျေနပ်စိတ်ကတော့ ထောင်ဇာခန်းနှင့်ပတ်သက်ကာ မချမ်းရင်ထဲ ရှိနေဆဲမို့

"သူ အလုပ်ကြိုးစားတာကိုတော့ ချီးကျူးပါတယ်၊ ဒါပေမယ့် ခက်တာက မမ သူ့ကို လုံးဝကြည့်မရတာပဲ၊ မုန်းနွမ်း ပြောလို့သာ မုန်းနွမ်းအစ်ကို့ကို ခေတ်ပညာတွေ တတ်ထားတဲ့ လူတစ်ယောက်မှန်း သိရတာ၊ သူ့ပုံစံ သူပြောတဲ့စကားတွေကတော့ ခေတ်ပညာတွေတတ်ထားတဲ့ လူတစ်ယောက်နဲ့ကို မတူဘူး"

မုန်းနွမ်းက အသံလွင်လွင်လေးနှင့် ရယ်ပြန်လေ၏။





သည့်နောက် မချမ်း၏ မျက်နှာလှလှလေးကို ငေးကြည့်ရင်း

"မမ အစ်ကို့ကို အထင်လွဲနေလို့ပါ မမရယ်"

မုန်းနွမ်းသည် နားလည်မှုလွဲနေသည့် မချမ်းနှင့် ထောင်ဇာခန်းကို ကြားမှ ဖျန်ဖြေစကားဆိုလိုက်လေ၏။

"တော်ပါပြီ မုန်းနွမ်းရယ်၊ ခုလို စိတ်အေးလက်အေးနဲ့ ရှိနေတဲ့အချိန်မှာ မမ သူ့အကြောင်း မပြောချင်တော့ဘူး။ မမတို့ တခြားအကြောင်း ပြောကြစို့"

"မမ ဘာသိချင်လဲ"

"အင်း မုန်းနွမ်းအစ်ကို လူ့ခွစာအကြောင်း ပြောတာထက်စာရင် အနည်းဆုံး ဒီချင်းတောင်တန်းနဲ့ တောင်ဇလပ်ပန်းလေးတွေ အကြောင်း ပြောတာကမှ တော်ဦးမယ်"

"ဒါဆိုရင်တော့ မမ အစ်ကို့ကိုသာ အားကိုးတော့"

"ဘာဖြစ်လို့"

"အစ်ကိုက မမသိချင်တဲ့ ဒီချင်းတောင်တန်းနဲ့ တောင်ဇလပ်ပန်းတွေအကြောင်း မုန်းနွမ်းထက် ပိုပြီး ပြည့်ပြည့်စုံစုံသိတဲ့ သူ မမရဲ့"

သူ့အကြောင်းမပြောချင်ပါဘူးဆိုကာမှ ဘယ်စကားပဲပြော ပြော သူနှင့် မလွတ်ကင်းနိုင်အောင် နောက်ဆုံး ဒီဘူတာပဲ ရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရသည်မို့ မေချမ်းမှာ စိတ်ပျက်သွားကာ

"တော်ပါပြီ မုန်းနွမ်းရယ်၊ သူနဲ့ မပတ်သက်ချင်ပါဘူးဆို မှ သူနဲ့ မလွတ်ကင်းနိုင်တဲ့ အလုပ်မျိုး မမ မလုပ်ပါရစေနဲ့"

"မမရယ်"

မုန်းနွမ်းသည် နားလည်မှုလွဲနေသူ နှစ်ဦးကြား မည်သို့ ဖြေရှင်းရမှန်းမသိအောင် ရင်မှာ အဖြေရှာရခက်နေရသည်။

သေချာတာတစ်ခုကတော့ မမမေချမ်းနှင့် အစ်ကိုထောင်ဇာ ခန်းသည် စိတ်ချင်းမနေချင်း တူကြသူများဆိုတာကိုဖြင့် မုန်းနွမ်း သိလိုက်ရပါသည်။

✡ ✡ ✡



# အခန်း (၄)

တစ်ညလုံး အတွေးများနှင့် တလူးလူး တလွန့်လွန့်ရှိခဲ့သောမေချမ်း လူက အိပ်ရာထဲရှိနေပေမယ့် အိပ်တစ်ခါ နိုးတစ်လှည့်နှင့် တစ်ညတာ ကုန်ဆုံးခဲ့ရသည်။

တိုးတိတ်ညင်သာသော လှုပ်ရှားသံများက မေချမ်းနားထဲသို့ တိုးဝင်ရောက်လာရသည်မို့ မေချမ်း၏ မျက်ဝန်းတံခါးမှာ အလိုလိုပွင့်လာရပြီဖြစ်သည်။

မေချမ်းမှာ အိပ်ရာက နိုးသည်ဆိုရင်ပဲ သူမဘေးတွင် တလှုပ်လှုပ်နှင့် သူမအရင် အိပ်ရာက နိုးနေပြီဖြစ်သည့် မုန်းနွမ်းကို တွေ့လိုက်ရသည်။

"မုန်းနွမ်းတောင် နိုးနေပြီပဲ၊ ဘယ်နှစ်နာရီထိုးပြီလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးနံ့ဘေးတွင်ရှိနေသော နာရီလေးကို မေချမ်း ယူ၍ ကြည့်လိုက်သည်။

"ဟင် လေးနာရီခွဲပဲရှိသေးတယ်၊ ဒီလောက်အစောကြီး မုန်းနှမ်း အိပ်ရာကထပြီး ဘာလုပ်မလို့လဲ"

မုန်းနှမ်းမှာ အိပ်ရာသိမ်းနေရာမှ မေချမ်းကို လှမ်းကြည့်ကာ

"မုန်းနှမ်းကြောင့် မမ အိပ်ရာကနိုးသွားပြီနဲ့ တူတယ်"

မုန်းနှမ်းမှာ အားနာသလို ဆိုလိုက်သည်။

မေချမ်းမှာ မုန်းနှမ်းကိုပြုံးပြကာ

"မုန်းနှမ်းကြောင့် မဟုတ်ပါဘူးကွယ်။ မမကိုယ်တိုင်က သိပ်ပြီးအိပ်လို့မပျော်လို့ပါ၊ ဒါနဲ့ ဒီနေ့ မုန်းနှမ်း အိပ်ရာက ဘာလို့ အစောကြီးထရတာလဲ"

"အဟင်း ဒီနေ့ ခြံမှာ လက်ဖက်ရွက်နုတွေကို စခူးမယ့် နေ့လေ၊ ဒါကြောင့် စောစောထတာ မမရဲ့"

"လက်ဖက်ရွက်နုတွေ စခူးမယ့်နေ့ဟုတ်လား မုန်းနှမ်း"

"ဟုတ်တယ် မမရဲ့၊ အစ်ကိုထောင်ဇခန်းရဲ့ လက်ဖက်ခြံ ဒီနေ့ ရွက်နုတွေစခူးမှာ"

"မုန်းနှမ်းတစ်ယောက်တည်းလား"

"ဘယ်ဟုတ်မလဲ မမရဲ့၊ အစ်ကိုနဲ့ ငိုက်စွမ်းကတော့





ခြံထဲကို အစောကြီးကတည်းကသွားပြီ၊ မုန်းနှမ်းက အစ်ကိုတို့စားဖို့ ချက်ပြုတ်ပြီး ခြံထဲကိုလိုက်သွားမှာလေ"

"ဒါဆို မမကတော့"

"မမက အိပ်ရေးဝအောင်အိပ်ပြီး အိမ်မှာပဲ နားနားနေနေ နေပေါ့၊ အိမ်မှာ ကပါးလည်းရှိတာပဲ၊ မုန်းနှမ်း ခြံထဲက ပြန်လာမှ မမနဲ့ ရွာထဲလျှောက်လည်မယ်လေ"

"မမ မုန်းနှမ်းနဲ့အတူ ခြံထဲလိုက်လို့မရဘူးလား"

"ဟင် မမက ခြံထဲလိုက်လာမလို့လား"

"အင်း"

မေချမ်းမှာ ခေါင်းလေးညိတ်ပြလိုက်သည်။

"ဖြစ်ပါ့မလား မမရယ်၊ အပြင်မှာ အရမ်းအေးတယ်၊ ပြီးတော့ ခြံကလည်း ရွာနဲ့ဆိုဝေးတယ်၊ ဒီအချိန်က နှင်းတွေက လည်း အရမ်းကျတော့ မမ လိုက်နိုင်မယ်မထင်ဘူး"

"အို ဘာလို့မဖြစ်ရမှာလဲ၊ မုန်းနှမ်းတောင် ဖြစ်သေးတာ၊ မမလည်း ဖြစ်အောင်ကြိုးစားရမှာပေါ့"

မေချမ်းမှာ စိတ်အားထက်သန်စွာ ပြောနေသည်မို့

"ကဲ မမ ဒီလောက်ဆန္ဒရှိမှတော့ မုန်းနှမ်းမတားတော့ ဘူး၊ မမ လိုက်ချင်တယ်ဆိုလည်း လိုက်ခဲ့တော့"

ခေါ်သူက ခေါ်နေပြီမို့ မေချမ်း ဟန်မဆောင်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာမှထကာ ခိုက်ခိုက်တုန်အောင် ချမ်းစိမ့်နေသည့် အအေးဒဏ်ကိုပင် မမှုနိုင်တော့ဘဲ မုန်းနွမ်းနှင့်အတူ ခြံထဲသို့ လိုက်ခဲ့လေသည်။

ခြံထဲသို့ မေချမ်း ရောက်ချိန်မှာတော့ မုန်းနွမ်းပြောသလို ထောင်စာခန်း၏ လက်ဖက်ခြံတွင် လက်ဖက်ခူးနေသူများနှင့် အားလုံး ကိုယ့်အလုပ်ကိုယ် မအားနိုင်အောင် ရှိနေလေသည်။

မေချမ်းမှာ မနက်စောစော ချမ်းချမ်းစီးစီး မြူများ မသဲမကွဲကြားက လက်ဖက်ခူးနေသူများကို ကြည့်ပြီး အားကျလာရသည်မို့

"မုန်းနွမ်း"

"ဘာလဲ မမ"

"မုန်းနွမ်း အစ်ကိုခြံက အကျယ်ကြီးပဲနော်"

"အစ်ကိုက ဒါတောင် သူ့ခြံကို သူ ကျဉ်းတယ်လို့ ပြောနေသေးတာ မမရဲ့"

"မုန်းနွမ်းအစ်ကိုက သိပ်လောဘကြီးတာပဲ"

"လောဘကြီးတာ မဟုတ်ပါဘူး မမရဲ့၊ အစ်ကိုက သူ့ခြံကိုရော မုန်းနွမ်းတို့ရွာလေးကိုပါ တိုးတက်စေချင်တာ၊ ဒါကြောင့် အစ်ကို့ကို ကြည့်လိုက်ရင် အမြဲ အလုပ်နဲ့လက် ပြတ်တယ်မရှိဘူး၊ အရမ်းကြိုးစားတာ"

မေချမ်းမှာ မုန်းနွမ်းပြောသမျှ စကားများကို ခေါင်း





တညိတ်ညိတ်နှင့် နားထောင်နေမိသည်။

"မမ ခြံထဲလိုက်ကြည့်မလား၊ မုန်းနွမ်းနဲ့အတူ လိုက်မလား"

"မုန်းနွမ်းက ဘယ်သွားမလို့လဲ"

"အစ်ကို့ကို ထမင်းချိုင့်သွားပေးမလို့"

"မုန်းနွမ်း အစ်ကို့ဆီသွားမှာဆိုရင်တော့ မလိုက်တော့ဘူး၊ မမ ခြံထဲပဲ ကြည့်နေတော့မယ်"

"ဒါဆို မုန်းနွမ်း အစ်ကို့ဆီ ထမင်းချိုင့်သွားပေးလိုက်ဦးမယ်နော်၊ မမတစ်ယောက်တည်း ဖြစ်ရဲ့လား"

အသံဝဲဝဲလေးနှင့် သူမအား စိတ်မချသလို ပြောနေသော မုန်းနွမ်းကြောင့် မေချမ်းမှာ ပြုံးသွားရပြီး…

"မမအတွက် စိတ်မပူပါနဲ့ မုန်းနွမ်းရယ်၊ မုန်းနွမ်းသာ မုန်းနွမ်းအစ်ကိုဆီ စိတ်အေးလက်အေးသွား ဟုတ်လား"

မေချမ်းမှာ မုန်းနွမ်းကို ချစ်စနိုး မျက်စောင်းလေးခဲကြည့်ရင်းက သူမအလိုကျ ဖြေလိုက်သည်။

"အဟင်း မမက သိပ်ချစ်ဖို့ကောင်းတာပဲ သိလား"

"သွားစမ်းပါ၊ အရမ်းချွဲ"

မေချမ်းမှ မဟာန့်တားရသေး မေချမ်းပါးပြင်နှစ်ဖက်ကို ချော်ခနဲဆိုသလို နမ်းရှိုက်ထွက်သွားသည့ မုန်းနွမ်း၏ ကလေးဆန်



www.burmeseclassic.com

www.burmeseclassic.com



လွှန်းသည့် အပြုအမူကို မေချမ်းမှာ သဘောတကျ ငေးကြည့်ရင်း ရင်မှာ ကြည်နူးမှုတွေ ဖြစ်နေရတော့သည်။

ဝေ့ခနဲတိုက်ခိုက်လာသည့် လေပြေအေးအေးကြောင့် မေချမ်းသည် လက်လေးပိုက် ကိုယ်လေးကျုံ့သွားရသည်။

ထောင်ဇာခန်း၏ ခြံကျယ်ကြီးတွင် လက်ဖက်ခူးသူ ခူးပြီးသားလက်ဖက်ရွက်များကို သူ့နေရာနှင့်သူ နေသားတကျ ပို့သူကပို့နှင့် အားလုံး ကိုယ့်အလုပ်ကို ကိုယ် ပျော်ပျော်ပါးပါး လုပ်နေသည်မှာ ဘေးကကြည့်ရသည့် မေချမ်းပင် အားကျစိတ်များ ဖြစ်လာသည်။

"ဟင် ဟိုမှာ ထောင်ဇာခန်းပါလား၊ ကြည့်စမ်း ခုတော့လည်း သူ့ပုံစံက တကယ့်ခြံသမားကြီးတစ်ယောက် ပုံစံလိုပါပဲလား"

လက်ဖက်ခြံထဲတွင် ကိုယ့်အလုပ်နှင့်ကိုယ် မအားနိုင်အောင် အလုပ်ထဲတွင် အာရုံနှစ်နေသော ထောင်ဇာခန်းကတော့ ဘယ်သူ့မှ သတိမပြုမိနိုင်ပါ။

ဒူးနားအထိ ခေါက်တင်ထားသော အရောင်အဆင်း လုံး မရှိတော့သော ဂျင်းဘောင်းဘီနွမ်းနွမ်းနှင့် စွပ်ကျယ်လက်ပြတ်ထား ပြီး လက်ဖက်ရွက်များ ထည့်ထားသည့် တောင်းကြီးကို ထမ်း ကာ အလုပ်သမားတွေနှင့်တူတူ အလုပ်လုပ်နေသော ထောင်ဇာ





ခန်းပုံက တကယ့်ခြံသမားကြီးအသွင်။

လက်ဖက်ရွက်များ ခူးထားသည့် တောင်းကြီးထမ်းကာ သူမရှိရာဆီသို့ ခေါင်းငိုက်စိုက်နှင့် လျှောက်လာသော ထောင်ဇာ ခန်းကို မေချမ်း မျက်နက်ဝန်းလေးနှင့် စူးခနဲကြည့်လိုက်ပြီး

"တောင်ပေါ်သား ကြည့်ရတာ ငါ့ကို မြင်ပုံမရဘူး၊ သူမမြင်မှတော့ ငါလည်း ခပ်တည်တည်နေလိုက်ရုံပေါ့"

မေချမ်းမှာ ထောင်ဇာခန်းအပေါ် မကျေနပ်သမျှ ကိုယ့် အတွေးနှင့်ကိုယ် ထောင်ဇာခန်းအား မမြင်ဟန်ဆောင်လျက် လမ်းဆက်လျှောက်လာလိုက်သည်။

"ဟီး ချမ်းလိုက်တာ"

နေရိပ်နေရောင်ပင် မမြင်သေး ပတ်ဝန်းကျင်တစ်ခုလုံး နှင့် မြူများ ရစ်သိုင်းလွှမ်းခြုံထားသောကြောင့် အအေးဒဏ်က သိသိသာသာ ပိုနေရသည်။

လက်လေးပိုက် ကိုယ်လေးကျုံ့ထားရင်းက မေချမ်းသည် မြူတွေရစ်သိုင်းနေသည့် ပတ်ဝန်းကျင်၏ ချမ်းအေးမှုဒဏ်ကို မခံ နိုင်တော့သလိုမျိုး အသံလေးထွက်အောင်ပင် ညည်းညူလိုက်မိ သည်။

"အုရားရေ သူ ငါ့ကိုမြင်သွားပြီ"

ထောင်ဇာခန်းနှင့် မေချမ်းတို့နှစ်ဦးမှာ မမျှော်လင့်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ချင်းဆုံသွားရသည်။

မနက်စောစောစီးစီး ချမ်းအေးလွန်းသည့် အချိန်တွင် နှင်းမြူများကြား မေချမ်းကို ရုတ်တရက် တွေ့လိုက်ရတာကြောင့် ထောင်ဇာခန်းမှာ အံ့ဩသလို မျက်ခုံးထူထူကြီး တွန့်ကြုတ်သွားရသည်။

ထို့အတူ လှမ်းလက်စ ခြေလှမ်းများလည်း ရုတ်တရက် ရပ်တန့်သလို ဖြစ်သွားပြီးနောက် ထောင်ဇာခန်းသည် မျက်မှောင်ကြီး တွန့်ကြုတ်ရင်းက အလိုမကျသလို တည်တင်းခက်ထန်နေသော မျက်နှာကြီးနှင့် မေချမ်းကိုကြည့်သည်ဆိုရုံမျှ တစ်ချက်ဝေ့ကြည့်ကာ ချက်ချင်းပင် မသိသလို မျက်နှာလွှဲသွားလေသည်။

ထောင်ဇာခန်း၏ မခံချင်စရာ အပြုအမူကြောင့် မေချမ်းရင်မှာ အောင့်သက်သက်နှင့် မကျေမနပ်ဖြစ်သွားရသည်။

ထောင်ဇာခန်းဆိုသည့် ဒီလူသည် သူမ မဟုတ်သည့် တခြားလူများနှင့် ရယ်ရယ်မောမော ပြုံးပြုံးရွှင်ရွှင် စကားတွေဆိုတတ်သလောက် သူမနှင့်ပတ်သက်လာလျှင် လူကို မတွေ့သလို မတန်သလို ပုံစံမျိုးနှင့် ခပ်တည်တည် ခပ်တင်းတင်း ရှောင်လွှဲသွားတတ်ပုံက မေချမ်းရင်ကို အခံရအခက်ဆုံး ဖြစ်စေရခြင်းပင်။

တောင်ပေါ်သား ဒီလူ၏ ဂရုစိုက်မှု၊ အရေးပေးမှုကို ခံချင်တာမဟုတ်ပေမယ့်လည်း သူမလို မိန်းကလေးတစ်ယောက်





ကို ဒီလိုပုံစံ မခံချင်စရာ အပြုအမူနှင့် ရှောင်လွှဲကာ ဥပေက္ခာပြုခံရပြန်တော့လည်း မေချမ်းရင်ထဲ မကျေနပ်မှုတို့နှင့်အတူ ရှက်ဒေါသ ဝမ်းနည်းမှုတွေက သိသိသာသာ ရင်မှာ ဖြစ်ပေါ်လာရ၏။

မနက်စောစော ချမ်းချမ်းစီးစီးထဲ သူမနှင့် မျက်နှာကြောမတည့်သည့် လူ့ခွစာကို တွေ့လိုက်ရသောကြောင့် မေချမ်းသည် နှုတ်ခမ်းဖူးဖူးလေးကို ဖိကိုက်လိုက်ရင်းက -

"ဟွန့် သူ့အကြောင်းတွေးနေစရာ စောစောစီးစီး ငါ့အတွက် အကုသိုလ်ဝင်တာပါပဲ၊ သူ့ဘာသာသူ ဘယ်လိုမျက်နှာထားနဲ့ပဲနေနေ၊ ငါ သူ့ကို အရေးစိုက်စရာမလိုဘူး၊ အရေးစိုက်ရအောင် သူနဲ့ငါနဲ့လည်း ဘာမှဆိုင်တာမဟုတ်ဘူး"

စိတ်ပြေရာ အတွေးများနှင့် တွေးရင်း မေချမ်း သူမကိုယ်သူမ ပြန်ဖြေသိမ့်လိုက်သည်။

တကယ်လည်း ထောင်ဇာခန်းနှင့် သူမဆိုတာ ဘာဆိုဘာမှ မသက်ဆိုင်သည့်အဖြစ်ပဲလေ။

သည်လို ကိုယ်နှင့် သွေးသားမတော်စပ်သည့် လူတစ်ယောက်ထံမှ ဂရုစိုက်မှုနှင့် ကြင်နာနွေးထွေးမှုတွေကို မေချမ်း လိုချင်လို့ကော ဖြစ်နိုင်ပါ့မလား။

ပြီးတော့ ထောင်ဇာခန်းနှင့် သူမဆိုတာ တွေ့ကြသည့် အချိန်က မကြာသေးပေမယ့် နှစ်ဦးသား မျက်နှာချင်းဆိုင်လို့မှ



www.burmeseclassic.com

www.burmeseclassic.com



မတည့်သည့်အဖြစ်။

သည်လိုလူမျိုး၏ ကြင်နာနွေးထွေးမှုကို ရဖို့ဆိုတာ မိုးပေါ်က လမင်းကိုလိုချင်၍ တမ်းတနေသည့် ကလေးလိုမျိုး မောရုံသာရှိတော့မည်။ လွယ်မှာမဟုတ်။

"မုန်းဖို့ကောင်းတဲ့လူ၊ အလကားလူ့ခွစာ"

ထောင်ဇာခန်းနှင့် ပတ်သက်ကာ မေချမ်းမှာ အတွေးလွန်လျက် ဒေါသတွေဖြစ်လာရသည်။

"သူ ဂရုမစိုက်လို့လည်း ငါဝမ်းနည်းစရာ အကြောင်းမရှိပါဘူး။ ငါ့ကို ဂရုစိုက်တဲ့ အန်ကယ်ကျူးမန်းခေါင်နဲ့ မုန်းနှမ်းတို့ မောင်နှမရှိတာပဲ၊ သူဂရုစိုက်တာကို အရေးလုပ်ရမယ်ဆိုရင် ငါ ရန်ကုန်ကို ပြန်သွားတာကြာပြီ၊ သူကြင်မှ ကိုယ်ကြင်တဲ့၊ သူ့ကိုလည်း ငါ အရေးလုပ်နေစရာ မလိုဘူး"

တစ်ယောက်တည်း စိတ်မှာ မကျေမနပ် ရန်တွေ့နေဆဲ

"ဟိတ်"

"အမေ့"

ရုတ်ခြည်း နောက်ဘက်ဆီမှ ထွက်ပေါ်လာသည့် ထောင်ဇာခန်းအသံကြောင့် အတွေးလွန်နေရသော မေချမ်းမှာ လန့်သွားရသည်။

တစ်ဆက်တည်း သူမ အကြည့်လေးများက နောက်ကို





လှတ်ခနဲ ရောက်ရှိသွားတော့ ဘယ်အချိန်က နောက်နားရောက်နေသည်မသိ၊ လက်ဖက်ရွက်များ ထည့်ထားသည့် တောင်းကြီးကို ခေါင်းပေါ်ထမ်းကာ သူမနောက်နား မားမားကြီးရပ်နေသည့် ထောင်ဇာခန်းကို တွေ့ရလေသည်။

"မင်း ဘယ်သူနဲ့ ခြံထဲ လိုက်လာတာလဲ"

ခက်ထန်လွန်းသည့် စကားသံက ခပ်ရှင့်ရှင့် ထွက်ပေါ်လာရသည်။

မေချမ်းမှာ ထောင်ဇာခန်းကို ခပ်ထော့ထော့လေး ပြန်ကြည့်ရင်း

"နေပါဦး မေချမ်းဘာသာ ဘယ်သူနဲ့ လိုက်လာလိုက်တာ ရှင့်ကို လာပြောရဦးမှာလား"

မျက်နှာလေးချိုလျက် ခပ်တင်းတင်းလေး ပြန်မေးလိုက်သည့် မေချမ်းစကားကြောင့် ထောင်ဇာခန်းမှာ ဒေါသတွေနှင့် ရှုံ့မဲ့ဖြစ်သွားရပြီး မေချမ်းနားသို့ ပို၍တိုးကပ်လာကာ

"မင်းဟာ နည်းနည်းမှ လူမှုရေးမသိတတ်တဲ့ မိန်းမပဲ"

"ဘာရှင့် ရှင် ဘာစကားပြောတာလဲ"

"ကျုပ်ပြောနေတာ ခင်ဗျားနားလည်တဲ့ မြန်မာစကား၊ ဘယ်နှယ်ဗျာ အကောင်းမေးလို့ မေးမှန်းမသိ၊ လူကိုတွေ့ရင် ရန်တွေ့တောက်ပဲ သိနေတဲ့ မင်းလိုမိန်းမကိုတော့ ကျုပ် တစ်ကယ်စိတ်ကုန်



www.burmeseclassic.com

www.burmeseclassic.com



တယ်သိလား"

ဘုရားရေ...ကြည့်စမ်း။

သည်စကားမျိုး သူကာ ပြန်၍ သူမကို ပြောရသည်တဲ့လား။ တကယ်တမ်း စိတ်ကုန်တာက သူမ။

ဒါကိုပင် တောင်ပေါ်သားက လူလည်လုပ်ကာ သူမကို စိတ်ကုန်တယ်လေး ဘာလေးနှင့် သည်းမခံချင်စရာ သူ့စကားတွေကြောင့် မေချမ်း ဒေါသတွေနှင့် မျက်နှာလေး ရဲပပြီး

"ဒီမယ် ဒီမယ်"

"ဘာလဲ"

"ရှင် မေချမ်းကို ဘာမှတ်နေလဲ၊ ဟွန်း သူကပဲ လူကို စိတ်ကုန်တယ်လေး ဘာလေးနဲ့၊ ဒီစကားမျိုးပြောရအောင် ရှင့်ကို မေချမ်း ဘယ်လိုပတ်သက်နေလို့လဲ"

"အေး မပတ်သက်လို့ပေါ့ကွ၊ ပတ်များပတ်သက်ရင်"

"ဟင် ရှင် ရှင် ဘာစကားပြောတာလဲ၊ ရှင် လူကို ဘာမှတ်နေလဲ"

"ဒီစကား မင်း ဘာလို့ ခဏခဏမေးရတာလဲ၊ မင်းစိတ်ထဲမှာ ကျုပ်ကို ဘယ်လို မှတ်စေချင်လို့လဲ"

"ဘာ"

မေချမ်း ရုတ်တရက် ဘာပြောရမှန်းမသိအောင် ရှင်





ဒေါသစိတ်၊ မခံချင်စိတ်တွေနှင့် မျက်နှာလှလှလေး ရဲတွတ်ကာ ဒေါသကြောင့် ခြေဖျားလက်ဖျားများပင် ကျင်ခဲလာရသည်။

"ရှင် ရှင် လူရိုင်း၊ စကားပြော သိပ်ရိုင်းတဲ့လူ၊ အို သွား သွား ရှင့်မျက်နှာ မေချမ်း မကြည့်ချင်ဘူး"

"ကျုပ်ကလည်း မကြည့်ခိုင်းပါဘူး"

"ဘာပြောတယ်"

"မင်း နားကောင်းတယ်ဆိုရင်တော့ ကျုပ်ပြောတာ ကြားမှာပေါ့"

"ရှင်"

မေချမ်း အသားများ တုန်ယင်လာရသည်။

ရင်ထဲတွင် ထောင်ဖာခန်းအပေါ် ဒေါသတွေ ဖြစ်ရသည်မှာ ပြောဖွယ်မရှိပါတော့။

နှုတ်ခမ်းဖူးဖူးလေးကို မေချမ်းသည် သွားချွန်ချွန်လေးဖြင့် ဖိကိုက်လိုက်ပြီး

"ရှင့်လိုလူနဲ့တွေ့ရတာ မေချမ်း ကံဆိုးတာပဲသိလား"

"အဟွန်း ဒါတော့ မင်းကြိုက်သလို တွေးထင်လို့ရတယ်၊ ကျုပ်ကတော့ မြို့ကြီးသူနဲ့ တွေ့ရတာ ကံကောင်းတယ်လို့ပဲ မှတ်တယ်"

ပြောပြီး သူမဟုတ်သလို မေချမ်းအား စူးရှသော မျက်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



မျှားနှင့် တည်တည်ရူးရူးကြီး စိုက်ကြည့်လာတော့ မေချမ်း ပို၍ ဒေါသဖြစ်သွားကာ

"ရှင်နဲ့ ကြာကြာစကားပြောရရင် မေချမ်း အသက်တို လိမ့်မယ် သိလား၊ သွားမယ်"

"ဘယ်သွားမှာလဲ"

"ဘယ်သွားသွား ရှင် မေးစရာမလိုဘူး"

ပြောပြီး မေချမ်းသည် ခြေလှမ်းရွေ့ရန် ပြင်တော့

"မသွားရဘူး"

"ဘာ"

"မင်းကို မသွားရဘူးလို့ ပြောနေတာ"

"ရှင် ရှင်"

ထောင်ဇာခန်းသည် ပြောလည်းပြော သူ့ကိုယ်ကြီးက မေချမ်းသွားမည့်လမ်းရှေ့တွင် ပိတ်ရပ်လာတာမို့ မေချမ်း ဒေါသတွေနှင့် ဆွေ့ဆွေ့ခုန်သွားရပြီး...

"ထောင်ဇာခန်း"

"ဘာလဲ"

"ရှင် သိပ်လွန်နေပြီနော်"

"ကျုပ်လွန်တာ အမိ ဘာလို့ခုမှပြောရတာလဲ"

ထောင်ဇာခန်းမှာ မေချမ်းကို ခပ်တည်တည် ကြည့်ရင်းက





ပြောလိုက်သည်။

မေချမ်းမှာ လူ့ခွစာကြီး ထောင်ဇာခန်းကြောင့် အော်ဟစ်၍သာ ငိုလိုက်ချင်ပါတော့သည်။

အန်ကယ်ကျူးမန်းခေါင်သည် ဖော်ရွေသဘောကောင်းသလောက် အန်ကယ်ကျူးမန်းခေါင်၏သား ထောင်ဇာခန်းဆိုသည့် လူ့ခွစာကတော့ သူမနှင့် ဘယ်လို ရေစက်ပါလာရသည်မသိ။ တွေ့စကတည်းက အဆင်မပြေခဲ့သည်မှာ ယခုချိန်ထိအောင် သူမအား စိတ်ဒုက္ခတွေ ပေးနေဆဲဖြစ်သည်။

မနက်စောစော ချမ်းချမ်းစီးစီးကြီးထဲမှာ စိတ်နှလုံး ရွှင်လန်းရပါ့မလား မှတ်ပါသည်။ ခုတော့ လူ့ခွစာကြီး ထောင်ဇာခန်းကြောင့် မေချမ်း ဒေါသတွေနှင့်သာ စိတ်မှာ ညစ်ညူးနေရတော့သည်။

သူမအား ကလေးတစ်ယောက်သဖွယ် ဟိုမသွားရ၊ ဒီမလာရ ချုပ်ခြယ်နေသော ထောင်ဇာခန်း၏ ပိုင်စိုးပိုင်နင်းဆန်လွန်းသော စကားများကြောင့် မေချမ်းသည် ဒေါသတွေနှင့် နှုတ်ခမ်းလေးကို ပေါက်ထွက်မတတ် ဖိကိုက်လိုက်ပြီး...

"ရှင် ရှင့်ကိုယ်ရှင် ဘာများမှတ်နေလို့ လူကို ဟို မသွားရ၊ ဒီမလာရနဲ့ အမိန့်ပေးနေတာလဲ"

မေချမ်းစကားကြောင့် ထောင်ဇာခန်းသည် စိတ်ပျက်သွား



www.burmeseclassic.com

www.burmeseclassic.com



ဟန်နှင့် မျက်ခုံးကြီး တွန့်ကြုတ်သွားကာ

"မင်းတို့မိန်းမတွေ အဲဒါတွေပဲ ကျုပ် စိတ်ကုန်တာ"

"ရှင် ပြောပြန်ပြီလား ဒီစကား"

"ဒီစကားပဲပြောရအောင် မင်းတို့မိန်းမတွေက လုပ်နေတာကိုး"

ထောင်ဇာခန်းစကားက မချမ်းအား ပို၍အခံရခက်သွားစေရသည်။

"ရှင့် ဘယ်လိုယောကျ်ားလဲ၊ မိန်းမတွေကို ရှင် သက်သက်စော်ကားတာပဲ"

"စော်ကားတယ်ထင်လည်း မတတ်နိုင်ဘူး၊ ဒါပေမယ့် ကျုပ် တွေ့ဖူးသမျှ မိန်းမတွေအားလုံး ဒီလိုတွေချည်းပဲ"

"ဩော် ရှင်က ရှင်တွေ့ဖူးတဲ့ မိန်းမတွေနဲ့ နှိုင်းပြီးပြောနေတာကိုး၊ အေးပေါ့လေ ရှင်တွေ့ဖူးသမျှ မိန်းမတွေဟာ ရှင်ပြောသလိုလည်း ဖြစ်ရင်ဖြစ်နေမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ကိုယ်တိုင်က အဲလိုလူမျိုးဖြစ်နေတာကိုး"

"ဘာကွ"

ထောင်ဇာခန်းသည် မချမ်းအား မျက်လုံးပြူးကြီးနှင့် ကြည့်လာလေ၏။

မချမ်းကတော့ ဂရုမစိုက်ပါ။





ပြောပြီး သူမ မဟုတ်သလို မျက်နှာလှလှလေးကို ခပ်တင်းတင်း ခပ်မော့မော့လေး ထားလိုက်တော့ ထောင်ဇာခန်းမှာ မရှိုးမရှ ရင်မှာဖြစ်သွားရကာ

"မင်း ကျုပ်ကို ဘာပြောလိုက်တာလဲ"

"ဘာလဲ ကြားချင်သေးလို့လား"

"မင်းကွာ"

မချင့်မရဲဟန်ကြီးနှင့် ထောင်ဇာခန်းသည် မချမ်းကို စေ့စေ့စိုက်ကြည့်ရင်းက အံကို တင်းတင်း စေ့ကြိတ်ပစ်လိုက်သည်။

မချမ်း ထောင်ဇာခန်းကို ဂရုမစိုက်ပါ။

ထောင်ဇာခန်းအား ဟန်ပါပါ ပခုံးတစ်ချက်တွန့်ပြရင်းက သူမရှေ့တွင် ပိတ်ရပ်နေသည့် ထောင်ဇာခန်းကို ဖြတ်ကျော်ကာ ခြေလှမ်းတွေ ပြင်လိုက်တော့

"မင်းကို မသွားနဲ့လို့ ပြောနေတယ်မဟုတ်လား မချမ်း"

မချမ်းသည် ထောင်ဇာခန်းစကားကို ဂရုမစိုက်သည့်ဟန်နှင့် ခြေလှမ်းများမရပ်ဘဲ ဆက်လျှောက်သွားလေသည်။

မချမ်း၏ မချင့်မရဲဖြစ်ချင်စရာ အပြုအမူများက ထောင်ဇာခန်းကို အခံရခက်ခက်နှင့် ကျွဲမြီးတိုစေရတော့သည်။

သူလိုလူတစ်ယောက်၏စကားကို မချမ်းအနေဖြင့် ဘာအတွက်နှင့်မှ နားထောင်နေစရာမလို။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးနှင့် မေချမ်း ခြေလှမ်းများ မရပ်ဘဲ ဆက်လျှောက်လာခဲ့ရာ တစ်နေရာအရောက်မှာတော့

"အမေ့"

"အို"

"ဟာ ဟိတ်"

ထောင်ဇာခန်းအသံသည် နောက်ကျသွားရပြီဖြစ်သည်။

မေချမ်းသည် ခြေလှမ်းလေး ဆောက်ဆတ်ဆောက်ဆတ်နှင့် ထောင်ဇာခန်းအပေါ် မကျေနပ်သမျှ ဒေါသတွေနှင့် လျှောက်လာရာ တစ်နေရာအရောက်မှာတော့ ခပ်ပြေပြေ တောင်မို့မို့လေး အထက်မှနေ နိမ့်ဆင်းသွားသည့် မြေချိုင့်ထဲသို့ မေချမ်း သတိမထားလိုက်မိဘဲ လျှောက်မိရာ သူမကိုယ်လေးမှာ ခြေသွင်တိုင်လည်လျက် ကိုယ့်ကိုယ်ကို အရှိန်မထိန်းနိုင်တော့ဘဲ မြေပြင်ပေါ် လဲကျသွားရတော့သည်။

ရုတ်ခြည်းမို့ မေချမ်း သူမကိုယ်သူမလည်း အရှိန်မထိန်းနိုင်တော့ပါ။ မြေပြင်ပေါ် လူက အရှိန်နှင့်ကျသွားရသည်မို့ မေချမ်း တစ်ကိုယ်လုံး နာကျင်သွားရပြီး ခြေကျင်းဝတ်နေရာမှာလည်း မခံမရပ်နိုင်အောင် နာကျင်သွားရတော့သည်။

"ဘယ့်နှယ်လဲ၊ ကျုပ်စကား နားမထောင်လို့ အမိ အခုဒုက္ခဖြစ်ပြီ မဟုတ်လား"





မေချမ်းမှာ သူမအနားရောက်လာသော ထောင်ဇာခန်းကို ဘာစကားမှ ပြန်မပြောဘဲ နှုတ်ခမ်းလေး ဖိကိုက်ထားသည့်ကြားက နာကျင်မှုကြောင့် မျက်ဝန်းတွင် မျက်ရည်စများက အလိုလိုပြည့်လျှံလာရသည်။

"ဖြစ်မိန်း ဘာဖြစ်သွားလဲဆိုတာ"

"သွား ရှင် မေချမ်းအသားကို မထိနဲ့"

သူမအနားမှ ဆိုးဒူးထောက်ထိုင်ကာ နာကျင်လွန်းသဖြင့် လက်လေးနှင့် ဖိအုပ်ထားမိသည့် မေချမ်းခြေထောက် မို့မို့ဖြူဖြူဝင်းဝင်းလေးကို ထောင်ဇာခန်းမှာ ဘာဖြစ်သွားပြီလဲဆိုသော စိုးရိမ်စိတ်ဖြင့် ကိုင်အကြည့် မေချမ်းသည် ထောင်ဇာခန်းလက်ကို ဆတ်ခနဲ ပုတ်ထုတ်လျက် မျက်ရည်စတွေနှင့် ရန်တွေ့လိုက်သည်။

သက်ပြင်းငွေ့ငွေ့ကို ချလိုက်ရင်းက ထောင်ဇာခန်းသည် မေချမ်းအား စိုက်ခနဲ ကြည့်လိုက်ပြီး...

"ဘာလဲ ခုထိ ခေါင်းမာနေတုန်းပဲလား၊ ကျုပ် အတန်တန်တားတဲ့ကြားက မင်း ကျုပ်စကားနားမထောင်လို့ ခုလိုဖြစ်ရတာရော သိရဲ့လား"

"မသိဘူး မသိဘူး၊ ရှင်သွား ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ မေချမ်း အခုလိုဖြစ်ရတာ ရှင့်ကြောင့်၊ ရှင့်ကြောင့် မေချမ်း အခုလိုဖြစ်ရတာ၊ အဟင့် ဟင့် ဟင့်"



www.burmeseclassic.com

www.burmeseclassic.com



ပြောလည်းပြော မေချမ်းသည် ကလေးတစ်ယောက်လို လည်း အီးခနဲ ငိုချပစ်လိုက်တော့ ထောင်ဇာခန်း မျက်မှောင်ကြီး ပို၍တွန့်ကြုတ်သွားကာ

"အဟွန်း မင်းလိုမိန်းကလေးပေါ့၊ ခလုတ်ထိမှ အမိတ ဆိုတာ၊ မသွားပါနဲ့လို့ ကျုပ်တားနေတုန်းကတော့ ကျုပ်စကားကို နားမထောင်ဘူး၊ ဟော ခု ဒုက္ခလည်းဖြစ်ရော ကျုပ်က အလိုလို နေရင်း အပြစ်ဖြစ်ရပြန်ရော၊ ဇာဲ မငိုနဲ့၊ ငိုနေလို့လည်း ပြီးမှာမဟုတ် ဘူး"

"အို ငိုမယ်၊ ငိုမယ်၊ မေချမ်းဘာသာ မေချမ်းမျက်ရည်နဲ့ မေချမ်းငိုတာ ရှင့်အလုပ်လား၊ ရှင့်ကို သွားလို့ပြောနေတယ် မဟုတ် လား"

ပါးပြင်ပေါ် စီးလူးနေသည့် မျက်ရည်စတွေနှင့် မေချမ်း သည် ကလေးတစ်ယောက်လို ထောင်ဇာခန်းအား သူမအနားမှနေ တွင်တွင်နှင်ထုတ်နေတော့ ထောင်ဇာခန်း လူဖြောင့်စိတ်တိုသမား ကြီးမှာ မချင့်မရဲ စိတ်မှာဖြစ်လာရပြီး

"ဒီမှာအမိ ကျုပ်ကို မင်း သိပ်နှင်မနေနဲ့၊ မင်းနေရာမှာ တခြားတစ်ယောက်ဆိုရင် ကျုပ် ထားသွားတာ ကြာပြီ မင်းသိလား"

"ခုကော ရှင့်ကို ဘယ်သူကတားနေလို့ နေနေတာလဲ၊





သွား"

"ဘယ်သူမှမတားပေမယ့် မနေသာလို့ပေါ့ကွ"

"မနေသာရအောင် ရှင်နဲ့မေချမ်း ဘာဆိုင်လို့လဲ"

သူ့စေတနာကို နည်းနည်းမှ နားမလည်ဘဲ တစ်ခွန်းမခံ ပြန်ရန်စွာဖို့လောက်သာ သိနေသော မရွှေချောကို ထောင်ဇာခန်း သည် တွေတွေကြီး စိုက်ခဲနဲ့ကြည့်ပစ်ရင်းက ရင်မှာ ယောက်ျားမာန နှင့် မခံချင်ဖြစ်လာရသည်မို့

"အဟွန်း ဘာလဲ မင်းက ဆိုင်ချင်လို့လား"

"အို"

အကြည့်ရဲရဲကြီးနှင့်သာမက အပြောရဲရဲနှင့်ပါ ပြောလိုက် သော ထောင်ဇာခန်းစကားကြောင့် မေချမ်း အဖို့စင်နုနုထွေးထွေး မှာ ရှက်စိတ်တို့ တစ်ကိုယ်လုံး ဖြာဝေသွားရသလို မခံချင်စိတ် တွေလည်း ရင်မှာဖြစ်သွားရပြီး

"လူခွစာ လူရိုင်းကြီး၊ သွား သွား ရှင့်မျက်နှာကို မကြည့် ချင်ဘူး၊ ရှင် ကျုန်မအနားက ခုထွက်သွား"

မေချမ်းမှာ တောင်ပေါ်သားအပေါ် အရှုံးမပေးချင်သည့် စိတ်နှင့် အံလေးကြိတ်ကာ ပြောရင်းက ပါးပြင်ထက် ကျလာသော မျက်ရည်များကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်း ပွတ်သုတ်ကာ ပြောလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်ကျတာဟာ အရှုံးပေးတာဆိုပေမယ့် မေချမ်း ဒီယောကျ်ားအပေါ်မှာတော့ အရှုံးမပေးချင်ပါ။

မေချမ်း ကျရသည့်မျက်ရည်များသည် တောင်ပေါ်သား လူ့ရွာအပေါ် မခံချင်စိတ်၊ မကျေနပ်စိတ်များဖြင့် ရင်မှာ ကျိတ်မနိုင်ခဲမရ ကျရသည့် မျက်ရည်များသာ ဖြစ်သည်ဆိုတာတော့ မေချမ်းကိုယ် မေချမ်းသာ သိပါသည်။

အရှုံးမပေးချင်သည့်စိတ်၊ ရင်မှာ မကျေနပ်စိတ်များနှင့် မေချမ်းသည် မျက်ရည်များကို ကုန်စင်အောင် သုတ်ပြီးနောက် နေရာမှ သူမကိုယ်လေး ကြုံးအထ

"အား"

"အမေ့ ကျွတ် ကျွတ်"

နာကျင်မှုကြောင့် မျက်နှာလှလှလေးမှာ မဲ့သွားရသလို မျက်ရည်ကြည်များကလည်း ဝေဒနာကြောင့် ရစ်ဝိုင်းလာရပြန်၏။

ခြေထောက်မှာ ထောက်လို့မရအောင်ပင် နာကျင်မှုတွေ ပြင်းထန်နေရသည်မို့ မေချမ်း သူမကိုယ်သူမလည်း မရပ်တည်နိုင်တော့ပါ။ ခြေသပ္ပတ်တိုင်လည်တာ ခြေထောက်မှ ခေါက်ကျသွားရသည်မို့ မေချမ်း၏ ဖြူနုဝင်းဝါသော ခြေထောက်လှလှလေးမှာ ခဏချင်းပင် ယောင်ကိုင်းလာရပြီဖြစ်သည်။

သည်ပုံနှင့် မေချမ်း လမ်းဆက်လျှောက်ဖို့ဆိုတာ ဘယ်လို





မှ မဖြစ်နိုင်တော့ပါ။

ယောင်ကိုင်းနေရသော ခြေထောက်ကိုကြည့်ပြီး မေချမ်း ဟန်မဆောင်နိုင်အောင် မျက်နှာပျက်နေရသည်။

မုန်းနွမ်းသည့်လည်း ဘယ်ဆီရောက်နေသည်မသိ။ ခုချိန်တွင် သူမကို ကူညီမည့်သူသည် ထောင်ဇာခန်းမှလွဲလို့ တခြားသူ မရှိပါ။

ခက်သည်က မေချမ်းသည် ထောင်ဇာခန်း၏ အကူအညီကိုလည်း မယူချင်။

ချမ်းအေးလွန်းသည့်ကြားထဲ မေချမ်းမှာ ချွေးစေးလေးများပင် ပြန်ချင်လာရသည်။

ခြေထောက်မှ ဝေဒနာကလည်း သူမရှေ့ဆက် တင်းမခံနိုင်တော့အောင် နာကျင်နေရသည်။

သူမခြံထဲ လိုက်လာမိတာ မှားပြီနဲ့တူပါရဲ့။ နောင်တ အတွေးတို့နှင့် မေချမ်း အားကိုးရာမဲ့သူတစ်ယောက်လို အားငယ်စိတ်တွေ ရင်မှာ ခဏချင်း ဝင်ရောက်လာရသည်။

ခုချိန် သူမရှေ့တွင်ရှိသူသည် ထောင်ဇာခန်းမဟုတ်ဘဲ တခြားလူဆိုပါက မေချမ်း အကူအညီတောင်းမိမှာကတော့ သေချာပါသည်။

ခုတော့ လူ့ရွာကြီး ထောင်ဇာခန်းထံမှ အကူအညီတောင်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ဆိုတာ မေချမ်းအတွက် စိတ်ကူးထဲမှာပင် မရှိသည့်အဖြစ်။

"ဟိတ်"

သူခေါ်ပေမယ့် မေချမ်း မကြားသလိုပင် နေလိုက်သည်။

"ဟိတ် ဒီမှာ ကျုပ်ခေါ်နေတယ်လေ"

မေချမ်းသည် သူ့ခေါ်သံကို မကြားဟန်ပြု၍ မရှိတော့ပါ။ မဟုတ်ပါက သူသည် သူမကို ဘယ်အချိန်ထိ ခေါ်နေမည် မသိပါ။

မေချမ်းသည် တောင်ပေါ်သား ဒီလူအပေါ် မကျေနပ်ရပေမယ့် အခြေအနေ အချိန်အခါက သူမအတွက် အရှုံးဖြစ်နေရသည်မို့ မေချမ်းမှာ အားမတန်မာန်လျှော့ဆိုသလို ထောင်ဇာခန်းအား မျက်စောင်းလေးဝင့်ကာ ကြည့်လိုက်ပြီး…

"ဘာလဲ လူကို ဘာလို့ ဒီလောက်ခေါ်နေတာလဲ"

"ခေါ်တယ်ဆိုမှတော့ ထူးစေချင်လို့ပေါ့ကွ"

ထောင်ဇာခန်းသည် မေချမ်းကို တည်တည်ရှုရှု မျက်ဝန်းကြီးနှင့် စိုက်ကြည့်ကာ ပြောလိုက်တော့ မေချမ်း မျက်နှာလှလှလေးမှာ တင်းမာသွားရကာ…

"ဒီမှာ ရှင့်ကိုယ်ရှင် ဘာထင်နေလဲ"

"မင်းစကားက ဘာလဲ၊ ကျုပ်က ကျုပ်ကိုယ်ကျုပ် ဘာ[illegible] ထင်ရမှာလဲ"





မျက်ဝန်းရှူးကြီးနှင့် ခပ်ထေ့ထေ့ကြည့်ကာ ထောင်ဇာခန်းသည် မေချမ်းအား ပြောလိုက်သည်။

ဝေဒနာ နာကျင်သည့်ကြားက စကားပြော အခွင့်မပြေသည့် ထောင်ဇာခန်းအပေါ် မေချမ်း သည်းခံစိတ်များ ကုန်ဆုံးသွားပါပြီ။

"ရှင် သွားပါ ထောင်ဇာခန်း၊ ရှင် မေချမ်းအနားက အမြန်ထွက်သွားဝါ"

"ကျွတ် မင်းဟာလေ တော်တော်ခက်တဲ့ အမျိုးသမီးပဲ"

ပြောရင်းက ထောင်ဇာခန်းသည် စိတ်မရှည်တော့သလို ဆိုလိုက်သည်။

မေချမ်းမှာ မျက်နှာလေး ရဲသွားရကာ

"ခက်တယ်ထင်ရင် ရှင်ဘာလို့ စကားပြောနေသေးလဲ"

"ဟ မပြောလို့ရမလားကွ၊ မင်းခြေထောက်"

"မလိုချင်ဘူး၊ မေချမ်းဘာသာ ဘာဖြစ်ဖြစ်လို့ ပြောပြီးပြီမဟုတ်လား"

"တော်စမ်းကွာ၊ မင်းရဲ့ အဓိပ္ပာယ်မရှိတဲ့ စကားတွေ ကျုပ်နားထောင်ဖို့ အချိန်မရှိဘူး၊ ဒီတော့"

"အမေ့"

"ဟင် ရှင် ရှင် ဘာလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"အို"

မေချမ်းဘာပြောပြော ထောင်ဓာခန်းက ဂရုမစိုက်ပါတော့။ သူ့ရှေ့တွင် ပုံ့ပုံ့လေး လဲကျနေသော မြို့ကြီးသူ ရွှေမင်းသမီးချော မေချမ်းကို ထောင်ဓာခန်းသည် ခပ်စိုက်စိုက်တစ်ချက်ကြည့်လိုက်ပြီး နောက်ဝယ် ရုတ်ခြည်းဆိုသလို မေချမ်းကိုယ်လေးကို ကလေး တစ်ယောက်လို ဆတ်ခနဲ ပွေ့ချီလိုက်တော့ မေချမ်းမှာ ရှက်စိတ်၊ ကြောက်လန့်စိတ်တို့နှင့် မျက်ဝန်းလေးပြူးသွားကာ

"လွှတ် လွှတ် ထောင်ဓာခန်း ရှင် ဒါဘာလုပ်တာလဲ၊ မေချမ်းကို ချလွှတ်ပါ"

မေချမ်းသည် ပြောလည်းပြော သူမကိုယ်လေးကို ထောင်ဓာခန်းလက်တွင်းမှလည်း ရုန်းထွက်နေလိုက်သည်။

"ထောင်ဓာခန်း ရှင် မေချမ်းပြောနေတာ မကြားဘူးလား ရှင် ရှင် ဘယ်လိုလုပ်တာလဲ၊ ရှင့်လုပ်ရပ်တွေက သိပ်ကို ပိုင်စိုး ပိုင်နင်းဆန်လွန်းလှချည်လား"

"မတတ်နိုင်ဘူး၊ မင်းက ဂျစ်တိုက်နေမှတော့ ကျုပ် ဒီအတိုင်း မလုပ်ချင်လည်း လုပ်ရတော့မှာပဲ၊ ကျုပ် ဒီအတိုင်းမှမလုပ် ရင် မင်း ဂျစ်ကျနေပုံနဲ့ မင်းခြေထောက် ဒီထက် အခြေအနေ ပိုဆိုးသွားလိမ့်မယ်"

ပြောလည်းပြော ထောင်ဓာခန်းသည် သူ၏ သန်မာတောင့်





တင်းသော လက်များဖြင့် မေချမ်းကိုယ်လေးကို မလွှတ်တမ်း ပွေ့ပိုက် မချီလျက် မြစ်ထဲရှိ တဲလေးဆီသို့ ခေါ်လာခဲ့လိုက်သည်။

မေချမ်းမှာ သူမကို ဒီလိုလုပ်ရပါ့မလားဆိုသည့် မခံချင် စိတ်၊ ရှက်ဒေါသစိတ်တို့နှင့် ထောင်ဓာခန်းရင်ခွင်ထဲတွင် မျက်နှာ လှလှလေး ရဲပေါင်းခတ်လျက် ထောင်ဓာခန်းရင်ခွင်ထဲမှ သူမကိုယ် လေးကိုသာ ရုတ်တိုးရုန်းထွက်နေတော့သည်။

"လွှတ် ရှင် မေချမ်းကို ချလွှတ်၊ ရှင် မေချမ်းအသားကို ထိစရာမလိုဘူး သိလား"

ရှက်ဒေါသ မျက်ဝန်းရူးရူးလေးနှင့် မေချမ်းသည် ထောင်ဓာခန်းကိုကြည့်ကာ ပြောတော့ လူဖြောင့်စိတ်တိုသမားကြီး ထောင်ဓာခန်းမှာ သူ့စေတနာကို စော်ကားရပါ့မလားဆိုသည့် အတွေးနှင့် ရင်မှာ မချင့်မရဲဖြစ်သွားရပြီး

"ကျုပ်စေတနာကို မစော်ကားနဲ့အမိ၊ ကျုပ်က မင်း အသားကို ထိချင်ကိုင်ချင်တယ်လို့များ မင်းစိတ်မှာ ထင်နေလား"

"မထိချင်ဘူးဆိုလည်း ရှင် မေချမ်းကို လွှတ်ပါလား"

"စိတ်ချ၊ မင်းဖက်ထားပါဆိုရင်တောင် ကျုပ်က မင်းကို ဖက်ထားမယ့်ကောင်မဟုတ်ဘူး"

"ရှင် ဘာစကားပြောတာလဲ၊ လူပါးဝလှချည်လား"

ထောင်ဓာခန်း၏ စကားကြမ်းကြမ်းကြီးကြောင့် မေချမ်း



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်များ ဝဲတက်လာရသည်အထိ ရှက်ဒေါသတွေ ရင်မှာ ကြီးစိုးသွားရသည်။

"တကတည်းဗျာ ဘယ်လိုဝင့်ကြွေးပါလာရတယ် မသိပါဘူး၊ ဒီမှာ ကျုပ်က မင်းကို ကပါးမိတ်ချွေရဲ့သမီးမို့ ဒီလောက်သည်းခံပြီး ကူညီနေတာ၊ တခြားတစ်ယောက်ဆိုရင် ဒီအောက်ဂျစ်ကျတဲ့ပုံနဲ့ ထေးသွားတာကြာပြီ"

ခက်ထန်လွန်းသည့် စကားသံနှင့်အတူ ထောင်ဇာခန်းသည် ရင်ခွင်ထဲမှ မေချမ်းကိုယ်လေးကို မချင့်မရဲစိတ်နှင့် ဖျစ်ညှစ်ပစ်လိုက်တော့ ... အသက်ရှူများပင် မှားသွားရကာ

"ထားသွား ထားသွား ရှင့်ကို ဘယ်သူက အကူအညီတောင်းနေလို့ စကားကို အကြောကြီးနဲ့ ပြောနေရတာလဲ၊ ရှင့်အကူအညီ မေချမ်း မလိုချင်ဘူး၊ မေချမ်းတို့ ရှင့်အခုထားခဲ့၊ ရှင်ပြောနေတာ မရဘူးလား ထောင်ဇာခန်း၊ မေချမ်းကို ရှင်ထားခဲ့ဆိုတာ"

အံလေးကြိတ်ကာ မေချမ်းပြောရင်း ထောင်ဇာခန်းရင်ခွင်ထဲက အားလေးထည့်ကာ ရုတ်ရုန်းထွက်နေပေမယ့် ထောင်ဇာခန်းကတော့ဖြင့် မမှုပါ။

သူ့ကိုပြောနေသည်လို့ပင် မမှတ်ဘဲ ရှုတည်တည် မျက်နှာထားကြီးနှင့် မေချမ်းကိုယ်လေးကို ခပ်တင်းတင်း ပွေ့ပိုက်ကာ ခြေလှမ်းကျဲကြီးများနှင့် တဲရှိရာသို့ ဆက်လျှောက်လာခဲ့သည်။





ထောင်ဇာခန်း၏ အေးစက်စက် အပြုအမူများက မေချမ်းကို ပို၍ဒေါသဖြစ်စေရသည်မို့

"ထောင်ဇာခန်း ရှင် ပြောနေတာ မကြားဘူးလား"

"ကြားတယ်ကွ"

စိတ်မရှည်တော့သလို ထောင်ဇာခန်းသည် မျက်မှောင်ကြီးတွန့်ကြုတ်ရင်းက ခပ်ဖြတ်ဖြတ်ပြောလိုက်သည်။

မေချမ်းမှာ သူ့စကားကြောင့် ပို၍မခံချင်ဖြစ်သွားရပြီး

"ကြားရင် လွှတ်ပါလား"

"လွှတ်ပေးချင်မှတော့ မင်းကို ကျုပ် ဒီအထိ အပင်ပန်းခံပြီး ခေါ်မလာဘူး"

"ဟင် ရှင်"

"ကဲ ကဲ အဲဒါ မလွှတ်ချင်ဦး၊ လူကို နားနိုင်"

"ဗုန်း"

"ဗုန်း"

ရှက်ဒေါသ မကျေနပ်မှုတွေနှင့် ပေါက်ကွဲနေရပြီဖြစ်သော မေချမ်းမှာ ထောင်ဇာခန်း ရင်ဘတ်နှင့် လက်မောင်းသားကြီးတို့ကို သူမလက်သီးဆုပ်နုနုလေးနှင့် အံလေးကြိတ်ကာ အဆက်မပြတ်တွန်းထိုးထုရိုက်နေတော့သည်။

"မုန်းတယ်၊ အဟင့် ဟင့် ဟင့်၊ လူရိုင်းကြီး၊ လူခွဲစား



www.burmeseclassic.com

www.burmeseclassic.com



ကြီး၊ ရှင့်မျက်နှာကို မကြည့်ချင်ဘူး၊ လွှတ် လွှတ်”

ငိုလည်းငို ပြောလည်းပြောနှင့် လက်ကလည်း အဆက်မပြတ် တွန်းထိုးကုတ်ဖဲ့ထုရိုက်နေသော မေချမ်းကို ထောင်ဇာခန်းသည် မျက်ဝန်းညိုကြီးနှင့် အေးစက်စက်ကြည့်ပြီးနောက် ဘာစကားမှမပြောဘဲ မေချမ်းကိုယ်လေးကိုသာ မလွှတ်တမ်း ပွေ့ဖက်ရင်း ခေါ်လာသည်မှာ တဲဆီသို့ ရောက်လာခဲ့သည်။

“ကဲ ဒီမှာထိုင်”

“အား”

ထောင်ဇာခန်းမှာ ပါးစပ်ကပြောရုံတင်မဟုတ်၊ လက်ကလည်း သူ ပွေ့ဖက်ထားသည့် မေချမ်းကိုယ်လေးကို တဲ၏တစ်နေရာတွင် ခပ်ဆောင့်ဆောင့်လေး ချလိုက်တာမို့ အကျမှတော်ဘဲ မေချမ်းကိုယ်လေးမှာ နာကျင်သွားရပါတော့၏။

“ဟင် ရှင် ရှင် တော်တော်လည်း အကြင်နာကင်းမဲ့တဲ့ လူပါလား”

“မတတ်နိုင်ဘူး၊ မင်းက အကြင်နာထားလို့ရတဲ့ မိန်းမမှ မဟုတ်ဘဲ”

“ကိုယ်ချင်းစာစိတ်မရှိတဲ့လူ၊ တောသား အရိုင်းအစိုင်း၊ ဘယ်လိုလူနဲ့ လာတွေ့နေရမှန်းကို မသိဘူး”

“မင်း ဘာပြောတယ်”





ထောင်ဇာခန်းမှာ တဲအတွင်း အသင့်ဆောင်ထားသည့် ဆေးများအယူ နောက်ပါးဆီမှ ကြားလိုက်ရသည့် မေချမ်း၏ စကားကြောင့် သူ့ကိုယ်ကြီးက မေချမ်းနားသို့ ပြန်းဆို ချဉ်းကပ်ရောက်ရှိသွားပြီး

“မင်း”

“ဖြန်း”

“အား”

မေချမ်းမှာလည်း မခေပါပေ။ သူမအနားသို့ မျက်နှာတည်တည်ကြီးနှင့် ရောက်လာသော ထောင်ဇာခန်းကို သူမကစ၍ လက်ဦးမှုယူကာ ထောင်ဇာခန်း ပါးပြင်ချောချောကြီးကို ရိုက်ပစ်လိုက်တော့သည်။

“မင်း ကျုပ်ကို ရိုက်တယ်ဟုတ်လား”

မထင်မှတ်သည့် အဖြစ်မို့ ထောင်ဇာခန်းမှာ ဖြန်းခနဲ ပူသွားသည့် ပါးပြင်ကို လက်နှင့်စမ်းရင်းက မေချမ်းအား စိုက်ကြည့်ကာ မေးလိုက်သည်။

ဒေါသတွေနှင့် မေချမ်းမှာလည်း မခံပါပေ။ ထောင်ဇာခန်းကို မေချမ်းသည် ပြန်ကြည့်ရင်းက

“ရိုက်တယ်၊ ရိုက်တော့ ရှင် ဘာလုပ်ချင်လဲ”

“အဟွန်း ကျုပ် ဘာလုပ်ချင်လည်းဆိုတာ မင်းအခု



www.burmeseclassic.com

www.burmeseclassic.com



သိစေရမယ်''

''ရှင်''

''အို''

မေချမ်း ရုတ်တရက် မျက်ဝန်းလေးများ ပြာဝေမှုးမိုက်သွားရသလို ယောကျ်ားတစ်ယောက်ကို မခံချင်အောင် ပြောလိုက်မိသည့် စကားများအတွက် မှားပြီဆိုတာကိုလည်း မေချမ်း ချက်ချင်းနှောင်တနှင့် သိလိုက်ပေမယ့် သူ့မအတွက် နောက်ကျသွားရပြီဖြစ်သည်။

တင်းကြပ်တုပ်နှောင်လွန်းသည့် ထောင်ဇာခန်း၏ ရင်ခွင်ထဲတွင် မေချမ်းတစ်ကိုယ်လုံး မောဟိုက်နွမ်းလာရကာ ကြမ်းရှပြင်းပြလွန်းသည့် သူ့အနမ်းများကိုလည်း မေချမ်း ရှောင်လွှဲလို့မရနိုင်တော့ပါ။

မွှတ်သိပ်လွန်းသော ထောင်ဇာခန်း၏ အနမ်းနွေးနွေးများကြားတွင် မေချမ်း၏ တွန်းထိုးရုန်းနေမှုများသည် အရာမရောက်တော့ဘဲ မေချမ်းမှာ အားမတန် မာန်လျော့လိုက်သည်နှင့် မျက်ရည်များက ပါးပြင်ထက် ပိုးပိုးပေါက်ပေါက် ကျဆင်းလာရပါတော့သည်။

✡ ✡ ✡



## အခန်း (၅)

မေချမ်းတစ်ယောက် အန်ကယ်ကျုံးမန်းခေါင်ရှိရာ ဒီတောင်ပေါ်ရွာလေးကို ရောက်နေသည်မှာ ဘာလိုလိုနှင့် တစ်လပင် ပြည့်တော့မည်ဖြစ်သည်။

သည်ရက်တွေအတွင်းမှ မေချမ်းသည် ထောင်ဇာခန်းကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရသည်ကလွဲလို့ သူ့မအတွက် အစစအရာရာအားလုံး ထင်တာထက်ပင် အဆင်ပြေနေရလေသည်။

အန်ကယ်ကျုံးမန်းခေါင်သည် မေချမ်းကို သမီးရင်းတစ်ယောက်လို ချစ်သလို မုန်းနွမ်းနှင့် ငိုက်စွမ်းတို့ မောင်နှမကလည်း မေချမ်းအား အစ်မရင်းတစ်ယောက်လို ချစ်ခင်တွယ်တာရှာလွန်းသူများဖြစ်သည်။

ဒါတင်လားဆိုတော့ မဟုတ်သေး။



www.burmeseclassic.com

www.burmeseclassic.com



မချမ်းဆိုလိုက်တာနှင့် တစ်ရွာလုံးက သူမအား ခင်မင်ချစ်ကြသည်မှာ ရေးဘဝက ရေစက်ရယ်ကြောင့်ပဲလားမသိ။

သူမအတွက် နယ်မြေဗဟုသုတများစွာကို ဒီရွာလေးက ပေးတာမှန်ပေမယ့် မချမ်းရင်မှာ အလုံးစုံ မကြည်မွေ့၊ မပျော်ပိုက်နိုင်အောင် ဖြစ်နေရသည်က တောင်ပေါ်သားကြီး ထောင်ဇာခန်းကြောင့်ဝင် ဖြစ်သည်။

ထောင်ဇာခန်းနှင့် မချမ်းဆိုတာက ဘယ်ဘဝရေစက်ကြောင့်လားမသိပါ။ နှစ်ဦးသား မတွေ့လိုက်နှင့် တွေ့လိုက်တာနှင့် ဘုနှင့်ဘောက် ဖြစ်ရသည်က တွေ့စကတည်းကပင်ဖြစ်သည်။

မချမ်းနှင့် ထောင်ဇာခန်းဆိုတာက အားလုံးနှင့် အဆင်ပြေသလောက် သူတို့နှစ်ဦး မျက်နှာချင်းဆိုင် တွေ့ရင်ဖြင့် အကြောင်းအမျိုးမျိုးနှင့် ပြဿနာတစ်ခုမဟုတ်တစ်ခု ဖြစ်နေတတ်သူနှစ်ဦး။

ထောင်ဇာခန်းဆိုတာ မချမ်းကို နည်းနည်းမှ ဂရုစိုက်တတ်သည့်သူမဟုတ်သလို မချမ်းသည်လည်း ထောင်ဇာခန်းဆိုသည့် တောင်ပေါ်သားကို ဂရုမစိုက်ပါ။

မချမ်းဆိုတာက ထောင်ဇာခန်းကို ကြည့်ရသူတစ်ယောက်မဟုတ်။

တောင်ပေါ်သားသည် မချမ်းအား အလိုရှိသူတစ်ယောက်မဟုတ်ပေ။ မချမ်း ဒီရွာလေးကို လာမည်ကို မကြိုက်သူမှာ





တောင်ပေါ်သားဖြစ်သည်။

တော်ရုံသဘောထားနှင့်ဆိုပါက မချမ်းသည် တောင်ပေါ်သား၏ သဘောထားကို သိသည်နှင့် ချက်ချင်းပင် ရန်ကုန်ကို ပြန်သွားမည်ဖြစ်ပေမယ့် ခုတော့ သူမအပေါ် ဖခင်ရင်းတစ်ယောက်လို ကောင်းရှာလွန်းသော အန်ကယ်ကျူးမန်းခေါင်နှင့် မုန်းနွမ်းတို့ မောင်နှမအပြင် ရွာခံလူများ၏ ပွင့်လင်းရိုးသားကာ ဖြူစင်လွန်းသည့် စိတ်တို့ကြောင့် မချမ်း ဒီရွာလေးက မခွာနိုင်အောင် ရှိနေရခြင်းဖြစ်သည်။

မြန်မာပြည်အနောက်ဘက်ခြမ်းမှာရှိသည့် ချင်းပြည်နယ်၊ ချင်းတောင်တန်းဒေသကို ရောက်ဖူးခဲ့ချင်သော စိတ်ဝင်စားခဲ့သော မချမ်းအတွက် အန်ကယ်ကျူးမန်းခေါင်၏ ရွာလေးက မချမ်းစိတ်နှလုံးကို များစွာ ညှို့ငင်ယူနိုင်စွမ်းသည့် နေရာလေးလည်းဖြစ်သည်။

ထောင်ဇာခန်းကြောင့် စိတ်မှာ ဘယ်လောက်ပဲ ကသိကအောက် အနှောင့်အယှက်ဖြစ်ရပါစေ၊ တောင်စွယ် တောင်တန်းတွေနှင့် မြူတွေရစ်သိုင်းတတ်သည့် ချင်းတောင်တန်း၏ အလှမြင်ကွင်းကို မြင်တွေ့လိုက်ရပါက မချမ်းရင်ထဲ ခံစားရသမျှ သောကများ ကင်းဝေးသွားစေရသည့်အဖြစ်။

သည်အဖြစ်ကို ဘယ်သူတွေကကော ခံစားနားလည် သိရှိ



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာတဲ့လဲကွယ်။

ဟင်း။

နှင်းမြူတွေ ရစ်သိုင်းထားသည့် အဝေးမှ လှမ်းမြင်နေရသည့် ချင်းတောင်တန်းကြီးကို ငေးကြည့်ရင်း မေချမ်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ဘာလိုလိုနှင့် မေချမ်းတစ်ယောက် ထောင်ဇာခန်းနှင့် မဆုံဖြစ်တော့သည်မှာ ရက်လေးများပင် ကြာခဲ့ပြီဖြစ်သည်။

မှတ်မှတ်ရရ ပြောရလျှင် မေချမ်းနှင့် တောင်ပေါ်သား ပြဿနာဖြစ်ပြီးကတည်းကဆိုလျှင် မမှားပေ။

ယောကျ်ားတစ်ယောက်၏ မာနကို မခံချင်အောင် နှိုးဆွပေးလိုက်သည့် သူမတွင် အပြစ်ရှိသူတစ်ယောက်အဖြစ် နောင်တရမိသလို သူမအား သူပိုင်ဆိုင်သည့် ချစ်သူရည်းစားတစ်ယောက်သဖွယ် တစ်သက်နှင့်တစ်ကိုယ် ယင်ဖိုတောင်မသန်းဖူးသည့် သူမပါးပြင်ကို အနမ်းဦးခြွေသွားသည့် ထောင်ဇာခန်းကိုလည်း မေချမ်းသည် နာကြည်းမှုနှင့်အတူ ဘယ်တော့မှ ခွင့်လွှတ်နိုင်မည်မဟုတ်ပါ။

မုန်းပါသည်။

မုန်းသည်မှာ တုံးခါးနေအောင် ရင်မှာ မုန်းရပါ၏။

အပျိုစင် နုနုထွေးထွေးလေး သူမကို စိတ်ကြမ်းလူကြမ်း





နှင့် ဖွတ်တိုးကာ သူသဘော သူဆန္ဒအတိုင်း အနမ်းတွေပေးသွားပုံက မေချမ်းအတွက် ခုပြန်တွေး ခုကျောချမ်းစရာပင် ဖြစ်သည်။

တွေ့လိုက်တိုင်း ရှုစာညီတည်မျက်နှာထားကြီးနှင့် ဘုဘောက်ရန် အမြဲလုပ်တတ်သူက သူမကို ဘာမပြော ညာမပြောနှင့် ပိုင်စိုးပိုင်နင်းဆန်စွာ နမ်းရှိုက်သွားသည်ကတော့ မေချမ်း နှလုံးသားနုနုကို ကြေကွဲမှုနှင့်အတူ နာကျင်စေရသည်ဆိုတာ ထောင်ဇာခန်း သိမှာတဲ့လား။

မေချမ်းသည် နာကျင်စိတ်တို့နှင့် ထောင်ဇာခန်း နမ်းရှိုက်သွားသည့် ပါးပြင်နုနုကို သူမလက်လေးနှင့် ယောင်ရမ်းစမ်းကိုင်မိလိုက်သည်ဆိုရင်ပဲ မေချမ်း မျက်နှာလှလှလေးမှာ နှင်းဆီခင်းလေးပမာ ရဲရဲတွတ် နီမြန်းတောက်ပသွားရသည်။

ရှက်စိတ်၊ နာကျင်စိတ်တွေက မေချမ်းရင်ထဲ အရှိန်အဟုန်ပြင်းပြင်းနှင့် ဝင်ရောက်လာသလို ထိုအကြောင်းတွေကိုလည်း မေချမ်း ပြန်၍ မစဉ်းစားချင်တော့ပါ။

မစဉ်းစားချင်သော်လည်း အတွေးထဲ သူ့အလိုလို ရောက်လာတတ်သည်ကလည်း ဘာကြောင့်ဆိုတာ မေချမ်း သူမကိုယ်သူမ နားမလည်နိုင်တော့။

သေချာသည်ကတော့ မေချမ်းသည် ထောင်ဇာခန်းကို မမြင်မတွေ့လိုခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွေးစိတ်ကြောင့်လည်း မေချမ်း ထောင်ဓာခန်းကို ရှောင်ဖယ်နေသည်မှာ သူနှင့် ပြဿနာဖြစ်ပြီးကတည်းက ဖြစ်သည်။

မရှောင်သာလို့ ထောင်ဓာခန်းနှင့် ဆုံရလေတိုင်းလည်း မေချမ်းက အရင်စလို့ ဦးဆုံး ရှောင်လွဲသွားမြဲဖြစ်၏။

သည်လူတစ်ယောက်၏ မျက်နှာကို မေချမ်း မမြင်ချင်ပါ။ သူ့ကိုမြင်တိုင်းလည်း မေချမ်းရင်ထဲ ရှက်ရွံ့နာကျင်စိတ်တွေက ဖြစ်ပေါ်လာရမြဲမို့ သူမ အတတ်နိုင်ဆုံး သူနှင့်မဆုံအောင် ရှောင်ဖယ်နေမိသည်။

ခုလည်း မေချမ်းသည် ထောင်ဓာခန်းနှင့် မဆုံလိုသောကြောင့် ခါတိုင်းလိုပင် အကြောင်းတစ်မျိုးမျိုးပြကာ ထမင်းဝိုင်းတွင် မဝင်ဘဲ ခြံထဲဆင်းထိုင်ကာ အဝေးမှ လှမ်းမြင်နေရသည့် ချင်းတောင်တန်းကြီးကို ငေးကြည့်ရင်း တစ်ယောက်တည်း အတွေးများနှင့် ရှိနေမိသည်။

"မမ"

"အမေ့"

"ခစ် ခစ် ခစ်"

"မုန်းနှမ်းကြောင့် မမ လန့်သွားပြီလား"

နောက်ပါးတွင် ရုတ်တရက် ရောက်ရှိလာကာ ခေါ်လိုက်သည့် မုန်းနှမ်းအသံကြောင့် အတွေးများနှင့် ငေးနေသော မေချမ်း





လန့်သွားသည်က အမှန်ပင်ဖြစ်သည်။

ဒါကိုပင် မုန်းနှမ်းသည် ကလေးတစ်ယောက်လို မေချမ်းကိုကြည့်ကာ သဘောတကျ ရယ်နေသည်မို့ မေချမ်းမှာ ကလေးဆန်လွန်းသော မုန်းနှမ်းကို အပြုံးလေးနှင့် ပြန်ကြည့်ရင်း

"ရုတ်တရက်မို့ပါကွယ်၊ ဒါနဲ့ မုန်းနှမ်း ကပါးတို့နဲ့ ထမင်းစားနေတာ မဟုတ်လား"

"အဲဒါပြောမလို့ မမ"

"ဘာများလဲ မုန်းနှမ်း"

"ကပါးက မမကို သူတို့နဲ့အတူ ထမင်းလာစားလှည့်ဖို့ ခေါ်ခိုင်းလိုက်လို့"

"မုန်းနှမ်းမပြောဘူးလား၊ မမ မဆာသေးလို့ဆိုတာ"

"မမပြောသလို မုန်းနှမ်းလည်း ပြောတာပဲ၊ ဒါပေမယ့် ကပါးက မုန်းနှမ်းပြောတာကို လက်မခံဘူး၊ မမကို ခုတလော ကြည့်ရတာ မျက်နှာညှိုးနေတယ်တဲ့၊ ပြီးတော့ ဒီရက်တွေမှာ မမက သူတို့ကို ရှောင်နေသလိုပဲတဲ့၊ မမ နေမျာကောင်းရဲ့လားဆိုတာ မုန်းနှမ်းကို ကြည့်ခိုင်းလိုက်ပြီး ကပါးက သူတို့နဲ့အတူ မမကို ထမင်းအတူ လက်ဆုံစားဖို့ ခေါ်ခိုင်းလိုက်တယ်၊ လာနော် မမ၊ ကပါး မမကို ထမင်းမစားသေးဘဲ စောင့်နေတယ်"

"အို"



www.burmeseclassic.com

www.burmeseclassic.com



မေချမ်းမှာ သူမလို လူငယ်တစ်ယောက်ကို လူကြီးတစ်ယောက်က ထမင်းမစားဘဲ ပြန်စောင့်နေရပါသည်ဆိုသော စကားကြောင့် အားနာသွားရကာ

"အားနာစရာကောင်းလိုက်တာ မုန်းနွမ်းရယ်၊ လူကြီးတစ်ယောက်က ထမင်းစားဖို့ မမကို ပြန်စောင့်နေရတယ်ဆိုတာ"

မေချမ်းမှာ အနေခက်ခက်လေးနှင့် အားနာစကားဆိုလိုက်သည်။

တကယ်တော့ မေချမ်းသည် တောင်ဇာခန်းနှင့် မျက်နှာချင်းမဆိုင်လိုတာ တစ်ခုတည်းနှင့် အန်ကယ်ကျူးမန်းခေါင်ကိုပါ သူမဘက်က ရှောင်နေသလိုဖြစ်နေရသည်ကိုလည်း မေချမ်း ခုမှ သူမကိုယ်သူမ တွေးမိလာရသည်။

အတွေးနှင့်အတူ တောင်ပေါ်သားကို ရှောင်ချင်တာနှင့် လူကြီးတစ်ယောက်အပေါ် သူမဘက်က မလေးစားရာ ကျသည့် အဖြစ်ကိုလည်း ခုမှ တွေးမိလာရသည်မို့ မေချမ်း အားနာစိတ်တို့နှင့် အန်ကယ်ကျူးမန်းခေါင်ရှိရာ ထမင်းဝိုင်းဆီသို့ ရောက်လာခဲ့ရသည်။

ထမင်းဝိုင်းတွင် အန်ကယ်ကျူးမန်းခေါင်၊ ငိုက်စွမ်းနှင့် သူမ မမြင်တွေ့ချင်သော တောင်ပေါ်သားကိုပါ တွေ့လိုက်ရသည်။

တောင်ဇာခန်းသည် မေချမ်းကို တစ်ချက်မျှ စူးခနဲ ကြည့်





လိုက်ပြီးနောက် သူမဟုတ်သလို ချက်ချင်းပင် အကြည့်များ လွှဲသွားလေသည်မို့ မေချမ်း အံကို မသိမသာ ကြိတ်မိလိုက်၏။

"လာ လာ သမီး၊ လာပါ သမီးကို ထမင်းစားစောင့်နေတာ"

ဖော်ရွေနှစ်လိုဖွယ်ကောင်းသော အပြုံးနှင့် ကပါးသည် မေချမ်းအား စကားဆိုလိုက်တော့ မေချမ်းမှာ အပြစ်ရှိသူတစ်ယောက်ပမာ မလုံမလဲဖြစ်သွားရပြီး

"အန်ကယ့်ကို မေချမ်း တောင်းပန်ပါတယ်"

"ဟော ဘာအတွက် တောင်းပန်တာလဲ မေချမ်း"

ရိုးသားပွင့်လင်းသည့် တောင်ပေါ်သားကြီး ဦးကျူးမန်းခေါင်မှာ မေချမ်းစကားကို နားမလည်သလို မေးလိုက်သည်။

မေချမ်းသည် အပြုံးလှလှလေး ပြုံးပြရင်းက

"တခြားမဟုတ်ပါဘူး အန်ကယ်၊ မေချမ်းကို အန်ကယ် အခုလို စောင့်နေရတဲ့အတွက်ပါ"

"ဟား ဟား ဟား ဒီအတွက်ဆိုရင်တော့ သမီး ကပါးကို တောင်းပန်စရာမလိုဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကပါး သမီးကို ကပါးက ဘာလုပ်လုပ် အပြစ်မြင်မှာမဟုတ်လို့ပဲ"

"ကဝါးရယ်"

မေချမ်းရယ် အန်ကယ်ကျူးမန်းခေါင်၏ စေတနာကို



www.burmeseclassic.com

www.burmeseclassic.com



နားမလည်ဘဲ မနေနိုင်တော့ပါ။

အန်ကယ်ကျူးမန်းခေါင်သည် မေချမ်းအဝေါ် ဒက်ဒီ နည်းတူ ချစ်ရှာလွန်းသည်ကို မေချမ်းကိုယ်တွေ့ကြုံခဲ့ရပြီ ဖြစ်သည်။

သူမအပေါ်ထားသည့် အန်ကယ်ကျူးမန်းခေါင်၏ စေတနာနှင့် မေတ္တာကို သိလာရလေလေ မေချမ်းရင်ထဲ ဝမ်းသာဝမ်းနည်း ဖြစ်ရလေလေနှင့် မျက်ရည်များပင် ရစ်သိုင်းဖွဲ့လာရသည်။

"ဒါနဲ့ သမီး ကပါးတို့ရွာမှာနေရတာ ပျော်ရဲ့လား"

"ပျော်ပါတယ် အန်ကယ်၊ မေချမ်းရင်ထဲမှာ တစ်ခါမှ မရဖူးသေးတဲ့ ကြည်နူးမှုတွေနဲ့ မေချမ်း ပျော်ပါတယ်"

"ခုလိုစကားကြားရတာ ကပါး သိပ်ဝမ်းသာတယ်၊ သမီးဖေဖေသိရင်လည်း ကပါးလိုပဲ ဝမ်းသာမှာပဲ၊ ကပါးတို့ဆီမှာ နေတုန်း သမီး ပျော်ရျော်ရွှင်ရွှင်ပဲ ရှိစေချင်တယ်၊ ပြီးတော့ သမီးအတွက် နယ်မြေဗဟုသုတရအောင် ထောင်ဇာခန်း မင်းက ဒီတာဝန် ယူပြီး သမီးကို ဒီအနီးအနားမှာရှိတဲ့ ရွာတွေနဲ့ တို့ ချင်းပြည်နယ်မှာ နာမည်ကြီးတဲ့ နေရာတွေကို မင်းဦးဆောင်ပြီး သမီးကို လိုက်ပို့ရမယ်"

"ဟာဗျာ ကပါးနဲ့တော့ ခက်တော့တာပဲ"

ဆိုသည့် စကားကိုတော့ ထောင်ဇာခန်း ရင်မှာသာ ပြောမိလိုက်ပါသည်။





ကပါးသည် ဒီမြေပြန့်သူနှင့် ပတ်သက်လာလျှင် အရေးတယူနှင့် မြေပြန့်သူဆန္ဒ၊ မြေပြန့်သူ စိတ်ချမ်းသာဖို့ကိုသာ ဦးစားပေးလွန်းသည်လို့ ထင်မိပါသည်။

ကပါး ဂရုစိုက်လွန်းသည့် မြေပြန့်သူ ရွှေမင်းသမီးနှင့် သူဆိုတာက တွေ့လို့မှ မျက်နှာချင်းဆိုင်လို့ရသူတွေ မဟုတ်ဆိုတာ တော့ ကပါး သိပုံမရပါ။

ခက်တော့တာပါပဲ။

ပြောသလို ဒါဆိုဒါလုပ်မှ ကြိုက်တတ်သော ကပါးစကားကို ထောင်ဇာခန်း မငြင်းဝံ့ပါ။

မငြင်းဝံ့ပေမယ့် ခက်သည်က ရွှေမင်းသမီးနှင့် သူ ဘယ်လိုခရီးရှေ့ဆက်ရမည်ဆိုတာကိုပင်။

ဖြစ်ချင်တာကို ဖြစ်အောင်လုပ်မှ ကျေနပ်တတ်သော ကပါးဆန္ဒကို ထောင်ဇာခန်း မငြင်းဝံ့သလို တစ်ဖက်ကလည်း ရွှေမင်းသမီးချော မေချမ်းနှင့် သူဘယ်လို မျက်နှာချင်းဆိုင်၍ ခရီးဆက်ရမည့်ဆိုတာ ထောင်ဇာခန်း မစဉ်းစားတတ်အောင် ရှိနေရသည်။

ကပါးသည် မေချမ်း ထမင်းဝိုင်းတွင် ပါလာသောအခါ စကားတွေမှာ ခါတိုင်းထက် သွက်နေရသလို မုန်းစွမ်းနှင့် ငိုက်စွမ်းတို့၏ အပြုံးများသည်လည်း ယခင်ကထက် ပို၍ အသက်ဝင်နေရ လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က ခြောက်ကပ်ကပ်နိုင်သော ထမင်းဝိုင်းက ခုတော့ဖြင့် စကားသံ ရယ်မောသံနှင့် စိုပြေသာယာနေသည်မှာ သူကလွဲ၍ အားလုံး အပြုံးကိုယ်စီနှင့် ရှိနေကြလေသည်။

ထမင်းဝိုင်းတွင် ယခုချိန်ထိ စကားတစ်လုံးမှ မဆိုဘဲ နှုတ်ဆိတ်နေသူက ထောင်ဇာခန်းပင်ဖြစ်သည်။

ထောင်ဇာခန်းသည် စကားမဆိုသော်လည်း တစ်ချက်တစ်ချက် အဆီးအတားမရှိသလို မေချမ်းထံ ရောက်ရှိလာသော သူ့အကြည့်စူးစူးကြီးများကို မေချမ်း မျက်ဝန်းထောင့်မှ လှမ်းမြင်ရပေမယ့် မသိဟန်ပြုနေလိုက်သည်။

စိတ်တွင် ဝေခွဲမရ၊ နားလည်ရခက်သော သူ့အကြည့်များကို မေချမ်း မကြိုက်ပေမယ့် သူမအနေနှင့် တားခွင့်လည်းမရှိပါ။

သည်လူတစ်ယောက်နှင့် မဆုံချင် မတွေ့ချင်ပါဟု ဘယ်လိုပင် ရှောင်နေပါစေ နောက်ဆုံးတော့လည်း မေချမ်းသည် သူ့ကို ဘယ်လိုမှ ရှောင်လွှဲလို့မရဘဲ မျက်နှာချင်းဆိုင် ပြန်ဆုံနေမိရသည့်အဖြစ်။

တကယ်တော့ ထောင်ဇာခန်းဆိုတာက မေချမ်းအတွေးထဲ မေချမ်း နှလုံးသားထဲမှာ အနာကြည်းဆုံးနှင့် အမုန်းဆုံးလူအဖြစ် သတ်မှတ်ထားချင်သူ။

ခုတော့ သူမ မုန်းပါသည်ဆိုတဲ့သူနှင့်မှ မျက်နှာချင်းဆိုင်





ထမင်းလက်ဆုံစားနေရခြင်းက မေချမ်းအတွက် ရင်ကို မရိုးမရွနှင့် အခံရခက်ခက်ကြီး ဖြစ်နေတော့၏။

ထမင်းဝိုင်းတွင် ခုချိန်ထိ ဘာစကားတစ်ခွန်းမှ မဆိုဘဲ ငြိမ်သက်တိတ်ဆိတ်နေသော ထောင်ဇာခန်းပုံစံက သူမအား ချစ်အနမ်းတွေ ခွတ်ပေးသွားသူမှ ဟုတ်ပါရဲ့လားလို့ပင် ထင်စရာဖြစ်နေရသည်။

မေချမ်း ထောင်ဇာခန်းမျက်နှာချောချောကြီးကို ရဲရဲမကြည့်ရဲပါ။ ကြည့်ရန်လည်း သူမတွင် အင်အားမရှိ။ ယခုထက်တိုင် ပူနွေးနေဆဲဖြစ်သော ပါးပြင်နွေးနွေးလေးက ထောင်ဇာခန်း လှူဆိုးကြီး ပေးသွားသည့် ချစ်အမှတ်တံဆိပ် ခတ်လိုက်သည့် နေရာများဖြစ်သည်မဟုတ်ပါလား။

ကပါးနှင့်အတူ ထမင်းဝိုင်းတွင် စကားတွေ ရွှန်းရွှန်းဝေအောင် အပြုံးလှလှလေးနှင့်ဆိုနေသော မေချမ်းကို ထောင်ဇာခန်းသည် တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် ထမင်းကို လက်စသတ်လိုက်ပြီး...

"ကပါး ကျုပ် ခုတ်ကျင်းစမ်းတို့ဆီ သွားလိုက်ဦးမယ်"

ပြောပြီး ထောင်ဇာခန်းသည် မေချမ်းကို တစ်ချက်မှပင် မကြည့်ဘဲ အနားမှ ဖျတ်ခနဲ ထွက်သွားလေသည်။

နောက်ပိုင်းတွင် သူ့အကြောင်း ဘယ်လိုပြောကျန်ခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ထောင်ဇာခန်း မသိချင်တော့ပါ။

ဖြစ်နိုင်လျှင် မေချမ်းနှင့်ပတ်သက်သမျှ ရင်မှာ ခံစားရမှုအားလုံးကို ထောင်ဇာခန်း နှလုံးသားထဲမှ ဖယ်ရှားလိုက်ချင်ပါသည်။

မေချမ်းဆိုတာက သူ့ဘဝ သူ့နှလုံးသားထဲတွင် ထည့်မထားသင့်သည့် မိန်းကလေးတစ်ယောက်။

ဘဝချင်းမတူသလို အခြေအနေချင်းကလည်း မတူ။ ပြောရလျှင် ရွှေမင်းသမီးနှင့် သူ့လို ကျေးတောသားသည် လားလားမှ မသက်ဆိုင်သည့်အဖြစ်။

မေချမ်းဆိုသည့် ဒီမိန်းကလေးနှင့် ပတ်သက်လာလျှင် သူ့ရင်မှာ လှုပ်ရှားရသည်က ခုမှမဟုတ်။ သူမကို စတွေ့စကတည်းကပင် ဖြစ်သည်။

သည့်လို စိတ်လှုပ်ရှားမှုမျိုးကို ထောင်ဇာခန်းသည် သူကိုယ်သူလည်း မကြိုက်ပါ။ သူ့ရင်မှာ ဒီလိုခံစားမှုတွေ ဖြစ်ပေါ်ရသည်ကိုပင် ထောင်ဇာခန်း အားမလိုအားမရနှင့် သူ့အတွက် အရှုံးတစ်ခုကို ရင်ဆိုင်လိုက်ရသလို ဖြစ်နေရသည်။

"ဘာတွေဖြစ်နေတာလဲ၊ ငါ ဘာတွေဖြစ်နေတာလဲ" ဆိုသော မချင့်မရဲ အားမလိုအားမရစိတ်အတွေးတို့နှင့် ထောင်ဇာခန်းသည် ခုတ်ကျင်းစမ်းဆီသို့ ရောက်လာခဲ့သည်။

ရင်ထဲတွင် ကိုယ့်ကိုယ်ကိုမှ နားမလည်နိုင်သည့် ဝေခွဲရ





ခက်သော စိတ်တို့နှင့် တင်းကြပ်စွာ ခံစားနေရသော ထောင်ဇာခန်းကို ခုတ်ကျင်းစမ်းသည် တစ်ချက်အကဲခတ်သလို ကြည့်လိုက်ပြီး

"မင်းရောက်လာတာ အတော်ပဲ ထောင်ဇာခန်း၊ ငါ အခုပဲ မင်းဆီလာမလို့"

"ဘာကိစ္စရှိလို့လဲ ခုတ်ကျင်းစမ်း"

"ကိစ္စက အထွေအထူးမဟုတ်ပါဘူး၊ ဒီတစ်ခေါက် မင်းတောထဲဝင်ရင် ငါ လိုက်မလားလို့"

"အေးကွာ တစ်ခါတလေတော့လည်း တောထဲဝင်နေတာပဲ ကောင်းတယ်"

"မင်းဘာဖြစ်နေတာလဲ ထောင်ဇာခန်း"

"ငါ ဘာဖြစ်လို့လဲ ခုတ်ကျင်းစမ်း"

"အဟွန်း ဟွန်း ဟွန်း"

"ထောင်ဇာခန်း ထောင်ဇာခန်း၊ မင်းနဲ့ငါက ငယ်ငယ်ကတည်းက လည်ပင်းဖက်ပေါင်းလာတဲ့ သူငယ်ချင်းအရင်းကြီးတွေပါကွာ၊ မင်းမျက်နှာကို ကြည့်လိုက်တာနဲ့ မင်းရင့်ထဲ ဘာတွေဖြစ်နေတယ်ဆိုတာ ငါ့ အနည်းအကျဉ်းတော့ ခန့်မှန်းလို့ရပါတယ်၊ ငါ ခန့်မှန်းတာပြောရရင် မင်း မြို့ကဧည့်သည်ကြောင့် ခံစားနေရပြီမဟုတ်လား ထောင်ဇာခန်း"

သူ့ရင်ထဲ ထိုးဖောက်မြင်သလို ပြောလိုက်သော ခုတ်ကျင်း



www.burmeseclassic.com

www.burmeseclassic.com



စမ်းစကားကြောင့် ထောင်ဇာခန်း အံ့သြသွားရသည်။

"ခုတ်ကျင်းစမ်း မင်း"

"အဟွန်း ငါပြောပြီးပြီလေကွာ၊ မင်းရင်ထဲကို ငါ ခန့်မှန်းကြည့်လို့ ရပါတယ်ဆိုတာ"

ထောင်ဇာခန်းမှာ ဘာစကားမှမဆိုတော့ဘဲ ခေါင်းကြီးငုံ့လျက် နှုတ်ဆိတ်သွားရသည်။

သူ့ရင်ထဲက ဝေဒနာတွေအတွက် သူ၏ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်သည့် ခုတ်ကျင်းစမ်းအပေါ် သူဘာမှ မကွယ်ဝှက်ချင်တော့ပါ။

ကွယ်ဝှက်ရန်လည်း သူ့တွင် အင်အားမရှိ။

ရှိသည်ထား ထိုအင်အားများကို မေချမ်းသည် သိမ်းပိုက်သွားခဲ့ရပြီဖြစ်သည်။

"ဘယ်လိုလဲ ထောင်ဇာခန်း၊ ငါပြောတာ မှားလား"

"အဟွန်း"

ကိုယ့်စမ်းနာကိုယ်သိဆိုသလို ထောင်ဇာခန်းသည် မချိပြုံးတစ်ချက်ကို ပြုံးလိုက်ရင်း

"မှန်လွန်းလို့ သိပ်ခက်နေတာဆိုရင်ရော"

"ထောင်ဇာခန်း မင်း"

"ဟုတ်တယ် ခုတ်ကျင်းစမ်း၊ ငါ့နှလုံးသားကို ငါ မညာချင်တော့ဘူး၊ ငါ မြို့သူကို ချစ်နေမိပြီ"

"ဟင်"

ရုတ်တရက် နှစ်ဦးသား စကားသံ တိတ်ဆိတ်သွားရသည်။ အတန်ကြာ တိတ်ဆိတ်သွားပြီးမှ တိတ်ဆိတ်မှုကို စတင်ဖြိုခွဲသူက ခုတ်ကျင်းစမ်း။

"အချစ်ဆိုတာ ငါ သေချာနားမလည်ပေမယ့် အချစ်ဟာ မျိုးသိပ်ထားလို့ရတဲ့ အရာမဟုတ်ဘူးဆိုတာတော့ ငါနားလည်တယ်၊ အဲဒီအတွက် မင်းကို သားလူတစ်ယောက်အနေနဲ့ ငါ ဘာမှမဝေဖန်ချင်ဘူး၊ နှလုံးသားကိစ္စဆိုတာ ဝေဖန်စရာကိစ္စမျိုးလည်း မဟုတ်ဘူး၊ ဒါပေမယ့် သူငယ်ချင်းတစ်ယောက်အနေနဲ့ ငါ မင်းကို သတိပေးချင်တာက မင်းနဲ့မြို့သူဆိုတာ"

"မင်းပြောမှာကို ငါသိတယ် ခုတ်ကျင်းစမ်း၊ သိလို့လည်း ငါ့ရင်ထဲမှာ ဝေဖန်ပိုင်းခြားမှုတွေနဲ့ ရှုပ်ယှက်ခတ်နေတယ်၊ ဒါပေမယ့် ဘာတွေဘယ်လို ဖြစ်နေပါစေ ငါ့အချစ်တွေကတော့ သူ့အပေါ် ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်ဘူး ခုတ်ကျင်းစမ်း၊ အဲဒါ ငါ့ရဲ့နှလုံးသွေးနဲ့ သစ္စာဆိုတဲ့ စကားပဲ"

ခိုင်မာတိကျပြတ်သားစွာ ဆိုလာသော ထောင်ဇာခန်းစကားတို့ကို ကြည့်တာနှင့် မြို့သူအပေါ် ထောင်ဇာခန်းအချစ်တွေဘယ်လောက်ထိ ခိုင်မာလေးနက် နက်ရှိုင်းလွန်းနေသည်ဆိုတာ







www.burmeseclassic.com

www.burmeseclassic.com



ခုတ်ကျင်းစမ်း နားလည်လိုက်ရပြီဖြစ်သည်။

"သူ့ကိုချစ်မိလို့ မင်း ငါ့ကို အပြစ်တင်ရင်လည်း တင်တော့ ခုတ်ကျင်းစမ်း၊ မြို့သူကို ငါ မချစ်မိဖို့ အတန့်တန် ငါ့ကိုယ်ငါ ကြိုးစားပါသေးတယ်ကွာ၊ မြို့သူနဲ့ငါ့ဘဝ အခြေအနေချင်း အရမ်းကွာတာကို ငါသိတယ်၊ မိုးနဲ့မြေလို ကွာခြားတဲ့ သူနဲ့ငါ့ဘဝဟာ ဘယ်လိုမှ မနီးစပ်နိုင်တဲ့ စိတ်ကူးယဉ်အိပ်မက်တွေဆိုတာလည်း ငါသိတာပဲ၊ ဒါပေမယ့် အချစ်၊ သူ့ကိုချစ်တဲ့ အချစ်တွေ ငါ့ကိုယ်ငါ သတိမထားမိခင်မှာပဲ ငါ့ရင်ထဲ နေရာယူထားပြီလေ၊ အဲဒီအတွက် ငါဘာပဲဖြစ်ဖြစ် ရင်ဆိုင်ရတော့မယ်၊ ငါ သူ့ကိုချစ်မိတာ မှားသွားပြီလား ခုတ်ကျင်းစမ်း"

အရာရာတွင် ပြတ်သားရဲရင့်ပါသည်ဆိုသော ရပ်ရွာ၏ ကောင်းကျိုးကို ရှေ့မှ ဦးဆောင်ဦးရွက်ပြုနေသူ တစ်ယောက်ဆိုပေမယ့် အချစ်နှင့်ပက်သက်လာတော့လည်း အတွေ့အကြုံမရှိသည့် နုငယ်သည့် လူငယ်တစ်ယောက်လို ချစ်မယ်မှမကြံသေး အချစ်၏ ချိုမြိန်ခါးသီးခြင်းတွေကို စခံစားနေရပြီဖြစ်တဲ့ သူငယ်ချင်းအတွက် ရင်မှာ ကိုယ်ချင်းစာစိတ်နှင့်အတူ ခုတ်ကျင်းစမ်း စိတ်မကောင်းဖြစ်ရ ကာ

"ချစ်တာ အပြစ်မဟုတ်ပါဘူးကွာ၊ မင်း မြို့သူ့ကို ချစ်သွားတာ အပြစ်တစ်ခုလို့ မင်းကိုယ်မင်း သတ်မှတ်ထားရင် မှားမှာ





ပေါ့ ထောင်ဇာခန်း၊ ချစ်တာကို မချစ်နဲ့လို့လည်း တားလို့မရဘူး၊ အချစ်ဆိုတာ အင်မတန် နူးညံ့တဲ့အရာ၊ ပြီးတော့ အချစ်ဟာ ရှာဖွေစရာမလိုဘဲနဲ့ နှလုံးသားထဲမှာ သူ့အလိုလို ရှင်သန်ပေါက်ဖွားလာတတ်တာမျိုး၊ မြို့သူကို မင်းချစ်မိတာ အပြစ်မဟုတ်ပါဘူးကွာ"

အားပေးသူက အားပေးနေပေမယ့် ထောင်ဇာခန်းကတော့ အားမတက်နိုင်ပေ။ အခြေအနေချင်း ကွာဝေးလွန်းလှသည့် မေချမ်းနှင့် သူ့အခြေအနေကို ထောင်ဇာခန်း ထည့်မစဉ်းစားလို့မရ။

ဦးနှောက်က ဘယ်လိုမှ မဖြစ်နိုင်တာကို သိနေပေမယ့် နှလုံးသားက လက်မခံချင်။ သူ့အချစ်များကို သူ ဟန်ဆောင်မညာနိုင်ခြင်းပင်ဖြစ်သည်။

ခဏပြီ။ ခုမှ သိပ်ကိုခက်ပြီဟူသော အတွေးနှင့် ထောင်ဇာခန်း မျက်မှောင်ကြီးကြုတ်ကာ အစဉ်းစားရခက်သလိုရှိနေတော့

"ထောင်ဇာခန်း ငါ တစ်ခုစဉ်းစားမိတယ်ကွ"

"ဘာလဲ မင်း ဘာစဉ်းစားမိတာလဲ ခုတ်ကျင်းစမ်း"

"ဒီလိုကွ မင်းနဲ့မြို့သူ့ရဲ့ ဆက်ဆံရေး အခြေအနေကကော ဘယ်လိုရှိလဲ၊ သူကရော မင်း သူ့ကို စိတ်ဝင်စားနေတာသိလား"

ထောင်ဇာခန်း ဘာဖြေရမှန်းမသိပါ။

ခုတ်ကျင်းစမ်း သိချင်သည့် မေချမ်းနှင့် သူ့ဆက်ဆံရေးက ဟင်တာထက်ပင် အခြေအနေဆိုးလွန်းနေရသည်ကိုတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ကျင်းစမ်းကို မပြောတော့ပါ။

ကြည်စင်နေထွေးသော မျက်နှာလှလှလေးကို မြင်ရပြီးကတည်းက ရှင်မှာ တစ်ခါမှ မဖြစ်ပေါ်ဖူးသည့် ရင်ခုန်စိတ်လှုပ်ရှားမှုတို့ ဖြစ်ရသောကြောင့် သူ့နှလုံးသားကို သူ စိတ်မချဖြစ်ရသည့် စိတ်နှင့် သူမနှင့်ပတ်သက်သမျှ တမင် တင်းမာချင်ဟန်ဆောင်ခဲ့ပေမယ့် နောက်ဆုံးတော့လည်း မြို့သူ ရွှေမင်းသမီး၏ အလှအောက်တွင် ထောင်ဇာခန်း ကျဆုံးခဲ့ရသည်။

ချစ်မိသွားမှာ စိုးသောကြောင့် ခက်ထန်မာကျောမှုဖြင့် အပေါ်ယံဟန်ဆောင်ခဲ့သော်လည်း တကယ်တမ်း သူ့နှလုံးသား အစစ်အမှန်ကိုတော့ ထောင်ဇာခန်း ဟန်မဆောင်နိုင်ခဲ့ပါ။

ရွှေစင်သွန်းတမျှ လှပလွန်းသည့် မျက်နှာလေးနှင့် ကလေးဆန်သည့် အမူအရာလေးများက ထောင်ဇာခန်း၏ ကျောက်စိုင်ကျောက်ခဲတစ်ချပ်ပမာ မာကျောသော နှလုံးသားကို အရည်ပျော်စေခဲ့ရပြီဖြစ်သည်။

ချစ်မိသွားမှာစိုး၍ ချစ်သူကို ဘယ်လိုပင် ခပ်ကင်းကင်း ခပ်တင်းတင်း သူနေခဲ့သော်လည်း ခဏလေးဝေးမှာ မျက်စိအောက က ခဏလေးပျောက်သွားတာနှင့်ပင် သူ့ရင်မှာ မခံမရပ်နိုင်အောင် နာကျင်ကြေကွဲရခြင်းက မေချမ်းကို သူ့နှလုံးသွေးဖြင့် သိပ်ချစ်နေသောကြောင့် ဖြစ်သည်။





မေချမ်းကတော့ သူ့ခံစားချက်များကို နည်းနည်းလေးမှ ရိပ်မိသိရှိလိမ့်မည်မဟုတ်ပါ။

သူမအပေါ် ခက်ထန်မာကျောလွန်းသူရယ်လို့ သူနှင့်ပတ်သက်ကာ သူမစိတ်မှာ ထင်မှတ်ထားကောင်း ထင်မှတ်ထားပါလိမ့်မည်။

သည်အခြေအနေကိုလည်း ထောင်ဇာခန်း မငြင်းဆန်ခဲ့ပါ။

သူမစိတ်မှာ သူ့အပေါ် ဒီအတိုင်း ထင်ထားပါစေတော့ ဆိုသည့် သူ့ခံစားချက်များကို ဟန်ဆောင်ဖုံးကွယ်ထားသည့်စိတ်နှင့်ပင် မေချမ်း၏ အထင်လွဲမှုတို့ကို ထောင်ဇာခန်း ရင်နာနာနှင့် လက်ခံထားရပေမယ့် သူ့ရင်မှာတော့ နာကျင်နေရပါသည်။

ထောင်ဇာခန်းအနေနှင့် ဘယ်လိုပင် ရင်နာရပါစေ အလွှာတူသည့် ဘဝနှစ်ခု၊ မနီးစပ်နိုင်သည့် ဘဝနှစ်ခုကိုတော့ ဖွတ်တိုးနီးစပ်အောင် သူ မဖန်တီးချင်ပါ။

ဖန်တီး၍ရသည်ထားဦး မေချမ်းကို ချစ်သည့်စိတ်တစ်ခုတည်းနှင့် ထောင်ဇာခန်းသည် သူ့ဘဝထဲကို မေချမ်းအား ဆွဲမနှစ်ချက်နိုင်ပါ။

ချစ်သူကို ပိုင်ဆိုင်ခွင့်မရသည့်တိုင် ရင်မှာ တိတ်တခိုး အချစ်နှင့် ချစ်နေခွင့်တော့ ရှိနေနိုင်သေးသည်မို့ ထောင်ဇာခန်းသည် ချစ်သူကို ရင်နာနာနှင့်ပင် စွန့်လွှတ်ရန် ကြိုးစားသည့်ကြားက



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကို ဘယ်လိုမှ တွန်းလှန်ငြင်းဆန်မရသည့်အဖြစ်။

သည်လို မတွန်းလှန် မငြင်းဆန်နိုင်သည့်စိတ်ကြောင့်လည်း ထောင်ဇာခန်းရင်မှာ မျိုသိပ်ထိန်းချုပ်ထားရသည့် အချစ်များ မေချမ်းအပေါ် ပေါက်ကွဲသွားမိသည့်အဖြစ်တွေကလည်း သူ့ကိုယ်သူ ထောင်ဇာခန်း နောင်တမရချင်တော့ပါ။

နူးညံ့အိထွေးကာ ပွင့်ဖတ်ပွင့်ချပ်လေးများပမာ ညင်သာနူးညံ့သော အနမ်းများကိုလည်း ထောင်ဇာခန်းဘဝ ဘယ်တော့မှ မေ့ပျောက်လို့ ရတော့မည်မဟုတ်ပါ။

ဟူး။

"မေချမ်းရယ် မင်းကို ကျုပ် မတွေ့မိခဲ့ရင် သိပ်ကောင်းမှာပဲဗျာ၊ ခုတော့ ဟား"

ရင်မှာမချိသော ခံစားချက်တွေနှင့် နှလုံးသားတစ်ခုလုံးပွင့်အန်မတတ် ပေါက်ကွဲမတတ် ဖြစ်နေရသည့် သူ့ရင်ထဲက အချစ်များအတွက် ထောင်ဇာခန်းမှာ သက်ပြင်းေ နှင့်အတူ မချင့်မရဲ ဆိုလိုက်မိတော့သည်။

✡ ✡ ✡



# အခန်း (၆)

"မမေချမ်း"

မေချမ်းမှာ သူမနာမည်ကိုခေါ်ကာ နှုတ်ဆက်လာသည့် လူကို အံ့ဩသလိုကြည့်တော့ ထိုလူမှာ မေချမ်းကို ပြုံးပြကာ

"မမေချမ်း ကျွန်တော့်ကို မမှတ်မိဘူးနဲ့တူတယ်၊ ကျွန်တော် ဆွန်ကျဲလေ၊ ရွာလယ်က ကနူးခေါင်ဆိုင်းနုရဲ့သား၊ ဒါဆို မမေချမ်း မှတ်မိပါတယ်နော်"

မေချမ်း မှတ်မိသွားရသည်။

အရပ်မနိမ့်မမြင့်၊ ကိုယ်ဟန်ထွားထွားနှင့် မေးကျဉ်းသော စူးရှသော မျက်ဝန်းများကို ပိုင်ဆိုင်ထားသော ကိုဆွန်ကျဲသည် ကနူးခေါင်ဆိုင်းနု၏ သားဖြစ်ကာ သူမအား ရင်းနှီးကျွမ်းဝင်ရိပ်များဖြင့် ကြည့်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မေချမ်းမှာ ကိုဆွန်ကျဲကို ပြုံးပြလိုက်ရင်း

"ဆောရီးနော် ကိုဆွန်ကျဲ၊ ရုတ်တရက်ဆိုတော့ မေချမ်း ကိုဆွန်ကျဲကို မမှတ်မိဘူး"

"ရပါတယ်ဗျာ၊ ကျွန်တော့်ကို တောင်းပန်ဖို့မလိုပါဘူး၊ မမေချမ်း အခုလို ကျွန်တော့်ကိုသိတာပဲ ဝမ်းသာလှပါပြီ"

ရယ်မောစွာပြောနေသော ကိုဆွန်ကျဲစကားကြောင့် မေချမ်းမှာ အားနာသွားရကာ

"ကနူးရော နေကောင်းရဲ့လား ကိုဆွန်ကျဲ၊ မေချမ်းတောင် ကနူးနဲ့ မတွေ့တာကြာပြီ"

"ဟုတ်ကဲ့ ကောင်းပါတယ်၊ ကနူးတောင် မေချမ်းကို သတိရလို့ မေးနေသေးတယ်၊ မမေချမ်းအားတဲ့ တစ်ရက်လောက် ကနူးတွေ့ရအောင် လာခဲ့ပါဦး"

"ဟုတ်ကဲ့ ကိုဆွန်ကျဲ၊ ကနူးကို မေချမ်း သတိရတဲ့အကြောင်း ပြောလိုက်ပါဦးနော်"

ကနူးခေါင်ဆိုင်းနုံဆိုတာက ခင်မင်စရာကောင်းသည့် ဖော်ရွေသဘောကောင်းလွန်းကာ သူမအား ချစ်ခင်တွယ်တာလွန်းသည့် ချင်းတိုင်းရင်းသား အမျိုးသမီးကြီးတစ်ယောက်ပင် ဖြစ်သည်။

ကနူးခေါင်ဆိုင်းနုသည် ရွာလယ်ပိုင်းတွင်နေကာ သားအမိနှစ်ယောက် တောင်ယာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြု





လုပ်ကိုင်နေသူများဖြစ်သည်။

ကနူးခေါင်ဆိုင်းနုသည် ပွင့်လင်းရိုးသားကာ ခင်မင်နှစ်လိုဖွယ်ကောင်းပေမယ့် ကနူးခေါင်ဆိုင်းနု၏သား ကိုဆွန်ကျဲကတော့ ကနူးနှင့် ဆန့်ကျင်ဘက်လို့ ပြောရမည်။

မေးကျဉ်းသော မျက်ဝန်းအကြည့်များက ရမ္မက်ဆန်သော အကြည့်တွေနှင့် ထွင်းဖောက်မတတ် စူးစူးစိုက်စိုက် ကြည့်တတ်သောအကြည့်နှင့် ပြီတီတီနှင့် မတည်ငြိမ်သော မျက်နှာကြောင့် မေချမ်းသည် ကနူးကို ခင်မင်သော်လည်း ကနူးသား ကိုဆွန်ကျဲနှင့် မပတ်သက်ချင်သောကြောင့် သူမ ခပ်ကင်းကင်းနေခဲ့သော်လည်း ယခုတော့ သူမ မပတ်သက်ချင်သည့် ကိုဆွန်ကျဲနှင့်မှ တည့်တည့်လာဆုံနေရသည့်အဖြစ်။

မေချမ်းမှာ မကောင်းတတ်၍ လူမှုရေးအရ ကိုဆွန်ကျဲကို စကားပြောနေရပေမယ့် သူမရင်ထဲတွင်တော့ ရှုပ်ထွေးနောက်ကျိနေရသည်။

သူမသာ ရွာထဲ လမ်းလျှောက်ထွက်မလာပါက ကိုဆွန်ကျဲနှင့် ယခုလို သူမ တွေ့လိမ့်မည်လည်း မဟုတ်ပါ။

အခုတော့ လက်ဖက်ခြံကိုသွားသော မုန်းနွမ်း ပြန်အလာကို စောင့်ရင်း တစ်ယောက်တည်း ပျင်းပျင်းရှိတာနှင့် မေချမ်း ရွာထဲကို လမ်းလျှောက်ထွက်အလာ မထင်မှတ်ဘဲ ကိုဆွန်ကျဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရခြင်းဖြစ်သည်။

"ဒါနဲ့ မေချမ်း လမ်းလျှောက်ထွက်လာတာလား"

"ဟုတ်ကဲ့"

မေချမ်းမှ ကိုဆွန်ကျဲနှင့် စကားကြာကြာမပြောလိုသဖြင့် ပြီးပြီးရောဆိုသည့်သဘောနှင့် သူ့အမေးကို ခေါင်းညိတ်ဖြေလိုက်သည်။

တကယ်တော့ ကိုဆွန်ကျဲနှင့် သူမဆိုတာ ကန့်နှင့်ပတ်သက်ကာ သိရသည်ကလွဲလို့ သူနှင့်သူမဆိုတာ ရင်းနှီးသူများ မဟုတ်။

ကိုဆွန်ကျဲ၏ အကြည့်နှင့် မတည်ငြိမ်သည့်မျက်နှာထားကို မကြိုက်သောကြောင့် မေချမ်း ကိုဆွန်ကျဲအပေါ် ခပ်မှန်မှန် ခပ်ကင်းကင်းဝင် နေခဲ့သည်။

သူမ ဘယ်လောက်ပဲ ခပ်တင်းတင်းနေပါစေ၊ ကိုဆွန်ကျဲလိုလူကတော့ မေချမ်းအား မျက်နှာပြောင်ပြောင်နှင့်ပင် ရွတ်ရောတတ်သူ ဖြစ်သည်။

မုန်းနွမ်းထံမှ သိရသလောက် ကိုဆွန်ကျဲသည် မိန်းမရှိသူ တစ်ဦးဆိုတာ သိပြီးကတည်းက မေချမ်းသည် ကိုဆွန်ကျဲနှင့် မပတ်သက်အောင် နေခဲ့၏။

ဘယ်လိုရှောင်လွှဲပါစေ အခုလို မျက်နှာချင်းဆိုင် ဆုံရပြန်တော့လည်း မေချမ်းသည် စကားကို အလိုက်အထိုက် ပြောရပြန်လေသည်။





စကားပြောနေရင်းက သူမအား အကြည့်ရှုန်းရှုန်းစိုစိုကြီးနှင့် စိုက်ကြည့်နေသော ကိုဆွန်ကျဲအကြည့်ကို မနှစ်မြို့နိုင်အောင်လည်း ဖြစ်လာရသည်မို့

"ကျွန်မကို ခွင့်ပြုပါဦး"

မေချမ်းသည် နှုတ်ဆက်ကာ သူမကိုယ်လေးကို ချာခနဲလှည့်အထွက်

"သြော် ခဏ ခဏ မမေချမ်း"

"ရှင်"

ဟန့်တားသံနှင့်အတူ သူမရှေ့ ရောက်လာပြန်သော ကိုဆွန်ကျဲကြောင့် မေချမ်း မျက်လုံးလေး ကုတ်ကွေးသွားရသည်။

ကိုဆွန်ကျဲမှာ မေချမ်း၏ မျက်နှာတင်းတင်းလှလှလေးကိုကြည့်ကာ

"ဟို တခြားမဟုတ်ပါဘူး မမေချမ်း၊ မမေချမ်းရောက်တုန်း မေချမ်းကို ကျွန်တော် ဒီအနားပတ်ဝန်းကျင် လိုက်ပြပါရစေ"

"ကျေးဇူးတင်ပါတယ် ကိုဆွန်ကျဲ၊ ဒါပေမယ့် ကျွန်မကို ထောင်ဇာခန်း လိုက်ပို့လို့ ရောက်ပြီးပါပြီ"

ထောင်ဇာခန်းဆိုသည့် နာမည်ပါလာတော့ ကိုဆွန်ကျဲ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီး ဟန်မဆောင်နိုင်အောင် ပျက်သွားရသည်။

လက်ရုံးရည် နှလုံးရည် ဘာတစ်ခုမှ မရှိသည့် ကိုဆွန်ကဲ့လိုလူသည် ထောင်ဇာခန်းကို ဘယ်လိုမှ မယှဉ်နိုင်ပါ။

ပြီးတော့ လူချင်းယှဉ်ဦးမလား။

ထောင်ဇာခန်းဆိုတာ ယောကျ်ားပီပီသသနှင့် သန်မာတောင့်တင်းသောသူတစ်ယောက်။ ကိုဆွန်ကဲ့သည် ထောင်ဇာခန်းနှင့် ယှဉ်ပါက ဆိတ်နှင့်ဆင်လို ကွာခြားနေသူတစ်ဦး။

မိန်းမရှုပ်တတ်တာကလွဲလို့ တောင်ယာအလုပ်ကိုပင် ဘာတစ်ခုမှ ဖြစ်ဖြစ်မြောက်မြောက် မလုပ်ချင်သော ကိုဆွန်ကဲ့ကြောင့် ကနူးပင် အသက်ကြီးမှ ဦးဆောင်လုပ်နေရသည့်အဖြစ်။

ကနူးနှင့် ကိုဆွန်ကဲ့သည် သားအမိဆိုတာ ပြောလို့သာ ယုံရပါမည်။ ကိုဆွန်ကဲ့နှင့် ကနူးဆိုတာ တကယ့်ကို စိတ်ဓာတ် လုပ်ရပ်များ ကွာခြားလွန်းသူနှစ်ဦး။

ကနူးခေါင်းဆိုင်းနေသည် မျက်နှာမြင် ချစ်ခင်ပါစေဆိုသည့် ဆုတောင်းပြည့်ဝသလောက် သားဖြစ်သူ ကိုဆွန်ကဲ့တစော့ ထိုစကားနှင့် ဆန့်ကျင်ဘက်ပင်ဖြစ်သည်။

မချမ်းသည် စကားကို တိုတိုနှင့်လိုရင်းဖြတ်ကာ ထောင်ဇာခန်းအမည်ကို တမင်သုံးလိုက်ရပေမယ့် တကယ်တော့ ထောင်ဇာခန်းနှင့် သူမဆိုတာ တွေ့လို့မှ မျက်နှာချင်းဆိုင်လို့ ရသည်





သူမဟုတ်။

မချမ်းသည် ထောင်ဇာခန်းနာမည်အား ထည့်ပြောချင်၍ သူမ ပြောလိုက်သည်မဟုတ်ပါ။

ထောင်ဇာခန်းဆိုတာနှင့် ကိုဆွန်ကဲ့ မျက်နှာပျက်သွားတာ ကြည့်ပြီး မချမ်းစိတ်မှာ ကျိတ်၍ ရယ်ချင်သွားပါသည်။

မရယ်ပဲ နေမည်တဲ့လားလေ။

ယောကျ်ားပီပီသသနှင့် စကားကို လိုရင်း ခပ်ပြတ်ပြတ်ပြောတတ်သော ထောင်ဇာခန်းလိုလူတစ်ယောက်ကို ကိုဆွန်ကဲ့ ဘယ်လိုမှ မယှဉ်နိုင်၊ မယှဉ်သာမှန်း ကိုဆွန်ကဲ့ သိနေသောကြောင့် ဖြစ်သည်။

အထွေးစိတ်နှင့် မချမ်း မျက်နှာလှလှလေး ပြုံးလိုက်ပြီး "သွားလိုက်ပါဦးမယ်နော်" ဆိုကာ မချမ်းတစ်ယောက် ကိုဆွန်ကဲ့အနားမှ လှည့်ထွက်လာခဲ့လိုက်သည်။

ထိုမြင်ကွင်းကို တစ်နေရာမှနေ မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသူက ထောင်ဇာခန်းပင်ဖြစ်သည်။

ထောင်ဇာခန်းသည် လက်ဖက်ခြံမှ ပြန်အလာ မချမ်းနှင့် ဆွန်ကဲ့ နှစ်ဦးသား စကားလက်ဆုံကျနေသည်ကို မြင်လိုက်ရသဖြင့် သူ့မျက်နှာချောချောကြီးမှာ တင်းမာသွားရ၏။

ကြည့်စမ်း မချမ်းသည် ဆွန်ကဲ့နှင့် ရင်းရင်းနှီးနှီး ရယ်ကာမောကာ စကားတွေဆိုနေသည်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်ဆွန်ကျဲ ဘယ်အချိန်က ဒီလောက်ထိ ရင်းနှီးသွားရတာပါလိမ့်။

သူနှင့်တွေ့လျှင် မျက်နှာလှလှလေး တည်တင်းနေပြီး မျက်ခောင်းလေးတရှယ်ရှယ်၊ နှုတ်ခမ်းလေး တရှုရှုရှိနေတတ်သည့် သူမ ခုတော့လည်း သူ မြင်တွေ့နေသည့် မျက်နှာလေးနှင့် တခြားစီ မျက်နှာလှလှလေးထက် အပြုံးပန်းတွေ ဖူးပွင့်ဝေဆာစွာ ရှိနေသည်တဲ့လား။

မေချမ်းကတော့ သူ့ကို သတိထားမိပုံမရပါ။

ဆွန်ကျဲနှင့် တရင်းတနှီး စကားတွေဆိုကာ ပတ်ဝန်းကျင်ကို မေ့နေပုံရ၏။

ထောင်ဇာခန်း ကြည့်နေရင်းက မျက်မှောင်ကြီး တွန့်ကြုတ်လာရသည်။

သူမနှင့် စကားဆိုနေသော ဆွန်ကျဲသည် ဘယ်လိုလူစားမျိုးလဲဆိုတာ မေချမ်း မသိဘူးတဲ့လား။

မိန်းမချော၊ မိန်းမလှလေးများကို မျက်နှာပြောင်ပြောင်နှင့် အရှက်မရှိ ဝင်ရောတတ်သော ဆွန်ကျဲသည် မိန်းမအလွန်ရှုပ်သူလည်းဖြစ်သည်။

ဒါကိုပင် သူမက ဘာမှမသိဘဲ ဆွန်ကျဲလိုလူတစ်ယောက်ကို အပြုံးလှလှလေးနှင့် စကားတွေဆိုနေသည့် မြင်ကွင်းက သူ့အတွက် မချင့်မရဲဖြစ်စရာ၊ အသည်းယားစရာပင်ဖြစ်သည်။





ထောင်ဇာခန်းသည် မေချမ်းကိုကြည့်ကာ ရင်မှာ မနာလိုဝန်တိုစိတ်များ နှိုးဝင်လာရသည်။

တစ်ဆက်တည်း ရင်မှာလည်း စိုးရိမ်စိတ်မချစိတ်တွေက အရှိန်အဟုန်ပြင်းစွာ ဝင်ရောက်လာရပြန်၏။

တကယ်ဆို မေချမ်းနှင့်သူဆိုတာ တစ်ဦးနှင့်တစ်ဦး ဘယ်လိုမှ ရင်းနှီးပတ်သက်ခြင်းမရှိသည့် လူနှစ်ဦး၊ ဒါ့အပြင် မေချမ်းသည် သူ့ရင်ထဲက အချစ်များကို နည်းနည်းရိပ်မိသိရှိသူလည်းမဟုတ်။

သူ့အား ရန်သူကြီးတစ်ယောက်လို ထင်မြင်နေသော မေချမ်းသည် သူ့ရင်ထဲက အချစ်များကို ဘယ်လိုမှ သိနားလည်မည့်သူလည်းမဟုတ်ပါ။

သူ့အချစ်များကို ချစ်သူလေး ရိပ်မိသိနားလည်အောင်လည်း ထောင်ဇာခန်းသည် အပြုအမူ၊ အပြောအဆိုတွေနှင့် သူမအား ဖွင့်ဟပြခဲ့သူမဟုတ်။

ကိုယ့်စိတ်ကိုကိုယ် ဟန်ဆောင်ဖုံးကွယ်မှုတွေနှင့် ထောင်ဇာခန်း သူ့နှလုံးသားကို သူ ညာခဲ့သမျှ ခုတော့ မေချမ်းကို တခြားယောကျ်ားတစ်ယောက်နှင့် တွေ့လိုက်တာနှင့်ပင် ထောင်ဇာခန်း နှလုံးသားတစ်ခုလုံး မခံမရပ်နိုင်အောင် ဆွတ်ကျင်ကြေကွဲသွားရသည့်အဖြစ်။

စိတ်ရောကိုယ်ပါနှစ်လျက် တစ်ချိန်လုံး ခြံထဲတွင် အပျော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေနှင့် ကြည်ကြည်သာသာရှိခဲ့သမျှ မေချမ်းနှင့် ဆွန်ကျဲကိုမြင်လိုက်ရသည့်အခါမှာတော့ ထောင်ဇာခန်းရင်ထဲ မီးတောင်တစ်ခု ပေါက်ကွဲသွားရသလို ရင်မှာပူလောင်နာကျင် စိုးရိမ်စိတ်မချစိတ်တွေနှင့် ချစ်သူကို လက်လွှတ်ဆုံးရှုံးရမည့်အဖြစ်ကို တွေးကြောက်သွားရလေသည်။

မလွှယ် မလွယ်တော့ပါ။

သည်ပုံနှင့် ထောင်ဇာခန်း သူ့နှလုံးသားကို သူ ဘယ်လိုရှေ့ဆက်ထိန်းချုပ်ရမည်ဆိုတာ မသိနိုင်တော့ပါ။

သိပ်လှသော မြို့သူ ရွှေမင်းသမီးကို ချစ်မိသွားမှာစိုးကြောက်၍ မာန်တင်းကာ ဟန်ဆောင်ခဲ့သည့်ကြားကပင် နှလုံးသားမှာ မြတ်မြတ်နိုးနိုး ချစ်မိသွားရခြင်းက သူ့နှလုံးသားမှာ ပထမဦးဆုံး ပွင့်ဖူးလာရသည့် အချစ်ပန်းကြောင့်သာလျှင် ဖြစ်ပါလိမ့်မည်။

မေချမ်း၏အလှကို သူတောင် မြင်တွေ့နားလည်ခံစားတတ်သေးလျှင် သူမဟုတ်သည့် တခြားတစ်ယောက်ကရော သူ့လို မခံစားတတ်ဘဲနေမည်တဲ့လားလေ။

ဘယ်မိန်းမတစ်ယောက်အတွက်နှင့်မှ နှလုံးသား မတုန်လှုပ်ခဲ့ပါဘူးဆိုဆို မေချမ်းကို တွေ့သည့်အချိန်မှာတော့ ထောင်ဇာခန်း နှလုံးသားတွေ အဆမတန် တုန်လှုပ်မြန်ဆန်ခဲ့ရခြင်းသည် အချစ်ကြောင့်သာဖြစ်ပါသည်။





သူ့ရင်ထဲ အချိန်ကြာမြင့်စွာ ပျောက်ကွယ်နေသည့် အချစ်သည် ရုတ်တရက် ပေါ်လာရပြန်တော့လည်း ထောင်ဇာခန်းအတွက် မချစ်ခင်က လွမ်းနေရတော့မည့်အဖြစ်။

ချစ်မိသွားမှာစိုး၍ အပေါ်ယံ ဘယ်လောက်ပဲ မာန်တင်းထားပါစေ၊ မသိစိတ်က ချစ်သူကို နက်ရှိုင်းစွာ ချစ်မိသွားရသောအခါ ထောင်ဇာခန်း ရင်အစုံသည် မောလျှသွားရတော့သည်။

မေချမ်းကို ဆွန်ကျဲနှင့် ခဏတွေ့လိုက်တာနှင့်ပင် သူ့ရင်မှာ ဒီလောက်ခံစားနေရလျှင် မေချမ်းတွင် ချစ်သူသာရှိနေလျှင်ဖြင့်

"ဟူး"

ထောင်ဇာခန်း သက်ပြင်းမောချလိုက်မိသည်။

မေချမ်းနှင့်ပတ်သက်ကာ သူ့ရင်အစုံသည် မောလျှနေရသည်ဆိုလျှင် ပို၍မှန်ပေလိမ့်မည်။

စိတ်မှာ မောပန်းမှုတို့ကြောင့်လည်း ထောင်ဇာခန်း အိမ်သာရောက်လာခဲ့သည်။ စကားတစ်လုံးမျှဖြင့် မဆိုပါပေ။

ခြံထဲက ပြန်ရောက်ပါပြီဆိုကတည်းက အခန်းထဲဝင်နားရင်း မေချမ်းအား သူ့နှလုံးသားထဲသို့ ဝင်မလာနိုင်အောင် တင်းခံထားလိုက်သည်။

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဘယ်လိုဖြစ်ရတာလဲ အစ်ကိုရာ၊ အစကတော့ မမကို အစ်ကို ချစ်တယ်ဆို"

"အချစ် အချစ် အချစ်က ငါ့ဘဝအတွက် ဘယ်လောက် အရေးပါမှာမို့လို့လဲ ငိုက်စွမ်း"

"မဟုတ်သေးပါဘူးဗျာ၊ အစ်ကို မမနဲ့ပတ်သက်ပြ တစ်ခုခုဖြစ်နေလား"

သည်လိုဆိုတော့လည်း ထောင်ဇာခန်းသည် မဖြေနိုင်ပြ တွေဝေငြိမ်သက်စွာ နှုတ်ဆိတ်နေလိုက်သည်။

တကယ်တော့ ထောင်ဇာခန်း နှုတ်ဆိတ်သည်က ကို ဝမ်းနာ ကိုယ်သာသိရသောကြောင့် ဖြစ်သည်။

သို့၍လည်း ထောင်ဇာခန်းသည် မေချမ်းအား သူ





အသည်းထောင့်တစ်နေရာတွင် မေ့ဖို့ ကြိုးစားလိုက်ခြင်းဖြစ်သည်။

သို့ပေမယ့် လွယ်မည်တော့ မဟုတ်ပါ။

မေချမ်းဆိုတာက သူ့ရင်ထဲက ခိုင်မြဲနက်ရှိုင်းစွာ ချစ်မိနေရသည့် မိန်းကလေး။ ဒီမိန်းကလေးကို သူဘယ်လိုပင် မေ့ပစ်ဖို့ ကြိုးစား ကြိုးစား လွယ်မည်မဟုတ်တာကိုလည်း ထောင်ဇာခန်း သူကိုယ်သူ သိနေပါသည်။

"အစ်ကိုပြောတော့ မမက အစ်ကို့ဘဝအတွက် မရှိမဖြစ် တဲ့သူ၊ မမကို အစ်ကို့မျက်စိအောက်က အပျောက်မခံနိုင်အောင် သိပ်ချစ်တယ်ဆို၊ ခုတော့ အစ်ကိုက ပြောတာနဲ့လုပ်တာ တခြားစီပါ ပဲလားဗျာ၊ အစ်ကို့ကို ကျွန်တော် ဘယ်လိုနားလည်ရမလဲ"

သူ့အပြုအမူများကို ငိုက်စွမ်း နားမလည်ကာ မပြောနှင့် ထောင်ဇာခန်း သူကိုယ်သူပင် နားမလည်ချင်တော့ပါ။

နှလုံးသားက ဘယ်လောက်ပဲ ဆန္ဒရှိနေပါစေ။ ဦးနှောက် က မဖြစ်နိုင်ပါဆိုသော အသိနှင့် ထောင်ဇာခန်း မေချမ်းကို သူ့နှလုံး သားထဲက အပြီးထုတ်ပစ်ရန် ကြိုးစားသည့်အနေဖြင့် ခြံထဲတွင် လက်ဖက်ခူးပြီးသည်နှင့် ငိုက်စွမ်းကိုခေါ်ကာ အမဲပစ်ရန် စီစဉ်ရင်း ထောင်ဇာခန်းသည် မေချမ်းအား မေ့ပစ်တော့မည့်အကြောင်း ပြောနေ ခြင်းဖြစ်သည်။

ဒါကိုပင် ငိုက်စွမ်းမှာ သူ့စကားကို လက်မခံသလို သူ့အား



www.burmeseclassic.com

www.burmeseclassic.com



နားလည်ရခက်သော အကြည့်တွေနှင့် ပြန်ကြည့်ရင်း

"အစ်ကို ဒီလိုလုပ်တာ မကောင်းပါဘူးဗျာ၊ မမက အစ်ကို့ရင်ထဲက ခံစားမှုတွေကို ဘာမှသိတာမဟုတ်ဘူး၊ အစ်ကို့ဟာက တစ်ဖက်သတ်ခံစားပြီး တစ်ဖက်သတ် ဆုံးဖြတ်လိုက်တာ၊ အစ်ကိုလုပ်တာက အပြောင်းအလဲမြန်မနေဘူးလား"

ငိုက်စွမ်းစကားကို ထောင်ဇာခန်း ဆိုးသည် ကောင်းသည် ဘာတစ်ခုမှ ပြန်မပြောဘဲ အလိုမကျသလို မျက်ခုံးထူထူကြီးကိုသာ တွန့်ကြုတ်ထားလေသည်။

"မင်းပြောချင်တာ ဒါပဲလား ငိုက်စွမ်း၊ မင်းပြောလို့ပြီးရင် တောထဲသွားဖို့ စီစဉ်တော့"

"အစ်ကို တကယ်ပြောနေတာလား"

"ငါ ဘယ်တုန်းက နောက်ဖူးလို့လဲ"

"ကပါ:သိရင် စိတ်ဆိုးလိမ့်မယ် အစ်ကို၊ ပြီးတော့ မမ သိရင်လည်း စိတ်ကောင်းမှာမဟုတ်ဘူး၊ အစ်ကိုအားတဲ့တစ်နေ့ မမကို ရိရေကန်လိုက်ပို့ပေးမယ့်အကြောင်း ပြောထားပြီးပြီ၊ မမက လည်း သွားကြတာပေါ့တဲ့"

အကဲခတ်သလို ထောင်ဇာခန်းကိုကြည့်ရင်း ငိုက်စွမ်း မကျေနပ်သလို စကားဆိုတော့ ထောင်ဇာခန်းမှာ နှုတ်ခမ်းလေး တွန့်ရုံ မချိပြုံးတစ်ချက်ကို ပြုံးလိုက်ပြီး





"မြို့သူသွားချင်ရင် မင်းလိုက်ပို့လိုက် ,ငိုက်စွမ်း၊ ငါ မအားဘူး"

"ဟာဗျာ အစ်ကိုကလဲ" ဆိုသည့် စကားနှင့် ငိုက်စွမ်း စကားရှေ့ဆက်မလာတော့ပါ။

တကယ်တော့ ငိုက်စွမ်း ဘာပြောမည်ကို ထောင်ဇာခန်း သိပါသည်။ ငိုက်စွမ်းသည် သူ့ကို မြို့သူနှင့် ကြိတ်ကာ သဘောတူ နေသူဖြစ်သည်။

သူ့အား အစ်ကိုတစ်ယောက်လို ချစ်ရသလို၊ မြို့သူကို လည်း ခင်မင်ရင်းနှီးစိတ်ဖြင့် အစ်မရင်းတစ်ယောက်လို ချစ်နေရှာ သူဖြစ်သည်။

ဘယ်ဘဝရေစက်ရယ်မသိပါ။ ငိုက်စွမ်းနှင့် မုန်းနွမ်းသည် မြို့သူအား အစ်မရင်းတစ်ယောက်လို ချစ်ခင်တွယ်တာကာ နေရှာ သည်ကလည်း အံ့သြစရာဖြစ်သည်။

ထောင်ဇာခန်းမှာ မေချမ်းကို မြင်နေတွေ့နေရပါရက်နှင့် တစ်မိုးအောက်တွင် ချစ်သူနှင့်အတူ ရှိနေပြီး ချစ်သူကို ချစ်ခွင့်မရှိ သည့်အဖြစ်ကို သူ့နှလုံးသားက ဆက်တင်းမခံနိုင်တော့သည်မို့ ချစ်ခွင့်မသာသည့်ဘဝ မထူးတော့သည့်အတူတူ မေချမ်းကို သူ့အနေ နှင့် ရှောင်လွှဲနေရသည်သာ အကောင်းဆုံးမို့ တတ်နိုင်သလောက် မေချမ်းနှင့် ဝေးနိုင်သမျှဝေးရန် ထောင်ဇာခန်း ရင်နာနာနှင့် ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းဖြစ်သည်။

ဒါကို ငိုက်စွမ်းတို့မောင်နှမ သိမည်မဟုတ်သလို မေချမ်းလည်း သိမည်မထင်ပါ။ သိရန်လည်း သူ့အနေနှင့် မကြိုးစားတော့။

မချစ်ခင်က လွမ်းနေရသည့် နှလုံးသားခံစားမှုတွေအတွက် ထောင်ဇာခန်း မချိပြုံးနှင့်သာ ဟန်လုပ်နေလိုက်ရ၏။

"ကျွန်တော့်ကို အစ်ကို စိတ်ဆိုးရင်လည်းဆိုး၊ အစ်ကို မမကို ဒီလိုရှောင်နေတာမျိုးတော့ ကျွန်တော် မကြိုက်ဘူး၊ ကျွန်တော် ချစ်ခင်လေးစားတဲ့ အစ်ကို ထောင်ဇာခန်းဆိုတာ အရာရာကို ပြတ်ပြတ်သားသားနဲ့ ဆုံးဖြတ်ပြီးရင် နောက်မဆုတ်တမ်း ရင်ဆိုင်တတ်သူပါ၊ ခုတော့ အစ်ကိုက"

"ခုတော့ ဘာဖြစ်လဲ၊ ဆက်ပြောလေကွာ"

"မမနဲ့ပတ်သက်ပြီး အစ်ကို ဘာဖြစ်လို့ ခုလိုဆုံးဖြတ်ချက်တွေ ပြောင်းသွားရတာလဲဆိုတာ ကျွန်တော်သိချင်တယ်"

ငိုက်စွမ်းအမေးကို ထောင်ဇာခန်းသည် ဘာမှပြန်မဖြေဘဲ အတန်ကြာ တိတ်ဆိတ်ငြိမ်သက်သွားသည်။

အကြည့်များကိုလည်း ဟိုးအဝေးတစ်နေရာဆီသို့ ပို့ထားရင်း

"ငါ မညာချင်ဘူး ငိုက်စွမ်း၊ သူ့ကို ငါ သိပ်ချစ်ခဲ့တယ်၊ ငါ့ဘဝမှာ အချစ်ဆိုတာ သူနဲ့တွေ့မှ ခံစားတတ်လာတာ၊ သူနဲ့မတွေ့ခင်အချိန်ထိ ငါ့နှလုံးသားတွေဟာ အုံ့ဩစရာကောင်းလောက်အောင် မာကျောခဲ့တယ်၊ အဟွန်း ပြောမယ်ဆို ငါ့ကိုယ်ငါတောင် ချစ်မှ ချစ်တတ်ရဲ့လားလို့ ထင်ခဲ့မိတယ်၊ ဒါပေမယ့် အဲဒီအထင်တွေဟာ သူနဲ့လည်းတွေ့ရော ငါ့အတွက် အားလုံးပြောင်းလဲသွားခဲ့တယ်၊ ငါ့ဘဝမှာ သူမရှိရင် မဖြစ်ဘူးဆိုတဲ့ အသိမျိုးနဲ့ နှလုံးသားမှာ မြတ်မြတ်နိုးနိုး လေးလေးနက်နက် ချစ်ခဲ့တာကို ငါ ဝန်ခံတယ် ငိုက်စွမ်း"

စကားရှည်ကြီး ပြောလိုက်ရသဖြင့် မောသွားဟန်နှင့် ခဏငြိမ်သက်သွားသော ထောင်ဇာခန်းကို ငိုက်စွမ်းမှာ အားမလိုအားမရဟန်နှင့် ကြည့်ရင်း

"ဒါများအစ်ကိုရာ" ဆိုသည့် စကားကို မချင့်မရဲဆိုလိုက်မိသည်။

"သူ့ကို ငါ့အသက်လောက် ချစ်မြတ်နိုးပေမယ့် ချစ်တဲ့အကြောင်းကိုတော့ ငါ ဘယ်တော့မှ ဖွင့်မပြောတော့ဘူးလို့ ဆုံးဖြတ်လိုက်ပြီ ငိုက်စွမ်း"

"အစ်ကို"

"နေဦး ငါ့စကားမဆုံးသေးဘူး၊ ငါ မေချမ်းကို ချစ်တာ သူ့ဘဝလေးကို ငါ့ရဲ့ကြမ်းတမ်းလွန်းတဲ့ဘဝထဲ ဆွဲခေါ်ဖို့မဟုတ်ဘူး၊ တစ်သက်လုံး ရွှေပေါ်မြတင်နေလာခဲ့တဲ့ မေချမ်းကို ငါ ဘယ်





စိုးမိုး - စာပေ

www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲချစ်ချစ် အရွှာချင်းမတူတဲ့ ကြမ်းတမ်းလွန်းတဲ့ ငါ့ဘဝထဲ ဆွဲမခေါ်ရက်တာ သူ့အပေါ် ငါထားတဲ့ စေတနာပဲ၊ ငါ့ဘဝမှာ သူ့ကို မပိုင်ဆိုင်ရပေမယ့် သူ့ကိုချစ်တဲ့ အချစ်တွေနဲ့ပဲ ငါ ကျေနပ်နေမှာပါ”

“ဟာ မဟုတ်ဘူး အစ်ကို၊- မဟုတ်သေးဘူး၊ အစ်ကို မမအပေါ် စေတနာထားတယ်ဆိုပေမယ့် အစ်ကို့အချစ်က သူ့ရဲ့ သောကြောင်တဲ့အချစ်၊ မစွန့်စားဝံ့တဲ့အချစ်မျိုး ဖြစ်နေပြီ၊ တကယ် ချစ်ရင် ချစ်တဲ့သူတိုင်းမှာ ဂုဏ်၊ အခွင့်အတန်း၊ အလွှာမတူတာတွေ ဆိုတာ မရှိတော့ပါဘူးအစ်ကို၊ အစ်ကို မမကို ချစ်တဲ့အချစ်က အပင်မှာပွင့်နေတဲ့ ပန်းလေးကို အလှကြည့်ရုံသက်သက် ချစ်သလို မျိုး ချစ်နေနိုင်ပေမယ့် အစ်ကို့နှလုံးသားကိုတော့ အစ်ကို ဒီထက်ပိုညာ လို့မရပါဘူး”

ထောင်ဇာခန်းကိုယ်ကြီးမှာ ဆတ်ခနဲ တုန်သွားရလေသည်။ ဘာတဲ့ အစ်ကို့နှလုံးသားကို အစ်ကို ဒီထက်ပိုမညာနိုင်ပါဘူး တဲ့လား။

ငိုက်စွမ်းစကားက သူ့အရိုက်ကို ဖွင့်သွားရသည်မို့ ထောင်ဇာခန်း တုန်လှုပ်သွားရသည်။

ဘဝအခြေအနေတွေ ကွာခြားလွန်းသည့် အနေအထား မေချမ်းကို သူ ဘယ်လိုဝင် မေ့လိုက်ပါတော့မည်ပြောပြော တကယ်





တမ်း မေ့ပစ်ဖို့ဆိုတာက သူ့အနေနှင့် လွယ်သည့်အလုပ်မဟုတ်။

မလွယ်၍ မေချမ်းအချစ်ကို သူ ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားဖို့ဆိုတာက ထောင်ဇာခန်းအနေနှင့် ပို၍မလွယ်ကူသည့် အဖြစ်။

“အစ်ကို့ရင်မှာ ဒီလို တအုံနွေးနွေး ခံစားနေမယ့်အစား ဘာပဲဖြစ်ဖြစ် မမကို အစ်ကို ဖွင့်ပြောလိုက်ပါလား”

“မဖြစ်သေးပါဘူးကွာ”

မျက်ခုံးကြီး တွန့်ကြုတ်ထားရင်းက ထောင်ဇာခန်း အားလျော့စွာ ဆိုလိုက်သည်။

“ဘာလို့မဖြစ်ရမှာလဲ အစ်ကို၊ အစ်ကို ကျွန်တော်တို့ကို အမြဲပြောနေတဲ့ စကားရှိတာပဲ၊ ယောကျ်ားဆိုတာ မဖြစ်ဘူးဆိုတဲ့ စကား မပြောရဘူးဆို၊ မဖြစ်သေးတာကို ဖြစ်အောင်လုပ်ရမယ်ဆိုတဲ့ အစ်ကိုပြောခဲ့တဲ့စကား အစ်ကိုမေ့နေပြီလား”

မမေ့ပါ။ သူ့အနေနှင့် ဘယ်တော့မှလည်း မေ့လိမ့်မည် မဟုတ်။

သို့ပေမယ့် အခြေအနေက မတူ။

တခြားကိစ္စဆိုလျှင် ထောင်ဇာခန်း နောက်မဆုတ်တမ်း ရဲရဲဝံ့ဝံ့ ရင်ဆိုင်လိုက်မှာဖြစ်ပေမယ့် အခုကိစ္စက သူ့အတွက် အင်မတန် နူးညံ့သိမ်မွေ့သည့် နှလုံးသားကိစ္စ။



www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက် စကားတွေ အချီအချပြောနေစဉ်မှာပင် မေချမ်းအရိပ်ကို ထောင်ဇာခန်း လှစ်ခနဲ လှမ်းမြင်လိုက်ရသည်မို့

"သွားတော့ ငိုက်စွမ်း၊ ဟိုမှာ မေချမ်း လာနေပြီ"

"အစ်ကိုကကော"

"ကျွတ် မရှိဘူးလို့ ပြောလိုက်ကွာ"

ပြောပြီး ထောင်ဇာခန်းသည် အခန်းထဲသို့ ဝင်သွားသည်မှာ ငိုက်စွမ်း တားချိန်မရလိုက်။

မေချမ်းကတော့ ဒီအဖြစ်တွေမသိပါ။ အပြုံးလှလှလေးနှင့် ငိုက်စွမ်းရှိရာသို့ ရောက်လာပြီး

"ဘယ်လိုလဲ ငိုက်စွမ်း၊ လက်ဖက်ခြံမှာ အလုပ်တွေလည်း ပြီးသွားပြီ၊ မမကို ရိရေကန်ပို့ပေးမယ်ဆို၊ မေ့နေပြီလား"

ပြောထားသည့်စကားကို သတိတရနှင့် ကလေးတစ်ယောက်လို ကြည်စင်သော မျက်နှာလေးနှင့် ပြုံးပြုံးရွှင်ရွှင်မေးနေသော မေချမ်းကို ငိုက်စွမ်းမှာ အားနာသလိုကြည့်ရင်း

"မမေ့ပါဘူး မမ၊ မသွားမယ်ဆို အသင့်ပါပဲ"

"အဟင်း ဟင်း ဟင်း မမက စတာပါကွယ်၊ ငိုက်စွမ်းတို့ အားတဲ့အချိန်မှာ သွားလည်းရပါတယ်"

"ခုတော့ အလုပ်တွေအားသွားပါပြီ၊ မမသွားချင်တဲ့အချိန်





ပြောပါ၊ အစ်ကိုကတောင် ပြောနေသေးတယ်၊ မမကို ရိရေကန်လိုက်ပို့မယ့်အကြောင်း"

"သေစမ်းကွ" ဆိုသည့်စကားကို ထောင်ဇာခန်းသည် အခန်းတွင်းမှနေ၍ ကြုံးဝါးဆိုလိုက်မိတော့သည်။

"ရပါတယ် ငိုက်စွမ်းရယ်၊ သူ အလုပ်မအားလည်းနေပါစေ၊ တော်ကြာ မင်းအစ်ကို လူ့ခွစာက မမကို လိုက်ပို့ပေးရတာ ရှုပ်တယ်ဆိုပြီး ဒေါပွနေဦးမယ်"

မေချမ်းစကားကို အခန်းထဲမှ အားလုံး ပြန်ကြားနေရသည့် ထောင်ဇာခန်း မျက်နှာချော်ချော်ကြီးမှာ မည်းခနဲ ဖြစ်သွားပါသည်။

မေချမ်းသည်လည်း သူ့အပေါ် အမြင်မကြည်ပါလားဆိုသောအတွေးနှင့် ထောင်ဇာခန်းရင်မှာ နင့်ဖြာသွားရသည်။

ငိုက်စွမ်းမှာ မပြောလည်သည့် ထောင်ဇာခန်းနှင့် မေချမ်းကြား ရင်မောသွားရသည်။

အစ်ကို ထောင်ဇာခန်းသည် သူမှန်သည်ထင်လျှင် ဇွတ်လုပ်တတ်သလို မမမေချမ်းသည်လည်း မှန်တယ်ထင်လျှင် နောက်မဆုတ်တတ်သည့်သူ။

အသွင်တူသူနှစ်ဦး မတည့်ကြသည်မှာ ဆန်းတော့ မဆန်းပါပေ။ အဲ ဆန်းနေသည်က သူတို့နှစ်ဦး၏ စိတ်ပင်ဖြစ်သည်။

အစ်ကို ထောင်ဇာခန်းသည် မမမေချမ်းကို ချစ်နေပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မမမေချမ်းကတော့ အစ်ကိုထောင်ဇာခန်းကို မုန်းနေသူ။

သည်ပုံနှင့် သူတို့နှစ်ဦး ရှေ့ဆက်ဖို့ဆိုတာ။

"ဟင်း"

သက်ပြင်းမောတစ်ချက် ငိုက်စွမ်း ချလိုက်သည်။ အစ်ကိုထောင်ဇာခန်းနှင့် မမမေချမ်းစိတ်ကို ငိုက်စွမ်း သိနေသည်မို့ အခြေအနေသည် ထင်သလောက် မလွယ်ကူနိုင်ပါ။

"မမပြောတာ ကြားရဲ့လား ငိုက်စွမ်း"

"ဗျာ"

"ဟို မမ ဘာပြောလိုက်တာလဲ"

အတွေးလွန်သွားရသော ငိုက်စွမ်းမှာ မေချမ်းစကားကို မကြားလိုက်ပါ။

မေချမ်းသည် အပြုံးလှလှလေးနှင့် ငိုက်စွမ်းကို ကြည့်ကာ

"ကြည့်စမ်း မမမောင်ကတော့လေ တကတည်းပါပဲ၊ မမမှာတော့ မင်း မမစကားကို နားထောင်နေတယ်ဆိုပြီး ပြောလိုက်ရတဲ့ စကားတွေ၊ ခုတော့"

"ဆောရီးပဲ မမရယ်၊ ကျွန်တော် တကယ် တောင်းပန်ပါတယ်"

ငိုက်စွမ်းမှာ တကယ်ပင် အားနာစွာ တောင်းပန်လိုက်မိသည်။





"တောင်းပန်စရာမလိုပါဘူး၊ မမမင်းကို စတာပါ"

"ဟူး တော်ပါသေးရဲ့ဗျာ၊ ကျွန်တော်က မမ စိတ်ဆိုးသွားပြီ မှတ်လို့"

"ခစ် ခစ် စိတ်ချ ငါ့မောင်တို့မောင်နှမကို မမ ဘယ်တော့မှ စိတ်မဆိုးဘူး၊ အဲ စိတ်ဆိုးရင်းဆိုး မင်းအစ်ကို လူနွံစာကြီးကိုပဲ မမ စိတ်ဆိုးမှာ"

"ဗုဒ္ဓေါ"

စကားပြောနေရင်းမှ မဆီမဆိုင် သူ့နာမည်ပါလာသည်မို့ ထောင်ဇာခန်း မျက်လုံးပြူးသွားလေသည်။

သည်မိန်းကလေး ဘယ်လိုပါလိမ့်။ ကြည့်ရတာ သူ့အပေါ် သူမလေး တော်တော်ပင် အမြင်မကြည်ဖြစ်နေပုံရလေသည်။

တကယ်တော့ သူမလေး ဒီလိုဖြစ်သည်ကလည်း အပြစ်တော့ မပြောသာပါပေ။

လူချင်းမှ မတွေ့ရသေး။ နာမည်ကြားရတာနှင့်ပင် ရင်ထဲမကြည်မလင်ဖြစ်ခဲ့ရသော ထောင်ဇာခန်းသည် သူမလေးကို တွေ့လိုက်ရမြင်လိုက်ရချိန်တော့လည်း နှလုံးသားတစ်ခုလုံး လှုပ်ခါသွားမတတ် ခံစားလိုက်ရသည်မို့ ကိုယ့်ကိုကိုယ် မာန်တင်းကာ သိပ်လှသော သူမကို ချစ်မိသွားမှာစိုးသောကြောင့် မာန်တင်းကာ ခက်ထန်စွာ နေခဲ့သမျှ အခုတော့ မေချမ်းသည် သူ့အား ကောင်းကောင်း အထင်

www.burmeseclassic.com



လွဲနေရပြီဖြစ်သည်။

သည်အထင်လွဲမှုကို ထောင်ဓာခန်းသည် သူ့အနေနှင့် အဖြစ်မှန်ကို ဖြေရှင်းဖို့ရာလည်း မဖြစ်နိုင်ပြန်။

ရှင်းပြလိုက်တာနှင့် သူ့ရင်ထဲက မျိုသိပ်ထားသမျှ အချစ်တို့ကို သူမလေး မြင်တွေ့သွားနိုင်သည်။

သည်အဖြစ်ကိုလည်း ထောင်ဓာခန်း အဖြစ်မခံနိုင်သေးပါ။ ချစ်ပါသည်။ ချစ်သည်မှာ ရင်မှာ ဘာနှင့်မှနှိုင်းပြစရာမရှိအောင် ချစ်ရပါသည်။

ချစ်ပေမယ့် သူ့ရင်ထဲ အချစ်များကို သူမလေး သိသွားမှာလည်း ထောင်ဓာခန်း မလိုလားပါ။

ခက်တော့တာပါပဲဆိုသည့် အတွေးစိတ်တို့နှင့် ထောင်ဓာခန်း နဖူးပေါ်လက်တင်ကာ မျက်ဝန်းများကို မှိတ်လိုက်သည်ဆိုရင်ပဲ မေချမ်း၏ ချိုကြည်သာယာသော အသံလေးက ထောင်ဓာခန်း နားထဲသို့ တိုးဝင်ရောက်လာရသည်။

"ငိုက်စွမ်းတစ်ယောက်တည်းလား"

"မဟုတ်၊ အဲ ဟုတ်တယ် မမ"

အစ်ကိုလည်း ရှိသည်ဟု ပြောမည်လုပ်ပြီးမှ ရုတ်တရက် အစ်ကို မမမေချမ်းကို ရှောင်နေသည့်အဖြစ်ကို သတိရသွားကာ အစ်ကို မရှိဘူးဟု ပြောလိုက်ပြီးမှ ငိုက်စွမ်းသည် မလုံမလဲနှင့်





နောက်ကြောင်းမအေးသလိုမျိုး ထောင်ဓာခန်း အခန်းရှိရာဘက်သို့ လှမ်းကြည့်လိုက်သည်။

မေချမ်းမှာမူ မလုံမလဲဖြစ်နေသော ငိုက်စွမ်းကို သတိမထားမိဘဲ

"မင်းအစ်ကို ကိုရန်လိုတစ်ယောက်ကော ဘယ်သွားနေလို့လဲ"

"ဟို ခြော် အစ်ကို ရွာတောင်ပိုင်းက အစ်ကို့သူငယ်ချင်း ခုတ်ကျင်းစမ်းတို့ဆီသွားတယ်၊ ဘာဖြစ်လို့လဲ မမ"

"ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပဲ မေးကြည့်တာပါ၊ တော်ကြာ သူ ရှိနေတုန်း သူ့အကြောင်း ပြောတယ်ဆိုပြီး မမကို ရန်လုပ်နေမှာစိုးလို့လေ"

"အဟွန်း ဟွန်း ဟွန်း"

မေချမ်း၏ကလေးဆန်ဆန်စကားကို သဘောကျသွားရသော ထောင်ဓာခန်းမှာ အခန်းတွင်းမှနေ သွားစွယ်လေးများပေါ်သည်အထိ ခပ်လွန့်လွန့် ကျိတ်ရယ်လိုက်မိသည်။

ကြည့်ရတာ မေချမ်းသည် သူနှင့်စကားများခဲ့ရသည့် အဖြစ်ကို သူမစိတ်မှာ ယခုတိုင် မှတ်ထားပုံရပါ၏။

မှတ်ထား၍လည်း သူမ ထိုစကားကို သတိတရနှင့် ဆိုနေခြင်းဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"မကတော့ မုန်းနွမ်းပြောပြလို့ သိရပြီးကတည်းက ရိရေကန်ကို အရမ်းရောက်ဖူးချင်နေတာ"

"ရောက်ရမှာပေါ့ မမရယ်၊ အစ်ကိုနဲ့ စီစဉ်ပြီး မမကို လိုက်ပို့ပေးပါမယ်"

"သူ လိုက်မပို့ချင်လည်း ဖွင့်ပြောမနေပါနဲ့၊ မမနဲ့ ငိုက်စွမ်းတို့မောင်နှမ သွားလည်းရတာပဲ"

ရတော့ရပါသည်။ အစ်ကိုပါတော့ ပိုပြီး ပျော်ဖို့ကောင်းတာပေါ့ဆိုသည့် စကားကိုတော့ ငိုက်စွမ်း မမမေချမ်းအား မပြောဖြစ်တော့ပါ။

မေချမ်းအနားက ထွက်သွားသည်နှင့် ငိုက်စွမ်းသည် ထောင်ဇာခန်းအခန်းရှိရာသို့ ရောက်လာကာ

"အစ်ကိုလုပ်တာ မမကို သိပ်အားနာဖို့ ကောင်းတာပဲဗျာ"

မျက်နှာကြီး မသာမယာနှင့် အပြစ်တင်သလို ဆိုလာသော ငိုက်စွမ်းကို ထောင်ဇာခန်းသည် မျက်ဝန်းများ မှေးကျဉ်းလျက် ပြန်ကြည့်ရင်း

"မင်းစကားက ဘာလဲကွ၊ မြို့သူကို အားနာရအောင် ငါ ဘာလုပ်လို့လဲ"

"အစ်ကို မမကို ခုလိုရှောင်နေတာ မကောင်းပါဘူး"





"မတတ်နိုင်ဘူး၊ ငါမှ သူ့ကို မတွေ့ချင်တာ"

"မတွေ့ချင်လို့ မရဘူး အစ်ကို၊ အစ်ကိုလည်း ပြောတာကြားလိုက်တာပဲ၊ မမက ရိရေကန်ကို သွားချင်နေတာ"

"အဲဒါ ဘာဖြစ်လဲ၊ မင်းနဲ့မုန်းနွမ်း လိုက်ပို့ပေးလိုက်ပေါ့"

"ဖြစ်မလား အစ်ကိုရ"

"မဟုဘ်သေးပါဘူး အစ်ကိုရာ၊ ကပါးကလည်း အစ်ကို့ကို ကိုယ်တိုင် လိုက်ပို့ပေးဖို့ ပြောထားတာပဲ၊ ပြီးတော့ အစ်ကိုမပါဘဲ သွားရတယ်ဆိုရင် မမစိတ်ထဲမှာဘယ်လိုဖြစ်သွားမလဲ၊ အစ်ကိုပဲ ပြောတယ်လေ၊ မမကို အစ်ကို့ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူးဆို"

ထောင်ဇာခန်း တွေဝေသွားရသည်။

ငိုက်စွမ်းပြောသည့် စကားများသည်လည်း မမှားပါ။ မေချမ်း သူ့ကြောင့် စိတ်ထိခိုက် ခံစားရသည်ကို မမြင်ချင်ပါ။

မမြင်ချင်၍လည်း ထောင်ဇာခန်းသည် ဆုံးဖြတ်ချက်တစ်ခုကို ချခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်က တခြားမဟုတ်။ ဘာအတွက်နှင့်မှ မေချမ်းကို သူ့ကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေရဆိုသည့် ဆုံးဖြတ်ချက်ပင်ဖြစ်သည်။

ထိုဆုံးဖြတ်ချက်ကို ငိုက်စွမ်းက အမိအရ သူ့အား ချုပ်ကိုင်မေးလာတော့ ထောင်ဇာခန်း အခြေခက်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိမှတော့ ချစ်တဲ့သူကို ဘာအတွက်နှင့်မှ စိတ်မဆင်းရဲစေလိုတော့ပါ။

ချစ်သူကို မေ့နိုင်ဖို့ ကြိုးစားသည့်ကြားက ထောင်ဇာခန်း ဘယ်လိုမှ ကြိုးစား၍မရအောင် ဖြစ်ရသောအခါ မဖြစ်မှတော့ ဖြစ်အောင်သာ လုပ်ဖို့ရှိတော့သည်မို့ ထောင်ဇာခန်း သူ့နှလုံးသားကို သူ အရှုံးပေးလိုက်မိပါတော့သည်။

✡ ✡ ✡



## အခန်း (၈)

တစ်ညလုံး အတွေးတွေနှင့် ရှိနေခဲ့သည့် မေချမ်း။ မနက်စောစောရောက်တော့လည်း အိပ်ရာမှ အသင့်နိုးနေရပြီဖြစ်သည်။

မနိုးဘဲ နေမည်တဲ့လားလေ။

သူမ သိပ်ကိုရောက်ဖူးချင်သည့် နေပြည်နယ်တွင် ထင်ရှားကာ နာမည်ကြီးသည့် ရိုးရေကန်ကို သွားရမည်ဆိုကတည်းက မေချမ်းရင်ထဲ အပျော်တွေနှင့် ရှိနေခဲ့ရသူဖြစ်သည်။

တကယ်တမ်း သွားရမည်ဆိုတော့လည်း မေချမ်းတစ်ညလုံး ကောင်းကောင်း အိပ်မပျော်နိုင်တော့ပါ။

မေချမ်းအကျင့်က ဒီလိုပင်ဖြစ်သည်။ ခရီးတစ်ခုခုကို သွားရတော့မည်ဆိုတာနှင့် ရင်မှာ စိတ်လှုပ်ရှားမှုတွေနှင့် ကလေးငယ်တစ်ယောက်လိုပင် အိပ်မပျော်အောင် ဖြစ်တတ်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်အကျင့်ကို မေချမ်းကိုယ်တိုင် မကြိုက်ပေမယ့် ပြင်လို့ကလည်း မရတော့။

မတတ်နိုင်။ ပြင်လို့မရသည့် အကျင့်ကို မေချမ်းသည် အချိန်ကုန်ခံကာ ပြင်မနေတော့ဘဲ သူမ အိပ်ရာမှထလိုက်သည်။

သည့်နောက် အကြည့်များက မုန်းနှမ်းရှိရာသို့ ရောက်ရှိသွားတော့ မုန်းနှမ်းက ဘယ်အချိန်က အိပ်ရာက ထသွားသည် မသိပါ။ အိပ်ရာထဲတွင် မရှိတော့။

ထောင်စခန်းဦးဆောင်ကာ ရိုရေကန်ကို သွားမည့် အကြောင်း ကပါးတို့ ပြောပြပြီးကတည်းက မုန်းနှမ်းသည်လည်း ကလေးတစ်ယောက်လို ပျော်ရွှင်နေသည်ကို မေချမ်း တွေ့ခဲ့ရလေသည်။

အေးလေ သူ့ခမျာလည်း အိမ်အလုပ် တောင်ယာအလုပ် ခြံအလုပ်တွေနှင့် မအားနိုင်အောင်ရှိသလို တစ်ဖက်ကလည်း ပညာရေးကိစ္စရှိသေးသည်မို့ တစ်နေ့တစ်နေ့ သူမကိုကြည့်လိုက်တိုင်း အားသည်ဆိုတာ မရှိသလောက်ပင်ဖြစ်သည်။

ခုလို အားသည့်အချိန်လေးမှာ တစ်ဖွဲ့ကြီး ခရီးသွားရမည် ဆိုသောအခါ ကလေးဆန်သော မုန်းနှမ်းသည် ဘယ်လောက် အပျော်လွန်နေရှာသည်မသိပါ။ သူမဘေးတွင် အိပ်နေသော မုန်းနှ သည် ဘယ်အချိန်က အိပ်ရာက ထသွားသည်ကိုပင် မေချ





မသိလိုက်ပါ။

အိပ်ရာမှထလာသော မေချမ်းသည် ဧည့်ခန်းကို ဖြတ်ကျော်သည်နှင့်

"ဟော မမနိုးပြီလား"

"ကြည့်စမ်း မုန်းနှမ်းက သွားဖို့အားလုံးတောင် ပြင်ဆင်ပြီးနေပြီပဲ၊ ပြောပါဦး ဘယ်အချိန်က အိပ်ရာထသွားလဲဆိုတာ"

"ခစ် ခစ် ခစ်"

"မုန်းနှမ်းက မမ အိပ်ရေးပျက်မှာစိုးလို့ သိလား၊ မုန်းနှမ်း ပြောရင် မမ ယုံမလားမသိဘူး၊ တစ်ညလုံး မုန်းနှမ်း မအိပ်ဘူး မမရဲ့"

"ဘုရားရေ တစ်ညလုံး မုန်းနှမ်း မအိပ်ဘူးဟုတ်လား"

အံ့သြရသည်မို့ မေချမ်းမှာ မျက်လုံးပြူးလေးနှင့် ဆိုလိုက်သည်။

"အင်း ဟုတ်တယ်၊ မုန်းနှမ်း ရိုရေကန်ကို ရောက်ဖူးပါတယ်၊ ဒါပေမယ့် အခုလို မမနဲ့သွားရမယ့် ခရီးလိုမျိုးတော့ မုန်းနှမ်း တော်လှပ်ရှားမှုမျိုး တစ်ခါမှ မဖြစ်ဖူးဘူး သိလား"

"ဟောတော့ ဒါဖြင့် မုန်းနှမ်း အိပ်မပျော်တာ မမကြောင့် ပေါ့ ဟုတ်လား"

"ခစ် ခစ် ဟုတ်တယ် ဟုတ်တယ်၊ အဲဒါဘာကြောင့်လဲ



www.burmeseclassic.com

www.burmeseclassic.com



မမသိလား"

"ဟင့်အင်း"

"မုန်းနှမ်းချစ်တဲ့မမနဲ့အတူ ခရီးသွားရမှာမို့လို့ပေါ့"

ပြောရင်းက မေချမ်းကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်ကာ သူမပါးပြင်မို့မို့လေးကို ရွှတ်ခနဲ ရှိုက်ကာ နမ်းလိုက်တော့

"ကြည့်စမ်း [illegible]မလေး၊ သိပ်စကားတတ်တယ် သိလား"

မုန်းနှမ်း၏ ပါးပြင်ကို မနာကျင်အောင် ခပ်ဖွဖွဖျစ်ညှစ်ရင်း မေချမ်း ချစ်စနိုးလေး ဆိုလိုက်သည်။

"မုန်းနှမ်းရေ"

"ဟော အစ်ကိုလည်း နိုးနေပြီ၊ မမသွားဖို့ ပြင်စရာရှိတာတွေ ပြင်တော့နော်"

ထောင်ဇာခန်းအသံကို ကြားလိုက်ရတည်းက ခရီးသွားဖို့ မေချမ်းသည် သူမကိုယ်သူမ ဘာတွေ ပြင်ဆင်ရတော့မည်ဆိုတာကို နားလည်ရပြီဖြစ်သည်။

တော်ကြာ မြို့သူကြောင့် ခရီးနောက်ကျရပါတယ်လို့လည်း မေချမ်း အပြောမခံနိုင်။

ဖြစ်နိုင်လျှင် မေချမ်းသည် သူ့အပြောအဆိုအောက်က လွတ်အောင်သာ နေချင်ပါ၏။





နေရုန်လည်း စိတ်ကူးထားသည်မို့ မေချမ်းသည် မျက်နှာသစ်ကာ ခြေလက်သန့်စင်ပြီးနောက် အဝတ်အစား အမြန်လဲလိုက်သည်။

ရာသီဥတုသည် အေးချမ်းလွန်းရသည်မို့ မေချမ်းနှုတ်မှ တဟီးဟီးနှင့်ညည်းရင်း ကြည်ပြာလွှင်လွှင် ဝတ်စုံလေးထက် အဖြူရောင် သားမွေးကုတ်အင်္ကျီကို ထပ်ဝတ်လိုက်သည်။

မျက်နှာလှလှလေးကို မေချမ်းမှာ အထူးတလည် ဘာမှ မပြုပြင်တော့ဘဲ နှုတ်ခမ်းဆိုးဆေး ချော့ကလက်ရောင်လေးကို ဆိုးလိုက်ရုံနှင့် မေချမ်း အလှပြုပြင်မှုက ပြီးဆုံးသွားရသည်။

ဘဝကော အလှပါ ဆုတောင်းကောင်းလွန်းသော မေချမ်း၏ ပင်ကိုယ်အလှသည် မပြုပြင်ဘဲနှင့်ကို အရောင်တစ်မျိုး ဖြာထွက်လျက် လွန်စွာ လှပလွန်းနေသူဖြစ်သည်။

မေချမ်း ပြင်ဆင်ပြီးသွားသည့်အချိန်မှာတော့ မုန်းနှမ်းသည်လည်း မေချမ်းရှိရာသို့ ရောက်လာကာ

"မမ အစ်ကိုက မေးခိုင်းလိုက်တယ်၊ သွားဖို့ အသင့်ဖြစ်ပြီလားတဲ့"

ထင်ပါသည်။ ထောင်ဇာခန်းသည် စိတ်ရှည်တော့သည့်သူ မဟုတ်ဆိုတာ။ မေချမ်းမှာ ဒီအရေးကို ကြိုတွေးမိ၍လည်း



www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်သူမ အမြန်ပြီးစီးအောင် ပြင်ဆင်လိုက်ခြင်းဖြစ်သည်။

"သွားမယ်လေ မုန်းနှမ်း"

အဖြူရောင် သိုးမွေးဦးထုပ်လေးကို ခေါင်းတွင်ဆောင်းပြီးသည်နှင့် မေချမ်းသည် မုန်းနှမ်းနှင့်အတူ အခန်းထဲက ထွက်လာခဲ့သည်။

အပြင်တွင် အလင်းရောင်က ပီပီပြင်ပြင်မရှိသေး။ နှင်းမှုန်များက ခပ်မှုံမှုံ ခပ်ဖွဲဖွဲကျနေဆဲ။

မေချမ်းမှာ သူမကို မှောင်ရိပ်ထဲမှနေ တစ်ဦးတစ်ယောက်စူးစိုက်ကြည့်သလို မသိစိတ်နှင့် ရင်မှာခံစားရသည်မို့ သူမအကြည့်များက စိတ်မှန်းနှင့် ထိုနေရာသို့ ရောက်ရှိသွားတော့

"အို"

ဝေ့ခနဲ ကျီစယ်တိုးဝှေ့သွားသည့် မြောက်ပြန်လေကြောင့် ချမ်းအေးရသည့်ကြားက မေချမ်းရင်မှာ လှိုက်ခနဲ လှုပ်ရှားသွားရကာ ရင်ခုန်သံတွေသည် တဒိတ်ဒိတ်နှင့် သွေးခုန်နှုန်းများပင် မြန်ဆန်သွားရသလို။

ဘုရားရေ။

ကြည့်စမ်း သူ ထောင်ဇာခန်း။ သူမကို မှောင်ရိပ်ထဲမှ စိုက်ကြည့်နေသည်တဲ့လား။

ခပ်မှိန်မှိန် အလင်းရောင်အောက်ကြားမှ သူ့ပုံစံ သူ့အရပ်





အမောင်းကို မေချမ်း မှတ်မိလိုက်ရသည်။

"အားလုံး သွားလို့ရပြီလား မုန်းနှမ်း"

မသဲကွဲသည့် အလင်းရောင်ထဲသို့ ဝင်လာကာ သူမကို ကျော်လျက် မုန်းနှမ်းကို ဦးတည်ကာ မေးလိုက်သော ထောင်ဇာခန်းကြောင့် မေချမ်း နှုတ်ခမ်းအတွင်းသားလေးကို မသိမသာ ဖိကိုက်လိုက်ရင်း သူမအကြည့်စူးစူးလေးက သူ့ထံ ဖျတ်ခနဲရောက်ရှိသွားရသည်။

"အိမ်ဃ် လူပုံက ရှိုးတွေမိုးတွေနဲ့ပါလား၊ ဝတ်ထားတာမင်းသားစတိုင်လ်ပဲ၊ သူ့ကိုယ်သူ ဘာများထင်နေတယ် မသိပါဘူး"

ဂျင်းအောင်းဘီနက်ပြာ၊ တီရှပ်အဖြူဆွတ်ဆွတ်နှင့် ဆံပင်များကို ဘေးသို့ ခပ်ယိုင်ယိုင် ခွဲထားသည့် ထောင်ဇာခန်းပုံစံက မေချမ်းမျက်စိထဲ အမြင့်တစ်မျိုးဆန်းကာ ကြည့်လို့ကောင်းနေရပေမယ့် မေချမ်းမှာ သူ့အပေါ် အမြင်မကြည်ရသည့်စိတ်ကြောင့် ထောင်ဇာခန်းအပေါ် အကောင်းမမြင်နိုင်အောင် ရှိနေရသည်။

မေချမ်းမှာ မျက်မှောင်လေးကုပ်ကာ ပခုံးလေး တစ်ချက်တွန့်လိုက်ပြီး

"ပုံစံက မျက်နှာထားကြီးနဲ့၊ သူလိုက်ပို့ပေးရတယ်ဆိုပြီး မျက်နှာကြီး တင်းနေလိုက်တာများ၊ တစ်လောကလုံးကို သူလုပ်ကျွေးထားရတဲ့ပုံစံနဲ့၊ တကယ်ဆို ငါကလည်း ဒီခရီးကို သူနဲ့သွား



www.burmeseclassic.com

www.burmeseclassic.com



ချင်တာမဟုတ်ပေမယ့် ကပါးက သူနဲ့သွားရမယ်ဆိုလို့သာ လက်ခံလိုက်ရတာ၊ ဒီလူနဲ့ ဖြစ်နိုင်ရင် မျက်နှာချင်းဆိုင်ချင်တာ မဟုတ်ဘူး"

မြင်နေကျပုံစံနှင့်တခြားစီ သပ်သပ်ရပ်ရပ်နှင့် ကြည့်၍ကောင်းနေရသော ထောင်ဇာခန်းကို မေချမ်းစိတ်မှာ မကျေနပ်သမျှဆိုနေလိုက်သည်။

သို့ပေမယ့် ဒီအတွေးက ခဏသာဖြစ်ပါသည်။

မြူနှင်းများ ဝေနေသည့် မနက်ခင်းစောစောအချိန်မှာ တစ်ဖွဲ့ကြီး ပျော်ပျော်ပါးပါး ခရီးသွားရသည်မှာ ပျော်စရာ။

သည်ခရီးတွင် အပျော်ရွှင်ဆုံးက ငိုက်စွမ်းနှင့်မုန်းနှမ်း။

ငိုက်စွမ်းတို့မောင်နှမ မေချမ်း၊ ထောင်ဇာခန်းတို့နှင့် အခုလိုသွားရသည်ကို စိတ်မှာ အကျေနပ်ကြီး ကျေနပ်တာ ပျော်ရွှင်မဆုံးရှိနေရသည်။

ခရီးစထွက်ပါပြီဆိုကတည်းက အပြုံးပန်းတွေ ဖူးပွင့်နေသောနေရသော ငိုက်စွမ်းတို့ မောင်နှမ၏ အပြုံးမျက်နှာကိုကြည့်ပြီး မေချမ်းရင်ထဲ အပျော်တွေ ကူးစက်လာရသည်။

မုန်းနှမ်းသည် တစ်လမ်းဆုံး စကားတွေပြောလာသလို ငိုက်စွမ်းသည်လည်း မေချမ်းအား နယ်မြေဗဟုသုတများကို သူသိသလောက် ရှင်းပြနေလေ၏။

ဘာစကားမှမဆိုဘဲ မျက်နှာထားတည်တည်ကြီးနှင့် ရှိနေ





သူက ထောင်ဇာခန်းပင်ဖြစ်သည်။

ထောင်ဇာခန်းမှာ မေချမ်း၊ မုန်းနှမ်း၊ ငိုက်စွမ်းတို့နှင့် တခြားစီ ရှေ့မှနေ မျက်နှာထားတည်တည်၊ ခြေလှမ်းကျဲကြီးများဖြင့် တလွှားလွှားသွားနေသည်မှာ မေချမ်းတို့ကို နောက်တွင် ပါလာသည်လို့ပင် မထင်။

တစ်လောကလုံးတွင် သူတစ်ယောက်တည်း ရှိနေသလိုမျိုး ရှုတည်တည် မျက်နှာထားနှင့် ခပ်သုတ်သုတ် လမ်းလျှောက်နေသည်မှာ သူကိုယ်သူ အပြေးပြိုင်ပွဲဝင်နေသူ တစ်ယောက်ငှါမျိုး။

နေပေါ့။ သူ ဂရုမစိုက်မှတော့ သူမ ဘာအရေးလုပ်ရမှာတဲ့လဲ။ မေချမ်းဆိုတာကလည်း မာနရှိတဲ့ မိန်းကလေးတစ်ယောက်ပါ။

သူမအပေါ် အကြောင်းမဲ့ ရန်လိုနေသူတစ်ယောက်ကို မေချမ်းကလည်း ဂရုစိုက်လိမ့်မည်မဟုတ်။

"ရိရေကန်က သိပ်သာယာတာ မမရဲ့၊ မမ ဟိုရောက်ရင် ပျော်မှာ သေချာတယ်၊ မုန်းနှမ်း မမနဲ့ အခုလိုသွားရတာလည်း ပျော်တယ်၊ ရိရေကန်က ရောက်ခဲတဲ့နေရာ မ... ...ဘဲ့ရုံလူ ရောက်ဖို့မလွယ်ဘူးလေ"

"ဒါဆို မမက ကံကောင်းသူပေါ့နော်"

"ကံကောင်းတယ်လို့ဆိုတာထက် မမရဲ့ ထောင်တန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ချစ်တတ်တဲ့စိတ်ကြောင့်ဆို ပိုမှန်မယ် မမ၊ မုန်းနွမ်းတို့ရဲ့ ပြာရီ ညို့မှိုင်းနေတဲ့ ဒီချင်းတောင်တန်းဒေသကို ဘယ်လောက်ပဲချစ်ချစ် ဘကယ်တမ်း ရောက်အောင်လာဖို့ဆိုတာ မလွယ်ဘူးလေ၊ ဒီလို အခက်အခဲတွေကြားက မုန်းနွမ်းတို့ရဲ့ ချင်းတောင်တန်းတွေရှိရာကို ရောက်အောင်လာခဲ့တဲ့ မမကို မုန်းနွမ်း တကယ် လေးစားမိတယ်"

"မုန်းနွမ်းရယ်" ဆိုသည့်စကားကလွဲပြီး မေချမ်း ဘာ စကားမှ မဆိုဖြစ်ပါတော့။

နှင်းမှုန်များကြားက မှုန်ပျပျ လှမ်းမြင်နေရသည့် ချင်းပြည် နယ်၏အလှ ချင်းတောင်တန်းတွေရှိရာကို မျှော်ကြည့်ရင်း မေချမ်း ရင်ထဲ ကြည်နူးမှုများ ဖြစ်ထွန်းနေရတော့သည်။

ရိရေကန်လာရာလမ်းတစ်လျှောက်တွင် စိမ်းစိုသာယာ လွမ်းမောဖွယ်ကောင်းသည့် မြင်ကွင်းများနှင့်အတူ လမ်းဘေး တစ်ဖက်တစ်ချက်တွင် စိုက်ထားသည့် လေကားထစ်တောင်ယာ စိုက်ခင်းများကိုလည်း မျက်စိအလှဆေးစရာ မြင်တွေ့ရလေသည်။

ထောင်စခန်းကတော့ ဘာတွေအလိုမကျ ဖြစ်နေသည် မသိပါ။

မျက်မှောင်ကြီးအစုံ တွန့်ကြုတ်ရင်းက မေချမ်းတို့ရှိရာ အကြည့်လေးတစ်ချက်မှပင် ရောက်ရှိမလာပါ။

မေချမ်းမှာ ငိုက်စွမ်းတို့မောင်နှမနှစ်ယောက်နှင့် စကားပြော





ဆိုလာရင်း ချင်းပြည်နယ်တွင် နာမည်အကြီးဆုံးနှင့် အထင်ရှားဆုံး ဖြစ်သည့် ချင်းပြည်နယ်၏ တျက်သရေဆောင် ရိရေကန်ကို ရောက်ရှိခဲ့ရသည်။

"ဟယ် ကြည့်ပါဦး မုန်းနွမ်းရယ်၊ မမ ရောက်ဖူးချင်တဲ့ ရိရေကန်ကို တကယ် ရောက်ခဲ့ရပြီနော်၊ လှလိုက်တာ၊ အသည်း နှလုံးပုံစံ အဖျားလေး ရှူးကွေးသွားပုံကအစ သိပ်လှတာပဲ"

မေချမ်းမှာ မုန်းနွမ်းမှာ ရိရေကန်ကိုကြည့်ကာ အံ့သြထူး ဆန်းသလို ဆိုနေသော မေချမ်းကို အပြုံးတွေနှင့် ငေးကြည့်ရင်း

"ရိရေကန်က ကျွန်တော်တို့ ချင်းပြည်နယ်မှာတော့ အထူး ခြားဆုံးနဲ့ အလှပဆုံး ရေကန်တစ်ခုပါပဲ၊ ဒီ ရိရေကန်က ကျွန်တော် တို့ ချင်းလူမျိုးတွေ အထွတ်အမြတ်ထားတဲ့ ကန်ဆိုလည်း မမှား ဘူး မမရဲ့"

သဲဖြူလွလွလေးများကိုပင် ရေစပ်တွင် လှမ်း၍မြင်နေရ သော ရိရေကန်၏ ကြည်လင်နေသော ရေကိုကြည့်ရင်း မေချမ်း သည် တောင်တန်းများ ရိရေကန်ဖြစ်ပေးနေရသည်ကို အံ့သြနေရ သည်။

"မမကြည့်ရတာ ရိရေကန်ကိုကြည့်ပြီး အံ့သြနေတယ် နဲ့တူတယ်"

"အင်း မညာတမ်း ဝန်ခံရရင်တော့ မမစိတ်ထဲ တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားပြီး အံ့သြနေမိတာတော့ အမှန်ပဲ"

"ဟုတ်တယ် မမရဲ့၊ ဒီရေကန်ကို ရောက်လာတဲ့လူတိုင်း အံ့လို့ပြောကြတယ်၊ တကယ်လည်း အံ့သြစရာကောင်းပါတယ်၊ ပေပေါင်းများစွာမြင့်တဲ့ တောင်တန်းတွေပေါ်မှာ ဒီရေကန် တည်ရှိနေတာက တကယ့်ကို ထူးထူးခြားခြားပဲလေ၊ ပြီးတော့ ဒီရေကန်က အခုလို အမြဲတမ်း ရေက ကြည်လင်နေတာမျိုး မမရဲ့"

"ဟင် ဘယ်လို ငိုက်စွမ်း၊ ဒီရေကန်က အခုလို အမြဲ ရေကြည်မနေတတ်ဘူး ဟုတ်လား"

"ရီရေကန်ရဲ့ ထူးခြားမှုလို့ဆိုရမယ် မမ၊ ဒီရေကန်ထဲက ရေတွေဟာ ကြည်တဲ့အချိန်မှာ အခု မမမြင်တွေ့ရသလို ကြည်လင်ပြီး နောက်တဲ့အချိန်မှာလည်း ဒီကြည်လင်နေတဲ့ ရေတွေဟာ သဲဖြူလွလွကိုတောင် မမြင်ရအောင် နောက်ကျိနေတတ်တယ်"

"အံ့သြစရာပါလားနော်၊ မမတော့ ငိုက်စွမ်းပြောပြလို့သာ ယုံရတယ်၊ သဘာဝရဲ့ လျို့ဝှက်မှုတွေက သိပ်ကို ထူးခြားဆန်းကြယ်တာပဲနော်"

"အဲဒါ ရီရေကန်ရဲ့ ထူးခြားမှုလို့ ဆိုရမှာပေါ့ မမ"

ကြည်လင်အေးမြနေသော ရီရေကန်၏ ထူးခြားဆန်းကြယ်မှုတွေ ပြည့်နေသော အလှကို ငေးကြည့်ရင်း မေချမ်းရင်ထဲ ကြည်မွေ့ကြည်နူးမှုများ တသိမ့်သိမ့် ဖြစ်ပေါ်လာရသည်။





မေချမ်းမှာ သဘာဝ၏ လျို့ဝှက်ဆန်းကြယ်မှုတွေပြည့်နေသော ရီရေကန်ကို ငေးကြည့်နေသည်ကို ထောင်ဇာခန်းမှာ တစ်နေရာမှ မေချမ်းအား မျက်တောင်ပင်မခတ် စူးစူးစိုက်စိုက်ကြီး စိုက်ကြည့်နေမိသည်။

"မမတော့ ဒီနေရာလေးကို အရမ်းသဘောကျသွားပြီ"

"ဒါဆို မမ ရန်ကုန်မပြန်ဘဲ မုန်းနွမ်းတို့နဲ့အတူ ဒီမှာပဲ နေလိုက်ပါတော့လား"

သူမ ပြန်မှာကို စိုးရိမ်နေရှာသည့် မုန်းနွမ်း၏ ကလေးဆန်သောစကားကြောင့် မေချမ်း ဟာန်ပင်မဆောင်နိုင်။ နှစ်နှစ်ခြိုက်ခြိုက်လေး ပြုံးမိသွားရပြီး

"မလည်း မပြန်ချင်ပါဘူး မုန်းနွမ်းရယ်၊ မုန်းနွမ်းတို့နဲ့အတူ နေချင်တာပေါ့၊ ဒါပေမယ့် ဧည့်သည်ဆိုတာ အိမ်ရှင်ကြည်ဖြူမှ နေလို့ဖြစ်တာ မဟုတ်လား"

"အိုဗျာ မမကို ဘယ်သူက မကြည်ဖြူဘဲနေလို့လဲ နော့အစ်ကိုရာ"

ငိုက်စွမ်းသည် စကားကို သူ့ဘာသာသူ ပြောရုံတင်မကအားတွင်ရှိနေသည့် ထောင်ဇာခန်းကိုပါ သက်သေပြု လှမ်းပြောလိုက်တော့ ထောင်ဇာခန်းမှာ ခပ်အမ်းအမ်းဖြစ်သွားကာ

"မနေပါနဲ့လို့ ဘယ်သူမှ မနှင်ဘူး၊ အဲ မနေချင်တာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့စိတ်သူ့သဘော”

“တင်”

တစ်လမ်းလုံး ဘာစကားမှမဆို နှုတ်ဆိတ်ကာနေခဲ့သော ထောင်ဇာခန်း။ ခုမှ ဘာစိတ်ကူးပေါက်သည်မသိ။ စကားမပြော မပြောနိုင် ပြောလိုက်ပြန်တော့လည်း သူနားထဲ အဝင်ဆိုး အခံရခက်စေသည့် စကားကို ရွေးပြောသလို ရှိနေရသည်။

သာယာစိမ်းလန်းစိုပြေသည့် ပတ်ဝန်းကျင် တောတောင် သဘာဝ ရှုခင်းအလှများကြောင့် စိတ်မှာ ကြည်နူးကြည်မွေ့စွာ ရှိနေရသော မေချမ်း ထောင်ဇာခန်း၏ ခွကျကျစကားကြောင့် စိတ် ဝယ် မခံချင်ဖြစ်သွားရကာ

“သူ့စိတ် သူ့သဘောလို့ မပြောပါနဲ့၊ ညွှန့်သည်ကို အိမ် ရှင်က ဒီလို ဆက်ဆံနေမှတော့ ဘယ်သူက နေချင်ပါ့မလဲ”

ထောင်ဇာခန်း မျက်ခုံးကြီးတွန့်ကြုတ်သွားကာ

“ဈော် ခင်ဗျားစကားက ဘယ်လိုလဲ၊ ခင်ဗျားကို ကျုပ်က ဘယ်လိုဆက်ဆံရမှာလဲ၊ ဒီမှာ အမိ၊ ကျုပ်တို့ တောင်ပေါ်သားတွေ က ခင်ဗျားတို့ မြို့သူတွေလို စကားကို ဖွဲ့ကာနွဲ့ကာ မပြောတတ်ဘူး။ ပြီးတော့ ဟန်လည်းမဆောင်တတ်ဘူး၊ စိတ်မှာရှိတာကို ရိုးရှင်းစွာ ဆက်ဆံတတ်တာ ကျုပ်တို့ တောင်ပေါ်သူ တောင်ပေါ်သားတွေရဲ့ အကျင့်ပဲ၊ ဒါကိုမှ ခင်ဗျားစိတ်မှာ တစ်မျိုးထင်ရင်လည်း မတတ်





နိုင်ဘူး”

“သိပါတယ် နောက်ဆုံးတော့ ရှင် ဒီလိုပြောမယ်ဆိုတာ၊ အေးပေါ့လေ ရှင်က စကတည်းက မေချမ်းကို အလိုရှိခဲ့တာမှ မဟုတ်ဘဲ”

“ဘာပြောတယ်”

ခက်ထန်လွန်းသည့် သူ့စကားကို မေချမ်း ပြန်မဖြေတော့ ဘဲ ထောင်ဇာခန်းအနားက သူမ လှစ်ခနဲ ထွက်လာခဲ့လိုက်သည်။

နောက်တွင် မချိမဆန့်နှင့် အခံရခက်နေမည့် ထောင်ဇာခန်း ပုံစံကိုလည်း မေချမ်း မမြင်ချင်တော့ပါ။

သည်လူတစ်ယောက်နှင့် သူမဆိုတာက ဘယ်တော့မှ လည်း တည့်မည့်သူနှစ်ဦး အဆင်ပြေမည့်သူနှစ်ဦး မဟုတ်ပါ။

ငိုက်စွမ်းနှင့် မုန်းနွမ်းသည် မေခါမ်းနှင့် ခပ်ဝေးဝေးနေရာ တွင် ရောက်နေလေသည်။

တောင်ပေါ်သားနှင့် စကားပြော အဆင်မပြေဖြစ်ရသည့် စိတ်အနှောင့်အယှက်ဖြစ်ရမှုတို့ကို မေချမ်းသည် ရင်ထဲမှ ချက်ချင်း လိုလို ဖယ်ထုတ်လိုက်ပြီး ငိုက်စွမ်းတို့မောင်နှမရှိရာသို့ အပြုံးလေး နှင့် ရောက်လာကာ

“မုန်းနွမ်းတို့ မောင်နှမက ဒီရောက်နေတာကိုး”

“ဟုတ်တယ် မမ၊ မမကို ဒီထက်ပိုပြီး ပျော်စေ[illegible]ကောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ချင်းပြည်နယ်ရဲ့ သာယာတဲ့ ဘယ်နေရာတွေကို လိုက်ပို့ရင်ကောင်းမလဲလို့ မှန်းနှမ်းတို့ စဉ်းစားနေတာ"

"ဟင် ဒီထက်ပိုပြီး သာယာတဲ့နေရာ ဟုတ်ရဲ့လား"

"ဟုတ်တယ်၊ ကျုပ်တို့ချင်းပြည်နယ်ဟာ သဘာဝက ဖန်ဆင်းထားတဲ့ တောတောင်ရေမြေအလှတွေနဲ့ ကြည်နူးသာယာတဲ့ နေရာတွေ တော်တော်များများရှိသေးတယ်"

"ဟင်"

နောက်ပါးတွင် ရောက်လာကာ ချင်းတောင်တန်း၏ သဘာဝအလှရှုခင်းများကို ဂုဏ်ယူဝင့်ကြွား အားပါးတရ စကားတွေဆိုလာသော ထောင်ဇာခန်းကို မေချမ်းသည် မျက်နက်ဝန်း စူးစူးလေးနှင့် အံ့ဩသလို ကြည့်မိသွားရတော့

"အို"

မေချမ်းတစ်ယောက် အကြည့်များကို ချက်ချင်းပင် လွှဲပစ်လိုက်ရသည်။

ကြည့်စမ်းပါဦး။

သူမအား စူးရှရီဝေသော အကြည့်မျက်ဝန်း တောက်တောက်ကြီးများနှင့် ခပ်စူးစူး စိုက်ကြည့်နေသည့် သူမသိသည့် ထောင်ဇာခန်းတဲ့လား။

မေချမ်း မယုံချင်ပါ။





မယုံချင်ပေမယ့် လက်မခံလို့မရ။ စူးရှရီဝေတောက်ပသော မျက်ဝန်းထဲတွင် နားလည်ရခက်စေသည့် အကြည့်များနှင့် သူမအား မမြင်ဖူးသူတစ်ယောက်လို စူးစူးနှင့်နှင့် ငေးကြည့်နေသည့် ထောင်ဇာခန်းအကြည့်များကို မေချမ်း မကြိုက်ပါသော်လည်း တားခွင့်ကား မရှိ။

သည်လူ ဘယ်လိုလူပါလိမ့်။

ခုတလော သူမ သတိထားမိသလောက်တော့ ထောင်ဇာခန်းသည် သူမအပေါ် အကြည့်စူးစူးတွေနှင့် တစ်မျိုးထူးခြားနေသည်ကတော့ အမှန်ပင်ဖြစ်သည်။

ဒါ ဘာကြောင့်ဆိုတာလည်း မေချမ်း စဉ်းစားလို့မရ။ စဉ်းစားလို့ရသည်ထားဦး မေချမ်း ခေါင်းရှုပ်ခံကာ မစဉ်းစားချင်တော့ပါ။

ထောင်ဇာခန်းဆိုတာက မေချမ်းနှင့် ဘဝရေစက်မှား၍ ဆုံလာခဲ့ရသူတစ်ဦး။

သည်နေ့ကျမှ ထူးထူးခြားခြား သူမကို တစ်ချိန်လုံးလိုလို အကြည့်စူးစူးကြီးတွေနှင့် လက်ပိုက်ကာ စိုက်ကြည့်နေသော ထောင်ဇာခန်းကြောင့် မေချမ်းသည် သူ့ကို ဘယ်လိုပင် ဂရုမစိုက်၊ အရေးမလုပ်ပါဘူးဟုပြောပြော၊ စိတ်မှာ တစ်မျိုးခံစားရသည်က အမှန်။

ထိုခံစားမှုသည် ဘယ်လိုခံစားမှုဆိုတာလည်း မေချမ်း



www.burmeseclassic.com

www.burmeseclassic.com



မပြောတတ်ဘူး။ သေချာသည်ကတော့ မေချမ်းရင်မှာ သူ့အကြည့်တွေကြောင့် လှုပ်ရှားနေမိသည်။

အနားတွင် မုန်းနှမ်းရော ငိုက်စွမ်းပါ မရှိတော့။ သူတို့နှစ်ဦးကို တမင်ထားသွားသည်လား။ ရှောင်ဖယ်သွားသည်လား မသိပါ။ မေချမ်း သတိထားမိလိုက်သည့် အချိန်မှာတော့ ထောင်ဇာခန်းတစ်ယောက်သာ သူမအနား ရှိနေရသည်။

မေချမ်းမှာ သူနှင့် နှစ်ယောက်တည်း ရှိနေရသည်ကို စိတ်မှာ တစ်မျိုးဖြစ်ရသည်မို့ စိတ်လှုပ်ရှားမှုတွေနှင့် ထောင်ဇာခန်းအနားက လှည့်ထွက်ရန်အလုပ်

"မေချမ်း"

"ဟင်"

မေချမ်းမှာ သူမနောမည်ကို ခေါ်လိုက်သော ထောင်ဇာခန်းကြောင့် အံ့သြသွားရသလို လှမ်းရန်ပြင်နေသည့် ခြေလှမ်းကလည်း ရပ်သွားရသည်။

"ရှိရေကန်ကို ရောက်ဖူးချင်တယ်ဆို"

"ဟုတ်တယ်"

ဘယ်တုန်းကမှ တရင်းတနှီးမဆိုခဲ့သည့် ထောင်ဇာခန်းခုမှ စကားတွေ ထူးခြားစွာ ဆိုနေသဖြင့် မေချမ်း အံ့သြစွာ သူ့ကိုမော့ကြည့်လိုက်သည်။





"ဒီအနီးအနား လျှောက်ကြည့်ကြရအောင်"

သူ့စကားကို မေချမ်းသည် အင်းမလုပ် အဲမလုပ် ငြိမ်နေတော့

"လာလေ ဘာလုပ်နေတာလဲ၊ ဘာလဲ ကျုပ်နဲ့အတူ နှစ်ယောက်တည်း မသွားချင်လို့လား"

"မုန်းနှမ်းတို့ ဘယ်ရောက်သွားပြီလဲ"

"အဟွန်း ဟွန်း မုန်းနှမ်းတို့ မပါလို့ ကျုပ်နဲ့မသွားချင်ဘူးပေါ့"

သည်လိုကျတော့လည်း မေချမ်းမှာ ဖြေရခက်သွားရဟန် မျက်လွှာချသွားရသည်။

ထောင်ဇာခန်းမှာ မျက်တောင်ရှည်ကြီးတွေ တလှုပ်လှုပ်နှင့် အသည်းယားဖွယ် ငြိမ်သက်နေသော မေချမ်းမျက်နှာလှလှလေးကို ခပ်စိုက်စိုက်ကြည့်လိုက်ပြီး

"ကျုပ်မေးတာ ဘာလို့ မဖြေတာလဲ"

"ဘာဖြေရမှာလဲ"

"ကျုပ်နဲ့အတူ သွားရမှာ အမိအတွက် သိပ်ခက်နေလားလို့ မေးတာ"

"မခက်ပါဘူး၊ ဒါပေမယ့် မသွားချင်ဘူး"

"ဘာဖြစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးကြီးပင့်ကာ ထောင်ဇာခန်း နားမလည်သလိုမျိုး မေးလိုက်တော့ မေချမ်းထံမှ အကြည့်များ ဖျတ်ခနဲ ရောက်ရှိလာကာ

"မေချမ်း ဘယ်သူ့အထင်လွဲမှုကိုမှ မခံချင်ဘူး"

"ဘယ်လို"

"ရှင်နဲ့မေချမ်းကို တခြားတစ်ယောက်က တစ်မျိုးထင်သွားမှာ မလိုချင်ဘူးလို့ပြောနေတာ"

"ဟောဗျာ"

"အဟွန်း ဟွန်း ဟွန်း"

မေချမ်းစကားဆုံးတော့ ထောင်ဇာခန်းမှာ ဟန်မဆောင်ရှာ ပင် ရယ်လိုက်မိသည်။

သည်မိန်းကလေး စကားကို ကြံကြံဖန်ဖန်လည်း ပြော တတ်လွန်းပါလား။

သူမကို တခြားတစ်ယောက်က အထင်လွဲမှာ မခံနိုင်ဘူး ဆိုသည့်စကားက သူ့တွင် ချစ်သူရှိပါသည်ဟု ရည်ရွယ်ကာ ပြော လိုက်သည်များလား။

"ရှင် ဘာရယ်တာလဲ"

"အဟွန်း ခင်ဗျားစကားက ကျုပ်အတွက် ရယ်စ ကောင်းလို့ပါ"





"ရှင် ရှင်နော်"

မေချမ်းမျက်နှာလေး ရဲသွားရသည်။

"ခင်ဗျား စိတ်မဆိုးနဲ့ဦး၊ စိတ်ဆိုးရင်းဆိုး ကျုပ်ကသာ စိတ်ဆိုးရမှာဗျ"

"ဟင် ရှင်က ဘာကြောင့် စိတ်ဆိုးရမှာလဲ"

"ခင်ဗျား စဉ်းစားကြည့်လေဗျာ၊ ခင်ဗျားစကားက ကျုပ်ကို ချစ်သူရည်းစားရှိနေသလိုလို"

"အို ဒါကတော့ သိမလားရှင့်"

"အေး မသိရင် မပြောရဘူးကွ၊ ဘယ့်နှယ့်ဗျာ၊ လူမှာ အရင်းထိုင်ရှင်း အလိုလို ချစ်သူရှိရတဲ့အဖြစ်"

"ရှင် ဘာပြောချင်တာလဲ"

"ကျုပ် ဘာပြောချင်တာလဲဆိုရင် ကျုပ်ဘဝမှာ ဒီနေ့ ဒီအချိန်ထိ"

"ဘာလဲ ချစ်သူရည်းစားမရှိပါဘူးလို့ ပြောမလို့လား"

"ဟင် မင်း"

"လူတိုင်း ကိုယ့်ကိုကိုယ်တော့ အဲလို ပြောကြမှာပဲလေ"

"ဟာကွာ"

"ကျွတ် မင်းတော့"

ထောင်ဇာခန်းစကားကို ဆုံးအောင်မပြောလိုက်ရပါ။



www.burmeseclassic.com

www.burmeseclassic.com



မချမ်းသည် ခြေလှမ်းလေး ဘောက်ဆတ်ဘောက်ဆတ်နှင့် ထော
စခန်းအပါးမှ ထွက်သွားလေပြီ။

ကျောရှင်းသွယ်လျသော မချမ်း၏ နောက်ကျောလှ
လေးကိုကြည့်ရင်း ထောင်စခန်း မချမ်းရှိရာသို့ ခြေလှမ်းကျဲကြ
များနှင့် လျှောက်လာခဲ့သည်။

"နေဦး"

"ဟင် ရှင်"

သူမလက်လေးကို ဖျတ်ခနဲ ဆုပ်ကိုင်ထားလိုက်သ
ထောင်စခန်းကြောင့် မချမ်း ရှက်လန့်တကြားလေး ဖြစ်သွား
ကာ ရှက်ရှက်နှင့် သူမလက်ကို ဆုပ်ကိုင်ထားသည့် ထောင်စခ
လက်ကို ပုတ်ထုတ်လိုက်ပြီး

"ရှင် ဘာလုပ်တာလဲ"

"ဆောရီး"

"အမိစကားတွေ အမိ ပြန်ရုပ်သိမ်းသွားပါ"

"ရှင် ဘာပြောတယ်"

"ကျုပ်ကတော့ ရှင်းရှင်းပဲ၊ ကျုပ်မှာ ရည်းစားမရှိ
ရှိတယ်လို့တော့ အထင်မခံနိုင်ဘူး၊ ဒီတော့ မင်းစကားကို
ပြန်ရုပ်သိမ်းသွားပါ"

ကြည့်စမ်း။ တောင်ပေါ်သား ဒီစကားကို သူကပဲ





ည့်ရှိသေး။

ရည်းစားမရှိရင်လည်း မရှိဘူးပေါ့။ ခုတော့ သူမစကားကို
် ပြန်ရုပ်သိမ်းရမည်ဆိုတာကတော့ သိပ်ကို လွန်လွန်းပါသည်။

"ဟွန်း နေနှင့်ဦးပေါ့ တောင်ပေါ်သားရယ်၊ တစ်နေ့
ချမ်းအလှည့်လည်း ရောက်လာဦးမှာပေါ့" ဆိုသည့် စိတ်အတွေး
ဒေါသစိတ်တို့ကို ရင်မှာ မျိုသိပ်လိုက်ရင်း

"ရှင်ပြောချင်တာ ဒါပဲ မဟုတ်လား"

"ဟုတ်တယ်"

"ကောင်းပြီ ဒါဆို မချမ်းစကားတွေအတွက် မချမ်း
ပြီး ရုပ်သိမ်းပါတယ်၊ ကဲလေ ကျေနပ်ပြီလား"

"အဟွန်း ဟွန်း ဟွန်း"

မျက်စောင်းလေး နှုတ်ခမ်းလေးစူစူနှင့် ချာခနဲ လှည့်ထွက်
းသော မချမ်းကို ထောင်စခန်း ဒီတစ်ခါတော့ဖြင့် မတား
ာပါပေ။

ရယ်မြူးရိပ်များသန်းနေသော အပြုံးချောချောကြီးနှင့်
မ်းကိုကြည့်ရင်း ထောင်စခန်းရင်မှာ တစ်ခါမှ မဖြစ်ပေါ်ဘူး
ည့် ပျော်ရွှင်မှုတွေနှင့် ကြည်မွေ့သွားရသည် မဟုတ်ပါလား။

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

မချမ်းအတွက် အပြောင်းအလဲတွေက ခုတလော မယုံ
ချင်စရာပင်ဖြစ်သည်။

ကြည့်လေ။

သူမအတွက် မယုံနိုင်အောင် အံ့သြမည့်ဆိုကလည်း အံ့သြ
စရာပင်ဖြစ်အောင် ဖန်တီးပေးနေသူက ထောင်ဇာခန်းဆိုသည့်
တောင်ပေါ်သားကြီးပင်ဖြစ်သည်။

ထောင်ဇာခန်းတစ်ယောက် ခုတလော သူမအပေါ်
ပြောင်းလဲနေမှုတွေကတော့ မယုံနိုင်စရာတွေပင် ဖြစ်နေရသည်

သူမကို လူချင်းမမြင်ဖူးခင်ကပင် အလိုမရှိခဲ့သော တောင်
ပေါ်သားကြီး ထောင်ဇာခန်းတစ်ယောက် လူချင်းတွေ့ရပြန်တော့
လည်း အကြောင်းတစ်မျိုးမဟုတ် တစ်မျိုး ပြဿနာဖြစ်တာ များ





နှုတ်ချင်းဆိုင်လို့မရခဲ့သည့်အထိ ဘုန့်ဘောက်ဖြစ်ခဲ့ရသော ထောင်ဇာ
ခန်း ခုတော့လည်း သူမဟုတ်သည့်အတိုင်း ပြောင်းလဲမှုတွေက
အံ့သြစရာပင် ဖြစ်သည်။

အထူးသဖြင့် သူမကို ကြည့်သည့် သူ့အကြည့်များ။
ထာဝစဉ်လို ခက်ထန်မာကျောနေတတ်သော မျက်ဝန်းများက ခုတော့
လည်း ပြောလို့မှ မယုံနိုင်အောင် နူးညံ့နေသည်က မချမ်း သတိ
မထားမိဘဲ မနေနိုင်။

ထိုသို့ သတိထားမိသော်လည်း ထောင်ဇာခန်းဆိုသည့်
တောင်ပေါ်သားသည် သူမနှင့် တွေ့လိုက်တိုင်းမှာ ရိုမနူးညံ့သော
မျက်ဝန်းများနှင့် စူးစူးစိုက်စိုက်ကြီး ကြည့်နေတတ်လေသည်။

အစကတော့ မချမ်းသည် သူမကိုယ်သူမ စိတ်ထင်လို့ဟု
သာ ထင်ခဲ့သော်လည်း သူမနှင့် တွေ့လိုက်တိုင်းမှာ အမြဲလို
နူးညံ့သိမ်မွေ့သော မျက်ဝန်းအကြည့်များကို သတိထားမိလာသော
အခါ မချမ်းရင်ထဲ မတုန်လှုပ်ဘဲ မနေနိုင်တော့ပါ။

ဘာတွေဖြစ်ကုန်ပြီလဲဆိုသော မေးခွန်းတွေကို အထပ်ထပ်
ဖြို့မေးရင်း မချမ်းရင်မှာ တုန်လှုပ်နေမှုကိုတော့ ဟန်ဆောင်ဖုံးကွယ်
ခဲ့လေသည်။

သူမ ဘယ်လိုပဲ ဟန်ဆောင်ဖုံးကွယ်ခဲ့ပါစေ။ ထိုဟန်
ဆောင်မှုက မချမ်းအတွက် ကြာကြာတော့မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ယခင်က အလုပ်တွေပြီးပေမယ့် သူမရှိနေသည့်အချိန် အိမ်ပြန်မကပ်သလောက်ရှိခဲ့သော ထောင်ဇာခန်းသည် အခုတော့ သူမှဟုတ်ပါရဲ့လားလို့ ထင်စရာ။ အိမ်မြဲနေတတ်သည်မှာ အံ့ဩစရာပင်ဖြစ်သည်။

ဒါတင်မဟုတ်သေးပါ။

နှစ်ဦးသား မျက်နှာချင်းဆိုင်တွေ့လို့မှ စကားဆိုခြင်းမရှိခဲ့သော ထောင်ဇာခန်းတစ်ယောက် ခုချိန်မှာတော့ သူမအား တစ်မျိုးမက အကြောင်းပြုကာ စကားတွေ ရင်းနှီးစွာဆိုနေတတ်ပုံကလည်း သူမသိသည့် ထောင်ဇာခန်းနှင့် အခု ထောင်ဇာခန်း တခြားစီမှာ တကယ့်ကို တခြားစီ ကွာနေရသည်။

မေချမ်း မယုံချင်၍လည်းမရပါ။

ယခင်ကနှင့် တခြားစီမှ သူမမျက်စိရှေ့ တခြားလူတစ်ယောက် ရောက်လာသလို ပြောင်းလဲနေသော ထောင်ဇာခန်းကို မေချမ်း နားမလည်တော့ပါ။

ထောင်ဇာခန်းဆိုတာ သူမ ကြည့်မရသည့် အမုန်းကြီးမုန်းနေသူတစ်ဦး။

သူ့ကြောင့် သူမစိတ်မှာ များစွာအနှောင့်အယှက် ဖြစ်ခဲ့ရသည့်အဖြစ်များကလည်း မနည်းခဲ့ပါ။

သည်လိုလူတစ်ယောက်နှင့်ပတ်သက်ပြီး မေချမ်းရင်ထဲ





ဘယ်လိုခံစားမှုမျိုးကိုမှ ထည့်မထားချင်သည်မို့ မေချမ်းမှာ ထောင်ဇာခန်းနှင့်ပတ်သက်သည့် အတွေးများကို ရင်ထဲက ခပ်မြန်မြန်ပင် ဖယ်ထုတ်လိုက်သည်။

သည်နောက် မျက်ဝန်းအစုံကို မှိတ်လိုက်တော့ သူမမျက်ဝန်းထဲ ပေါ်လာရသည့် ထောင်ဇာခန်း၏မျက်နှာ။

စူးရှရဲဝေသော အကြည့်များဖြင့် ညှို့ငင်နိုင်လွန်းသည့် ထောင်ဇာခန်း၏အကြည့်နှင့် ရုပ်သွင်ချောချောကြီးကို မြင်ယောင်မိသည်ကိုပင် မေချမ်း သူမကိုယ်သူမ အလိုမကျချင်တော့ပါ။

အင်း ခုမှ ခက်ပြီဟူသော အတွေးနှင့် မေချမ်း သက်ပြင်းချလိုက်သည်။

မေချမ်း ဘာကြောင့် သူ့ရုပ်သွင်ကို မြင်ယောင်နေမိတာပါလိမ့်။ ယောကျ်ားပီသကာ ခန့်ညားတည်ကြည်သော ထောင်ဇာခန်းဆိုတာ အမုန်းဆုံးလူတစ်ယောက်ဟု သတ်မှတ်ထားသူ။

ဒါနဲ့တောင် မေချမ်းသည် သူနှင့်ပတ်သက်သည့် အတွေးစိတ်များ ရင်ထဲ ဘာကြောင့် ရောက်ရှိနေရသည်လဲ။

အလိုမကျမှု အတွေးတို့နှင့် မေချမ်း သူမကိုယ်လေးကို အိပ်ရာထက် ဘယ်ညာလူးလွန့်ရင်း မျက်ဝန်းလေးမှိတ်ကာ စွတ်အတင်း အိပ်ပျော်ရန် ကြိုးစားလိုက်လေသည်။

ဘယ်လိုပင် ကြိုးစားပါသော်လည်း အိပ်၍မရနိုင်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ မေချမ်း အိပ်ရာမှ ထထိုင်လိုက်သည်။

မုန်းနွမ်းကိုကြည့်လိုက်တော့လည်း မုန်းနွမ်းက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေပြီ။

အပူအပင်ကင်းစွာ အိပ်ပျော်နေသည့် မုန်းနွမ်းကို အားကျသလိုကြည့်ရင်း မေချမ်းသည် သူမကိုယ်ပေါ် ထပ်ထားသည့် ယုန်မွေးကြက်သွေးရောင် အနွေးထည်ထူထူကြီးကို လက်လေးနှင့် ရင်ဘတ်ပေါ် တင်းတင်းလေး ဆွဲစေ့လိုက်သည်။

အအေးဓာတ်သည် ဒီနေ့မှ သိသိသာသာ ပိုနေသည်ဟု မေချမ်း ထင်ပါသည်။

ခိုက်ခိုက်တုန်အောင် ချမ်းနေသည့် အအေးဒဏ်ကို မေချမ်းအံလေးကြိတ်တင်းခံရင်း အိပ်မပျော်နိုင်သည့်အတူတူ မေချမ်းအိမ်ရှေ့ခန်းတွင်ရှိသည့် မီးလင်းဖိုတွင် မီးလှုံရန် အိပ်ရာမှ ထလာခဲ့လိုက်သည်။

အချိန်မှာ ညဉ့်နက်နေပြီမို့ သူမကလွဲ၍ တစ်အိမ်လုံး အိပ်မောကျနေရပြီဖြစ်သည်။

အိပ်မပျော်နိုင်သူဆိုလို့ မေချမ်းတစ်ယောက်သာ ရှိပါလိမ့်မည်။ ကိစ္စမရှိ။ သူမတစ်ယောက်တည်း အတွေးများ လွတ်လွတ်လပ်လပ် ရှိသည်ကိုပင် နှစ်သက်စွာ အတွေးနှင့် မေချမ်း အိမ်ရှေ့ခန်းသို့ ရောက်လာသောအခါ





"အို"

"ဟင်"

အံ့သြမှုသည် မေချမ်းထံတွင်သာမက ထောင်ဓာခန်းပါ ဖြစ်သွားရသည်။

အိပ်မပျော်နိုင်သည့်အတူတူ အချမ်းဒဏ်ကာကွယ်ရင်း မီးလှုံရန် မီးလင်းဖိုရှိရာသို့ ထွက်လာသော မေချမ်း။ သူမအရင် မီးလင်းဖိုအားတွင် ရောက်နေသော ထောင်ဓာခန်းကို တွေ့လိုက်ရသောအခါ ရင်မှာ အံ့သြမှုနှင့်အတူ ခြေတစ်လှမ်းမှာ အလိုလိုပင် နောက်ဆုတ်သွားရသည်။

သူလည်း သူမလို အိပ်၍မပျော်နိုင်လို့များလား။ မေချမ်းသည် ထောင်ဓာခန်းအား အကဲခတ်သလို တစ်ချက်ကြည့်လိုက်တော့ ထောင်ဓာခန်းသည်လည်း သူမကို ပြန်၍ကြည့်နေလေ၏။

ဘုရားရေ။

မေချမ်းရင်ထဲမှာ လှိုက်ခနဲ ဖိုသွားရသည်။

ဘာဖြစ်တာပါလိမ့်။ ခုတလော သူ့အကြည့်တွေနှင့်ဆုံတိုင်း မေချမ်းရင်မှာ ဘာကြောင့် ဒီလိုခံစားမှုမျိုး ဖြစ်ပေါ်နေရတာပါလိမ့်။

"လာလေ မင်းလည်း ကျုပ်လို အိပ်မပျော်ဘူးနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို မေချမ်း ပြန်မပြောဘဲ တွေတွေလေး ရပ်နေလေ၏။

ထိုပုံစံလေးကပင် ထောင်ဇာခန်းကို မရိုးမရွ မချင့်မရဲ ဖြစ်ရသည်မို့

"ဟိတ် မီးလုံ့မှာမဟုတ်လား၊ ထိုင်လေကွာ၊ အမိကို ကြည့်ရတာ မတ်တပ်ရွာက လာတာတော့ မဟုတ်ပါဘူးနော်"

"ရှင်နော်"

ထောင်ဇာခန်းစကားကြောင့် မေချမ်း နှုတ်ခမ်းလေး စူသွားရကာ လူကလည်း သူနှင့် မလှမ်းမကမ်း မီးလင်းဖိုဘေးတွင် ထိုင်မိသွားရသည်။

"အဟွန်း ဟွန်း ဟွန်း"

စီးကရက်ကို ပါးစပ်ဖျားတွင် ခဲထားရင်းက ထောင်ဇာခန်း ခပ်လွှင့်လွှင့် ရယ်လိုက်တော့ မေချမ်းထံမှ မျက်စောင်းလေး တစ်ချက်က သူ့ထံ ရောက်ရှိလာရသည်။

"အမိက ကလေးသိပ်ဆန်တာပဲနော်"

"ရှင် ဘာပြောတာလဲ"

"ကျုပ်ပြောတာ မှားလို့လား၊ အခု အမိပုံစံကိုပဲကြည့်ပါလား၊ ကျုပ် မျက်စိထဲမှာတော့ အမိပုံစံက အလိုမကျတဲ့ ကလေး တစ်ယောက် စိတ်ဆိုးနေသလိုမျိုးပဲ"





"ရှင်"

မေချမ်းနှုတ်ခမ်းလေး ဖိကိုက်လိုက်မိသည်။ ထောင်ဇာခန်းမှာ ပြုံးလိုက်ပြီး

"ကျုပ်ပြောရင်လည်း အမိက ကြိုက်မှာမဟုတ်ဘူး၊ ခု အမိရဲ့ဒီပုံစံက"

"ရှင် ဘယ်လိုလူလဲ ထောင်ဇာခန်း၊ လူတစ်ယောက်လုံးကို ရှေ့မှာထားပြီး မကောင်းပြောနေတာ မလွန်လွန်းဘူးလား"

"ဆောရီး ကျုပ် ပြောတာ"

"အို တော်ပြီ၊ အိပ်မပျော်လို့ ထွက်လာပါတယ်၊ ဘယ်လို လူနဲ့ လာတွေ့နေရတယ် မသိဘူး"

မေချမ်း ပြောပြောဆိုဆို ထရန်ပြင်တော့

"ဘယ်သွားမလို့လဲ၊ မင်း မီးလှုံမလို့ မဟုတ်လား"

"ရှင်နဲ့ မတွေ့ခင်ကအထိ မေချမ်းမှာ အဲဒီအတွေးမျိုး ရှိခဲ့တယ်"

"ကျုပ်နဲ့တွေ့တော့"

"ပြောင်းသွားပြီ"

"ဘာဖြစ်လို့လဲ"

"ရှင်နဲ့ စကားမပြောချင်လို့"

"ကျုပ်က ပြောချင်နေတယ် ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



ရော် ဘယ်လိုပါလိမ့်။

ကာယကံရှင်ကိုယ်တိုင်က စကားမပြောချင်ပါဘူး ပြောနေရက်နှင့် သူက စကားပြောချင်ပါသည်ဆိုတာ ဘာအဓိပ္ပါယ်ပါလိမ့်။

မေချမ်း သူ့ကိုမကြည့်။ လက်လေးပိုက်ထွေးလျက် မီးဖိုဆောင်း မျက်လွှာလေးချကာ နှုတ်ဆိတ်နေလိုက်သည်။

အိပ်မပျော်၍ မေချမ်း ထွက်လာရသည်။ ထောင်ဇာခန်းနှင့် ခုလိုနှစ်ယောက်တည်း ရှိနေရသည့်အဖြစ်ကို သူမစိတ်မှာ မလုံလုံသော်လည်း ပြန်အိပ်ဖို့လည်း သူမ မကြိုးစားမိပါ။

အရှိန်ညီးညီးနှင့် တောက်နေသော မီးရောင်အောင်တွင် မျက်လွှာလေးချကာ တိတ်ဆိတ်ငြိမ်သက်နေသော မေချမ်း၏ မျက်နှာလှလှလေးကို ထောင်ဇာခန်း မျက်ဝန်းညိုအစုံနှင့် စူးခနဲ စိုက်ကြည့်မိသွားသည်။

သည်မျက်နှာလှလှလေးသည် သူ နမ်းရှိုက်ခဲ့ဖူးသည့် မျက်နှာလေးပါလားဆိုသော အသိနှင့် ထောင်ဇာခန်း နှလုံးသွေးများ ဆူပွက်လာရသည်။

ချစ်သူမျက်နှာလှလှလေးကို မြင်ယောင်ရင်း ရင်မှာ ပေါက်ကွဲချင်နေရသည့် အချစ်စိတ်များဖြင့် ဘယ်လိုမှ အိပ်၍မပျော်သော ထောင်ဇာခန်း ချစ်သူလေးကြောင့် ရင်မှာ တွေးရင်းက





အိပ်မပျော်သဖြင့် မီးလင်းဖိုဆောင်းတွင်ထိုင်လျက် မီးလှုံရင်း ချစ်သူနှင့်ပတ်သက်သမျှ သတိရစိတ်နှင့် တွေးနေခိုက် ဗြုန်းဆို သူ့ရှေ့ ရောက်လာသည့် မေချမ်းကို တွေ့လိုက်ရတော့ သူ့ရင်ထဲ ကြည်နူးမှု အပျော်တွေ ခဏချင်း ဝင်ရောက်လာရသည်။

အံ့သြစရာကောင်းလိုက်တာ။

သူမလေးကို သူ့ရင်မှာ အပြင်းအထန် သတိရနေတုန်း သူ့ရှေ့ကို သူမလေး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာရသည့်အဖြစ်က ထောင်ဇာခန်းအတွက် ဘယ်လောက် အံ့သြဖို့ကောင်းလိုက်ပါသလဲ။

ကံကြမ္မာသည် ထောင်ဇာခန်းအား မျက်နှာသာပေးနေပြီထင်။ သူ့ရင်ထဲ သူမကို တမ်းတလိုက်ရုံနှင့် မေချမ်း သူ့ရှေ့ရောက်လာခြင်းသည် မေချမ်းနှင့်သူ ဖူးစာပါလာ၍များလား။

ထိုအတွေးနှင့်ပင် ထောင်ဇာခန်းရင်မှာ လှိုက်ခနဲ ပျော်ရွှင်သွားရပြန်၏။

ချစ်သူကို ရင်မှာ တန်ဖိုးထားကာ ချစ်မိပြီဆိုတော့လည်း "ချစ်တယ်" ဆိုသည့် စကားလေးနှစ်ခွန်းကိုပင် ပြောဖို့ရာ သူ့အတွက် သိပ်ကို ခက်ခဲပင်ပန်းနေရပြီဖြစ်သည်။

အချစ်စစ်ဆိုတာ ဒီလိုခံစားမှုကိုများ ဆိုသည်လား။ ချစ်ခွင့်မရှိစေမယ့် ချစ်သူမျက်နှာ မြင်ရသည်ကိုပင် ရင်မှာ ကြည်နူးနေရ



www.burmeseclassic.com

www.burmeseclassic.com



သော ထောင်ဇာခန်း၊ ရင်မှာ ချစ်စိတ်တွေကို မျိုသိပ်ရင်း ချစ်သူ မျက်နှာလှလှလေးကို သတိထားမိပုံမရပါ။

အရှိန်ညီးညီးနှင့် တောက်နေသည့် ထင်းမီးတောက်ရဲရဲလေးတွေကိုသာ ငေးကြည့်နေလေသည်။

အနားမှာ သူတစ်ယောက်လုံး ရှိနေတာကိုပင် ဂရုမစိုက်သလို။ ဥပေက္ခာပြုနိုင်လွန်းသူ ချစ်သူလေးကို ထောင်ဇာခန်းကြည့်ကာ မချင့်မရဲဖြစ်လာရသည်မို့

"သိပ်အေးနေလား"

"ရှင်"

"အမိကြည့်ရတာ သိပ်ချမ်းနေသလိုပဲ"

ကိုယ်လေးကျုံ့ကာ လက်လေးပိုက်ထွေးထားသော မေချမ်းကိုကြည့်ပြီး ထောင်ဇာခန်း မေးလိုက်သည်။

မေချမ်းသည် ထောင်ဇာခန်းကို ဖျတ်ခနဲ မော့ကြည့်ရင်း

"မြေပြန့်ကလာတဲ့ မေချမ်းတို့အတွက် ဒီချင်းပြည်နယ်ရဲ့ အအေးဒဏ်ကို တော်ရုံခံနိုင်ဖို့ဆိုတာ လွယ်မှမလွယ်ဘဲလေ"

"အဟွန်း ဟုတ်တယ်၊ အမိတို့လို မြေပြန့်သူတွေမပြော ဒီချင်းတောင်ပေါ်မှာမွေး၊ ဒီချင်းတောင်ပေါ်မှာပဲ ကြီးပြင်းခဲ့ ကျုပ်တို့တောင် တစ်ခါတစ်ခါ ဒီချင်းပြည်နယ်ရဲ့ အအေးဒဏ် မခံနိုင်အောင် ဖြစ်ရတယ်၊ နောက်ပြီး ဒီနှစ်မှာ အအေးကလည်း





သိသိသာသာ ပိုတယ်၊ ရော့ ကျုပ်စောင်ကိုခြုံထား"

"အို"

မေချမ်း ဘာစကားမှမပြောရသေး စိတ်မြန်လူမြန်သမားကြီး ထောင်ဇာခန်းမှာ သူခြုံထားသည့် ချင်းစောင်အား မေချမ်းကိုယ်ပေါ်သို့ ပြောပြောဆိုဆို လွှမ်းခြုံပေးလိုက်တော့ မေချမ်းမျက်နှာလေး ရဲပသွားရသည်။

"အမိနဲ့ ဒီချင်းစောင်လေးနဲ့ အားကြီးလိုက်တယ်"

"အို"

မေချမ်းအား အကြည့်မလွှဲတမ်း စိုက်ကြည့်ရင်းက ပြောလိုက်သည့် သူ့စကားကြောင့် မေချမ်း သူ့ရှေ့ မျက်နှာမထားတတ်အောင် ဖြစ်သွားရသည်။

သူကတော့ မေချမ်းကို ပြုံးကြည့်နေလေ၏။

သူ့အကြည့်တွေကြောင့် မေချမ်းရင်မှာ ရှက်နေရပေမယ့် သူ့ကိုယ်သင်းရနံ့ သင်းသင်းလေးနှင့် သူမကိုယ်ပေါ် လွှမ်းခြုံထားသည့် သူ့ချင်းစောင်ကြောင့် မေချမ်းကိုယ်လေး သိသိသာသာ အနွေးဓာတ် ပိုနေရပြီဖြစ်သည်။

"ကျေးဇူးတင်ပါတယ် တောင်ပေါ်သားရယ်"ဆိုသည့် စကားကိုတော့ မေချမ်း သူ့အား မပြောဖြစ်တော့ပါ။

သူ့မအပေါ် ဂရုတစိုက် အလိုက်သိတတ်မှုက မေချမ်းရင်



www.burmeseclassic.com

www.burmeseclassic.com



ကို နွေးလှုစေရသည်က အမှန်။

"ဘယ်လိုလဲ တောင်ပေါ်သားရယ်၊ ရှင့်အပေါ် နားလည်ဖို့ ခက်လွန်းလှပါလား" ဆိုသည့် အတွေးစကားများနှင့် မေချမ်းသူ့ကိုအကြည့် ထောင်ဇာခန်းမှာ မေချမ်းအား သွားစွယ်ဖွေးဖွေးလေးများပေါ်အောင် ပြုံးပြလိုက်လေသည်။

သူ့အပြုံးက ထင်တာထက်ပိုပင် ကြည့်၍ကောင်းနေရသည်မို့ မေချမ်း ဘာရယ်မဟုတ် အမှတ်မထင် ငေးကြည့်မိသွားတော့

"မေချမ်း ကောက်သစ်စားပွဲနဲ့ ကြုံဖူးလား"

"ကောက်သစ်စားပွဲဟုတ်လား"

"အဟွန်း ဟွန်း မင်းကြည့်ရတာ ကောက်သစ်ပွဲနဲ့ မကြုံဖူးဘူးနဲ့တူတယ်"

"နောက်တစ်ပတ်လောက်ဆို ကျုပ်တို့ တောင်ယာစပါးသိမ်းတော့မယ်၊ စပါးသိမ်းပြီးတာနဲ့ ကောက်သစ်စားပွဲလုပ်မယ်၊ ကောက်သစ်စားပွဲက ကျုပ်တို့ချင်းပြည်နယ်ရဲ့ ဓလေ့တစ်ခုပဲပေါ့"

"ကောက်သစ်စားပွဲဆိုတာ ဘာအဓိပ္ပါယ်နဲ့ လုပ်တာလဲ ထောင်ဇာခန်း"

"အင်း ဘယ်လိုပြောမလဲ၊ မင်းနားလည်အောင် ပြောရ





ကျုပ်တို့ တောင်ယာစပါးတွေ နောက်နှစ်မှာလည်း ဒီနှစ်ထက်ပိုပြီး အောင်မြင်အောင်၊ စပါးအထွက်နှုန်းပိုကောင်းအောင် ဆုတောင်းတဲ့ပွဲ ပြီးတော့ ပထမဦးဆုံး ကျုပ်တို့ တောင်ယာကသိမ်းတဲ့ စပါးကဆန်နဲ့ အမျိုးကို ကုသိုလ်ပြုတဲ့ပွဲမျိုးပေါ့၊ အဟွန်း ကျုပ်ထင်ပါတယ်၊ မင်း ကျုပ်တို့ ကောက်သစ်စားပွဲမှာ ပျော်မယ်ဆိုတာ"

"ရှင်အပြောကောင်းတာနဲ့ မေချမ်း စိတ်ဝင်စားလာပြီ"

"စိတ်ဝင်စားဖို့ကောင်းသလို ပျော်ဖို့လည်း ကောင်းတဲ့ပွဲဆိုတာ မင်း မကြာခင် ကြုံရတော့မှာပါ၊ ဒီက ဗဟုသုတ အတွေ့အကြုံတွေကို မင်း မြေပြန့်ပြန်ရောက်ရင် ပြောလို့ရတာပေါ့"

"မေချမ်းက ဘယ်သူ့ကို ပြောရမှာလဲ"

"ဟောဗျာ ဒါတော့ ခင်ဗျားရဲ့ အရင်းနှီးဆုံးလူတွေကို ပြောပေါ့၊ အနည်းဆုံးတော့ ခင်ဗျားရဲ့"

"ရှင်နော်"

"ဟ ဘာလဲကွ၊ ကျုပ်ဘာပြောရသေးလို့လဲ"

"ရှင် မပြောသေးပေမယ့် ရှင် ဘာပြောမယ်ဆိုတာ မေချမ်း သိတယ်"

"အဟွန်း ပြောပါဦး၊ ကျုပ် ဘာပြောမလဲဆိုတာ"

ပြုံးစေ့စေ့မျက်နှာနှင့် မေချမ်းကို ကလေးတစ်ယောက်အား ချစ်စနိုး တရင်းတနှီး စနောက်သည့်ဟန်ဖြင့် ရီဝေစူးရှစွာ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်ကာ ပြောလိုက်တော့ မေချမ်းရင်မှာ သိမ့်ခနဲ ခုန်သွားကာ

"မေချမ်းဘဝမှာ ဒက်ဒီကလွဲလို့ တွယ်တာရမယ့် တခြားလူဆိုတာ မရှိဘူး၊ အဲဒီအတွက် မေချမ်း ဒက်ဒီကလွဲပြီး တခြား ဘယ်သူ့ကိုမှလည်း ပြောစရာမလိုဘူး"

"ဟား မေချမ်းရယ်ဗျာ"

မေချမ်းစကားများက မွှန်းကျပ်နေသည့် ထောင်ဇာခန်း နှလုံးသားကို ကြည်နူးအေးမြ ကြည်မွေ့သွားရပါစေသည်။

ပိုင်ဆိုင်သူရှိနေပြီဆိုသောအသိဖြင့် ရင်မှာ တစ်ဖက်သတ် ကြိတ်ကာ ဆွေးနေရသော ထောင်ဇာခန်း။ ခုတော့လည်း သူ့ရင်မှာ ထွက်ပေါက်ရှိသွားရသလိုမျိုး ရင်မှာ ပျော်ရွှင်ကြည်နူးခြင်းတွေနှ နှလုံးသားများ တဒိတ်ဒိတ်နှင့် သွေးများ ဆူပွက်လာရသည့်အထ ရင်ခုန်သံတွေ အဆက်အဆီးမရှိ မြန်ဆန်လာရသည့်အဖြစ်။

မြတ်နိုးရပါသော ချစ်သူလေး၏ နှလုံးသားသည် ဘာ အရောင်မှ မဆိုးထားသည့် အဖြူရောင်သန့်စင်လွန်းသည့် ပန်းလေး တစ်ပွင့်ပဲမဟုတ်ပါလားဆိုသည့် အသိကပင် ထောင်ဇာခန်းရင်ထဲ အချ များ တိုးနေရတော့သည်။

ကိုယ့်အလှည့်တုန်းက သူများကို ပြောခဲ့ပေမယ့် အ သူ့အလှည့်ကျတော့ ထိုစကားကိုပင် မခံမရပ်နိုင်သလိုမျိုး ရှက် ချစ်သူရှိနေသည့် မိန်းကလေးတစ်ယောက်အထင်နှင့် ပြောနေသော





ထောင်ဇာခန်းကို မေချမ်း မျက်နှာတည်တည်လှလှလေးနှင့် ကြည့်လိုက်ရင်း

"ရှင် မေချမ်းကို လက်စားချေတာတော့ မဟုတ်ပါဘူးနော်"

"လက်စားချေတယ် ဟုတ်လား"

"မသိနိုင်ဘူးလေ၊ ရှင့်ကိုပြောခဲ့တဲ့ စကားအတွက် မေချမ်းကို ဒီစကားတွေနဲ့ပြန်ပြီး လက်စားချေ"

"မေချမ်း"

ခန့်ညားတည်ကြည်မှုတွေနှင့် ကြည့်၍ကောင်းနေသော ထောင်ဇာခန်းပုံစံ။ တစ်စုံတစ်ရာအတွက် ထိခိုက်ခံစားသွားရသလို

"မိန်းမတစ်ယောက်ကို အငြိုးနဲ့ လက်စားချေတဲ့ပြန်တတ်တဲ့ ယောကျ်ားထဲမှာ ကျုပ်မပါဘူး မေချမ်း"

ခက်ထန်သော မျက်နှာနှင့် အေးစက်စွာ ပြောနေသော သူ့စကားများသည် ဟန်ဆောင်စကားများ မဟုတ်ဆိုတာကိုလည်း မေချမ်းစိတ်မှာ အလိုလို ခံစားသိနေရသည်။

"ကျုပ် တောင်းပန်ပါတယ်"

"ရှင်"

"ကျုပ် အပြုအမူ၊ ကျုပ်စကားတွေဟာ မင်းအပေါ် ရိုင်းသလိုဖြစ်ကောင်း ဖြစ်နေလိမ့်မယ်၊ ဒါပေမယ့် ကျုပ်ဟာ မညာ



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး၊ ဟန်မဆောင်တတ်ဘူး၊ ဒါ ကျုပ်ရဲ့ စိတ်ဓာတ်ပဲ”

မျက်နှာကြီး မှုန်တည်ကာ ကလေးဆိုးကြီးတစ်ယောက်ပမာ မျက်ခုံးထူထူကြီး တွန့်ကြုတ်နေသော ထောင်ဇာခန်းကို မေချမ်းသည် ဒီတစ်ခါတော့ စိတ်စဆိုးသည့်အပြင် စိတ်ဝယ် ရယ်ချင်သလို ရှိနေရတော့သည်။

ကြည့်စမ်းပါဦး။

ဒါ သူမကို သူ စိတ်ဆိုးနေသည်တဲ့လား။

အံ့ဩဖို့ကောင်းလိုက်တာ။

ခက်ထန်သော မျက်နှာကြီးနှင့် တစ်လောကလုံးကို သူ လုပ်ကျွေးထားရသလို ရှုတည်တည် မှုန်တင်းတင်းရှိသည့် သူ ယခုလိုလည်း စိတ်ဆိုးတတ်ပြန်သည်တဲ့လား။

အတွေးနှင့် မေချမ်းသည် နှုတ်ခမ်းလေး စေ့ပိတ်ကာ ခပ်လွန့်လွန့်လေး ပြုံးလိုက်တော့

“ပြုံးပါ ပြုံးပါ၊ ခင်းကတော့ ပြုံးနိုင်မှာပေါ့လေ”

မေချမ်း မထင်မှတ်ဘဲ သူ့ထံ မျက်စောင်းလှလှလေး ရောက်ရှိသွားရသည်။

ထိုမျက်စောင်းလေးကြောင့်ပင် နှလုံးသားတစ်ခုလုံး ကျွံ ထိုးမှောက်ခုန် ဖြစ်သွားရသူက ထောင်ဇာခန်း။

‘မေပြန်သွားရယ် ခင်ဗျားနဲ့ ကျုပ်ခက်ပါပြီ’ဟု ထောင်ဇာခန်း





စိတ်မှာ ကြိတ်ဆိုလိုက်သလို ပါးစပ်ကလည်း ‘ခက်နေပြီ’ ဆိုသည့် စကားကို လွှတ်ခနဲ ထွက်သွားရတော့

“ဘာခက်တာလဲ”

“အော် ဟို ဘာမှမဟုတ်ဘူး”

မေချမ်းအမေးကို ထောင်ဇာခန်း တစ်ယောက် မရေမရာ ပြန်ဖြေရင်းက ရင်မှာ ပေါက်ကွဲမတတ်ဖြစ်နေရသည့် ခံစားမှုတွေနှင့် ရှေ့ဆက် ဒီထက် ခက်တော့မည်ဆိုတာကို တွေးမိပြီး

“ကျုပ် သွားအိပ်တော့မယ်”

ထောင်ဇာခန်းသည် ထိုစကားကို မေချမ်းကိုမကြည့်ပါဘဲ အကြည့်လွဲလွဲကြီးနှင့်ဆိုကာ နေရာမှ ထွက်သွားတော့ မေချမ်းမှာ နားမလည်စွာ ကြည့်ကျန်ရစ်ရင်း ဘယ်လိုလူပါလိမ့်ဟု စိတ်မှာ တီးတိုးဆိုလိုက်မိပါတော့သည်။

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

ထောင်ဇာခန်း ပြောသလို ကောက်သစ်စားပွဲမှာ တကယ်
ပင် ရှုပျော်စရာကောင်းပါသည်။

ကျယ်ဝန်းလှသည့် ခြံဝန်းကြီးထဲ လူတွေတရုန်းရုန်းနှင့်
ကောက်သစ်စားပွဲ ကျင်းပနေသည်မှာ ကြည့်နေသည့် မေချမ်းပင်
အပျော်တွေ ရင်ထဲ ရောက်လာရသည်။

အိုးကြီးအိုးငယ်အသွယ်သွယ်ဖြင့် ထမင်း၊ ဟင်းတွေ
ချက်ပြုတ်နေသည်မှာ အလှူကြီးတစ်ခု လုပ်နေသလိုပင်ဖြစ်သည်

ဟင်းမှာ နွားနောက်သားဖြစ်သလို ဆန်မှာလည်း အနည်း
ငယ် နီမြန်းကာ စေးပိုင်ပိုင်ရှိသော တောင်ယာဆန်သစ်နှင့် ဖြစ်
သည်။

အန်ကယ် ကျုံးမန်းခေါင်နှင့် ထောင်ဇာခန်းတို့မှာ ကောက်





သစ်စားပွဲလာသူများကို ဧည့်ခံနေသလို နောက်ပိုင်းတွင် ငိုက်စွမ်း
နှင့် မုန်းနွမ်းတို့ မောင်နှမအပါအဝင် ရင်းနှီးသည့် ရွာခံလူများ
ကလည်း ထမင်းအိုးကြီးများ တစ်အိုးပြီးတစ်အိုး တည်သလို နွား
နောက်သားဟင်းကလည်း အိုးကြီးအိုးငယ်နှင့် အငွေ့တထောင်း
ထောင်းထနေသည်မှာ စားချင်စဖွယ်။

သည်ရပ်ရွာမှာ ဘာဟန်ဆောင်မှုမှ မရှိ။ ပကတိ ဖြူစင်
ရိုးသားသည့် တိုင်းရင်းသားများပီပီ ဘယ်အိမ် ကောက်သစ်စား
ပွဲလုပ်လုပ် တစ်ရွာလုံးက ကိုယ့်ဆွေမျိုးသားချင်းအိမ်ပမာ ဖိတ်ခေါ်
စရာမလိုဘဲ ရင်းရင်းနှီးနှီး လာကြသည်သာပင်။

ကောက်သစ်စားပွဲတွင် နွားနောက်သားနှင့် ကောက်သစ်
ဆန်ထမင်းကို အားပါးတရ စားနေကြသောလူများကိုကြည့်ကာ
မေချမ်းရင်ထဲ အပျော်စိတ်တွေနှင့် အလိုလို ပြည့်လာရသည်။

ချွေးလေးတစို့စို့နှင့် နွားနောက်သားနှင့် ထမင်းဟင်းများကို
ချက်နေသော မုန်းနွမ်းတို့မောင်နှမရှိရာသို့ မေချမ်း ရောက်သွားတော့

"ဟော မမမေချမ်း၊ လာ လာ မမကို လိုက်ရှာနေတာ၊
ဘယ်သွားနေတာလဲ မမ"

ချက်ပြုတ်နေသည့်ကြားက မမောပန်းသည့်ပုံစံ အပြုံး
လှလှလေးနှင့် လှမ်းနှုတ်ဆက်နေသော မုန်းနွမ်းကို မေချမ်းသည်
ချစ်စဖွယ်အပြုံးလေးနှင့်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်မှ မသွားပါဘူး မုန်းနွမ်းရဲ့၊ ကောက်သစ်စားပွဲက မမအတွက် မကြုံဖူးလို့ လိုက်ကြည့်နေတာ၊ ဒါနဲ့ မမ ဘာလုပ်ပေးရမလဲ မုန်းနွမ်း”

“ရတယ် မမ၊ ဘာမှ လုပ်ပေးစရာမလိုဘူး၊ မမကို နွားနောက်သားနဲ့ ကောက်သစ်ဆန် ထမင်းကျွေးမလို့”

“အဟင်း ဟင်း မမလည်း သူများစားနေတာကို လိုက်ကြည့်နေတာ၊ မုန်းနွမ်းပြောမှပဲ ဆာရမှန်းသိတော့တယ်၊ မုန်းနွမ်းတို့ရော စားပြီးပြီလား”

“ဟင့်အင်း မမ၊ မမနဲ့အတူတူစားမလို့ စောင့်နေတာ”

“ဟယ် ဒါဆို မုန်းနွမ်းတော့ ဆာနေတော့မှာပဲ”

“မဆာပါဘူး မမရဲ့၊ မမကို မုန်းနွမ်းတို့မောင်နှမလက်ရာ နွားနောက်သားဟင်း ဘယ်လောက်ကောင်းတယ်ဆိုတာ ကြွားချင်လို့ ထမင်းစောင့်နေတာ”

“အော် ကြည့်စမ်း ကြည့်စမ်း၊ ခုမှ သိတော့တယ်၊ မမကိုစောင့်ပြီး မုန်းနွမ်းတို့လက်ရာ နွားနောက်သားဟင်း ဘယ်လောက်ကောင်းတယ်ဆိုတာ ကြွားချင်လို့ပေါ့လေ”

မေချမ်းစကားကြောင့် မုန်းနွမ်းမှာ မျက်ခန်းများပိတ်သွားရသည်အထိ ကလေးတစ်ယောက်လို နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်သည်။





“ဒါနဲ့ အန်ကယ်ကျုံးမန်းခေါင်နဲ့ မုန်းနွမ်းအစ်ကိုကော စားပြီးပြီလား”

“မစားရသေးဘူးဗျာ၊ ဧည့်သည်တွေကို ဧည့်ခံနေရတာနဲ့ ခုမှ စားမလို့လာတာ”

“ဟင်”

မေးတာက မုန်းနွမ်းကို ဖြစ်ပေမယ့် ဖြေသူက ထောင်ဇာခန်းဖြစ်သည်။ မေချမ်းမှာ သူ့မအနား ရောက်လာသည့် ထောင်ဇာခန်းကို တစ်ချက်လှမ်းကြည့်ကာ

“အန်ကယ်ကော”

“ကပါး သူ့ဧည့်သည်တွေနဲ့ စကားပြောနေတယ်၊ ထမင်းမစားရသေးဘူးဆို”

“အင်း”

“ထမင်းစားချိန်တောင် ကျော်နေပြီ၊ စားစို့”

ပြောလည်းပြော ရှေ့တွင် အသင့်ပြင်ထားသည့် ထမင်းဝိုင်းမှ ထမင်းကို စားလိုက်လေသည်။

ထောင်ဇာခန်းသည် ထမင်းကို သေသေသပ်သပ်နှင့် သုံးလေးလုတ်စားပြီးသည်အထိ မေချမ်းက သူ့မရှေ့က ထမင်းဟင်းများကို မတို့ထိရသေး။

“စားလေ မေချမ်း ဘာလုပ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ထောင်ဇာခန်း အံ့ဩသွားရသည်။ မေချမ်းသည် ထမင်းမစားသေးဘဲ သူ့ကို ဘာကြောင့် ကြည့်နေရတာပါလိမ့်။

သူ သတိထားမိသလောက်တော့ မေချမ်းသည်လည်း သူ့ကို သိသိသာသာတစ်မျိုး၊ မသိတသိတစ်မျိုး အကဲခတ်သည့် မျက်ဝန်းများဖြင့် ကြည့်နေတတ်လေသည်။

ထောင်ဇာခန်း ဆုတောင်းမိပါသည်။

သူမနှင့်ပတ်သက်တဲ့ သူ့ရင်ထဲက ခံစားမှုများကို သူမ မြင်တွေ့သွားပါစေဟု။ မေချမ်းအား ချစ်မိသည့် သူ့အချစ်တွေသည် မှန်ကန်ဖြူစင် သန့်ရှင်းပါက မေချမ်းသည် သူ့အချစ်များကို မြင်တွေ့သွားမှာ သေချာပါသည်။

နက်ရှိုင်းစူးနစ်စွာ ရင်မှာဖြစ်ပေါ်ခံစားနေရသည့် သူ့ရင်ထဲက အချစ်စစ်၊ အချစ်မှန်များကို မေချမ်း မြင်တွေ့သွားပါစေလို့လည်း ထောင်ဇာခန်း ကြိတ်ကာ ဆုတောင်းလိုက်မိသည်။

"စားလေ မေချမ်း"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မေချမ်း မဆာသေးဘူး"

"မဟုတ်တာဗျာ၊ အချိန်လည်းကြည့်ပါဦး၊ ဒီအချိန်မှ





မစားသေးရင် ဘယ်အချိန်စားမှာလဲ၊ တော်ကြာ အဆာလွန်လို့ ရောဂါရနေဦးမယ်"

စေတနာစကားနှင့်အတူ စိုးရိမ်မှုကပါ မထင်မှတ်ပဲ ပါသွားရသည်။

မေချမ်းသည် သူ့စကားကြောင့် အနေခက်သွားသလို ရှိသွားရပြီး

"မေချမ်း မစား"

"မရဘူး စားရမယ်"

ရော ဖွတ်ကြီးပါပဲလား။

မေချမ်း ပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေးရင်း မေချမ်းကို ဖွတ်ကြီးစားခိုင်းနေတော့ မေချမ်းမှာ မနေသာတော့ဘဲ သူနှင့်အတူ ဝင်စားလိုက်ရသည်။

"စားနော် မေချမ်း၊ ဒါ မုန့်နှမ်းတို့မောင်နှမလက်ရာ နွားနောက်သား လက်ရာက ဘယ်လိုလဲ၊ စားကောင်းရဲ့လား"

ကလေးတစ်ယောက်လို မေချမ်းပန်းကန်ထဲသို့ ဟင်းတွေ ဂရုတစိုက် ခပ်ထည့်ပေးရင်း ပြောနေသည့်မှာ သူမအပေါ် တယုတယ ရှိနိုင်လွန်းလှသည်။

ထိုအချက်ကို သတိထားမိတော့ မေချမ်း မျက်နှာလေး ရဲသွားကာ



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်၊ မေချမ်း နွားနောက်သားကို တစ်ခါမှ မစားဖူးဘူး"

"ချင်းပြည်နယ်ရောက်ရင် နွားနောက်သား မစားရဘဲ ပြန်တဲ့ဧည့်သည်ဆိုတာ မရှိသလောက်ဘဲ၊ ဘယ်နှယ့်လဲ နွားနောက်သားကို ကြိုက်သွားပြီလား"

"မခင်း"

အပြုံးလေးနှင့် မေချမ်း ခေါင်းညိတ်ပြလိုက်၏။

တကယ်လည်း မုန်းနွမ်းတို့ မောင်နှမလက်ရာ နွားနောက်သားဟင်းသည် မေချမ်းအတွက် ထူးထူးခြားခြားနှင့် တစ်မျိုးဆန်းကာ အရသာရှိရှိနှင့် စားလို့ တကယ်ကောင်းနေရပါသည်။

ချင်းဓလေ့ထုံးစံအတိုင်း အဆီအနှစ်မပါဘဲ ချက်ထားသည့် နွားနောက်သားဟင်း၏ အရသာက သူမစားဖူးသည့် ဟင်းတွေထဲဘာအရသာဟင်းနှင့်မှမတူ တစ်မျိုးထူးကာ ကောင်းလွန်းနေသည်။

"ရော့ ထည့်စား မေချမ်း"

"အို တော်ပြီ"

"စားပါ မေချမ်း များများစားမှ ချက်ရတဲ့ မုန်းနွမ်းနဲ့ ငိုက်စွမ်းလည်း အမောပြေမှာပေါ့"

"ဟုတ်တယ်နော် မမ၊ အစ်ကိုပြောသလို မမများများ





ထည့်စားရမယ်၊ ဒါမှ မုန်းနွမ်းတို့လည်း ကျေနပ်မှာ"

မေချမ်း မငြင်းသာတော့ပါ။

တော်ပါပြီဟု ငြင်းလိုက်ပြန်ရင်လည်း မုန်းနွမ်းတို့စေတနာကို စော်ကားရာ ရောက်လိမ့်မည်။

စေတနာနှင့် ကျွေးသူက ကျွေးနေပြီမို့ မေချမ်းလည်း မငြင်းတော့ဘဲ သူမ ပန်းကန်ထဲ ထောင်ဇာခန်းထည့်ပေးသမျှ တောင်ယာဆန်သစ် စေးပိုင်ပိုင် ထမင်းပူပူနွေးနွေးများနှင့် အငွေ့တထောင်းထောင်းထနေသော နွားနောက်သားဟင်းတို့ကို ခါတိုင်းထက်ပိုကာ မြိန်ယှက်စွာ တပျော်တပါး စားပစ်လိုက်သည်။

"အစ်ကို စားကောင်းရဲ့လား"

"အပွန်း ငါ စားခဲ့တဲ့ ထမင်းတွေထဲမှာ ဒီထမင်းဝိုင်းက စားလို့အကောင်းဆုံးပဲ"

မေချမ်းမျက်နှာလေးကို လှမ်းကြည့်ကာ ပြောလိုက်သည့် ထောင်ဇာခန်းစကားကြောင့် မေချမ်းရင်ထဲ နွေးခနဲ ဖြစ်သွားရသည်။

"ကေန္တ အစ်ကို ဒီလိုစားကောင်းတာဟာ"

ငိုက်စွမ်းသည် ပြောလက်စ စကားကိုရပ်ကာ မေချမ်းနှင့် ထောင်ဇာခန်းမျက်နှာကို ဖြုံးဖြဲဖြဲကြည့်လာတော့ ထောင်ဇာခန်း မနေတတ်သလို မျက်နှာကြီးရဲသွားကာ

"ဘာလဲကွ၊ မင်းစကားက ဆက်ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ကျွန်တော် ဆက်ပြောရင် အစ်ကိုနဲ့ မမ စိတ်ဆိုးမှာပေါ့"

"အို ဘာဆိုင်လဲ"

မေချမ်းမှာ ထိုစကားကို မျက်နှာရဲရဲလေးနှင့် လှမ်းပြော လိုက်သည်။

ဒါကိုပင် ဒိုက်စွမ်းသည် သူ့စကားကို မရပ်သေးဘဲ

"မသိဘူးလေဗျာ၊ ကျွန်တော်က အစ်ကိုနဲ့မမကို ဆိုင်များ ဆိုင်နေပြီလားလို့"

"ဟာ ခွေးကောင်"

"မင်း"

"အို"

မသိမသာပင် မဟုတ်တော့။ သိသိသာသာမှ ထောင်ဇာ ခန်းနှင့် မေချမ်းကို ရှေ့ထားကာ မုန်းနွမ်းအား မျက်စိတစ်ဖက်မှိတ် ပြလျက် စနေသော ဒိုက်စွမ်းစကားကြောင့် မိန်းကလေးဖြစ်သည့် မေချမ်းမပြောနှင့် ယောကျ်ားရင့်မကြီးဖြစ်သည့် ထောင်ဇာခန်းပင် မျက်နှာကြီး မထားတတ်အောင်ဖြစ်သွားရသည်။

ကိုယ်စီမျက်နှာတွေ ရဲပလျက် အနေခက်နေသော ထောင်ဇာခန်းနှင့်မေချမ်းကို မုန်းနွမ်းနှင့်ဒိုက်စွမ်းတို့ မောင်နှမနှစ်ဦး မှာ သဘောကျသလိုကြည့်ကာ ရယ်မောလိုက်တော့ ထောင်ဇာခန်း





နှင့်မေချမ်းမှာ စိတ်ဆိုးရခက်ခက်နှင့်ပင် တစ်ယောက်မျက်နှာကို တစ်ယောက် မထင်မှတ်ဘဲ လှမ်းကြည့်ကာ နှစ်ယောက်သား ပြုံးလိုက်မိလေသည်။

ကလေးလို့လည်း ပြောရခက် လူကြီးလို့လည်း ဆိုရခက် နှင့်၊ ဒီမောင်နှမနှစ်ယောက်မှာ ဆိုးလွန်းပါသည်။

မေချမ်းမှာ ဒိုက်စွမ်း၏ တရင်းတနှီးဆန်လွန်းသည့် အစ အနောက်စကားများကြားတွင် ရှေ့ဆက်ထိုင်ရကောင်းနိုးနိုး ထသွား ရနိုးနိုးနှင့် ခက်နေရသည့်ကြားထဲ ကိုယ်တော်ချော ထောင်ဇာခန်း ကလည်းတစ်မျိုး။

ဒိုက်စွမ်းစကားများကို ဘယ်လိုအတွေးပေါက်သွားသည် မသိပါ။ သူမစိတ်ထင်လို့ဘဲလားမသိပါ။ သိနားလည်ရခက်သော စူးရှရီဝေတောက်ပသည့် အကြည့်များဖြင့် မေချမ်းအား မမြင်မတွေ့ ဖူးသူတစ်ယောက်လို ကြည့်နေသည်မှာ မေ့မေ့မောမောပင်။

ပြီးတော့ သူ့ပုံစံ။ ခါတိုင်း လူချင်းတွေ့ပါက မျက်နှာ ထားတည်တည်စူးစူးကြီးနှင့် နေတတ်သည့်လူက ခုတော့လည်း သူမဟုတ်သလို ရယ်ကာမောကာ ပြုံးပြုံးရွှင်ရွှင် စကားတွေဆိုလျက် ရှိနေရုံမက မေချမ်း တစ်ခါမှ မရဖူးသည့် သူ့ထံမှ ကြင်နာခွေးထွေး မှုများကြောင့် အားမှာရှိနေသည့် ဒိုက်စွမ်းတို့မောင်နှမပင် သတိထား မိသွားရသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိဘဲလည်းမနေပါ။

သူ ဒီလောက် မှုပျက်နေသည်ကို ဘေးလူတွေပင် ရိပ်မိနေသည်ပဲ။

သေချာတာတစ်ခုကတော့ ထောင်ဇာခန်းသည် မချမ်းအပေါ် အကြည့်တွေသာမက အပြုအမူတွေကပါ သိသိသာသာပြောင်းလဲနေရသည်ပဲလေ။

ထို့အတူ မချမ်းကိုယ်တိုင်ကလည်း ရင်ခုန်သံတွေ သိသိသာသာ မြန်ဆန်ကာ ရင်တွေ တဒိတ်ဒိတ်ခုန်နေလျက် ထောင်ဇာခန်းမျက်နှာချောချောကြီးကို မကြည့်ရဲအောင် ရှိနေရ၏။

ငိုက်စွမ်းနှင့် မှန်နှမ်းတို့ မောင်နှမမှာ မှုပျက်နေသည့် ထောင်ဇာခန်းနှင့် မချမ်းအဖြစ်ကို သတိထားမိ၍လားမသိပါ။ တစ်ယောက်ကိုတစ်ယောက် မျက်စပစ်လိုက်ရင်း

"အစ်ကို မှန်းနှမ်းတို့ ကောက်သစ်စားပွဲပြီးရင် ရွာတောင်ပိုင်းကို သွားကြရအောင်"

"ရွာတောင်ပိုင်းကို ဘာသွားလုပ်မှာလဲ"

မချမ်းကို တစ်ချက်လှမ်းကြည့်ပြီး ထောင်ဇာခန်းမှ မှန်းနှမ်းအား ပြန်၍မေးလိုက်သည်။

"သြော် အစ်ကိုကလည်း ရွာတောင်ပိုင်းကကြည့်ရင် မှန်းနှမ်းတို့ ချင်းတောင်တန်းတွေရဲ့အလှက ပိုပြီးထင်ထင်ရှားရှားမြင်ရတယ်လေ၊ နောက်ပြီး ရွာတောင်ပိုင်းမှာ ရှုခင်းက ပိုလှပြီးသာယာတယ်၊ မမနဲ့မှန်းနှမ်းကို အစ်ကိုအမှတ်တရ ဓာတ်ပုံရိုက်ပေးဦးလေ"

"မှန်နှမ်းတစ်တော့ဟော့ သူ ဓာတ်ပုံရိုက်ချင်တာနဲ့ မမကို အဖော်လုပ်ခေါ်နေပြီ"

"အို မှန်းနှမ်းက အဲလိုသဘောမျိုးမဟုတ်ပါဘူးနော်၊ မမ မပြန်ခင် မမနဲ့အတူ ဓာတ်ပုံရိုက်ထားချင်လို့ပါ၊ ဒါမှ မမပြန်သွားရင် ဓာတ်ပုံလေးကြည့်ပြီး မှန်းနှမ်း အလွမ်းဖြေလို့ရမှာ"

မှန်းနှမ်းစကားကြောင့် အားလုံး နှုတ်ဆိတ်သွားရသည်။

ထိုထဲတွင် မျက်နှာအပျက်ကြီးပျက်ကာ သိသိသာသာကြီး နှုတ်ဆိတ်သွားရသူက ထောင်ဇာခန်း။

ဟုတ်ပါရဲ့။ သူ ဘာလို့ ဒါကို မေ့နေရတာပါလိမ့်။ မချမ်းဆိုတာက အချိန်တန် အိမ်ပြန်မည့် ဧည့်သည်။

ဧည့်သည်ဆိုတာ အချိန်တန် အိမ်ပြန်ရမည့် သဘာဝပင်ဖြစ်သည်။ မပြန်ပါနဲ့လို့လည်း တားလို့ရမည်မဟုတ်။

ခဏတာရောက်လာသည့် မြို့သူဧည့်သည်အပေါ်မှာမှ ထောင်ဇာခန်းအချစ်တွေ တွယ်ငြိမိသည်က မချမ်းနှင့်ပတ်သက်ကာ မေ့လျော့ဝင့်ကြွေးပါလာ၍များလား။

"နော် အစ်ကို၊ မှန်းနှမ်းနဲ့မမကို ဓာတ်ပုံရိုက်ပေးနော်"







www.burmeseclassic.com

www.burmeseclassic.com



ထောင်ဇာခန်းမျက်နှာပေါ်က အပြောင်းအလဲကို သတိမထားမိဘဲ အရိပ်အခြေကို နားမလည်ပါဘဲ ကလေးတစ်ယောက်လို ပြောချင်တာ ဖွင့်ပြောနေသော မုန်းနှမ်းကို ထောင်ဇာခန်း စိတ်မရှည်တော့သလို

"မုန်းနှမ်း နင် စကားများလှချည်လား"

စိတ်မှာ အလိုမကျသမျှ မုန်းနှမ်းကိုကြည့်ကာ ဒေါသတကြီး အော်ပင့်လိုက်တော့

မုန်းနှမ်းသည်သာမက ငိုက်စွမ်းနှင့်မေချမ်းပါ အံ့သြလျက် ထောင်ဇာခန်းကို နားမလည်သလို လှမ်းကြည့်လိုက်သည်။

မျက်ခုံးထူထူကြီးနှစ်ခုကို ထိဆက်လုမတတ် တွန့်ရင်း အလိုမကျသည့်အလား မျက်မှောင်ကြီးကြုတ်နေသော ထောင်ဇာခန်း မျက်နှာက စောစောကနှင့် တခြားစီ မျက်နှာကြီး တင်းတင်းမှုန်မှုန်နှင့်

ဒီလူ စောစောကတော့ အကောင်း။ အခု ဘာဖြစ်ရသည်လဲ။

မေချမ်းအတွေးနှင့် အံ့သြမှုတွေမှ မဆုံးသေး

"ဥည့်သည်ဆိုတာ အချိန်တန်အိမ်ပြန်ရတာ သဘာဝပါ၊ ဒါကို နင်က အစွဲအလန်းကြီးကြီးနဲ့ ဘာမှ စိတ်မှာထည့်နေစရာမလိုပါဘူး၊ နင် မြို့သူကို မခွဲနိုင်လို့ မပြန်ပါနဲ့ဆိုလည်း အချိန်တန်တော့ မြို့သူက သူနေရာသူ့ဒေသကို ပြန်မှာပဲ၊ နင်သာ အလွမ်းနဲ့ အဖတ်တင်ကျန်ခဲ့မယ်"

ဘုရားရေ။

ပြောင်းလဲမှုတွေက မယုံနိုင်စရာပါပဲလား။ ချိုကြည်သော မျက်နှာနှင့် သူမှဟုတ်သည့်အတိုင်း စကားတွေ ရွှန်းရွှန်းဝေအောင် ဆိုခဲ့သော ထောင်ဇာခန်း၊ ချက်ချင်း ပြောင်းလဲသွားပုံမှာ မယုံနိုင်စရာပင်ဖြစ်သည်။

သူ ဘာအလိုမကျဖြစ်သွားရတာပါလိမ့်။

သူမကိုရှေ့ထားကာ သူမအကြောင်း ပြောနေပုံက မေချမ်းအတွက် သည်းမခံချင်စရာဆိုပေမယ့် မေချမ်းမှာ ခါတိုင်းလို သူ့အား စကားပြန်မဆိုမိပါပေ။

ချက်ချင်းလို ပုံစံပြောင်းသွားသည့် သူ့အပေါ် မကျေလည်ရပေမယ့် ထိုမကျေလည်သည့်စိတ်ကို ရင်မှာ မြှုံသိပ်လိုက်ကာ

"ရှင့်စကားတွေက တစ်ဖက်သတ်ဆန်လွန်းမနေဘူးလား ထောင်ဇာခန်း၊ မေချမ်းရင်ထဲကိုရော ရှင် ဘယ်လောက်ဝင်ကြည့်ပြီးလို့ ဒီစကားတွေ ရှင်ပြောနေရတာလဲ၊ ခင်မင်မှုသံယောဇဉ်ဆိုတာ တောင်ပေါ်နဲ့မြေပြန့်ရယ်ဆိုပြီး ခွဲခြားရှိတာမဟုတ်ပါဘူး၊ လူဆိုတာ သံယောဇဉ်ထားတတ်သူမျိုး၊ အဲ အထူးသဖြင့် မေချမ်းတို့လို မိန်းမသားတွေမှာ သံယောဇဉ်ကြီးက ပိုပြီး ချည်နှောင်တတ်တယ်ဆို







www.burmeseclassic.com

www.burmeseclassic.com



တာ သံယောဇဉ်မထားတတ်တဲ့ ရှင် ဘယ်ကိုယ်ချင်းစာတတ်ပါ့မလဲ"

"ဘာ"

"မင်း"

ထောင်ဇာခန်း အံကိုတင်းတင်းကြိတ်ရင်းက မေချမ်း မျက်နှာလှလှလေးကို ခပ်စူးစူးကြည့်ဖြစ်လိုက်သည်။

ဘာတဲ့ သူ့အား သံယောဇဉ်မထားတတ်သည့် သူရယ်လို့ မေချမ်း ပြောလိုက်သည်တဲ့လား။

ထိုစကားသည် သူ့ရင်ကို အခံရအခက်ဆုံးသော စကား ဆိုတာ သူမ မသိဘူးတဲ့လား။

ထောင်ဇာခန်း အော်ဟစ်၍သာ ရယ်ဖြစ်လိုက်ချင်ပါတော့သည်။ သံယောဇဉ်မထားတတ်တဲ့သူတဲ့။

သူ့မှာတော့ သံယောဇဉ်ထားတတ်လွန်းလို့ ရင်တစ်ခုလုံး ပွင့်အံပေါက်ကွဲမတတ် ဖြစ်နေရသည်ကို မေချမ်း သိမည်မဟုတ်။

ရင်မှာ ပေါက်ကွဲမတတ် ခံစားမှုတွေနှင့် မေချမ်းအား စူးစူးစိုက်စိုက်ကြည့်ရင်း

"ကျုပ်ကို သံယောဇဉ်မထားတတ်သူလို့ မင်းပြောလိုက်တာလား မေချမ်း"

"ဘာလဲ မှန်တာပြောတော့ ရှင်မခံနိုင်ဘူးလား"





"အဟွန်း မှန်တာပြောတာ ဟုတ်လား၊ အဟွန်း ဟွန်း ကောင်းပါတယ်ဗျာ၊ ခင်ဗျားပြောတဲ့ အမှန်တွေကိုပဲ ကျုပ်က ပြောချင်နေတာယ်ဆိုရင်ရော"

"အို"

သူ့ထိတော့ နာရကောင်းမှန်းသိသလို မေချမ်းထံ အကြည့်တွေ မလွှဲတမ်းကြည့်ရင်းက ထောင်ဇာခန်း ပြောလိုက်လေသည်။

"ဟင်း"

သက်ပြင်းချသံနှင့်အတူ ထောင်ဇာခန်းမှာ အတွေးများ ဘယ်လိုရှိသွားရသည်မသိပါ။ မေချမ်းအား ခပ်စိုက်စိုက်တစ်ချက် ကြည့်ပြီးနောက် ရုတ်ခြည်းဆိုသလို နေရာမှ ချာခနဲ လှည့်ထွက်သွားလေသည်။

စောစောက မုန်းနွမ်းတို့နှင့် ရယ်ရွှင်ခဲ့သော အပျော်တွေသည်လည်း ဘယ်ဆီရောက်သွားရသည်မသိတော့။

ရုတ်တရက် ထွက်ခွာသွားသည့် ထောင်ဇာခန်းကို မေချမ်း ဘာမှတုံ့ပြန်ခွင့်မရလိုက်ဘဲ သူ မှန်သလို စကားဖြင့် အနိုင်ယူသွားသော ထောင်ဇာခန်းကြောင့် မေချမ်း အောင့်သီးအောင့်သက် ဖြစ်ကျန်ခဲ့သည်။

ခု ကြည်ကြည်သာသာရှိလိုက်၊ ခု တင်းတင်းမာမာရှိလိုက်နှင့် တတ်ပဲတတ်နိုင်လွန်းသော ထောင်ဇာခန်းပုံစံက တစ်



www.burmeseclassic.com

www.burmeseclassic.com



သတ်ကြီးမှ တကယ့်ကို တစ်ဖက်သတ်ဆန်ဆန် ဖြစ်နေရ၏။

တကယ်ဆို ဒီလူ နားလည်ဖို့ကောင်းပါသည်။

လောကတွင် သူတစ်ယောက်တည်း စိတ်ရှိသည် မဟုတ်ပါ။ မေချမ်းဆိုတာကလည်း သွေးနဲ့ကိုယ် သားနဲ့ကိုယ် ဖွဲ့စည်းထားသည့် လူတစ်ယောက်။

ထောင်ဓာခန်းဆိုသည့်သူ ချစ်တတ်သလို မေချမ်းလည်း ချစ်တတ်၏။ သူ မုန်းတတ်သလို မေချမ်းလည်း မုန်းတတ်၏။

ထို့အတူ သူစိတ်ရှိသလို မေချမ်းလည်း စိတ်ရှိသည်ဆိုတာ သိစေချင်ပါသည်။

ခုတော့ တဆိတ်ရှိ ထစ်ဆို သူစိတ် သူ့ဆန္ဒကိုသာ ဦးစားပေးတတ်လွန်းရသည်မို့ လက်လေးနှစ်ဖက်ကို တင်းတင်းလေး ဆုပ်ကိုင်ရင်း ထောင်ဓာခန်းအပေါ် မေချမ်း ဒီတစ်ခါတော့ တကယ်ပင် စိတ်ပျက်သွားရသည်။

စိတ်ပေါက်ပေါက်နှင့် မေချမ်းအနားက ရုတ်တရက်ထွက်လာခဲ့ရပေမယ့် ထောင်ဓာခန်း ဘယ်သွားရမည်ဆိုတာ မသိသေးပါ။

အိမ်တွင် အကျွေးအမွေးဖြင့် စောင့်ခံနေသည့် ကောက်သင်းစားပွဲကလည်း ဖြီးသလောက်ရှိသွားပြီမို့ ထောင်ဓာခန်း နောက်ကြောင်းကို လှည့်ကြည့်နေစရာမလို။





လောလောဆယ် သူ့အတွေး သူ့စိတ်အာရုံမှာရှိနေသည်က မေချမ်းပြောလိုက်ပါသည့် စကားများ။

သံယောဇဉ်မထားတတ်သူရယ်လို့ မေချမ်း သူ့အား ဘာကြောင့်ထင်ရပါသလဲ။

သူ့မှာတော့ သူမအပေါ် သံယောဇဉ်တွယ်မိနေရသည့် စိတ်များကို အချိန်မတန်ခင် သူမလေး မြင်တွေ့သွားမှာစိုးသောကြောင့် ရင်မှာ ဝေဒနာတွေနှင့် မွန်းကျပ်စွာ ကြိတ်မှိတ်ခံစားနေရသလောက် မေချမ်းကတော့ သူ့အား သံယောဇဉ်မထားတတ်သူရယ်လို့ အပြစ်ဆိုနေလေသည်။

သူမပြောသလို သူသာ သံယောဇဉ်မထားတတ်သည့်သူဆိုလျှင် ခုချိန် သူမနှင့်ပတ်သက်သည့် ခံစားမှုတွေကိုလည်း သူ ခံစားနေရလိမ့်မည်မဟုတ်။

ခုတော့ သူမနှင့် တစ်မိုးအောက်မှာ အတူနေသည့်ရက်လေးများ ကြာလာလေလေ မေချမ်းအပေါ် တွယ်တာရသည့် သူ့သံယောဇဉ်ကြိုးများကလည်း ပို၍ ခိုင်မာမြဲနှောင်ရလေလေဖြစ်သည်။

အချစ်ကို အမုန်းနှင့် အစားထိုးလို့ရပေမယ့် သံယောဇဉ်ကြိုးကိုတော့ ဘယ်အရာနှင့်မှ အစားထိုးလို့မရပါ။

၀ တကယ်တော့ ထောင်ဓာခန်းသည် အချိန်တန် မေချမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရမည်ကို ရင်ထဲ လက်ခံသိလိုက်သည်နှင့် သူ့ရင်ထဲ နေလို့မရအောင် ပူလောင်ဖြင်းပြသွားရကာ ကိုယ့်ကိုကိုယ် ဟန်မဆောင်နိုင်အောင် ဖြစ်သွားရသည်။

တစ်ဆက်တည်း မေချမ်းကို သူ ဘယ်လိုမှ မခွဲနိုင်တော့ပါလားဆိုသော အသိကလည်း သူ့ရင်ထဲ သူ့နှလုံးသားထဲထိတိုင်အောင် စူးနစ်စိုက်ဝင်လာရသည်။

"မေချမ်းရယ်၊ ခင်ဗျား ကျုပ်နှလုံးသားကို ချစ်တတ်လာအောင် သင်ပေးပြီးမှ ကျုပ်ကို အရှုံးလုပ်ထွက်သွားမှာကတော့ တဆိတ် ခင်ဗျား မလွန်လွန်းဘူးလားဗျာ၊ ကျုပ်ဘဝထဲကို ခင်ဗျားရောက်မလာခဲ့ရင် သိပ်ကောင်းမှာပဲ၊ ဒါဆို ကျုပ် ခုလို ဒုက္ခတွေလည်း ခံစားနေစရာမလိုတော့ဘူး၊ ခုတော့ ခင်ဗျားပေးတဲ့ ဝေဒနာတွေက ကျုပ်နှလုံးသားကို ပူလောင်ပြင်းပြ စူးရှနာကျင်လွန်းရတာ ခင်ဗျား သိမှာမဟုတ်ပါဘူးဗျာ၊ ကျုပ်ရင်ထဲမှာ ခင်ဗျားကြောင့် ဝေဒနာတွေ ပေါက်ကွဲတော့မယ်"

"မေချမ်းရယ်"

ဝေးကွာခြင်းဆိုသည့် ခံစားမှုဝေဒနာ ပေါက်ကွဲမှုတွေနှင့် မေချမ်းအား တမ်းတညည်းညူလိုက်ရင်း ထောင်စခန်းရင်ဝယ် ကြေကြေကွဲကွဲနှင့် ဆွတ်ကျင်သွားရသည်။

မေချမ်းနှင့်အတူ ရှိနေချိန် သာယာပျော်ရွှင်ခြင်း ခံစား





တွေကိုပင် ထောင်စခန်း တမြတ်တနိုး တန်ဖိုးထားနေရတော့မည့် အဖြစ်။

တစ်မိုးအောက်တွင် ချစ်သော မေချမ်းနှင့်အတူနေချိန် မေချမ်းမျက်နှာလှလှလေးကို မြင်တွေ့နေရသည့် အချိန်များသည် ထောင်စခန်းအတွက် ပျော်ရွှင်မှု သုခကမ္ဘာလေးအလားပင်ဖြစ်သည်။

ကောက်သစ်စားပွဲတွင် မေချမ်းနှင့်အတူ ထမင်းလက်ဆုံစားခဲ့ရသည့် အချိန်လေးက သူ့ဘဝတစ်သက် ဘယ်တော့မှ မေ့ပျောက်၍ ရတော့မည့်အဖြစ်မဟုတ်ပါ။

"သိပ်ချစ်တယ် မေချမ်းရယ်" ဆိုသည့် စကားကို ရင်မှ မချင့်မရဲဆိုညည်းရင်းက ခုတ်ကျင်းစမ်းဆီ ရောက်ရှိလာခဲ့သည်။

"မြို့သူနဲ့ဝတီသက်ပြီး မင်းခံစားနေရတာကို ငါကိုယ်ချင်းစာပါတယ် ထောင်စခန်း၊ ဒါပေမယ့်ကွာ နှလုံးသားကိစ္စမှာတော့ ငါ ဘေးကနေ ပွဲကြည့်ပရိသတ်ပဲ ဖြစ်ချင်တယ်၊ အင်မတန် နူးညံ့သိမ်မွေ့တဲ့ ကိုယ်ရေးကိုယ်တာ နှလုံးသားကိစ္စထဲ ငါလို ဘေးလူတစ်ယောက်အနေနဲ့ ဝင်မပါသင့်ဘူး၊ ဝါဖို့လည်းမကောင်းဘူးလေ၊ ချစ်တာကို မချစ်ပါနဲ့လို့ တားလို့လည်း မရဘူး၊ ဒီတော့ တားလို့မရတဲ့ နှလုံးသားကို မင်းမတားတော့ဘဲ မှန်တယ်လို့ ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်တွေအတိုင်း ဆက်လုပ်ဖို့ ငါပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မေချမ်းနှင့်ပတ်သက်ကာ ဆိုးသည်ကောင်းသည် ဘာတစ်ခုမှ မဝေဖန်ဘဲ တိုတိုနှင့်လိုရင်း ထိမိစွာပြောလိုက်သည့် ခုတ်ကျင်းစမ်းစကား၏ အဓိပ္ပါယ်ကို ထောင်ဇာခန်း နားလည်ပါသည်။

ငယ်ငယ်ကတည်းက ခင်မင်လာရသော ခုတ်ကျင်းစမ်းသည် စကားအပိုပြောတတ်သူတစ်ယောက် မဟုတ်။

ပြောရင်လည်း စကားကို လိုရင်းနှင့်လိုရှင်း ထိထိမိမိ ပြောတတ်သူ။

ဘွဲ့တစ်ခုကိုယူကာ ရွာမှာပင် ကျောင်းဆရာ ပြန်လုပ်နေသော ခုတ်ကျင်းစမ်းသည် ကျောင်းဆရာတစ်ယောက်လို့ မပြောရ။ စကားကို တစ်ဖက်လူ နားဝင်အောင်လည်း လိမ္မာပါးနပ်စွာ ပြောဆိုတတ်သူဖြစ်၏။

ယခုလည်း မေချမ်းနှင့် သူ့အကြောင်းကို သူငယ်ချင်းအရင်းကြီးမို့ အစမှအဆုံးသိထားသော ခုတ်ကျင်းစမ်း။ မေချမ်းအား မချစ်ပါနှင့်လို့ မတားသလို ဆက်ချစ်ဖို့လည်း မတိုက်တွန်းပါ။

ဆုံးဖြတ်ချက်အတိုင်း မှန်တယ်ထင်လျှင် ဆက်လုပ်ပါ ဆိုသော ခုတ်ကျင်းစမ်းစကားသည် သူ့နှလုံးသား မေတ္တာဝန်းအား ဆက်၍ ပွင့်လန်းဖူးပွင့်ရန် ပြောနေသည်နှင့် အတူတူဆိုတာ





ထောင်ဇာခန်း သဘောပေါက်နားလည်ရသည်မို့

"ငါ မေချမ်းကို သိပ်ချစ်တယ်၊ ချစ်တယ်လို့ မေချမ်းကို ငါ ဖွင့်မပြောသေးပေမယ့် ငါ သူ့ကိုချစ်တဲ့ အချစ်တွေကတော့ ရင်မှာ ပြည့်ကျပ်နေပြီ၊ မေချမ်းအချစ်ကို မရသေးတာထက် မေချမ်းဆီက အချစ်တွေကို ရပြီးမှ သူ ငါ့ကို ခွဲသွားတာမျိုးလည်း ငါ မလိုဘူး ခုတ်ကျုံးစမ်း"

"ငါ ငါ ဘာလုပ်ရမလဲ"

နှဖူးပေါ် ခပ်ယိုင်ယိုင်ဝဲကျနေသည့် ဆံပင်ထဲသို့ လက်နှစ်ဖက် ထိုးသွင်းကာ စိတ်မှာ ဝေခွဲရခက်။ မွန်းကျပ်နေသလို အဖြေရှာ အကူအညီတောင်းနေသည့် ထောင်ဇာခန်းကို ခုတ်ကျင်းစမ်း သက်ပြင်းတစ်ချက်ချလျက် ကြည့်လိုက်ရင်း

"တခြားကိစ္စဆိုရင်တော့ ငါ အကူအညီပေးတတ်သေးတယ်၊ ခုကိစ္စက ငါကိုယ်တိုင်တောင် မသိသေးတဲ့ နှလုံးသားကိစ္စ၊ ပြီးတော့ မင်းသိပ်ချစ်တဲ့ မေချမ်းဆိုတာက တောင်ပေါ်နဲ့မြေပြန့် အသွင်လုံးဝမတူတဲ့ လူနှစ်ဦး၊ ပထမဦးဆုံး မင်းစဉ်းစားရမှာက အဲဒီအချက်ပဲ၊ မင်းနဲ့မေချမ်း ချစ်ပါပြီတဲ့၊ ချစ်ပြီးမှတော့ အတူနေချင်ကြတာ သဘာဝပဲလေ၊ အဲ အဲဒီသဘာဝဆိုတဲ့နေရာမှာ မင်းက မေချမ်းရှိတဲ့ မြေပြန့်ကို လိုက်သွားနိုင်မလား၊ ဒါမှမဟုတ် မေချမ်းက မင်းရှိတဲ့ တောင်ပေါ်ကို လိုက်နေနိုင်မလား၊ ဒါကိုတော့ မင်း



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားရမယ် ထောင်ဇာခန်း”

စဉ်းစားပါသည်။ ဒီအခြေအနေကို ထောင်ဇာခန်း မစဉ်းစားဘဲ နေမည်တဲ့လား။ စဉ်းစား၍လည်း သူ အခုလိုမရှုနိုင်စကာယ်နိုင်ဖြစ်နေရခြင်းဖြစ်သည်။

ခုတ်ကျင်းစမ်းပြောသည်ကလည်း မှန်ပါသည်။ ဓောင်ပေါ်နှင့်မြေပြန့်ဆိုတာ အသွင်ကွာခြားပေမယ့် ချစ်သည့်စိတ်ကတော့ မကွာခြားကြပါ။

ချစ်တာတစ်ခုတည်းလည်း ဘဝနှစ်ခုကို ပေါင်းစပ်လို့ မရ။

သူ့အဖြစ်က ရှန်းလေ ပို၍နစ်လေရှိနေရသည့်အဖြစ်။ ခက်တော့တာပါပဲ။

“ဟင်”

မချင့်မရဲ အတွေးစိတ်များနှင့် နှလုံးသားကို ပူလောင်ကျွမ်းမြေ့စေရသည်မို့ ထောင်ဇာခန်း သက်မကိုသာ ချလိုက်မိသည်။

“စိတ်ရှုပ်တယ်ကွာ၊ ငါ ဘာမှမတွေးချင်ဘူး၊ အားလုံးကို ခုချိန်မှာ မေ့လိုက်ချင်တယ်၊ ခုတ်ကျင်းစမ်း ငါတို့ တောထဲဝင်မယ်ကွာ”

ကိုယ့်စိတ်ကို သိသိကြီးနှင့် လိမ်ညာဖို့ ကြိုးစားနေသော





ထောင်ဇာခန်းကိုယ်စား ရင်မောစွာ ခုတ်ကျင်းစမ်း သက်မရှိုက်လိုက်ပြီး

“အားတဲ့တစ်နေ့ သွားကြတာပေါ့ကွာ”

ထောင်ဇာခန်းရင်ထဲက ခံစားမှုများ ပြေပျောက်စေရန် ခုတ်ကျင်းစမ်း ထိုစကားကို ဆိုရုံတလွဲလို့ သူ့အနေနှင့် တခြားအာမှမတတ်နိုင်တော့ပါပေ။

အချစ်သည် လူသားများ၏ စိတ်နှလုံးကို ကြည်နူးကြည်မွေ့စေရုံမက တစ်ခါတစ်ရံမှာလည်း အချစ်သည် လူ့စိတ်ကို ထိန်းချုပ်ရခက်စေရသည် မဟုတ်ပါလား။

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

"မမရေ"

ခြံထဲသို့ အရေးတကြီး ပြေးဝင်လာသော မုန်းနွမ်းကြောင့် မေချမ်းမှာ မျက်ခုံးလေးပင့်လျက် မျက်ဝန်းလေး ပြူးကျယ်ဝိုင်းစက်သွားကာ

"ဘာဖြစ်တာလဲ မုန်းနွမ်း ဘာဖြစ်လို့လဲ"

ဖြူဖျော့ထိတ်လန့်သလို စိုးရိမ်မှုသောကတွေ ထင်ဟပ်လျက် မျက်နှာပျက်နေရှာသော မုန်းနွမ်းကို မေချမ်း စိတ်ပူစွာကြည့်ရင်း မေးလိုက်သည်။

"ဟို အစ်ကို အစ်ကို"

မုန်းနွမ်း ရုတ်တရက် မဖြေနိုင်ပါ။

ရင်ဘတ်ပေါ် လက်လေးဖိရင်းက အသက်ကို ခပ်မြန်





ပြင်းရှူရင်း မျက်ရည်တွေက ပါးပြင်ပေါ် ကျလာတော့ မေချမ်း လန့်သွားရကာ

"မမကိုပြောစမ်း မုန်းနွမ်း၊ ထောင်ဇာခန်း သူ ဘာဖြစ်လို့လဲ"

"အဟင့် ဟင့် ဟင့် အစ်ကို အစ်ကို အမဲလိုက်ရင်း ဒဏ်ရာရလာတယ် မမ"

"ဟင်"

မုန်းနွမ်းစကားကြောင့် မေချမ်းပင် မျက်နှာလေးပျက်သွားကာ ထောင်ဇာခန်းအတွက်လည်း စိတ်မှာ ပူပန်စိုးရိမ်မှုများ ဖြစ်သွားရသည်။

"သူ အခုဘယ်မှာလဲ မုန်းနွမ်း"

"ရွာထဲက ဆေးခန်းမှာ"

"ဒဏ်ရာ တော်တော်များလား"

"များတယ် တောကောင်ကြီးနဲ့ တွေ့ခဲ့ရတယ်လို့ ပြောတာပဲ"

"အို"

မေချမ်းမှာ ရင်ထဲ လှုပ်ခတ်သွားရသည်။

တောကောင်ကြီးနှင့် ရင်ဆိုင်ခဲ့ရပါသည်ဆိုသော ထောင်ဇာခန်းတစ်ယောက် ဒဏ်ရာတွေ ဘယ်လောက်များ ရလာခဲ့သည်မသိ



www.burmeseclassic.com

www.burmeseclassic.com



ပါ။

"မုန်းနှမ်း သူ အခု ဘယ်လိုနေလဲ"

"အစ်ကို့တစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့၊ ပြီးတော့ သတိလစ်နေတာ"

"ဘုရား ဘုရား"

"လာ မုန်းနှမ်း၊ မမတို့ သူ့ဆီ လိုက်သွားရအောင်"

"ဟုတ်ကဲ့၊ ဟောဟိုမှာ မမ အစ်ကို့ကို ငိုက်စွမ်းတို့ အိမ်ပြန်ခေါ်လာပြီ"

"ဟင်"

တစ်ကိုယ်လုံး ဒဏ်ရာဒဏ်ချက်တွေနှင့် ဆေးခန်းမှပြန်လာသော ထောင်ဇာခန်းကို ဘေးတစ်ဖက်တစ်ချက်မှနေ ငိုက်စွမ်းနှင့် ခုတ်ကျင်းစမ်းတို့ တွဲထူခေါ်လာသည်ကို မြင်ရတော့ မေချမ်းရင်ထဲ ဘယ်လိုခံစားမှုမှန်းမသိသည့် ဝေဒနာနှင့် နင့်ခနဲဖြစ်သွားသည်။

မေချမ်းနှင့် မုန်းနှမ်း အသင့်ပြင်ပေးထားသည့် အိပ်ရာပေါ် ထောင်ဇာခန်းအား လှဲသိပ်လိုက်သည့်တိုင် ထောင်ဇာခန်းတစ်ယောက် မျက်ဝန်းများ ပွင့်မလာသေးပါ။

ဒဏ်ရာတွေနှင့် မှိန်းနေသော ထောင်ဇာခန်းကိုကြည့်ပြီး မေချမ်းရင်ထဲ စိုးရိမ်ပူပန်စိတ်တွေ အလိုလိုဝင်ရောက်လာရသည်





ဒဏ်ရာတွေနှင့် သူ သိပ်နာနေမှာပဲဆိုသည့် သနားကရုဏာစိတ်တို့ကလည်း သူမရင်ထဲ ခိုဝင်ရောက်ရှိလာရသည်။

ကြည့်စမ်း။ သူနဲ့ပတ်သက်ကာ သူမရင်ထဲ ဒီလိုခံစားမှုတွေ ဘာကြောင့်ဝင်ရောက်လာရတာပါလိမ့်။

တကယ်ဆို ထောင်ဇာခန်းဆိုတာက သူမနှင့် မတည့်အတူရှိနေရသည့် လူတစ်ဦး။ ပြီးတော့ ထောင်ဇာခန်းဆိုတာ သူမနှင့်ပတ်သက်လာလျှင် ဘယ်တုန်းကမှ အကောင်းမြင်တတ်သူတစ်ယောက်မဟုတ်။

သည်လိုလူတစ်ယောက်အတွက် သူမရင်ထဲ သူ တစ်စုံတစ်ရာဖြစ်သွားမှာကို စိုးရိမ်ပူပန်မှုတွေနှင့် ရင်မှာ ဟန်မဆောင်နိုင်လောက်အောင် ဖြစ်နေရခြင်းက ဘာအတွက်ကြောင့်များပါလိမ့်။

အန်ကယ် ကျိုးမန်းခေါင်သည် သားဖြစ်သူကိုကြည့်ကာ မျက်နှာညှိုးနေသလို ခုတ်ကျင်းစမ်း၊ ငိုက်စွမ်းနှင့် မုန်းနှမ်းအပါအဝင် တခြားဆွေမျိုးသားချင်းများသည်လည်း ထောင်ဇာခန်းအား လာကြည့်ရင်း မျက်နှာညှိုးနေကြသည်။

ခုတ်ကျင်းစမ်းပြောပြသည့်စကားအရ ထောင်ဇာခန်းနှင့် သူသည် တခြားသားကောင်များပစ်ပြီး အိမ်ပြန်ခါနီးမှ ထောင်ဇာခန်းသည် အိမ်မပြန်ချင်သေး တောကောင်ကြီးကြီး ပစ်ချင်သေးသည်ဟု ဆိုကာ တောထဲ ပြန်လှည့်ဝင်ရာမှ မထင်မှတ်ဘဲ တောကောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



နှင့် တကယ်တွေ့ကာ အခုလို ဒုက္ခရာတွေရလာရသည်ဟု ဆိုလေသည်။

ခုတ်ကျင်းစမ်းပြောသလို ထောင်ဇာခန်းသည် အိမ်ပြန်လာပါက အခုလို အဖြစ်မျိုးနှင့် ကြုံရလိမ့်မည်မဟုတ်။

သူ ဘာကြောင့် အိမ်မပြန်လာချင်ရတာပါလိမ့်။ မချမ်းမှာ အတွေးခက်သလို မျက်ခုံးလေး ကုပ်ကွေးရင်း ထောင်ဇာခန်းကို ကြည့်လိုက်တော့ ထောင့်ဇာခန်းမှာ ဒုက္ခရာအရှိန်၊ ဆေးအရှိန်တို့နှင့် မျက်ဝန်းများမှိတ်ကာ ရှိနေလေသည်။

ငိုက်စွမ်းနှင့်မုန်းနွမ်းတို့ မောင်နှမနှစ်ယောက်သည်က အစ်ကို ဘာကြောင့် အိမ်မပြန်လာချင်ရသည်ကို သိနေသလိုမျိုး တစ်ယောက်ကိုတစ်ယောက် သိနားလည်နေသည့် မျက်ဝန်းများဖြင့် ကြည့်လိုက်မိသည်ကို မချမ်း သတိမထားမိပါ။

သူမရင်ထဲ လောလောဆယ်ရှိနေရသည်က ထောင်ဇာခန်းအတွက် စိုးရိမ်ပူပန်မှုများပင်။

လူနာအေးအေးဆေးဆေး အနားယူပါစေတော့ဆိုကာ ထောင်ဇာခန်းနား မချမ်းကလွဲလို့ အားလုံးကိုယ်စီ အသီးသီး ထွက်သွားကြပြီဖြစ်သည်။

မချမ်းတစ်ယောက်သာ ထောင်ဇာခန်းအနား ကျန်ရစ်နေလေ၏။





မုန်းနွမ်းမှာ ထောင်ဇာခန်းနိုးလာလျှင် အသင့်စားနိုင်စေရန် မီးဖိုထဲ ချက်ပြုတ်ရန် ဝင်သွားလေပြီ။

ထောင်ဇာခန်းအနားတွင် မချမ်းတစ်ယောက်သာ ယောင်ချာချာနှင့် ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်နေတုန်း

"အင်း အား"

"ကျွတ် ကျွတ်"

ခပ်ကျိတ်ကျိတ်ညည်းသံနှင့်အတူ ထောင်ဇာခန်းကိုယ်ကြီး လွန့်လူးလာရသည်။

မချမ်းမှာ ထောင်ဇာခန်းအသံကြောင့် ရင်မှာထိတ်ခနဲ ပျော်ရွှင်သွားကာ သူ့မအကြည့်လေးများကလည်း အလိုလိုပင် ထောင်ဇာခန်းဆီသို့ ရောက်ရှိသွားရသည်။

"ထောင်ဇာခန်း ရှင် သတိရလာပြီလားဟင်၊ သတိရလာပြီလား"

"အင်း မချမ်း ချေချမ်းလား"

"ဟုတ်တယ် မချမ်းပါ၊ ရှင် သတိရရင် မျက်လုံးဖွင့်ကြည့်ပါဦး"

ထောင်ဇာခန်းမျက်နှာကို စိုးရိမ်မှုတွေနှင့် ငုံ့မိုးကြည့်ကာ မချမ်းဆိုလိုက်တော့ ထောင်ဇာခန်းမှာ မချမ်းအသံကြောင့် ဒုက္ခရာတွေနှင့် နာကျင်နေသည့်ကြားက မျက်ဝန်းအစုံ ဖျတ်ခနဲဖွင့်လှ



www.burmeseclassic.com

www.burmeseclassic.com



မေချမ်းအား ကြည့်လာလေသည်။

"မေချမ်း"

"ဟုတ်ပါတယ် မေချမ်းပါ"

"ရှင် သတိရလာပြီနော်"

"အင်း"

"ဒဏ်ရာ ဘယ်လိုနေသေးလဲဟင်၊ သိပ်နာနေလား"

မေချမ်းအမေးကို ထောင်ဇာခန်းသည် မဖြေဘဲ မျက်တောင်မခတ်တမ်း မေချမ်းအား ငေးကြည့်နေလေသည်။

သူ့အကြည့်တွေကြောင့် မေချမ်း မနေတတ်အောင် ဖြစ်သွားရပေမယ့် ခုချိန်မှာ သူသည် လူမမာတစ်ယောက်ပါလား ဆိုသော အသိဖြင့် မေချမ်း သူ့အကြည့်များကို ပြန်ရင်ဆိုင်လိုက်ပြီး

"ထောင်ဇာခန်း မေချမ်းပြောတာ ရှင်ကြားလား"

"ကျုပ်အတွက် မေချမ်း စိုးရိမ်နေလားဟင်"

"ရှင်"

သူ့စကားအဓိပ္ပါယ်က ဘာလိုလိုမို့ မေချမ်းမျက်နှာလေး ရဲသွားရကာ

"ရှင့်မှာ ဒဏ်ရာတွေ ဒီလောက်ရထားတာ ဘယ်သူ စိတ်ကောင်းနိုင်ပါ့မလဲ"





"ကျုပ်ကြားချင်တာ ဒီစကား မဟုတ်ဘူးလေ"

"ဟို မေချမ်း"

"အဟွန်း ကျုပ် နားလည်ပါတယ်ဗျာ"

ရော် သူက ဘာကိုနားလည်တာပါလိမ့်။ ဒဏ်ရာတွေနှင့် သူ့ကိုမြင်ရတော့ စိတ်မကောင်းသည့်အကြောင်း ပြောတာကိုပင် ထာင်ဇာခန်း ဘယ်လိုနားလည်သွားရသည် မသိပါ။

ချက်ချင်းလိုပင် မျက်နှာကြီး ညိုးသွားသော ထောင်ဇာ န်းကြောင့် မေချမ်း မနေတတ်အောင် ဖြစ်သွားရကာ

"ရှင် တစ်ခုခု စားလိုက်ဦးနော်"

"နေပါစေ ကျုပ် ဘာမှ မစားချင်ဘူး"

"မဟုတ်တာပဲ၊ အားရှိသွားအောင် ရှင် တစ်ခုခုတော့ ားရဦးမှာပေါ့၊ ခဏနော် မေချမ်း ရှင့်အတွက် စားစရာ သွားယူ ိုက်ဦးမယ်"

ထောင်ဇာခန်း ဟန့်တားသံကို မေချမ်း ဂရုမစိုက်တော့ပါ။ ာင်ဇာခန်းအနားကနေ လှစ်ခနဲ ထွက်လာခဲ့သော မေချမ်း မုန့် ်းရှိရာ မီးဖိုထဲသို့ ရောက်သည်နှင့်

"ဟင် မမ ဘာယူမလို့လဲ"

"မုန့်းမှန်အစ်ကို့ကို တစ်ခုခုကျွေးရအောင်လို့"

"ဟင် အစ်ကို နိုးလာပြီလား မမ"



www.burmeseclassic.com

www.burmeseclassic.com



"ခုပဲ နိုးတယ်"

"ဒါဆို အစ်ကိုကို စွပ်ပြုတ်ပူပူလေး မမတိုက်လိုက်ပါ့နော်၊ ဒီမှာ အစ်ကိုအတွက် မုန့်နွမ်း အသင့်လုပ်ထားတယ်"

ပြောပြောဆိုဆို မုန့်နွမ်းသည် ထောင်ဇာခန်းအတွက် အသင့်လုပ်ထားသည့် စွပ်ပြုတ်ပန်းကန်ကို မေချမ်းလက်ထဲသို့ ထည့်ပေးလိုက်လေသည်။

မေချမ်းမှာ မုန့်နွမ်းပေးလိုက်သည့် စွပ်ပြုတ်ပန်းကန်လေးကိုယူလျက် ထောင်ဇာခန်းအနားသို့ ရောက်လာပြီး

"ထောင်ဇာခန်း ဒီမှာ ရှင့်အတွက် စွပ်ပြုတ်ယူလာတယ် သောက်လိုက်ဦးနော်"

"နေပါစေ"

"အို ဘယ်ဟုတ်မလဲ၊ ရှင်အစာမရှိရင် ပိုဆိုးမှာပေါ့ နည်းနည်းဖြစ်ဖြစ် သောက်လိုက်ပါ၊ မေချမ်း တိုက်မယ်နော်"

"ကျွတ် ကျွတ်"

"နေဦး ရမ်းမထနဲ့လေ၊ မေချမ်း ထူပေးမယ်"

ပြောပြောဆိုဆို မေချမ်း ထောင်ဇာခန်းကိုယ်ကြီးကို သုံ တွဲထူပေးလိုက်သည်။

မေချမ်းမှာ ထောင်ဇာခန်းကိုယ်ကြီးနောက် ခေါင်းအုံးလေး နှစ်အုံး ဆင့်ခံလျက်မှီစေလိုက်ပြီး





"သောက်နော်"

ထောင်ဇာခန်းလက်ထဲသို့ စွပ်ပြုတ်ပန်းကန်လေး ထည့်ပေးလိုက်သည်။

ထောင်ဇာခန်းမှာ ပန်းကန်ထဲမှ စွပ်ပြုတ်ကို သုံးလေးဇွန်း သောက်ပြီးနောက်

"တော်ပြီ" ဆိုကာ မေချမ်းအား စွပ်ပြုတ်ပန်းကန် ပြန်ပေးလိုက်သည်။

"နည်းလိုက်တာ၊ နည်းနည်းသောက်လိုက်ပါဦး၊ မေချမ်း တိုက်မယ်နော်"

မေချမ်းမှာ ပြောလည်းပြော ထောင်ဇာခန်းအား သူမကိုယ်တိုင် စွပ်ပြုတ်များ တိုက်လိုက်တော့ ထောင်ဇာခန်းမှာ မေချမ်း တိုက်သမျှ စွပ်ပြုတ်များကို သောက်နေလေသည်။

မေချမ်း ဂရုတစိုက် တိုက်ပြန်တော့လည်း ထောင်ဇာခန်း ငြင်းမဆန် သူမတိုက်သမျှကို ကလေးတစ်ယောက်လို သောက်နေသည်မှာ ပန်းကန်ထဲ စွပ်ပြုတ်များ ကုန်လုနီးပါးပင်။

"ထောင်ဇာခန်း ရှင် နေသာရဲ့လားဟင်"

"တျုပ် ခဏမှိန်းချင်တယ် မေချမ်း"

"ခဏလေးနော် မေချမ်း အိပ်ရာ ပြင်ပေးမယ်"

မေချမ်းမှာ ထောင်ဇာခန်းအပေါ် မထင်မှတ်ဘဲ ဂရုတစိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေမိသည့်အဖြစ်ကို သူမကိုယ်သူမလည်း သတိမထားမိ။

သတိထားမိနေသူက ငိုက်စွမ်းနှင့်မှုန်းနွမ်းပင်ဖြစ်သည်။ မထင်မှတ်ဘဲ အစ်ကိုဖြစ်သူနှင့် မမခေချမ်း ပြန်လည်သင့်မြတ်သွားသည့်အဖြစ်က ငိုက်စွမ်းတို့မောင်နှမကို ကြည်နူးရွှင်ပျစေရသည်မဟုတ်ပါလား။

✡ ✡ ✡



ထောင်ဇာခန်းကို ဂရုစိုက်နေသည့်ကြားက အဖျားရှိန့်ကကျအောင် ဖြစ်နေရသည်မို့ ထောင်ဇာခန်းအပေါ် အားလုံး ဂရုတစိုက်ရှိနေရသည်။

အထူးသဖြင့် ထိုအထဲတွင် အပင်ပန်းဆုံးက မေချမ်းနှင့်ခုန်းနွမ်း။

ထောင်ဇာခန်း ဒဏ်ရာတွေနှင့် ဖျားနေပြီးကတည်းကအန်ကယ်ကျုံးမန်းခေါင်နှင့် ငိုက်စွမ်းသည် တောင်ယာအလုပ်၊ ခြံအလုပ်များကို ထောင်ဇာခန်းကိုယ်စား ဦးစီးဦးရွက်နှင့် ဖိဖိစီးစီးလုပ်နေရသလို အားတဲ့အချိန်မှာလည်း အားရင်အားသလို ထောင်ဇာခန်းအနား ရှိနေတတ်သည့် အန်ကယ်ကျုံးမန်းခေါင်းနှင့် ငိုက်စွမ်းကိုချမ်း ကိုယ်ချင်းစာစိတ်နှင့် အနားယူစေချင်သောကြောင့် မေချမ်းသည် တတ်နိုင်သလောက် ထောင်ဇာခန်းနှင့်ပတ်သက်သမျှ သူမသာ ပြုစုလုပ်ကိုင်ပေးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းနှမ်းကြပြန်တော့လည်း တစ်အိမ်လုံး သန့်ရှင်းရေးလုပ်ရ၊ အိမ်ရှိလူများအတွက် ချက်ရပြုတ်ရနှင့် တစ်နေကုန် မအားပါ။

အားသည့်အချိန်မှာလည်း အစ်ကိုဖြစ်သူကို ပြုစုပေးတတ်သေးသည့် မုန်းနှမ်းကို သနားရတာကြောင့် မေချမ်းကပင် သနားစိတ်နှင့် မုန်းနှမ်းကိုယ်စား အလုပ်တွေကို သူမကပင် အလိုက်သိသိနှင့် လုပ်ထားလိုက်သည်။

ထိုအတွက် မေချမ်းသည်လည်း ပင်ပန်းပါသည်။ ပင်ပန်းပေမယ့် မေချမ်း ပျော်ပါ၏။

ထောင်ဇာခန်း နေမကောင်းဖြစ်ရသဖြင့် စိတ်မကောင်းတာကလွဲလျှင် မေချမ်းသည် အန်ကယ်ကျူးမန်းခေါင်တို့ မိသားစုအတွက် သူမ တတ်နိုင်သည့်ဘက်က ကူညီခွင့်ရသည်ကိုပင် ရင်မှာ ကြိတ်၍ ကျေနပ်နေရသူဖြစ်သည်။

ခုလည်း အိမ်ကြီးတစ်အိမ်လုံးတွင် ထောင်ဇာခန်းနှင့် မေချမ်းမှလွဲ၍ တခြားသူမရှိ။

အန်ကယ်ကျူးမန်းခေါင်နှင့် ငိုက်စွမ်းသည် ခြံထဲသို့ သွားနေသလို မုန်းနှမ်းမှာလည်း မနက်စာ ချက်ပြုတ်ပြီးနောက် အန်ကယ်ကျူးမန်းခေါင်တို့အတွက် ထမင်းချိုင့်ပို့ဆိုကာ ခြံထဲလိုက်သွားပြီဖြစ်သည်။

မေချမ်းတစ်ယောက်သာ ထောင်ဇာခန်းကို စောင့်ရင်း





ကျန်ခဲ့ရသည်။

ထောင်ဇာခန်းကို ဆေးဂရုတစိုက်နှင့် ကုနေပါသော်လည်း ဒဏ်ရာပြင်း၍ထင် အဖျားရှိန်မှာ တော်တော်နှင့်မကျပါ။

ထောင်ဇာခန်းအနားတွင်လည်း သူ့အတွက် လိုအပ်တာများ ပြုစုရန် လောလောဆယ် သူမရှိမှဖြစ်ပါမည်။

ထို့အတွက် မေချမ်းကသာ ထောင်ဇာခန်းအနားတွင် ရှိနေရပါသည်။ ဒီအတွက်လည်း မေချမ်း စိတ်မပျက်မိပါ။

သူမတတ်နိုင်သည့်ဘက်က ကူညီခွင့်ရသည်ကိုပင် ကျေနပ်ရင်း မေချမ်းအကြည့်များက အမှတ်မထင်ဆိုသလိုပင် နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် ထောင်ဇာခန်း၏ မျက်နှာဆီသို့ အကြည့်များ ဝေ့ခနဲ ရောက်ရှိသွားရ၏။

ညိုသော်လည်း စိုပြေသော အသားအရေ။ ပေါ်လွင်သော နှာတံ။ မျက်ခုံးထူထူ။ စူးရှသောမျက်ဝန်းနှင့် နဖူးပေါ်ဆံပင်များဖရိုဖရဲ ဝဲကျလျက် ပိရိတိကျသော နှုတ်ခမ်းများကို တင်းတင်းစေ့ပိတ်ထားသော ထောင်ဇာခန်းမှာ အဖျားသွေးဖြင့် လူက နွမ်းလျနေသည့်ရာ သူ့ပုံစံ သူ့မျက်နှာမှာ ကြည်စင်ရှင်းသန့်လျက် ယောကျ်ားပီသကာ ခန့်ညားသော ရုပ်သွင်နှင့် ချောမောနေရသည်။

သူ၏ ယောကျ်ားပီသမှုကို မေချမ်း စတွေ့ကတည်းက အသိအမှတ်ပြုမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သတိမထားမိ၍လည်းမရ။ တကယ်တော့ ထောင်ဇာ
ခန်းဆိုတာ ယောကျ်ားပီသ ချောမောသည့် လူတစ်ဦး။

မျက်ခုံးထူထူကြီး တွန့်ကြုတ်ကာ စိတ်မထင်လျှင် မထင်
သလို ပြောဆိုတတ်တာကလွဲလို့ ထောင်ဇာခန်းသည် စိတ်ရင်
ကောင်းသည့် လူတစ်ယောက်ဆိုတာ မေချမ်း သိပါ၏။

စိတ်မထင်လျှင် မထင်သလို လုပ်တတ်သည်ကလွဲပြ
တစ်ခါတစ်ရံမှာလည်း မထင်မှတ်လောက်အောင် ဖော်ရွေနေပြ
တတ်သည့် ထောင်ဇာခန်းကို မေချမ်း နားမလည်နိုင်ခဲ့ပါ။

သူမကြည့်နေဆဲမှာပင် ထောင်ဇာခန်းကိုယ်ကြီးသည် လှု
လှုးလာကာ

"မေချမ်း မေချမ်း၊ မင်း မင်း ဘယ်မှမသွားပါနဲ့"

အဖျားရှိန် တရိပ်ရိပ်တက်နေသည့်ကြားက ညည်းညူ
ယောင်ရမ်းနေသော ထောင်ဇာခန်းကြောင့် မေချမ်း ထောင်ဇာခ
အနီးသို့ ရောက်သွားကာ

"ထောင်ဇာခန်း ထောင်ဇာခန်း မေချမ်းရှိတယ်လေ၊ ရှ
အနားမှာ မေချမ်းရှိပါတယ်"

"ခင်ဗျား ခင်ဗျား ဘယ်မှမသွားပါနဲ့၊ ကျုပ်ကိုထာ
ဘယ်မှမသွားပါနဲ့၊ ကျုပ် မေချမ်းကို ချစ်တယ်၊ သိပ်ချစ်တယ်

"အို အို"





"ရှင်"

"လွှတ် လွှတ်၊ မေချမ်းကို လွှတ်ပါ"

မျက်ဝန်းမှိတ်လျက် အဖျားတွေ တရိပ်ရိပ်တက်နေသည့်
ကြားက ယောင်ရမ်းကာ ချစ်စကားတွေဆိုရင်း မေချမ်းကိုယ်လေး
အား သန်မာသောလက်များဖြင့် တင်းကျပ်စွာ ပွေ့ဖက်လာသော
ထောင်ဇာခန်း၏ အပွေ့အဖက်များကြားတွင် မေချမ်း အားလေး
ထည့်ကာ ရုန်းနေပေမယ့် ရုန်းလို့မရအောင်ပင် ထောင်ဇာခန်း
ပွေ့ဖက်မှုတွေက တင်းကျပ်ပိတ်လှောင်နေရသည်။

"ထောင်ဇာခန်း ရှင် ရှင် သတိထားပါဦး၊ မေချမ်းကို
ရှင်လွှတ်ပါ၊ မေချမ်း မေချမ်း ကြောက်တယ်"

တကယ်ပင် မေချမ်းမှာ ကြောက်လန့်သံလေးနှင့် သူမ
ကိုယ်လုံး ထောင်ဇာခန်းရင်ခွင်ထဲ တုန်ခါနေရသည်။

မေချမ်းမှာ ရွတ်ရုန်းပေမယ့် ထောင်ဇာခန်းရင်ခွင်ထဲ
မေချမ်း ရုန်းထွက်လို့မရအောင် ထောင်ဇာခန်းသည် မေချမ်းအား
တင်းတင်းကြီး သိုင်းဖက်ချုပ်နှောင်ထားသည်မှာ မွန်းကျပ်နေရ၏။

တင်းကျပ်လွန်းသည့် ထောင်ဇာခန်း၏ ပွေ့ဖက်မှုများ
ကြောင့် မေချမ်းကိုယ်လေးသည် ထောင်ဇာခန်းရင်ခွင်နှင့် တစ်သား
တည်းကျမတတ် ရှိနေရသည်။

သည်နောက် ခက်တိုက်ဆိုသလို ကျရောက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ဇာခန်းထံမှ ပွေ့နှေးပြင်းရသည့် အနမ်းများ။

မျက်နှာလေးထက်မှနေ လည်တိုင်ဝင်းဝင်းနုနုလေးထက်ဆီသို့ ဆက်တိုက်ဆိုသလို အနမ်းများ ကျရောက်လာရပြီး နောက်ဆုံး ထောင်ဇာခန်း အချိန်ကြာကြာ ရောက်ရှိသွားရာ

"အို"

မေချမ်းတစ်ကိုယ်လုံး တုန်တက်သွားရသည်။ ကိုယ်ထဲရှိ သွေးကြောများ အဆမတန် မြန်ဆန်သွားရသလို အတွေ့ထူး ရင်ခုန်သံတွေမင် ရုတ်တရက် ရပ်တန့်မတတ် ဖြစ်သွားရသော မေချမ်းမှာ ထောင်ဇာခန်းကိုယ်ကြီးကို သူမလက်လေးနှင့် အား သဲလောက် တွန်းထိုးထုရိုက်လိုက်ပြီး

"လွှတ် လွှတ်ဆို၊ ရှင် ရှင် မေချမ်းကို အနိုင်မကျင့်နဲ့ ထောင်ဇာခန်း ရှင်"

"အို အို"

ရှက်မျက်ရည်တွေနှင့် မေချမ်းစကားသံလေးများ တိ ဆိတ်သွားရသည်။

"အဟင့် ဟွင့် ဟင့်၊ ထောင်ဇာခန်း ရှင့်ကို မုန်းတယ်"

"မေချမ်းရယ်"

မသိစိတ်နှင့် သိစိတ် ရောနေပါသော ထောင်ဇာ တစ်ယောက် သူ့ကိုယ်တွင်းသို့ အသိတရားများ ရောက်ရှိလာ





ဖြစ်သည်။

ပါးပြင်ထက် ရွှဲရွှဲစိုနေသော မျက်ရည်တွေနှင့် သူ့အား လက်သီးဆုပ်နုနုလေးတွေနှင့် တွန်းထိုးထုရိုက်နေသော မေချမ်း၏ ဝင်းပနုထွေး ကြည်စင်ရှင်းပနေသော မျက်နှာလေးကို ကြည့်ကာ ရင်မှာ ထိခိုက်သွားရပေမယ့် ထောင်ဇာခန်းက မေချမ်းအား မလွှတ်တော့ပါ။

"ချစ်တယ် မေချမ်းရယ်၊ သိပ်ချစ်တယ်"

ဆိုသည့်စကားတွေနှင့် ထောင်ဇာခန်း မေချမ်းအား သူ့နှင့် ရင်ချင်းဆွဲကပ်လိုက်ရာ မေချမ်းတစ်ကိုယ်လုံး သူ့ရင်ထဲသို့ ဇွေ့ခနဲ ရောက်ရှိသွားရသည်။

ထောင်ဇာခန်းမှာ သေးကျဉ်းသော မေချမ်း ခါးကျဉ်းကျဉ်း လေးကို သိမ်းကျုံးထွေ့ဖက်လိုက်ပြီး

"ကျုပ် ဟန်မဆောင်ချင်တော့ဘူး မေချမ်း၊ ကျုပ်ကို စိတ်ဆိုးလည်း ဆိုးတော့၊ ကျုပ် မေချမ်းကို သိပ်ချစ်တယ်"

"ကျုပ် ကျုပ် မေချမ်းကို မခွဲနိုင်ဘူး၊ သိပ်ချစ်တယ်၊ အရမ်းချစ်တယ် မေချမ်းရယ်"

"အို"

"ချစ်တယ်"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"မေချမ်း"

"ရှင်နော်"

"အို အို"

သည်ထက် မေချမ်းစကားဆိုခွင့်မသာတော့ပါ။ မွှေးလှိုက်ဖိုသော အနမ်းများကြားတွင် မေချမ်း ရင်ခုန်သံတွေ မြန်ဆန်လျက် ဆောင်ဓာခန်းရင်ခွင်ထဲတွင် မေချမ်းတစ်ကိုယ်လုံး ရှက်ရွံ့မှုတွေနှင့် စုံးစုံးနစ်မြုပ်သွားရတော့သည်။

✡ ✡ ✡



## အခန်း (၁၂)

မျက်ရည်တွေက ပါးပြင်နှစ်ဖက် စိုရွှဲနစ်နေရသလို နှုတ်ခမ်းဖူးဖူးလေးမှာလည်း သွားစွယ်ချွန်ချွန်နှင့် ဖိကိုက်ထားမှုကြောင့် သွေးများပင် စို့လျက် နှုတ်ခမ်းသားလေး ပေါက်နေရပြီဖြစ်သည်။

"အဟင့် ဟင့် ဟင့်"

"မုန်းတယ်"

"သိပ်မုန်းတယ်"

"အဟင့် ဟင့်"

လက်နှစ်ဖက်ကို တင်းတင်းဆုပ်ကာ နာကြည်းကြေကွဲမှုဖြစ်ရလေခြင်းဆိုသည့် ယူကျုံးမရစိတ်များနှင့် နာကြည်းမုန်းတီးမှု ပြည့်လျှံနေရသော ခံစားမှုတွေနှင့် သည်းထန်စွာ ငိုကြွေးနေရပေမယ့် သူမမျက်ရည်များက ကုန်သည်မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



ရေကာတာကြီးတစ်ခု ကျိုးရသည့်အလား ပိုးပိုးပေါက်ပေါက်နှင့် အဆက်မပြတ် ကျဆင်းနေသည့် ပါးပြင်မှ မျက်ရည်စများကိုလည်း မေချမ်း မသုတ်မိပါ။

သုတ်ရန်လည်း သူမ သတိမရ။

ခုချိန်တွင် သူမရင်ထဲ ကြေကွဲနာကျင်မှု ယူကျုံးမရနောင်တအတွေးစိတ်များနှင့်အတူ ထောင်ဇာခန်းအပေါ် နာကြည်းမုန်းတီးစိတ်များသာ မေချမ်း ရှိနေရသည်။

ဖြစ်ပျက်မှုတွေနှင့်အတူ ပြောင်းလဲသွားသည့် အခြေအနေတွေက သူမကိုယ်သူမ လက်မခံလို့လည်းမရတော့။

မနေ့က မေချမ်းနှင့် ဒီနေ့မေချမ်းမှာ မတူတော့ပါပေ။

မနေ့ကအချိန်ထိ အပူအပင် သောကကင်းဝေးခဲ့သော မေချမ်း။ ခုချိန်မှာတော့ ရင်ထဲ ပူလောင်သောကတွေနှင့် နာကြည်းမုန်းတီးမှုများ ရင်ဝယ်ပိုက်ကာ ယူကျုံးမရ နောင်တများနှင့် မှားပြီဟူသော အသိတို့က မေချမ်းရင်ကို အရှိန်ပြင်းသည့် မီးစနှင့်ထိုးလိုက်သလို ပူလောင်ကျွမ်းမြေ့နေရပါတော့သည်။

"အဟင့် ဟင့်၊ ငါ အခုလို ခံစားနေရတာတွေဟာ ဟိုလူ ထောင်ဇာခန်းကြောင့်၊ သူ့ကို သူ့ကို ငါသိပ်မုန်းတယ် သတ်ပစ်ချင်တယ်၊ သူ့ကြောင့် ငါ ငါ"

"အို အဟင့် အဟင့်"





ရင်မှာ ပေါက်ကွဲမတတ် ခံစားနေရသည့် ခံစားမှုများဖြင့် သူမအဖြစ်ကို သူမ မချိတင်ကဲဖြစ်စွာ ညည်းညူရင်းက ထောင်ဇာခန်းအပေါ် နာနာကြည်းကြည်းဆိုရင်း မေချမ်းတစ်ယောက် ပြင်းပြင်းထန်ထန် ငိုရှိုက်ပစ်လိုက်၏။

ပါးပြင်နှုတ်ထက် မျက်ရည်တွေက အတားအဆီးမရှိ ကျနေသလို မေချမ်းရင်မှာလည်း နာကြည်းမှုတွေနှင့် ပူလောင်လွန်းနေရပါသည်။

မပူလောင် မခံစားဘဲနဲ့လည်း နေမည်တဲ့လားငေလ။ ဖြူစင်သန့်ရှင်းပါသည့် မေချမ်းဘဝလေးကို ထောင်ဇာခန်း ရယူသိမ်းပိုက်သွားပြီ မဟုတ်ပါလား။

ထိုအဖြစ်က တွေးလိုက်တိုင်း မေချမ်းရင်ကို နာကျင်ကြေကွဲစေရသည့်အဖြစ်။

သည်အသက် သည်အရွယ်ရောက်သည်အထိ ယောကျ်ားဆို ဘယ်ယောကျ်ားတစ်ဦးတစ်ယောက်နှင့်မှ ရင်းနှီးပတ်သက်ခဲ့ခြင်းမရှိသော မေချမ်း။ ဖြူစင်သန့်ရှင်းသည့် သူမဘဝလေးကို သူမအင်မတန် တန်ဖိုးထား မြတ်နိုးခဲ့ပါသည့် မေချမ်း။ ခုတော့ဖြင့် မေချမ်းဘဝလေးသည် မထင်မှတ် မရည်ရွယ် မမျှော်လင့်ပါဘဲ ထောင်ဇာခန်းရင်ခွင်မှာ သူမ၏ ဘဝပန်းလေး နွမ်းကြွေခဲ့ရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် မေချမ်း ထောင်ဇာခန်းကို ခွင့်မလွှတ်နိုင်ပါ။ ချစ်ပါသည်ဆိုသည့်စကားနှင့် သူမဘဝပန်းဦးခြွေရက်သူ ထောင်ဇာခန်းကို မေချမ်း ဘယ်လိုခွင့်လွှတ်နိုင်မှာတဲ့လဲလေ။

ရင်ဝယ် ခံပြင်းနာကြည်းစိတ်တွေနှင့်အတူ ခံစားရသမျှ ပြင်းပြင်းထန်ထန် ငိုကြွေးထားရသောကြောင့် မျက်နှာလှလှလေးမှာ နီရဲတောက်ပနေသလို နှာခေါင်းထိပ်ဖျားလေးနှင့် နှုတ်ခမ်းဖူးဖူးလေးတို့မှာလည်း နီရဲနေရတော့၏။

ခေါင်းအုံးထက် မျက်နှာလေးအပ်ရင်း ကြေကြေကွဲကွဲ နာနာကျင်ကျင် ငိုထားရသောကြောင့် ခေါင်းအုံးလေးတစ်ခုလုံးထက် မျက်ရည်တွေက ရွှဲရွှဲစိုနေရပြီဖြစ်သည်။

မေချမ်းအဖြစ်က တွေးလို့မှ မဖြေနိုင်စရာမရှိ။ သူမဘဝလေး မထင်မှတ်ဘဲ နွမ်းကြေခဲ့ရသည့်အဖြစ်အတွက် မေချမ်း ဘယ်သူ့အား ရင်ဖွင့်ရပါမည်လဲ။

ရင်ဖွင့်လို့မှ ပြောမပြဝံ့သည့်အဖြစ်။

ရှက်စိတ် နာကြည်းစိတ် ယူကျုံးမရစိတ်တွေနှင့် မေချမ်း သေသာသေပစ်လိုက်ချင်ပါတော့သည်။

မျက်ရည်တွေဖြင့် စိုကပ်ပူးနေသည့် မျက်တောင်ရှည်ကြီးကို မေချမ်း သုံးလေးချက် ဆင့်ခတ်လိုက်ပြီး နှုတ်ခမ်းလေးကာ တင်းတင်းစေ့လျက် အတွင်းနှုတ်ခမ်းသားအား ပြတ်ထွက်လုမတတ်





ကိုက်ထားလိုက်သည်။

မျက်ဝန်းမှ မျက်ရည်တွေကတော့ အရှိန်ပြင်းပြင်းနှင့် စီးဆင်းနေသည့် စမ်းချောင်းငယ်တစ်ခုကဲ့သို့ ရှိနေရဆဲဖြစ်သည်။

ငိုရလွန်းသောကြောင့် မေချမ်းခမျာ အသံလေးများပင် မထွက်နိုင်တော့ပါ။ ရင်မှာ ခံစားရသည့် ဝေဒနာတွေက ကြီးမားနာကြည်းရလွန်းသော မေချမ်း။ ငိုမြဲငိုနေပါသော်လည်း အသံကတော့ဖြင့် မထွက်နိုင်ရှာတော့ပါ။

ခံစားမှုတွေကိုသာ ဒီထက် မမျိုသိပ်နိုင်ဘူးဆိုပါက မေချမ်း သူမကိုယ်သူမ ဘာလုပ်မိမယ်မှန်း အာမမခံနိုင်။

မေချမ်း ပြင်းပြင်းထန်ထန် ငိုရှိုက်နေရင်းမှ ထလိုက်ပြီးနောက် သူမအဝတ်အစားများကို အိတ်ထဲသို့ ကောက်သိမ်းလိုက်လေသည်။

မျက်ရည်များ ပါးပြင်ထက် ဖြိုင်းဖြိုင်းကျလျက် မေချမ်းသည် အဝတ်အစားများကို အိတ်ထဲသို့ သိမ်းနေဆဲ

"မေချမ်း"

"ဟင်"

ထောင်ဇာခန်းအသံက မေချမ်းနှလုံးသားများကို စူးနစ်နာကျင်သွားစေရသည်။

"ဒါ ဘာလုပ်နေတာလဲ မေချမ်း"



www.burmeseclassic.com

www.burmeseclassic.com



သူမရှိရာအခန်းထဲသို့ ဝင်လာသော ခြေသံနှင့်အတူ မေးလိုက်ပါသည့် ထောင်ဇာခန်းစကားကြောင့် မေချမ်းအသည်းကို အပ်နှင့်ဆွသလို ပို၍နာကျင်သွားရသည်မို့ သွားလေးများကို စေ့ကြိတ်လျက် သူမကိုယ်လေးက ထောင်ဇာခန်းရှိရာသို့ ဆတ်ခနဲ လှည့်လာကာ နာကြည်းမှုတွေဖြင့် စူးရဲနေသော မျက်ဝန်းလေးဖြင့် ထောင်ဇာခန်းကို စေ့စေ့ကြည့်လိုက်ပြီး

"ဘာလုပ်နေတာလဲ ဟုတ်လား၊ သွား သွား ရှင့်မျက်နှာကိုလည်း မကြည့်ချင်ဘူး၊ ရှင့်အသံကိုလည်း မကြားချင်ဘူး၊ ရှင့်ကို မုန်းတယ်၊ သိပ်မုန်းတယ်၊ သတ်ပစ်ချင်တယ်၊ အသေသတ်ပစ်ချင်တယ် သိလား၊ အဟင့် ဟင့် ဟင့်"

မေချမ်းတစ်ယောက် ပြောလည်းပြော ထောင်ဇာခန်းကိုယ်ကြီးကိုလည်း သူမရှေ့က အတင်းတွန်းထုတ်ကာ ခံပြင်းနာကြည်းရှက်ရွံ့မှု ဒေါသတွေနှင့် မျက်ရည်တွေဖြင့် ရှိုက်ရှိုက်နေသည့်ကြားက တဗုန်းဗုန်းနှင့် ထုရိုက်နေတော့သည်။

ထောင်ဇာခန်းသည် နေရာကမရွေ့။

မေချမ်း ထုရိုက်နေမှုများကို အံကြိတ်ကာ တောင့်ခံရင်း မေချမ်းကိုသာ စူးစူးရဲရဲ စိုက်ကြည့်နေသည်။

"ရှင်သွား သွားဆို၊ ရှင့်ကြောင့် ရှင့်ကြောင့် မေချမ်းဘဝ အို သွား သွား ရှင်သွား၊ အဟင့် ဟင့်"





"မေချမ်းရယ်"

ခံစားမှုတွေနှင့် နာကြည်းပေါက်ကွဲနေသည့် မေချမ်းကို ကြည့်ကာ ထောင်ဇာခန်း သူကိုယ်သူလည်း ခွင့်မလွှတ်နိုင်တော့ပါ။

သူ မေချမ်းကို ဘယ်လောက်ချစ်ချစ် မေချမ်းဘဝလေးကို အနိုင်ယူရန် စိတ်ကူးမရှိခဲ့ပါ။

ချစ်တယ်လို့ ဖွင့်ပြောရမည်ကိုပင် သူမ မကြည်ဖြူလျှင် ငြိုငြင်မှာစိုးသောကြောင့် ထောင်ဇာခန်း ဖွင့်မပြောခဲ့သမျှ ခုတော့ မျိုသိပ်ထိန်းချုပ်ထားသည့်ကြားက သူ့အချစ်များ မေချမ်းအပေါ် ပေါက်ကွဲသွားရသည့်အဖြစ်။

သူ့အချစ်တွေ မေချမ်းဘဝလေးကို တစ်ဖက်သတ် အနိုင်ယူသလို ဖြစ်သွားရပါလို့ဆိုသော အတွေးနှင့် ထောင်ဇာခန်းသည် လွန်သွားရသည့် သူ့အချစ်များအတွက် ယူကျုံးမရ နောင်တစိတ်တို့နှင့်အတူ မေချမ်းကို ဘယ်လိုတောင်းပန်ရမှန်းပင် မသိတော့ပါ။

တောင်းပန်လို့လည်း မေချမ်းသည် သူ့ကို ခွင့်လွှတ်လိမ့်မည်မဟုတ်။ မထင်မှတ် မရည်ရွယ်ပါဘဲ အရင်းနှီးဆုံး ဖြစ်သွားရသည့် မေချမ်းနှင့် သူ၏ဇတ်သက်မှုက သာမန်ထက် ပိုခဲ့ရပြီဖြစ်သည်။

ထောင်ဇာခန်းမှာ မေချမ်း၏ အငိုမျက်နှာလှလှလေးကို မချိတင်ကဲ စိုက်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မေချမ်း၊ မင်း ကျုပ်ကို ကြိုက်သလိုပြောပါ တော့ဗျာ၊ အားလုံး ကျုပ်အပြစ်တွေပါ၊ ကျုပ်လေ ကျုပ် မေချမ်း ကို"

"မပြောနဲ့၊ ရှင့်ဆီက ဘာစကားမှ မေချမ်း မကြားချင် ဘူး၊ ရှင့်မျက်နှာကိုလည်း မကြည့်ချင်ဘူး၊ ရှင် ကျွန်မရှေ့ကဖယ်"

"ဟင် မေချမ်း ဘယ်သွားမလို့လဲ"

အဝတ်အိတ်ကြီး ကောက်ဆွဲကာ အခန်းထဲက ထွက်ရန် ပြင်နေသည့် မေချမ်းကြောင့် ထောင်ဇာခန်း မျက်နှာပျက်သွားရပြီး မေချမ်းရှေ့ သူ့ကိုယ်ကြီးပိတ်ရပ်လိုက်ရင်းက မျက်စိမျက်နှာပျက် နှင့် မေးလိုက်သည်။

မေချမ်းမှာ ပေါက်ကွဲနေသော ဒေါသတွေနှင့် ထောင်ဇာ ခန်းကိုကြည့်ပြီး

"ရှင်ဖယ်နော်၊ မေချမ်းဘာသာ ဘယ်သွားသွား ရှင်နဲ့ မဆိုင်ဘူး၊ ရှင် မေးစရာမလိုဘူး"

ငိုရင်းရှိုက်ရင်း မေချမ်း ထောင်ဇာခန်းအား ရန်တွေ့လိုက် လေသည်။

"မသွားရဘူးမေချမ်း၊ မင်း ကျုပ်ကိုထားပြီး မသွားရဘူး၊ ကျုပ် မင်းကိုချစ်တယ်၊ ချစ်တာမှ ကပါးဆီက မင်းနာမည်လေးကို ကြားကတည်းက ကျုပ်ချစ်ရတာ၊ ကျုပ်ချစ်တဲ့မင်းနဲ့ ဒီအခြေအနေ





ရောက်ခဲ့ပြီးမှတော့ ဘယ်လိုမှ ကျုပ် မခွဲနိုင်တော့ဘူး၊ မင်း မင်း ကျုပ်အနားက ဘယ်ကိုမှ မသွားရဘူးမေချမ်း၊ သွားခွင့်လည်း ကျုပ် မပြုနိုင်ဘူး၊ ကျုပ်ဘဝမှာ မင်းမရှိရင် ကျုပ် သေလိမ့်မယ်"

"အဟင့် ဟင့် သေ သေ ရှင်သေတာကို မေချမ်းက ဂရုစိုက်ရမှာလား၊ မေချမ်းဘဝကို အနိုင်ယူတဲ့ ရှင့်ကို မေချမ်း မုန်းတယ်၊ သိပ်မုန်းတယ်၊ ဖယ် ဖယ် ရှင် ဖယ်"

နာကြည်းမှုတွေနှင့် ဒေါသတွေ အစွမ်းကုန်ပေါက်ကွဲနေရ ပြီဖြစ်သော မေချမ်းမှာ ဘာကိုမှ ဂရုမစိုက်နိုင်တော့ပါ။ ထောင်ဇာ ခန်းအား သူမကိုယ်လေးနှင့် တွန်းတိုက်ဖယ်ရှား၍ထွက်တော့ ထောင်ဇာခန်းမှာ နေရာမှ နည်းနည်းမှ မဖယ်ပေးဘဲ သူမသွားမည့် လမ်းကို သူ့ကိုယ်ကြီးနှင့် ပိတ်ကွယ်ရပ်ကာ မေချမ်းအား အခန်းထဲ သို့ တွန်းသွင်းလိုက်လေ၏။

အခန်းထဲရောက်သည်နှင့် မေချမ်းအား သွားခွင့်မသာ အောင် အခန်းတံခါးကို ပိတ်လိုက်သည်။

တစ်ဖက်သတ်ဆန်ဆန် အနိုင်ယူနေသော ထောင်ဇာခန်း၏ လုပ်ရပ်များကြောင့် မေချမ်းမှာ မီးဝင်းဝင်းတောက်သော ဒေါသ မွှန်နေသည့် အကြည့်တွေနှင့် ထောင်ဇာခန်းအား စူးစူးဝါးဝါးကြည့် ကာ

"ရှင် ဒါဘာလုပ်တာလဲ၊ အခုချက်ချင်း တံခါးဖွင့်ပါ၊



www.burmeseclassic.com

www.burmeseclassic.com



ရှင် ရှင် မေချမ်းကို ဘာမှအနိုင်ကျင့်စရာမလိုဘူး"

"ကျုပ် မင်းကို အနိုင်ကျင့်ဖို့ စိတ်ကူးထဲမှာတောင် မရှိဘူး၊ ကျုပ်တားနေတာက မင်းကို ကျုပ်အနားက မသွားစေချင်လို့၊ သွားခွင့်မပြုနိုင်လို့ တားနေတာ"

"အို ရှင် ဘာမှတားစရာမလိုဘူး၊ ရှင်နဲ့မေချမ်း ဘာမှလည်းမဆိုင်ဘူး၊ ဖွင့် တံခါးကို ခုဖွင့်၊ မေချမ်း ရှင်ရှိတဲ့နေရာမှာ တစ်စက္ကန့်တောင် မနေဘူးသိလား"

အဖျားသွေးရှိနေသေးသော ထောင်ဇာခန်း၏ မျက်နှာချောတည်တည်ကြီးအား အမုန်းမျက်စောင်းကြီးဖြင့် နှုတ်ခမ်းလေးစူကာ ကြည့်ရင်း နာနာကျင်ကျင် မေချမ်း ဆိုလိုက်လေသည်။

မေချမ်းစကားတွေက ရင်ကို နာကျင်စေရုံမက နှလုံးသားကိုလည်း မခံမရပ်နိုင်အောင် ကြေကွဲထိခိုက်ရစေသည်မို့ အံကိုတင်းခဲ စေ့ကြိတ်ရင်းက ဓချိုပြုံးတစ်ချက် ပြုံးလိုက်ပြီး

"ကျုပ်မျက်နှာကို မကြည့်ချင်၊ ကျုပ်အနားမှာ မနေချင်ပေမယ့် ကျုပ်ကတော့ မင်းကို ကြည့်ချင်မြင်ချင်တယ်၊ ကျုပ်အနားမှာ မင်းကို အမြဲရှိစေချင်တယ်"

ပခုံးလေးနှစ်ဖက်ကို သူ့လက်အစုံနှင့် ဆုပ်ကိုင်ဖျစ်ညှစ်ကာ သူမကိုယ်လေးကို သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်တော့ မေချမ်းတစ်ကိုယ်လုံး ထောင်ဇာခန်းရင်ခွင်ထဲ ရောက်သွားရကာ





"ဖယ် လွှတ်၊ ရှင် မေချမ်းကိုလွှတ်"

"မလွှတ်ဘူး"

"ရှင်နော်"

"ပြောစမ်း၊ မင်းနဲ့ကျုပ်နဲ့ ချစ်ခဲ့တဲ့အဖြစ်ကို ဒီအတိုင်း မေ့ပစ်လိုက်တော့မှာလားဆိုတာ"

"အို ရှင် ရှင် ဘာတွေပြောနေတာလဲ၊ မသိဘူး၊ သွားသွား"

နီရဲတောက်ပနေသော မျက်နှာလေးနှင့် မေချမ်းသည် ထောင်ဇာခန်းစကားကို ငြင်းကာ သူ့ရင်ခွင်ထဲက သူမကိုယ်လေးအား အတင်းရုန်းထွက်နေတော့သည်။

ထောင်ဇာခန်းက မလွှတ်ပါ။ မေချမ်းအား ခပ်တင်းတင်းပင် တိုး၍ဖက်ထားလိုက်ပြီး

"အဟွန်း မသိဘူးဟုတ်လား၊ အေးလေ မင်း ညာတတ်လို့ညာတာကို ကျုပ် မပြောလိုပါဘူး၊ ဒါပေမယ့် မင်းသိထားဖို့က ဘယ်သူ့ကိုညာညာ မင်းကိုယ်မင်းတော့ ညာလို့မရပါဘူး"

"အို"

ချည်ပြီးတုပ်ပြီး ပြောလိုက်သည့်စကားက မေချမ်းအား ရှက်စိတ်တွေ ဝိုစာလျှက် ရင်ခုန်သံတွေ တဒိတ်ဒိတ် မြန်ဆန်သွားစေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူပြောသလို မေချမ်းသည် တခြားလူများကို ညာလို့ရချင်ရပါမည်။ သူမကိုယ်သူမတော့ ပြန်၍ညာလို့ရမည်မဟုတ်ပါ။

ရခဲ့သည်ထားဦး၊ ထိုအဖြစ်က မေချမ်းဘဝအတွက် ပြန်ပြင်လို့မရနိုင်တော့သည့် အဖြစ်။

သည်ယောကျ်ား၏ ရင်ခွင်အောက်တွင် ဖြူစင်သန့်ရှင်းခဲ့ပါသော သူမဘဝလေး နွမ်းကြေခဲ့ရပြီဖြစ်သည်။

ထို့အတွက် မေချမ်း သူ့အား ဘယ်လိုမှ ခွင့်မလွှတ်နိုင်ပါ။

အမုန်းစိတ်၊ နာကြည်းစိတ်တွေနှင့် မေချမ်း သူ့ရင်ခွင်ထဲက ခပ်ဆတ်ဆတ် ရုန်းလိုက်တော့

"မရုန်းနဲ့၊ မင်း မရုန်းနဲ့ မေချမ်း၊ ရုန်းလို့လည်း မင်း ကျုပ်ရင်ခွင်ထဲက ထွက်သွားလို့ရမှာမဟုတ်ဘူး၊ မင်းကို ကျုပ် သိပ်ချစ်တယ်"

"မပြောနဲ့၊ ဒီစကား ရှင်မပြောနဲ့"

"ပြောမယ်၊ ပြောရမယ်၊ ကျုပ် မင်းကိုချစ်"

"ကဲ ချစ်ဦး"

"ဖြန်း ဖြန်း"

ထောင်ဓာခန်း ပါးပြင်ချောချောကြီးကို မေချမ်း ခင့်ကာ ရိုက်ချပစ်လိုက်သည်။

"အဲ့ဒွန်း ကျေနပ်ပြီလား မေချမ်း၊ ကျုပ်ကို ရိုက်လိုက်ရ





လို့ မင်း ကျေနပ်သွားပြီလား"

သူ့စကားကို မေချမ်း မဖြေပါ။ နှုတ်ခမ်းဖူးဖူးလေး နှစ်လွှာကို တင်းတင်းစေ့ပိတ်ထားရင်းက အမုန်းရိပ်တွေ ပြည့်နေသော အကြည့်စူးစူးလေးနှင့် ကြည့်လိုက်ပြီး

"ရှင် မေချမ်းရှေ့က ဖယ်ပါ"

ဘာခံစားမှုမှမရှိသလို အေးစက်စွာ ပြောနေသည့် မေချမ်းစကားကြောင့် ထောင်ဓာခန်းကိုယ်ကြီး ဆတ်ခနဲ တုန်ခါသွားရကာ

"မင်းကို ကျုပ် သွားခွင့်မပြုဘူးလို့ ပြောနေတယ် မဟုတ်လား"

"မပြောနဲ့ မကြားချင်ဘူး"

"မကြားချင်လို့မရဘူး၊ မင်း မသွားရဘူး"

"သွားမယ်"

"အဟွန်း ကောင်းပြီလေ၊ မင်းသတ္တိရှိရင် စမ်းကြည့်လိုက်ပေါ့"

မေချမ်းမှာ ဒေါသတွေနှင့် မခံချင်ဖြစ်သွားရသည်။

မေချမ်းစိတ်နှင့် မေချမ်းကိုယ် မေချမ်း ဘယ်သွားသွား သူ့ ပိတ်ပင်စရာတဲ့လား။

သူမဘဝကို သိမ်းပိုက်ခဲ့သူဆိုပြီး ပိုင်စိုးပိုင်နင်း မေချမ်းကို ပြောနေသည့်ကတော့ မေချမ်းအတွက် သည်းမခံချင်စရာပင်။



www.burmeseclassic.com

www.burmeseclassic.com



မေချမ်းသွားမည့်ခရီးကို ပိတ်ပင်ရုံမက သတ္တိရှိရင် စမ်းကြည့်ပေါ့ဆိုသည့် သူ့စကားက မေချမ်းမာနကို နှိုးဆွနေသလို။

ဒေါသနှင့် မခံချင်စိတ်တွေက တလူးလူးတလွန့်လွန့်နှင့် တရိပ်ရိပ်တက်လာသော မေချမ်းဒေါသတွေနှင့် ဘာရယ်ညာရယ် မစဉ်းစားနိုင်တော့ဘဲ ဒေါသတွေ ပေါက်ကွဲသွားရပြီမို့ ထောင်ဇာခန်းအား အနားမှာရှိနေသော တွေ့ရာပစ္စည်းများဖြင့် လှမ်းယူပစ်ပေါက်မိပါတော့သည်။

"ရှင် ရှင် အဲဒါ လူကိုပိတ်ပင်ဦး၊ တားဦး"

မေချမ်း ပစ်ပေါက်နေသည့်ကြားက ထောင်ဇာခန်းသည် ဂရုမစိုက်ပါဘဲ မေချမ်းဆီသို့ ခြေလှမ်းများတိုးလာပြီးနောက် မေချမ်းကိုယ်လေးအား ချည်နှောင်သိုင်းဖက်ပစ်လိုက်သည်။

အရှိန်နှင့် နှစ်ဦးသား ရုန်းရင်းကန်ရင်းက ထောင်ဇာခန်းနှင့် မေချမ်းမှာ အိပ်ရာပေါ်သို့ ဝုန်းခနဲ လဲပြိုကျသွားရသည်။

"အို ကြည့်စမ်း၊ ရှင် လွှတ် လွှတ် အဟင့် ဟင့် လူရိုင်း၊ ရှင့်ကိုမုန်းတယ်၊ သတ်ပစ်မယ် သိလား"

ရှက်ဒေါသတွေနှင့်ဆိုရင်း မေချမ်း ထောင်ဇာခန်းရင်ခွင်တွင်းမှ အားရှိသမျှ ရုန်းလိုက်မိသည်။

"ဟင်း"

သူ့အား ထုရိုက်ကုတ်ဆွဲနေသော မေချမ်းလက်တို့ကို





တင်းတင်းချုပ်ကိုင်ရင်းက ထောင်ဇာခန်း သက်မမောတစ်ချက်ကို ချလိုက်မိသည်။

ချစ်သူလေး၏ ရင်ထဲခံစားနေရသည့် ဝေဒနာခံစားမှုတွေကို ထောင်ဇာခန်း မသိမဟုတ်။ သိပါသည်။ သိ၍လည်း ချစ်သူလေးအား သူ သနားနေရခြင်းဖြစ်သည်။

သူ၏တစ်ဖက်သတ် အချစ်လွန်ကဲပေါက်ကွဲသွားမှုကြောင့် မေချမ်း သူ့အား ရှက်ဒေါသတွေနှင့် နာကြည်းမုန်းတီးနေမှုကို ထောင်ဇာခန်း ရင်နာနာနှင့် သိရပါသော်လည်း သူ့အနားက မေချမ်းထွက်သွားမည်ကိုတော့ ထောင်ဇာခန်း မလိုလားနိုင်ပါ။

သူ့အမှားတွေအတွက် ကျေနပ်အောင် မေချမ်းအားတောင်းပန်ရင်း သူ့အား တုံ့ပြန်လာမည့် မေချမ်း၏ နားလည်တုံ့ပြန်မှုများကို ထောင်ဇာခန်း စောင့်စားရမည်ဖြစ်သည်။

သို့အတွက် မေချမ်းသည်လည်း သူ့အနားရှိမှ ဖြစ်ပေမည်။ မေချမ်းကို သူ သိပ်ချစ်ပါသည်။ ပြောရမည်ဆိုက ထောင်ဇာခန်းအချစ်သည် တင်စားလို့ပင်မရသည့်အချစ်။

ချစ်လွန်း၍လည်း ထောင်ဇာခန်းမှာ သိစိတ်နှင့် မသိစိတ်ရောကာ သူ့အချစ်များ အခုလို ပေါက်ကွဲခဲ့ရခြင်းဖြစ်သည်။ ဒါကို ချစ်သူလေး သိမည်မဟုတ်ပါ။

တကယ်တမ်း သူ့ရင်ထဲ ခံစားချက် အစစ်အမှန်တွေကို မေချမ်း သိနားလည်ခွင့်ရခဲ့ပါလျှင် . . .



www.burmeseclassic.com

www.burmeseclassic.com



မချမ်းရယ်။

မျက်ရည်များ ရွှဲနစ်နေသည့်ကြားက အလှတစ်စက်လေ မှ မပျက်မသွားသည့် ချစ်ရသူ မချမ်း၏မျက်နှာလေးကို ငုံ့မိုးစို ကြည့်ရင်း မချမ်းအား တင်းကြပ်စွာ ပွေ့ဖက်ထားသည့် သူ့လ များ ပြေလျော့သွားရသည်။

ချစ်သူထံမှ မကြည်ဖြူသည့် ငြင်းဆန်မှုသည် သူ့ရင် နာကျင်မေ့လျော့စေရပါသည်။

တစ်ဖက်သတ် ကျိတ်ချစ်ခဲ့သည့် သူ့အချစ်တွေအတွ မချမ်းထံမှ တုံ့ပြန်လိုက်မှုက နှလုံးသွေးစိမ်းရှင်ရှင် ကျစေရသ အဖြစ်။

မချမ်းဆိုတဲ့ မြို့သူယမင်းအချောအလှကို ချစ်မိမှ ထောင်ဇခန်း သူ့မျက်စိအောက်တ နည်းနည်းလေးမှ အပျောက် နိုင်တော့ပါ။

"မချမ်း"

သူခေါ်တော့ မချမ်းသည် စိမ်းတောက်နေသော က ဆဲဆဲ ပြည့်လျှံနေသည့် မျက်ရည်များ အိုင်ဖွဲ့သီနေသည့် မျက် လေးဖြင့် ကြည့်နေလေ၏။

သည်အကြည့်တစ်ချက်ကပင် ထောင်ဇခန်း နှလုံးသာ မီးစနှင့် အထိုးခံလိုက်ရသလို နာကျင်စေရသည်မို့ သက်မတစ် ချကာ ပြတင်းတံခါးနား သွားရောက်ရပ်ရင်း





"ကျုပ် မင်းကို စကားတစ်ခွန်းပဲ ပြောမယ် မချမ်း၊ ကျုပ် မင်းကို မခွဲနိုင်ဘူး၊ မင်းလည်း ကျုပ်ကို ခွဲမသွားပါနဲ့"

ထောင်ဇခန်းစကားကြောင့် မချမ်းမျက်နှာလေး မဲ့သွားရ ပြီး ငိုထားသော မျက်နှာလှလှလေးနှင့် မျက်ဆောင်းတနင့်ကြီးထိုးကာ

"စိတ်ချ ရှင် မျှော်လင့်နေသလို ဘယ်တော့မှ ဖြစ်လာ မှာ မဟုတ်ဘူးဆိုတာ"

"ကျုပ် ဘယ်လိုမှ တောင်းပန်လို့မရတော့ဘူးလား မချမ်း"

"ကျွန်မဘဝ နွမ်းကြေခဲ့ရပြီ၊ အဲဒီအတွက် ရှင့်ကို ဘယ် တော့မှ ခွင့်မလွှတ်ဘူး ထောင်ဇခန်း"

"မချမ်း မချမ်းရယ်"

မချမ်း၏ အမုန်းစကားများက ထောင်ဇခန်းဘဝကို ရှင်လျက်နှင့် သေဆုံးစေခဲ့ရပြီဖြစ်သည်။

သွားပြီ။ မျှော်လင့်သမျှ အားလုံး ပျက်စီးသွားရပြီဟူသော အသိနှင့် ထောင်ဇခန်း ခေါင်းငိုက်စိုက်ကျကာ လေးလံသော ခြေလှမ်း၊ နင့်ဖြာသော ခံစားမှုတွေနှင့် မချမ်းအပါးမှ လှည့်ထွက် လာခဲ့သည်တိုင်

ရင်မှာ ဆောက်တည်ရာမရ ခံစားမှုတွေ ပြင်းထန်စွာ ကိုယ့်ကိုယ်ကိုပင် ရပ်တည်နိုင်စွမ်း မရှိနိုင်တော့ပြီဖြစ်သည်။

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မေချမ်းအား ဘယ်လိုမှ မခွဲနိုင်ပါ။ သူ့အပါးက မေချမ်းကို သွားခွင့်မပြုနိုင်ပါဆိုသည့်ကြားက မေချမ်းသည် ထောင်ဇာခန်းကို ကျောခိုင်းခဲ့လေသည်။

ထိုသို့ ကျောခိုင်းရန်လည်း အခွင့်အခါအား မေချမ်းအားပေးလာသည်ဟု ဆိုရမည်။

သူမသွားမည်ဆိုကာ သူမအနား အရိပ်သဖွယ်ရှိနေတတ်သော ထောင်ဇာခန်း၊ နေမကောင်းသည့် သူ့ကျန်းမာရေးထက် မေချမ်းအပေါ်သာ ပို၍အာရုံစိုက်နေရသည်မို့ မေချမ်း အခွင့်မသာအောင်ရှိခဲ့သမျှ ကျန်းမာရေးပြန်ကောင်းလာသည့် ထောင်ဇာခန်းကိစ္စတစ်ခုနှင့် ခရီးထွက်ရသောအခါ မေချမ်းသည် ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ အန်ကယ်ကျုံးမန်းခေါင်နှင့် မုန်းနွမ်းတို့





မောင်နှမကို နှုတ်ဆက်ကာ ရန်ကုန်သို့ ပြန်လာခဲ့သည်။

အလာတုန်းကနှင့် အပြန် မတူတော့သည့် သူမဘဝ၏ ပြောင်းလဲမှုများက မယုံကြည်နိုင်စရာ ကောင်းပေမယ့် မေချမ်းအတွက် ထိုပြောင်းလဲမှုတွေက တကယ်ပင် ကြုံခဲ့ရပြီဖြစ်သည်။

ဘာအတွက်ပဲမှားမှား၊ သူ့အမှားများအတွက် ယောကျ်ားပီသစွာ တာဝန်ယူပါရစေလို့ အကြိမ်ကြိမ် မေချမ်းကို ခွင့်ပန်ခဲ့ပေမယ့် မေချမ်းကတော့ဖြင့် လက်မခံခဲ့ပါ။

သူ့ဘဝကို အနိုင်ယူရက်သူအဖြစ် ရင်မှာ ခါးသီးကြေကွဲနာကြည်းနေရသည်မို့ ထောင်ဇာခန်းစကားများက သူမရင်ထဲက အမုန်းကို မဖြေဖျောက်နိုင်ပါပေ။

ထောင်ဇာခန်းဆိုတာက မေချမ်းဘဝ၏ အနာကြည်းဆုံးနှင့် အမုန်းတီးဆုံး လူတစ်ယောက်အဖြစ် သတ်မှတ်ထားသူမို့ ထောင်ဇာခန်းကို သူမဘဝထဲ အဝင်မခံနိုင်ပါ။

နာကြည်းခါးသီး မုန်းတီးမှုတွေနှင့် ခွင့်မလွှတ်နိုင်အောင် မေချမ်းနှလုံးသားမှာ ကြေကွဲနာကျင်ခြင်းတွေနှင့် ယူကျုံးမရ နောင်တတွေက ရင်မှာ ပြည့်လျှံနေရသည့်အဖြစ်။

ရင်မှာ ရှက်ရွံ့နာကျင်ကြေကွဲရခြင်းတွေနှင့် ဝမ်းနည်းမှုသောကတွေက မေချမ်း၏ အပြန်ခရီးတွင် သူမနှင့်အတူ ယူဆောင်လာသည့်အဖြစ်ကို ဒက်ဒီသာသိပါက။



www.burmeseclassic.com

www.burmeseclassic.com



မချမ်း ဆက်မတွေးရဲတော့ပါ။

ကြွေနှမ်းခဲ့ရသည့်ဘဝကိုလည်း မချမ်း အသစ်တနေ ပြန်စ၍မရတော့ပါ။ ထိုအတွက် မချမ်းကိုယ်တိုင်လည်း အပြစ်မကင်းသလို ခံစားရလေသည်။

နေမကောင်းဖြစ်နေသည့် ထောင်စခန်းကို သူမသာ ဂရုမစိုက်ခဲ့ပါလျှင် သူမသည်လည်း

ဒက်ဒီရယ်။

မချမ်း တန်ဖိုးထားခဲ့တဲ့ဘဝလေး တောင်ပေါ်သားကြောင့် နှမ်းကြွေခဲ့ရပါပြီရှင် ဟူ၍ မချမ်းရင်မှာ မချိစွာဆိုလိုက်ရင်း မျက်ဝန်းတွင် မျက်ရည်စများက ပါးပြင်ပေါ်သို့ အတားအဆီးမဲ့ ကျလာရသည်။

မျက်ရည်ခိုင်ခဲ့သော သူမ၊ ခုတော့ မျက်ရည်တွေ လွယ်ကူနေသည်မှာ တောင်ပေါ်သားရင်ခွင်အောက်တွင် သူမဘဝလေး နှမ်းကြွေခဲ့ပြီးကတည်းကပင်ဖြစ်သည်။

ရန်ကုန်သို့ မချမ်း ပြန်ရောက်ပါပြီဆိုကတည်းက ရင်ထဲ အပျော်တွေ ကင်းမဲ့ကာ လှုပ်ရှားပြောဆိုမှုတွေတလည်း အရင်က မချမ်းနှင့် အခု မချမ်း တခြားစီလို ကွာခြားနေရသည်။

ဒက်ဒီသည် မချမ်း ပြန်လာသဖြင့် ပျော်ရွှင်နေပေမယ့် မချမ်းကတော့ ဒက်ဒီလို မပျော်ရွှင်နိုင်တော့။





ပြောင်းလဲခဲ့ရသည့် သူမဘဝကို မချမ်း မေ့ပစ်နိုင်အောင် ကြိုးစားခဲ့ပေမယ့် ရင်ထဲ ဘယ်လိုမှ မေ့ပစ်၍မရနိုင်ခဲ့ပါ။

ဒက်ဒီကတော့ မချမ်း ပြောင်းလဲနေမှုများကို မသိ။ မချမ်း မျက်နှာကို အရိပ်တကြည့်ကြည့်နှင့် ကြည့်ကာ သူမအား ခေါင်တစ်ယောက်၏ မေတ္တာဖြင့် လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိနေသည်။

ဒက်ဒီ သူမကို ဘယ်လိုပျော်ရွှင်အောင်ထားထား မချမ်းသည်ကတော့ ယခင်တုန်းကလို မပျော်ရွှင်နိုင်တော့ပါ။

ဒက်ဒီ့ရှေ့တွင် သူမကိုယ်သူမ ဣန္ဒြေမပျက်အောင် အတတ်နိုင်ဆုံး ဟန်လုပ်နေရပေမယ့် ဒက်ဒီ့ကွယ်ရာရောက်သည်နှင့် မချမ်း၏ အမူရပ်က ပြန်ပေါ်ရမြဲဖြစ်သည်။

တစ်နေ့ တစ်နေ့ ရင်မှာ စိတ်ခံစားမှု သောကတွေနှင့် ရက်များ ကုန်ဆုံးခဲ့သည်မှာ မချမ်းတစ်ယောက် ဘာလိုလိုနှင့် ရန်ကုန်ပြန်ရောက်သည်မှာ အချိန်သုံးလကျော်ပင် ကြာခဲ့ပြီဖြစ်သည်။

ထိုရက်တွေမှာ မချမ်းတစ်ယောက် နာကြည်းမှုအမုန်းဒေါသ ကြေကွဲခါးသီးရခြင်းများနှင့် ဝေဒနာတွေက ရင်နှင့်အပြည့် ရှိနေရသည်။

ခါးသီးသည့် အတိတ်မှအဖြစ်တွေက မချမ်းအား မေ့ပစ်၍ မရအောင် နှိပ်စက်လှုန်းနေရသည်ကိုတော့ မချမ်း မညည်းချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သည်အဖြစ်တွေက မေချမ်းဘဝအတွက် နာကျင်မှုတွေနှင့် အတူ ဘယ်တော့မှ မေ့ပျောက်လိမ့်မည့်အဖြစ်များ မဟုတ်ပါ။

အတိတ်မှ ခါးသီးစေသည့်အဖြစ်တွေက မေချမ်းနှလုံးသားကို တစိမ့်စိမ့် နာကျင်ကြေကွဲနေစေရသည်။

"သမီး"

"ဩော် ဒက်ဒီ"

မေချမ်းမှာ သူမနားရောက်လာသော ဖခင်ကို ကြည့်ရင်း ခြံထဲရှိ ခုံတန်းလေးပေါ်တွင် ထိုင်နေရာမှ သူမကိုယ်လေးကို တစ်ဖက်သို့ တိုးကပ်ပေးလိုက်သည်။

ဒက်ဒီ မေချမ်းဘေးတွင် ဝင်ထိုင်လိုက်သည်။

ငယ်စဉ်ကတည်းက အမိမဲ့ တစ်ဦးတည်းသောသမီးဖြစ်သည့် မေချမ်းကို ဒက်ဒီသည် ငုံထားမတတ် ချစ်နိုင်လွန်းသူဖြစ်သည်။

မေချမ်း သိတတ်သည့်အရွယ်ကတည်းက ဒက်ဒီသည် သူမမျက်နှာကို တစ်ချက် အညိုးမခံခဲ့။

ပါးစပ်က ပြောလိုက်ရုံနှင့် လိုချင်တာ ချက်ချင်းရောက်လာစေရသလို ဖြစ်ချင်တာကို ဖြစ်ခွင့်ရစေခဲ့သူဖြစ်သည်။

မေချမ်းအပေါ် ဒက်ဒီသည် ထိုမျှအထိ ချစ်ရှာလွန်းသူဖြစ်သူပီပီ ယခုတလော မေချမ်းမျက်နှာ ညှိုးနေသည့်အဖြစ်ကို





ဒက်ဒီ အတဲခတ်မိသည်မို့ အပြုံးယဲ့ယဲ့လေးဖြင့် နွမ်းနေရှာသည့် မေချမ်းမျက်နှာလေးကိုကြည့်ကာ

"သမီး"

"ရှင် ဒက်ဒီ"

"သမီးကြည့်ရတာ အခုတလော မလန်းသလိုပဲ၊ နေလို့မှ ကောင်းရဲ့လား သမီး"

ဂရုတစိုက် မေးလိုက်သည့် ဒက်ဒီ့စကားကြောင့် မေချမ်းရင်ထဲ ဝမ်းနည်းစိတ်တွေနှင့် မျက်ရည်တွေ အလိုလိုရစ်ဝဲလာရသည်။

မေချမ်း ဒက်ဒီ့လက်ကို ဆုပ်ထွေးရင်း

"သမီးနေကောင်းပါတယ် ဒက်ဒီ"

"ဒါဆိုလည်း ပျော်ပျော်ရွှင်ရွှင်နေပါ သမီးရယ်၊ ဒက်ဒီက သမီးမျက်နှာကို အရိပ်လိုကြည့်နေတတ်တာ သမီးလည်းသိသားပဲ၊ ဒက်ဒီ့သမီးပျော်နေရင် ဒက်ဒီလည်း ပျော်တယ်၊ ဒက်ဒီ့သမီး ခုလိုမျက်နှာညှိုးနေတော့လည်း ဒက်ဒီ ဘယ်စိတ်ကောင်းပါ့မလဲ၊ သမီးဘာလိုချင်လဲ ဒက်ဒီ့ပြော၊ သမီးဖြစ်ချင်တာ လိုချင်တာတွေအားလုံးဖြစ်စေရမယ်"

ဖခင်ထံမှ ချစ်ခြင်းမေတ္တာစကားတွေက မေချမ်းရင်အပူကို အေးချမ်းစေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မချမ်းဘဝလေးသာ မနွမ်းကြွေခဲ့ရင်ဖြင့် ခုချိန် မချမ်း၏ ဘဝလေးသည်လည်း...

"ဟင်း"

နာကျင်မှုတွေနှင့် မချမ်း သက်မတစ်ချက် ချလိုက်မိသည်။

"သမီး ဘာမှမလိုပါဘူး ဒက်ဒီရယ်၊ သမီးဘဝမှာ ဒက်ဒီရဲ့ အကြင်နာမေတ္တာတွေနဲ့တင် ပြည့်စုံနေရပါပြီ"

"သမီးလေးရယ် ဒက်ဒီသမီးက သိပ်လိမ္မာတာပဲကွယ်"

ဒက်ဒီ့ထံက စိတ်အဟုန်သည် မချမ်းရင်ကို ကူးစက်လာရသည်။

"သမီး"

မချမ်းပခုံးလေးကို ကြင်နာစွာ ထွေးပွေ့ရင်းက ဦးတင်လတ် ခေါ်လိုက်၏။

"ရှင် ဒက်ဒီ"

"တကယ်တော့ ဒက်ဒီ ခုပြောမယ့်စကားတွေဟာ သမီးမာမီသာရှိရင် မိခင်ဖြစ်တဲ့သူ ပြောရမယ့်စကားတွေပါ၊ သမီးနဲ့ပတ်သက်ပြီး ဒက်ဒီ တာဝန်တစ်ခု ကျန်နေသေးတယ်လို့ထင်တယ်၊ အဲဒီတာဝန်ပြီးရင်တော့ ဒက်ဒီရဲ့ မိဘဝတ္တရား ကျေပြွန်ပြီလို့ ယူဆလို့ရတယ်၊ ပြီးတော့ သမီးလေးရဲ့ဘဝအတွက်လည်း ဒက်ဒီ စိတ်ချ





သွားပြီ"

တည်ကြည်လေးနက်သော အသွင်ဖြင့် စကားဆန်းဆန်းတွေဆိုနေသော ဒက်ဒီဦးတင်လတ်ကို မချမ်း နားမလည်သလို ကြည့်ရင်း

"ဒက်ဒီ ဘာကိုဆိုလိုတာလဲဟင်"

မြန်နေရသော ရင်ခုန်သံတွေနှင့် မချမ်း မေးလိုက်တော့ ဦးတင်လတ်သည် သမီးဖြစ်သူ၏ မျက်နှာကိုကြည့်ကာ

"သမီးဘဝမှာ ပစ္စည်းဥစ္စာဆိုတာ ဒက်ဒီပိုင်ဆိုင်သမျှ သမီးပိုင်ဆိုင်ရမှာပဲ၊ ဒက်ဒီ့ကုမ္ပဏီအပါအဝင် လုပ်ငန်းတွေအားလုံး က သမီးဘဝအတွက် ပြည့်စုံနေရပြီမို့ ငွေရေးကြေးရေးက ပူပင်စရာ လိုတော့ပေမယ့် သမီးရဲ့အိမ်ထောင်ရေးကိုတော့ ဒက်ဒီ စိတ်ပူ တယ်"

"ရှင်"

"သမီးနားလည်အောင် ဒက်ဒီ ရှင်းရှင်းပဲပြောမယ်၊ သမီး ကို မတော်တဲ့သူနဲ့တွေ့သွားမှာ ဒက်ဒီ သိပ်စိုးရိမ်တယ်၊ ဒါကြောင့် ဒက်ဒီ့မိတ်ဆွေတစ်ယောက်ရဲ့သားနဲ့ သမီးကို အိမ်ထောင်ချပေးဖို့ စီစဉ်ထားတယ်"

"အို"

မချမ်းတစ်ယောက် ယောင်ရမ်းကာ နားပိတ်ပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒက်ဒီ ဘာကိုဆိုလိုသည်ဆိုတာ နားလည်ရပြီမို့ ရင်မှာနင့်ဖြာသွားရသည်။

"သမီးကို ဒက်ဒီသဘောတူတဲ့သူနဲ့ အိမ်ထောင်ချပေးပြီးရင် ဒက်ဒီ့ဘဝ သမီးအတွက် ရင်အေးသွားရပါပြီ၊ တစ်နေ့ သမီးကို အိမ်ထောင်ချပေးဖို့ဆိုတဲ့ စိတ်ကူးနဲ့ ဒက်ဒီသဘောကျတဲ့သူရှိပြီးသား သမီး၊ အဲဒါ သူက ဒက်ဒီ့ရဲ့ အရင်းနှီးဆုံးမိတ်ဆွေရဲ့သား၊ သူဟာ ဒက်ဒီ့မျက်စိထဲမှာတော့ သမီးနဲ့ အလိုက်ဖက်ဆုံးပဲ"

ရင်မှာ ဝမ်းနည်းကြေကွဲမှုတို့ဖြင့် မေချမ်းရင်မှာ လှိုက်ဆို့လာရသည်။

ဒက်ဒီသည် သူ့မအဖြစ်တွေကို ဘာမှမသိပါလားဆိုသော အတွေးနှင့်လည်း မေချမ်း သူ့မကိုယ်သူမ ခွင့်မလွှတ်နိုင်အောင် ဖြစ်လာရသည်။

တစ်ဦးတည်းသောသမီးမို့ ငုံထားမတတ် ချစ်သောဒက်ဒီ၊ သမီးဖြစ်သူကို မတော်သူနဲ့တွေ့မှာ စိုးရိမ်ပါသည်ဆိုသော ဒက်ဒီ၊ ဒက်ဒီထင်ထားသလို မေချမ်းဘဝလေးသည် မဖြူစင် မသန့်ရှင်းတော့ပါဟုဆိုသောစကားကို မေချမ်း ဒက်ဒီအား ဘယ်လိုမျက်နှာ ဘယ်လိုအင်အားနှင့် ပြောရပါမည်လဲ။

ပြောရဲရော ဖြစ်ပါမည်တဲ့လား။





ရင်မှာဆို့နင့်ခြင်း ဝေဒနာတွေက ပြင်းပြင်းထန်ထန်နှင့် ဒက်ဒီ့ရှေ့တွင် သူမကိုယ်သူမ ဒီထက်ပို၍ ဟန်မဆောင်နိုင်တော့ပြီမို့ နှုတ်ခမ်းလေးကိုက်ကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလျက် မေချမ်းတစ်ယောက် ဖခင်ဖြစ်သူ ဦးတင်လတ်အပါးမှ ပြေးထွက်လာခဲ့ရာ တစ်နေရာအရောက်မှာတော့

"အမေ"

"မေချမ်း"

"သမီး"

"အို"

ဒက်ဒီ့အသံကို မေချမ်း နောက်ဆုံးကြားလိုက်ရပြီးနောက် မေချမ်းသည် လောကကြီးနှင့် အဆက်ပြတ်သွားရတော့သည်။

✡ ✡ ✡



www.burmeseclassic.com

www.burmeseclassic.com

ငိုရလွန်းသဖြင့် မျက်ရည်တွေ ကုန်ရမည်ဆိုလျှင် မေချမ်းတွင် မျက်ရည်တွေပင် ကျစရာရှိတော့မည်မဟုတ်ပါ။

ခုနေ ရင်ထဲခံစားရသမျှ နှိုင်းပြပါဆိုလျှင်တောင် မေချမ်းအတွက် ခံစားမှုတွေက နှိုင်းယှဉ်ပြစရာစကားလုံးမျှပင် မရှိနိုင်သည့်အဖြစ်။

ရင်ထဲ ဝမ်းနည်းနာကျင် ကြေကွဲရခြင်းတို့က ပြည့်သိပ်ရှ ကြပ်နေရသည်။

မျက်ရည်တွေက ဝါးဖြင့်ထက် အသွယ်သွယ်စီးကျ တသိမ့်သိမ့်ရှိုက်ငိုနေသော သမီးဖြစ်သူ မေချမ်းကို ဦးတင်လ သည် မည်သည့်စကားမှ မနှစ်သိမ့်ဝံ့ အတန်ကြာ ငေးစိုက်ကြည့် ရာမှ ...

"သမီး"

ဒက်ဒီ့ခေါ်သံကို ကြားပေမယ့် မေချမ်း ဒက်ဒီ့မျက်နှာ





မကြည့်ရဲတော့ပါ။

ကြည့်ရန်လည်း သူမတွင် အင်အားမရှိတော့။

အိပ်ရာထက်တွင် ရောက်နေရသည့် သူမအခြေအနေကို ရိပ်မိပြီးကတည်းက မေချမ်းမှာ သူမဘာဖြစ်ရသည်ကို သူမကိုယ်သူမ နားလည်လိုက်ပြီဖြစ်သည်။

နားလည်သည်နှင့်အမျှ မေချမ်းဘဝသည်လည်း လှပ်လေမြုပ်လေဆိုသလို ပို၍ နစ်နေရသည့်အဖြစ်။

"ဒက်ဒီ့ကိုကြည့်စမ်း သမီး"

ကြည့်ပါဆိုပေမယ့် မေချမ်း ဒက်ဒီ့ကို မကြည့်ရဲပါ။ မေချမ်းသည် ဒက်ဒီအား သူမအမှားများအတွက် ဘယ်လိုမျက်နှာနှင့် ကြည့်ရပါမည်တဲ့လဲ။

မေချမ်းသည် ခေါင်းကို တွင်တွင်ငုံ့လျက် နင့်နင့်သည်းသည်း ငိုရှိုက်လို့သာနေတော့သည်။

"မငိုနဲ့သမီး၊ ခုချိန်မှာ သမီးငိုနေလို့လည်း အခြေအနေက ဘာမှထူးပြီး ပြောင်းလဲသွားမှာ မဟုတ်ဘူး၊ ဒီတော့ အခြေအနေမှန်ကို ရင်ဆိုင်ဖို့သာ သမီး ကြိုးစားတော့"

"ဒက်ဒီ သမီး"

"ကလေးအဖေက ဘယ်သူလဲ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မေချမ်းမျက်ဝန်းများ ပြာဝေမှုံးမိုက်သွားရသည်။ ဒက်ဒီ ရှေ့တွင် မနေရဲတော့လောက်အောင် ရှက်ရွံ့ကြေကွဲသိမ်ငယ်ရခြင်း များစွာနှင့် မေချမ်း မနေရဲတော့ပြီမို့ မေချမ်း အိပ်ရာမှ ဆတ်ခနဲ ထကာ အခန်းတံခါးဆီအပြေး

"မေချမ်း သမီး"

"အဟင့် ဟင့် ဟင့်"

"ဒက်ဒီရယ်"

မေချမ်း ဟန်မဆောင်နိုင်တော့ပါ။

သူမလက်ကိုအား ဖျတ်ခနဲ လှမ်းဆွဲထားသည့် ဒက်ဒီ့ရင်ခွင်ထဲ မေချမ်းမှာ ခံစားရသမျှ ကလေးတစ်ယောက်လိုပင် မရှက်တမ်း ငိုရှိုက်မိလိုက်သည်။

ဦးတင်လတ်မှာ ထိခိုက်ကြေကွဲခံစားနေရသော မျက်နှာနှင့် သမီးဖြစ်သူ မေချမ်း၏ ကျောပြင်ကို လက်နှင့် ခပ်ဖွဖွပွတ်သပ်ရင်း

"ဖြစ်လာမှတော့ ဘာတတ်နိုင်မှာလဲကွယ်၊ ဒက်ဒီတို့ အကောင်းဆုံး ဖြေရှင်းပြီး ရင်ဆိုင်ကြတာပေါ့၊ သမီးလုပ်ရမှာက တစ်ခုပဲရှိတယ်၊ အဲဒါဘာလဲဆိုတော့ သမီးလွယ်ထားရတဲ့ ရင်သွေးလေးရဲ့ ဖခင်ဟာ ဘယ်သူလဲဆိုတာ ဒက်ဒီကို သမီး အမှန်အတိုင်း ပြောပြဖို့ပဲ"





မေချမ်း ခေါင်းလေးကို ငုံ့ချပစ်လိုက်သည်။

နှုတ်ခမ်းဖူးဖူးလေးကို ဖိကိုက်ထားရင်းက စိမ်းတောက်နေသော မျက်ဝန်းထဲတွင် တစ်စုံတစ်ယောက်သောသူ၏ ရုပ်သွင်ကလည်း နာကျင်မှုတွေနှင့်အတူ ပေါ်လာရပြန်၏။

ထိုအခါ မေချမ်းရင်ဝယ် ပို၍နာကျင်သွားရသည်။ ထောင်ဇာခန်း ရှင့်ကို မေချမ်း ဘယ်တော့မှ ခွင့်မလွှတ်ဘူးဆိုသော စကားကို ရင်မှာ နာနာကျင်ကျင်ဆိုရင်း

"သမီးကို သနားရင် သူ့အကြောင်း မမေးပါနဲ့ဒက်ဒီ၊ သမီးမိုက်ပြစ်နဲ့ သမီးခံပါ့မယ်"

ဦးတင်လတ်မှာ သမီးဖြစ်သူအတွက် ရင်မှာနာကျင်သွားရသည်။

သမီးဖြစ်သူရင်ထဲ ဘယ်လိုဝေဒနာခံစားမှုတွေ ခံစားလာရသည်ကို မသိပေမယ့် ဖြူဖျော့နေသောမျက်နှာ၊ ညိုးနွမ်းနေသည့် အကြည့်တွေနှင့် သူ့ကိုကြည့်နေသော မေချမ်းမျက်နှာလေးကို မြင်ရသည်ဆိုရင်ပဲ ဦးတင်လတ် ရှေ့ဆက်မေးမည့်စကားများ မမေးဖြစ်တော့ဘဲ

"ကောင်းပြီ သမီးဆန္ဒမရှိတာကို ဒက်ဒီ မမေးတော့ဘူး၊ ဒါပေမယ့် ဒက်ဒီ့ကို သမီး ကတိတစ်ခုတော့ ပေးရလိမ့်မယ်၊ အဲဒါကတော့ သမီး ကိုယ့်ကိုယ်ကို ဘာအန္တရာယ်မှ မပြုပါဘူးဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကတိပဲ''

''ဘယ်နှယ့်လဲ ဒက်ဒီတောင်းတဲ့ကတိ သမီးပေးနိုင်ပါ့မလား''

တည်ငြိမ်ပြတ်သားလွန်းသော စကားသံကြောင့် မေချမ်း ဒက်ဒီ့မျက်နှာကို မဝံ့မရဲကြည့်လျက် ခေါင်းညိတ်ပြလိုက်တော့ ဦးတင်လတ်မှာ ခပ်ယဲ့ယဲ့ပြုံးကာ

''သမီး လုပ်နိုင်မယ်ဆိုတာ ဒက်ဒီယုံတယ်''

မေချမ်းခေါင်းကို လက်နှင့်ခပ်ဖွဖွပုတ်ကာ ဦးတင်လတ် အခန်းထဲမှ ထွက်သွားသည်။

မေချမ်းမှာ ဖခင်ဖြစ်သူ၏ ကျောပြင်ကိုကြည့်ရင်း အားပါးတရ ငိုချလိုက်မိပါသည်တကား။

✡ ✡ ✡



## အခန်း (၁၄)

သူမ၏ အိမ်ထောင်ရေးနှင့်ပတ်သက်ပြီး ဒက်ဒီသည် မေချမ်းအား ဘာမှမပြောတော့ပါ။

ရွှင်လန်းခြင်းမရှိတော့သည့် ဒက်ဒီ့မျက်နှာကို မြင်ရပြန်တော့ မေချမ်းရင်ထဲ မကောင်းလှသလို စိတ်လည်းမချမ်းသာပါတော့။

သူမလွယ်ထားရသည့် ရင်သွေးနှင့်ပတ်သက်ကာ ဒက်ဒီသည် ဘာတစ်ခုမှ မေချမ်းအား စေဖန်ပြောဆိုခြင်း မရှိပေမယ့် မေချမ်းကိုကြည့်သည့် ဒက်ဒီ့အကြည့်တွေမှာတော့ မေးခွန်းပေါင်းများစွာ ပါဝင်နေသယောင်။

ဒက်ဒီ့ရင်ထဲကဆန္ဒကို မေချမ်း ဘယ်လိုလိုက်လျောရပါမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



အက်ဒီသည် သူ၏ အရင်းနှီးဆုံးသော မိတ်ဆွေ၏သားနှင့် မချမ်းကို လက်ထပ်စေချင်ပေမယ့် မချမ်းအနေနှင့် ထိုကိစ္စကို လက်မခံနိုင်ပါ။

လက်ခံလို့လည်းမဖြစ်။

မချမ်းဆိုတာက သူမဘဝမှန်ကို ဖုံးကွယ်ကာ ယောကျ်ား တစ်ယောက်ကို ဟန်ဆောင်လိမ်ညာ လက်ထပ်ယူမည့် မိန်းကလေး မဟုတ်။

ထိုအဖြစ်ကို သူမအနေနှင့် ဘယ်တော့မှ လုပ်မှာမဟုတ်သလို ထိုသို့ ဟန်ဆောင်လိမ်ညာရမည့်အဖြစ်ကိုလည်း မချမ်း သူမကိုယ်သူမ ရွံမုန်းမိပါသည်။

သူမအဖြစ်က ခုချိန်ဝယ် ဆုပ်လည်းစူး၊ စားလည်းရူးရမည့်အခြေအနေ။

ရှေ့ဆက်ရမည့် ခရီးအတွက် စဉ်းစားလိုက်တိုင်း ရင်မှာ နာကျင်ကြေကွဲခါးသီးမှုတွေနှင့် ပူလောင်ရမြဲဖြစ်သည်။

သောကစိတ်အပူတို့ကြောင့်လည်း မချမ်းမျက်နှာသည် လည်း အပျော်တို့ပျောက်ဆုံးနေရသည်။

ထောင်ဇာခန်း သူကော ဘယ်လိုရှိနေမည်လဲ။

သူ့အကြောင်း တွေးမိလိုက်ရုံနှင့် မချမ်းနှလုံးသားများ အက်ကွဲနာကျင်သွားရပြန်၏။ သူပေးခဲ့သည့် ဝေဒနာတွေက မချမ်း





ဘဝနှင့် နှလုံးသားကို ပြန်၍မထူနိုင်တော့အောင် ဒဏ်ရာဒဏ်ချက် ပေါင်းများစွာနှင့် ရှိနေခဲ့ရပြီဖြစ်သည်။

သို့အတွက် မချမ်းရင်ထဲ အပူနှင့်မို့ မငြိမ်းချမ်းနိုင်ပါ။ ထို့အတူ ခုချိန် မချမ်း ဘယ်သူနှင့်မှလည်း အရောတဝင်နေလိုစိတ်၊ စကားပြောလိုစိတ်မရှိပါ။

မချမ်းရင်ထဲ ထာဝစဉ်ရှိနေသည်ကတော့ ထောင်ဇာခန်း အပေါ် နာကြည်းဒေါသစိတ်တွေနှင့် ခါးသီးနာကျင်ခံပြင်းမှုတွေပင် ဖြစ်သည်။

"ဟင်း"

မချမ်းမှာ သောကတွေနှင့်အတူ သက်မချရင်း ခြံထဲတွင် ထိုင်နေရာမှ သူမအခန်းဆီသို့ ရောက်ရှိလာတော့

"ဟင်"

"ရှင်"

အံ့ဩမှုတွေနှင့် မချမ်းတစ်ကိုယ်လုံး လှိုက်တုန်သွားရသည်။

ရုတ်ခြည်းဆိုသလို ခဏမှာတော့ မချမ်း အသက်ရှူဖို့ပင် မေ့သွားရသည်။ သည့်နောက် ရင်ခုန်သံတွေ မိုမြန်လာရကာ

"မချမ်း"

"ထောင်ဇာခန်း ရှင် ရှင် ကျွန်မအခန်းထဲ ဘယ်လိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ရောက်နေတာလဲ”

သူမအခန်းထဲ ရောက်နေသော တောင်ပေါ်သား ထောင်ဇာခန်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရတာကြောင့် မေချမ်း မျက်လုံးလေး ပြူးကျယ်ဝိုင်းစက်သွားရသည်အထိ အံ့ဩထိတ်လန့်သွားရသည်။

ဖြစ်နိုင်လျှင် မေချမ်း သူ့ကို မမြင်ချင်ပါ။ မမြင်ချင်၍လည်း ရှောင်ပုန်းလာပါရက်နှင့် သူ သူမရှေ့ ဘယ်လိုရောက်ရှိနေရပါသည်လဲ။

ရီဝေသောအကြည့်တွေနှင့် မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသော ထောင်ဇာခန်းကို မေချမ်းအကြည့်စူးစူးလေးတွေနှင့် ပြန်ကြည့်ရင်း

“ရှင့်ကိုမေးနေတယ်လေ၊ ရှင် မေချမ်းအခန်းထဲကို ဘယ်လိုလုပ်ရောက်နေတာလဲဆိုတာ”

ထောင်ဇာခန်းသည် မေချမ်းမေးသမျှကို မဖြေဘဲ မမှိတ်မသုန် ငေးစိုက်ကြည့်နေရာမှ ခြေလှမ်းကျဲကြီးများနှင့် မေချမ်းရှိရာအနားသို့ ရောက်လာပြီး

“ကျုပ်ကိုတွေ့လို့ အံ့သြသွားလား မေချမ်း”

“ရှင်”

“မေချမ်းကို အရမ်းလွမ်းတယ်”





“အို”

အကြည့်နှင့်သာမက အပြောတွေကြောင့်ပါ မေချမ်း ရင်ခုန်သံတွေ မြန်ဆန်သွားရသည်။

မေချမ်းသည် သူ့အကြည့်များကို ရှောင်ဖယ်ရင်းက

“ထွက်သွား ရှင် ထွက်သွားပါ ထောင်ဇာခန်း၊ မေချမ်း ရှင့်ကို မတွေ့ချင်ဘူး၊ ရှင်နဲ့ပတ်သက်သမျှ မေချမ်း အားလုံးမေ့ပစ်လိုက်ပြီ”

“ကျုပ်ကတော့ မမေ့နိုင်ဘူး”

“ရှင်”

ရဲပဒေါင်းခတ်နေသော မျက်နှာလေးနှင့် မေချမ်း သူ့ကိုကြည့်လိုက်တော့ အကြည့်တွေ မမျှော်လင့်ဘဲ ဆုံသွားရကာ ရင်ခုန်သံတွေသည်လည်း နှလုံးစလုံး ထိန်းမနိုင်သိမ်းမရ မြန်ဆန်သွားရသည်။

“မေချမ်း ကျုပ်ကို ဘာကြောင့်ပဲထားသွားထားသွား ကျုပ်နှလုံးသားထဲမှာ မေချမ်းက ခုချိန်ထိ ရှိနေဆဲပဲ၊ မေချမ်းကို ကျုပ် တစ်နေ့မှ မေ့လို့မရဘူး”

“မေချမ်းကို သိပ်လွမ်းတယ်”

“အို ရှင်၊ ဘာလုပ်၊ လွှတ် လွှတ်ပါ”

ရီဝေဝေစူးရှရှ တမေ့တမော ငေးစိုက်ကြည့်နေရာမှ စကား



www.burmeseclassic.com

www.burmeseclassic.com



လုံးအဆုံး ထောင်ဇာခန်းသည် မေချမ်းကိုယ်လေးအား ရင်ခွင်ထဲသို့ ဖျတ်ခနဲ ဆွဲသွင်းကာ ရင်ချင်းအပ်ပစ်လိုက်တော့ မေချမ်း မျက်လုံးလေးပြူး မျက်နှာလေးရဲပကာ ထောင်ဇာခန်းရင်ခွင်ထဲက ခပ်ဆတ်ဆတ်ပင် ရုန်းထွက်လိုက်သည်။

"လွှတ် လွှတ်စမ်းပါ၊ ရှင် ရှင် မေချမ်းအခန်းထဲက အခု ထွက်သွား"

ရန်တွေ့စကားသံနှင့်အတူ မေချမ်း ရုန်းကန်နေသည့်ကြားက ထောင်ဇာခန်းသည် မေချမ်းအား မလွှတ်တမ်း ကျစ်ကျစ်ပါအောင် ထွေးဖက်ရင်း ချစ်သူမျက်နှာလှလှလေးထက်သို့ ရင်ခုန်လိုက်မောဖွယ် အနမ်းကြမ်းကြမ်းများက အဆက်မပြတ် ရောက်ရှိနေတော့သည်။

နာကျင်ခါးသီးမှု အမုန်းတွေနှင့် မေချမ်းသည် သူမမျက်နှာလေးကို ရှောင်ဖယ်ရင်းက

"ထောင်ဇာခန်း ရှင် လွှတ်နော်၊ မေချမ်း အော်လိုက်ရမလား"

"အဟွန်း အော်လေ"

"ဟင် ရှင်"

သူမစကားကို ဗေဒီမဲ့မြင် ဂရုမစိုက်သလိုမျိုး ခပ်လွန်လွန်အပြုံးနှင့် ပြောလိုက်သော ထောင်ဇာခန်းကြောင့် မေချမ်းဒေါသတွေ





ပေါက်ကွဲသွားရပြီး

"ရှင် သတ္တိတွေ သိပ်ကောင်းနေပါလား ထောင်ဇာခန်း"

"အဟွန်း ဟွန်း အဲဒါ မင်းပေးခဲ့တဲ့ အချစ်ရဲ့စွမ်းအားကြောင့်ပေါ့"

"အို"

မေချမ်း စကားမဆက်နိုင်တော့။

သူမသိခဲ့သည့် ထောင်ဇာခန်းနှင့်မတူ၊ အကြည့်တွေရော အပြောတွေကပါ ပိုင်စိုးပိုင်နင်းနှင့် ထူးခြားနေသော ထောင်ဇာခန်းကို ကြည့်ပြီး ရင်ထဲ စိုးရိမ်စပြုလာပြီမို့

"ရှင့်ကို ဒက်ဒီတွေ့သွားမှာ ရှင်မကြောက်ဘူးလား"

"ဟင့်အင်း"

မေချမ်းမျက်နှာလှလှလေး ပျက်သွားရသည်။

"မေချမ်းကို မောင်လက်ထပ်မယ်"

ဘုရားရေ။

ထောင်ဇာခန်း ဒီလူ သူ့ကိုယ်သူ မောင်လို့ ပြောနေပါရောလား။ မေချမ်းမှာ သူ့မျက်နှာချောချောကို မကြည့်ရဲတော့လောက်အောင် ရင်ထဲ ရှက်ရွံ့မှုတွေ ဖြာဝေသွားရသည်။

"မေချမ်း"

မထူးမိပါ။



www.burmeseclassic.com

www.burmeseclassic.com



"မေချမ်း"

ရှင်ခုန့်သံ မြန်လာရသည်။

သူဘယ်လိုခေါ်နေပါစေ မထူးဘဲ နှုတ်ဆိတ်နေသည့် ချစ်ရသူ၏ ကလေးဆန်ဆန် အပြုအမူကြောင့် ထောင်ဇာခန်း မချင့်မရဲနှင့် နှုတ်ခမ်းကို ဖိကိုက်လိုက်ပြီး

"မောင့်ကို မေချမ်း ခွင့်မလွှတ်နိုင်ဘူးဆိုတာ မောင်သိတယ်၊ မေချမ်း ကျေနပ်အောင် မောင့်ဘက်က ဘယ်လိုတောင်းပန်ရမလဲ၊ မေချမ်းကို မောင်သိပ်ချစ်တယ်"

"ချစ်တယ် မေချမ်းရယ်"

ပြောလည်းပြော ထောင်ဇာခန်းမျက်နှာကြီးက မေချမ်းမျက်နှာလှလှလေးထက်သို့ ငိုက်ခနဲ ကျလာရတော့ မေချမ်းသည် သူမမျက်နှာလေးကို ရှောင်ဖယ်လိုက်သည်။

"မေချမ်းရယ်"

သူ့ထံမှ ညည်းညူသံ ခပ်တိုးတိုးက မေချမ်းနားထဲ စိမ့်ဝင်သွားရသည်။

မျက်ရည်တွေ မေချမ်းပါးပြင်ထက် တလိမ့်ချင်း စီးကျလာရသည်။

ထောင်ဇာခန်းသည် မေချမ်းပါးပြင်ပေါ်မှ မျက်ရည်စများကို သူ့ပါးပြင်ချောချောကြီးနှင့် ဖယ်ရှားပွတ်သုတ်ပေးရင်းက





"မငိုပါနဲ့ မေချမ်းရယ်၊ မောင့်ကို မင်း လက်ခံပါလို့ မောင် တောင်းပန်ပါရစေ၊ ပြီးတော့ မောင်တို့ရဲ့ ရင်သွေးလေး"

"ဟင်"

မေချမ်းတစ်ကိုယ်လုံး အေးစက်ထုံကျင်လျက် လူက တောင့်တင်းသွားရပြီး

"ရှင် ဒီအကြောင်းတွေ သိနေတယ်ဟုတ်လား ထောင်ဇာခန်း"

စိတ်လှုပ်ရှားမှုကြောင့် မေချမ်းအသံမှာ တုန်ခါနေရသည်။

ထောင်ဇာခန်းသည် မေချမ်း၏ အေးစက်နေသော လက်လေးကို တင်းတင်းလေးဆုပ်ကိုင် ဖျစ်ညှစ်လိုက်ပြီး

"မောင့်အမှားတွေအတွက် မေချမ်းကို ဘာပဲပေးဆပ်ရပေးဆပ်ရ မောင့်ဘက်က ပေးဆပ်ဖို့ အသင့်ပါ မေချမ်း၊ ဒါပေမယ့် မောင့်ရင်သွေးလေးကိုတော့"

"မကြားချင်ဘူး မပြောနဲ့၊ ရှင့်ကို မေချမ်း မုန်းတယ်၊ ဟောင့် ဟင့် ဟင့်"

"မေချမ်းရယ်"

မျက်ရည်တွေနှင့် ကိုယ်လေး သိမ့်သိမ့်တုန်အောင် ရှိုက်ငိုသော မေချမ်းအား ထောင်ဇာခန်း သူ့ရင်ခွင်ထဲ ဆွဲသွင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မေချမ်း၊ မောင့်ကို မင်း ကြိုက်သလိုပြောပါ၊ ဒါပေမယ့် မေချမ်းသိဖို့က မောင်-မင်းကို တကယ်ချစ်ခဲ့တာပါ"

ရင်မှာ နာကျင်မှုတွေနှင့် ထောင်ဇာခန်းသည် မေချမ်းနှင့် ပါးချင်းကပ်ကာ ဆိုလိုက်သည်။

မေချမ်းသည် သူ့ရင်ခွင်ထဲက လွန့်လူးလိုက်ပြီး

"ရှင်ပြန်ပါ"

"မောင် ပြန်ဖို့လာတာမဟုတ်ဘူး"

"ရှင်"

"မေချမ်းကို မောင်လက်ထပ်မယ်"

သူ့ကိုယ်သူ ယုံကြည်မှုတွေ လွန်ကဲစွာ အပိုင်ပြောနေသော ထောင်ဇာခန်းကို မေချမ်းသည် ကြည့်မရစွာ မျက်စောင်းလေး ထိုးလိုက်ရင်းက

"ရှင့်ကို ဘယ်သူက လက်ထပ်ပါမယ်ပြောလို့လဲ"

"အပွန်း မပြောလို့မရဘူး၊ မောင်တို့ရင်သွေး"

"အို အဲဒါ ရှင်နဲ့မဆိုင်ဘူး"

"ဟောဗျာ မောင့်ရင်သွေး မောင်နဲ့မဆိုင်လို့ ဘယ်သူနဲ့ဆိုင်တာလဲ"

"ရှင်နော်"

မေချမ်းမှာ ဝမ်းနည်းမှုတွေနှင့် မခံမရပ်နိုင် ရှက်ဒေါသ





တွေ ဖြစ်လာရသည်။

ထောင်ဇာခန်းသည် မေချမ်းကို အရိပ်လိုကြည့်နေရာမှ

"မေ့ကို မောင်ချစ်တယ်"

"လက်ထပ်ကြရအောင်နော်"

"ဟင့်အင်း မေချမ်း"

"ရှူး လက်မထပ်ဘူးလို့တော့ မောင့်ကိုမငြင်းနဲ့နော်၊ ခုချိန်ဆို မောင့်မေမေကမကြီးလည်း ကဝါးနဲ့အတူ မောင်ရဲ့မင်္ဂလာကိစ္စ စီစဉ်နေလောက်ရောပေါ့"

"ဟင်"

ကြည်စင်နက်မှောင်သော မျက်ဝန်းလေးမှာ အံ့သြမှုတွေနှင့် ဝိုင်းစက်သွားရသလို အခြေအနေအရပ်ရပ်နှင့် အလုံးစုံကိုလည်း မေချမ်း တဖြည်းဖြည်း နားလည်သဘောပေါက်သလို ရှိလာရတော့ ရင်မှာ တဒိတ်ဒိတ်နှင့် သွေးခုန်နှုန်းများ မြန်ဆန်လာရကာ

"ရှင် ရှင်"

"မေ အံ့သြသွားမယ်ဆိုတာ မောင်သိတယ်"

ထောင်ဇာခန်းသည် မေချမ်းရင်ထဲက အဖြစ်ကို သိနားလည်စွာပြုံးရင်း တည်ကြည်စွာ ဆိုလိုက်လေသည်။

မေချမ်းသည် အခြေအနေမှန်ကို လက်မခံနိုင်သေးသလို အံ့သြမှုတွေနှင့် ထောင်ဇာခန်းကို ကြည့်နေရင်း

www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီပြောတဲ့ ဒက်ဒီ့အရင်းနှီးဆုံးမိတ်ဆွေရဲ့သားဆို တာ"

"အဟွန်း မောင်ပါပဲ"

"အို"

မေချမ်း ဦးခေါင်းတစ်ခုလုံး ချာချာလည်သွားရတော့ သည်။

"ဟာ မေ မေ"

စိုးရိမ်ပူပန်မှုတွေနှင့် ယိုင်ခနဲဖြစ်သွားရသည့် မေချမ်းကိုယ် လေးကို ထောင်ဇာခန်းသည် သူ့လက်အစုံနှင့် အမြန်သိမ်းယူပွေ့ လိုက်ရင်းက သူမကိုယ်လေးကို အိပ်ရာထက် ညင်သာစွာ ချသိပ် လိုက်ပြီး မေချမ်းမျက်နှာလေးကို အပေါ်မှနေ စိုးမိုးငုံ့ကြည့်ကာ

"မောင့်ကိုထားပြီး ပြန်သွားကတည်းက မောင့်မှာ တစ်ရက်မှ အိပ်လို့မပျော်ခဲ့ဘူး၊ မောင့်ရဲ့အချိန်တိုင်း မေ့ကို သတိရ စိတ်တွေနဲ့ လွမ်းရင်း နေ့နေ့ညညတွေ ကုန်ဆုံးခဲ့ရတယ်၊ ဒီလို အခြေအနေကို မောင် ဆက်ပြီး အရှိပွာယ်မဲ့ ကုန်ဆုံးမခံနိုင်တော့ဘူး ဒါကြောင့် မောင် ကပါးကို ဖွင့်ပြောခဲ့တယ်၊ ကပါးသိတော့ မောင့်ကို အရမ်းစိတ်ဆိုးခဲ့တယ်၊ မေ မောင့်ကို ဒဏ်မခတ်ပေမယ့် ကပါးက မောင့်ကို ဒဏ်ခတ်ခဲ့တယ်၊ နောက်ဆုံး ကပါးကိုယ်တိုင် က မေ့ကိုချစ်တဲ့ မောင့်ရဲ့အချစ်တွေကို နားလည်လက်ခံပြီး မောင်





ကို အကြောင်းစုံဖွင့်ပြောခဲ့တယ်၊ အဲဒါ ဘာလဲဆိုတာ မေ မသိချင် ဘူးလားဟင်"

ရှည်လျားသော မျက်တောင်ကြီးများနှင့် မျက်လွှာတခါး လေး ပိတ်ထားဆဲက မျက်ဝန်းထောင့်မှ မျက်ရည်စတို့က မေချမ်း ခေါင်းအုံးလေးထက် စီးကျနေရသည်။

စိုလူးနေသော မေချမ်း၏ မျက်တောင်ရှည်ကြီးကို ထောင်ဇာခန်းသည် သူ့နှုတ်ခမ်းအစုံဖြင့် ဖိကပ်နမ်းရှိုက်လိုက်ပြီး

"မေရယ် မငိုပါနဲ့ဗျာ"

မငိုပါနှင့်ဆိုမှ ပိုလို့ငိုချင်ရသူက မေချမ်းပင်ဖြစ်သည်။ ချော့သည့်ကလေး ပို၍ဆိုးသည်ဆိုတာ မှန်ပေသည်။

မေချမ်းသည်လည်း သူမကို ချော့မည့်သူရှိ၍ထင်၊ မျက်ရည်တွေက ပါးပြင်ထက် အဆက်မပြတ် စီးကျလို့လာရ၏။

"မေ ငိုနေတော့ မောင် ဘယ်လိုနေရမလဲ"

"အို မသိဘူး၊ ရှင့်စိတ်နဲ့ ရှင့်သဘော"

"ရှင့်စိတ် ရှင့်သဘောလို့ မပြောပါနဲ့ မေရယ်၊ ခုချိန်က စပြီး မောင် မေ့စိတ်၊ မေ့သဘောအတိုင်း နေပါ့မယ်"

"ဘာဆိုင်လို့"

"တကယ်မဆိုင်ဘူးလား"

"ဟုတ်တယ်"

မေချမ်းမှာ သူ့ကို ခပ်ထန်ထန်လေးကြည့်ကာ ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထောင်ဓာခန်းမှာ နှုတ်ခမ်းကို စေ့ပိတ်ကာ ပြုံးလိုက်ပြီး

"ဒီအိမ်ရှင်က ညှော်သည်ကို ညှော်ဝတ်ပြုတာ သိပ်တော်တာပဲ၊ ညှော်သည်ကို ရောက်ကတည်းက အော်ဟစ်ညှော်ခံနေတယ်"

"ဒါ မေချမ်းစိတ်နဲ့ မေချမ်းသဘောပါ"

မေချမ်း ဂျစ်ကျလာရသည်။

ဒါကိုပင် ထောင်ဓာခန်းမှာ အပြုံးမပျက် မေချမ်းကိုကြည့်ကာ

"အေးဗျ ခုချိန်ကစပြီး ခင်ဗျားလေးစိတ်နဲ့ ခင်ဗျားလေးသဘော လုပ်လို့မရတော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဟောဒီက မေချမ်းဆိုတဲ့ မိဆိုးလေးကို မောင့်ယောက္ခမ မေချမ်း ဒက်ဒီက မောင့်လက်ထဲ အပ်သွားလို့ပဲ"

"ဟင်"

အရိပ်တစ်မျိုးဖြင့် ကြည်ရွှင်ပျနေသော ထောင်ဓာခန်း မေချမ်း မျက်နက်ဝန်းလေးဖြင့် မျက်မှောင်ကြုတ်ကြည့်လိုက်သည်

"မေ့ဒက်ဒီနဲ့ ကပါး တစ်ဦးနဲ့တစ်ဦး ကတိခံခဲ့ကြတ အဲဒီကတိက တစ်နေ့မှာ မေနဲ့မောင့်ကို လက်ထပ်ပေးမယ်ဆို ကတိပဲ၊ ဒီကတိအတိုင်းလည်း မေ့ဒက်ဒီက လူငယ်ချင်း ရင် သွားအောင်၊ ပြီးတော့ တောင်တန်းတွေကို ချစ်တတ်တဲ့ မေ့ လည်း ပြည့်သွားအောင် မေ့ကို မောင်တို့ဆီ ပို့ပေးခဲ့တယ်၊ ဒါ





မယ့် ဒီအကြောင်းကို ကပါးရော မေ့ဒက်ဒီပါ မောင်တို့နှစ်ယောက်လုံးကို ဘာမှကြိုပြီး ဖွင့်မပြောထားဖို့လည်း ကတိခံခဲ့တယ်၊ လူကြီးတွေရဲ့ သဘောထားက မောင်တို့လူငယ်ချင်း ရင်းနှီးသွားမှ ဖွင့်ပြောမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ဆိုပေမယ့် မထင်မှတ်တဲ့ မေ့အပေါ် လွန်ကဲသွားရတဲ့ မောင့်အချစ်တွေကြောင့် ကပါး မောင့်ကို ဒီအကြောင်းတွေ ဖွင့်ပြောလို့ မောင်သိခဲ့ရတယ်"

"ပြီးတော့ ကပါးကိုယ်တိုင် မေ့ဒက်ဒီကို တောင်းပန်ရင်း မေနဲ့မောင့်ကို လက်ထပ်ပေးဖို့ကိုပါ လူကြီးတွေ စီစဉ်နေကြပြီ"

မယုံကြည်နိုင်စရာကောင်းသည့် အဖြစ်တွေကြောင့် မေချမ်း အံ့သြရခြင်းများဆင့်ကာ ဆင့်ကာ ခံစားရင်း သူမတစ်ကိုယ်လုံး ရှက်စိတ်များ လွှမ်းမိုးလာရသည်။

ရှက်ရွံ့အံ့သြမှုတွေကြောင့်လည်း မေချမ်းသည် ထောင်ဓာခန်းကို မကြည့်ရဲတော့ဘဲ မျက်လုံးလေးမှိတ်ကာ ငြိမ်သက်နေလေသည်။

"မေရယ်"

ထောင်ဓာခန်းသည် မေချမ်းကိုယ်လေးကို တင်းခနဲ ဖျစ်ညှစ်လိုက်ပြီး

"မောင့်ကိုကြည့်ပါဦး မေ"

ကြည့်ပါဆိုပေမယ့် မေချမ်း မကြည့်ရဲတော့ပါ။ ရှက်စိတ်တို့ဖြင့် မေချမ်းတစ်ကိုယ်လုံး အေးစက်နေရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦးတော့။

မချမ်းနှင့် လက်ထပ်ပေးမည့် ဒက်ဒီ အရင်းနှီးဆုံးမိတ်ဆွေရဲ့ သားဆိုတာ အန်ကယ်ကျုံးမန်းခေါင်၏သား သူမဘဝကို သူသဘော သူ့ဆန္ဒနှင့် သိမ်းပိုက်သွားသူ ထောင်ဇာခန်းတဲ့လား။

ရင်မှာ နွေးလှုပ်မှုနှင့်အတူ မချမ်း သူမမျက်နှာလေးလေးကို ဘယ်ဖွက်ထားရမှန်းမသိတော့ပါ။

ရှက်ရွံ့မှုတွေနှင့် မျက်လုံးလေးစုံမှိတ်ထားဆဲက ရင်မှာ တသိမ့်သိမ့်တုန်ရင်လာရသည်။

ထောင်ဇာခန်းကို မချမ်း ဘယ်လိုမျက်နှာနှင့် မျက်နှာချင်းဆိုင်ရပါမည်လဲ။

တစ်ချိန်က သူ့အပေါ် ရန်လိုမကြည်ဖြူခြင်းတွေနှင့် ရင်မှာ ခါးသီးနာကြည်းခဲ့ရပါသော သူသည် တစ်နေ့ မချမ်းဘဝကို ပိုင်စိုးမည့်သူတဲ့လား။

အတွေးနှင့် မချမ်းသည် နှုတ်ခမ်းလေးကို ခပ်ဖွဖွဖိကိုက်ကာ အနေခက်နေရသလောက်

ထောင်ဇာခန်း ' မျက်နှာချောချောကြီးထက်မှာတော့ ကြည်နူးကျေနပ် ပျော်ရွှင်ခြင်းအပြုံးတွေနှင့် ရှိနေရပြီ။ ချစ်မြတ်နိုးမှုတွေနှင့် မချမ်းကိုယ်လေးကို ဆွဲယူထွေးပွေ့လာတော့ မချမ်းသည် သူ့ကိုမကြည့်ပါဘဲ မျက်နှာရဲရဲလေးကို ငုံ့လွှဲလျက် ထောင်ဇာခန်းအနားက ထွက်ပြေးလာလေသည်။





"ဟိတ်"

"အမေ့"

ကလေးတစ်ယောက်လို နောက်မှ သိမ်းကျုံးဆွဲပွေ့ဖက်လိုက်တာမို့ မချမ်းတစ်ကိုယ်လုံး ထောင်ဇာခန်းရင်ခွင်ထဲ ရောက်သွားရသည်။

"ဘာလို့ မောင့်အနားက ထွက်ပြေးရတာလဲ မေ"

မချမ်းမဖြေပါ။ ခေါင်းလေးကိုသာ ငုံ့ထားလေ၏။

"မော့စမ်းပါဦးဗျာ"

ထောင်ဇာခန်း မချမ်း မေးဖျားလေးကို အတင်းဆွဲမော့လိုက်တော့...

"ဟင့်အင်း"

မချမ်းသည် သူ့လက်များကို ဖယ်ရှားကာ ရှက်ရွံ့သံလေးနှင့် ငြင်းဆန်လိုက်သည်။

"အဟွန်း ဟွန်း ဟွန်း"

"မေရယ်"

မချင့်မရဲ ညည်းညူရင်းက ထောင်ဇာခန်း ရယ်လိုက်မိသည်။

သူ့ရယ်သံကြောင့် မချမ်း နှုတ်ခမ်းရှုသွားရသည်။ ထောင်ဇာခန်းမှာ ချစ်သူ၏ကိုယ်လေးကို ရင်ခွင်မှ မလွှတ်တမ်း ထွေးပွေ့ရင်းက ပေါက်ကွဲစွာ စကားဆိုလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် မေ့ကိုသိပ်ချစ်တယ်၊ တောင်ပေါ်သား တစ်ယောက်မှာလည်း ချစ်တတ်တဲ့ နှလုံးသားရှိပါတယ် မေ၊ တောင်ပေါ်သားမို့ မြေပြန့်သူကို မချစ်ရဘူးလို့လည်း မဆိုပါနဲ့ဗျာ၊ တကယ်တော့ တောင်ပေါ်နဲ့မြေပြန့်ဆိုတာ အစကတည်းက တစ်သွေးတည်း တစ်သားထဲ ပေါင်းစည်းလာတဲ့သူတွေပါ၊ မေ့ကို မောင်ချစ်တဲ့ အချစ်ဟာလည်း ဘယ်တော့မှ လက်တွဲမဖြုတ်တဲ့ သစ္စာတွေနဲ့ မောင့်ရဲ့နှလုံးသားမှာ အမြဲရှင်သန်မယ့် အချစ်မျိုးဆိုတာ မေ သိလိုက်စမ်းပါတော့ဗျာ"

ထောင်ဇာခန်း၏ ချစ်စကားတွေက မေချမ်းနှလုံးသား စိုးရှနစ်ဝင်သွားရသည်။

သူမအား ချစ်ပါသည်၊ လက်ထပ်ပါရစေဆိုသော တောင်းဆိုမှုတွေနှင့် သူမရိုးသမျှကို အပြစ်ရယ်လို့ မမြင်ဘဲ သည်းခံ စိတ်ရှည်နိုင်လွန်းသော ထောင်ဇာခန်းအပေါ် တင်းမာနေသည့် မေချမ်း နှလုံးသားလေးသည် တဖြည်းဖြည်း ပျော့ပျောင်းနူးညံ့လာရပြီဖြစ်သည်။

စတွေ့ကတည်းက သူမအပေါ် တည်တင်းခက်ထန်လွန်းသည့် အကြည့်တွေကြားမှ နွေးထွေးကြင်နာသော မျက်ဝန်းများကို မေချမ်း ပြန်လည်မြင်ယောင်လာရသည်ဆိုရင်ပဲ သူမရင်ထဲ တသိမ့်သိမ့် လှိုက်ဖိုသွားရသည်။

"မေ မောင့်ကို စိတ်ဆိုးနေတုန်းပဲလား"





မေချမ်း မဖြေပါ။ ရှက်ရိပ်စွန်းနေသော မျက်နှာလေးနှင့် နှုတ်ခမ်းလေး ဖိကိုက်နေတော့ ထောင်ဇာခန်း အသည်းယားသွားရပြီး

"မောင်မေးတာ ဘာလို့မဖြေတာလဲ မေ၊ မောင့်ကို မောင့်ကို မင်း"

သူမေးတာကိုမဖြေဘဲ ရင်ခွင်ထဲက ရုန်းထွက်နေသော မေချမ်းကို ထောင်ဇာခန်း မချင့်မရဲ တိုးဖက်လိုက်တော့

"အို ဘာလုပ်တာလဲ"

"ချစ်တာ"

ပြောရင်း ထောင်ဇာခန်းသည် မေချမ်းကိုယ်လေးအား သူနှင့် မျက်နှာချင်းဆိုင် ရင်ချင်းဆွဲကပ်လိုက်ပြီး

"မောင့်အချစ်တွေကို မင်း လျစ်လျူရှုတော့မှာလား မေ"

ကလေးဆိုးကြီးနှယ် မကျေမနပ်မေးနေသော ထောင်ဇာခန်းကို မေချမ်း အကြည့်စူးစူးလေးနှင့် ပြန်ကြည့်ရင်းမှ

"ဘယ်သူပြောလဲ လျစ်လျူရှုတယ်လို့"

"ဟာ ဒါဆို မေ မောင့်ကို"

"သွား သိဘူး"

သွားဆိုပေမယ့် တကယ်တမ်း သူ့အနားက ထွက်သွားရန် ကြိုးစားသူမှာ မေချမ်းသာဖြစ်လေသည်။

ထောင်ဇာခန်းမှာ အပျော်တွေ လွှမ်းကဲနေရသော မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် မေချမ်းအား မြတ်နိုးနှင့်သည်းစွာ ကြည့်ရင်း

"မေ မောင့်ကိုချစ်ပြီပေါ့နော်"

"မေချမ်း နားလည်လာပါပြီ"

"မေ ဘာပြောတာလဲ"

"ချစ်တယ်ဆိုတဲ့ စကားရဲ့အဓိပ္ပာယ်ကိုပေါ့"

"ဟင်"

"မုန်းတယ်ဆိုတဲ့စကားနဲ့ အဲဒီလူအကြောင်း ရင်မှာ အချိန်တိုင်းတွေးပြီး အဲဒီလူရဲ့မျက်နှာကို မျက်ဝန်းထဲက ဖျောက်ဖျက်လို့မရနိုင်အောင် မြင်ယောင်နေတာဟာ မေချမ်း သူ့ကိုချစ်နေလို့ပဲပေါ့နော်"

"မေရယ်"

ထောင်ဇာခန်းသည် မေချမ်း နှုတ်ခမ်းနှစ်လွှာအား နွေးထွေးစေလိုက်၏။

သည်နောက် မေချမ်းနှင့် ပါးချင်းအပ်ကာ အပျော်လွန်စွာနှင့် မေချမ်း လက်လေးကို တင်းတင်းလေး ဆုပ်ထွေးလိုက်ပြီး

"မောင် သိပ်ပျော်တာပဲ မေရယ်၊ မေ့ဆီက မောင်မျှော်လင့်တဲ့ အချစ်တွေ ရပြီပေါ့နော်"

မေချမ်း ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ရင်း ထောင်ဇာခန်းရင်ခွင်ဝယ် ကြည်နူးစွာ ခိုဝင်နားရင်း

"အချစ်ဆိုတာကို မေချမ်း သိပြီလေ"





"အေးဗျ သိရုံနဲ့မပြီးသေးဘူး၊ မောင့်ကို မေ ချစ်ဖို့လည်းလိုသေးတယ်"

"ဟင့်အင်း"

"မေနော်"

"ချစ်တယ်မဟုတ်လား"

"မချစ်ပါဘူး"

"ချစ်ပါတယ်"

"မချစ်ပါဘူးဆိုမှ"

ထောင်ဇာခန်းရင်ခွင်ထဲ မေချမ်း နှုတ်ခမ်းလေးစူကာ မူနွဲ့လိုက်တော့

"အဟွန်း ဟွန်း ကောင်မလေးတစ်ယောက် ရှက်ပါတယ်ကွာ၊ မောင့်ကိုချစ်နေပါရက်နဲ့ ချစ်တယ်လို့ မပြောရဲဘူး"

"သူနော် ဘာတွေပြောနေတာလဲ"

ကျယ်ပြန့်နွေးထွေးလွန်းသည့် ထောင်ဇာခန်းရင်ခွင်ကျယ်ကြီးကို မေချမ်းသည် ရှက်ရှက်နှင့် ထုရိုက်နေလေ၏။

ထောင်ဇာခန်းမှာ မေချမ်းလက်လေးကို ထွေးဆုပ်လိုက်ရင်း

"ဟိတ် လူကို ဘာလို့ထုရိုက်နေတာလဲကွ၊ ဒီမောင်ကပြန်ရင် ခင်ဗျားလေးကို တောင်ပေါ်တစ်ခါတည်း ခေါ်သွားမှာဗျ သိရဲ့လား"

"ဟွန်း ရှင်ခေါ်တိုင်း လိုက်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းလှလှလေးဝင့်ကာ ပြောလိုက်သည့် မေချမ်းစကားကြောင့် ထောင်ဓာခန်းမှာ၊ စူးရှစိုက်နေသော အကြည့်တွေနှင့် နှုတ်ခမ်းလေးတင်းတင်းစေ့ကာ မေချမ်းအား ကြည့်လိုက်ပြီး

"ကောင်းပြီလေ မောင်နဲ့အတူ တောင်ပေါ်မလိုက်ချင်တဲ့ ကောင်မလေးကို လိုက်အောင် ဟောဒီလို"

"အို"

"မောင်"

ရှက်လန့်တကြားလေး ထွက်ပေါ်လာသည့် မေချမ်းထံမှ စကားသံကို တောင်ပေါ်သားကြီး ထောင်ဓာခန်းမှာ ဂရုမစိုက်ပါလေတော့။ ရင်မှာ အချစ်ပန်းတို့ ပွင့်လန်းသွားရပြီမို့ မေချမ်းကိုယ်လေးတို မလွှတ်တမ်း ပွေ့ဖက်ရင်း ထောင်ဓာခန်း ချစ်မိုးတွေ သည်းကြီးမဲကြီး ရွာချလိုက်ပါတော့သည်။

[illegible]

[illegible]

မြနုလဲသွယ်

စိုးမိုး – ၀၁၉၀